# ہدیہ عروس

# သမီးတို့အိဓြွေရွှေပေးလို့မရ

ပြုစုသူ

ဟာဇရသ်မော်လာနာမုဖ်သီအာရှစ်က် အေလာဟီ (မုဟာဂျေရေမက္ကီ)

ပြန်ဆိုသူ

မော်လာနာအဘူဘက္ကရ်၊ မဟ်မူဒီ (မှော်ဘီ)

၃-အေ၊ အောင်မင်္ဂလာလမ်း၊ မန္တလေးရပ်၊ မော်လမြိုင်။

Page 165 & 166 Missing

# သမီးတို့အိမ် ငွေရွှေ ပေးလို့မရ

ပြုစုသူ

ဟာဇရသ်မော်လာနာမုဖ်သီအာရှစ်က် အေလာဟီ (မုဟာဂျေရေမက္ကီ)

ပြန်ဆိုသူ

မော်လာနာအဘူဘက္ကရ်၊ မဟ်မူဒီ (မှော်ဘီ)

၃-အေ၊ အောင်မင်္ဂလာလမ်း၊ မန္တလေးရပ်၊ မော်လမြိုင်။

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြန်မာနိုင်ငံသဗ်လီးဂ်အမ်းရဲချုပ်၏သုံးသပ်ချက် | ၅ |
| ၂ | ဆရာသခင်ကျေးဇူးရှင်အဂ္ဂရသ်မော်လာနာနူရွှလ္လာပ်ဆပ်၏စကားမွန် | ၇ |
| ၃ | မူရင်းကျမ်းရှင်ကြီး၏ထောက်ခံချက် | ၉ |
| ၄ | မူရင်းကျမ်းရှင်ကြီးမှ မြန်မာပြန်ဆိုသူထံပေးစာ | ၁၁ |
| ၅ | မြန်မာပြန်ဆိုသူ၏ ကျမ်းဦးစကား | ၁၃ |
| ၆ | ဥယျာဉ်မှူး၏ဥယျောဇဉ် | ၂၁ |
| ၇ | အာယသေဟောကျာဗ် (ပရ်ဒဟ်)ကျရောက်ခြင်း | ၄၅ |
| ၈ | တမန်တော်လက်ထက်၌ပရ်ဒဟ်ကိုအထူးကြပ်မတ်တော်မူခြင်း | ၄၉ |
| ၉ | နေကာဟ်ပိုင်သူအားတွေ့ခံခြင်းမပြုရ | ၅၄ |
| ၁၀ | ဝမ်းနှင့်မလွယ်သားမမည် | ၅၇ |
| ၁၁ | စောင်ထည်များကိုခြုံထည်ပြုသူများ | ၅၉ |
| ၁၂ | အသက်ထက်အရှက်ကိုအလေးထားခြင်း | ၈၀ |
| ၁၃ | ခဲအို၊ မတ်တို့နှင့် ပရ်ဒဟ်ပြုရန်အထူးကြပ်မတ်တော်မူခြင်း | ၈၄ |
| ၁၄ | သူစိမ်းများနှင့်အတူ ညနေခွင့်မရှိ | ၈၇ |
| ၁၅ | သူစိမ်းများနှင့်အတူနှစ်ဦးတည်းနေခွင့်မရှိ | ၈၉ |
| ၁၆ | အမျိုးသမီးများအိမ်ပြင်ထွက်လေသော် | ၉၁ |
| ၁၇ | ဆေးဝါးကုသရာနှင့်လူနာပြုစုရာတွင်ပရ်ဒဟ်ကိုစောင့်စည်းရမည် | ၉၄ |
| ၁၈ | သူစိမ်းအမျိုးသားအမျိုးသမီးတို့အားကြည့်ခြင်း၊ ပြသခြင်းသည် လအ်နသ်ကျိန်စာသင့်၏ | ၉၉ |
| ၁၉ | မိမိပီရ်နှင့်ပရ်ဒဟ်ပြုရန်အရေးကြီးပါသလား | ၁၀၁ |
| ၂၀ | တမန်တော်သည် အမျိုးသမီးများနှင့်လက်ဆွဲနှုတ်ဆက်ခြင်းမပြု | |
| ၂၁ | ဗိုင်အသ်ပြုသောအခါ အမျိုးသမီးတို့အားလက်ကိုင်ခွင့်မပြု | ၁၀၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | မျက်မမြင်နှင့်လည်းပရ်ဒဟ်ပြုရမည် | ၁၀၉ |
| ၂၃ | မိန်းမလျာများနှင့်လည်းပရ်ဒဟ်ပြုရမည် | ၁၁၂ |
| ၂၄ | သေသူနှင့်ပရ်ဒဟ်ပြုတော်မူခြင်း | ၁၁၄ |
| ၂၅ | နေကာဟ်မပိုင်သူမပါဘဲ ခရီးမထွက်ရ | ၁၁၅ |
| ၂၆ | ဟဂျ်ခရီးစဉ်၌ပရ်ဒဟ်ကိုစောင့်စည်းရမည် | ၁၂၀ |
| ၂၇ | မျက်စိကိုအထူးထိန်းသိမ်းကြ | ၁၂၃ |
| ၂၈ | မရိုးသားသောကြည့်ခြင်းမှရှောင်ရှားကြ | ၁၂၅ |
| ၂၉ | ငရဲဘုံမှလွတ်မြောက်သောတရားသုံးပါး | ၁၂၉ |
| ၃၀ | ရေမွှေးစွတ်၍အပြင်ထွက်သောအမျိုးသမီးသည် ဇေနာကျူးလွန်ခြင်းတစ်မျိုးဖြစ် | ၁၃၀ |
| ၃၁ | သူစိမ်းအမျိုးသားများကိုမြူဆွယ်သောအမျိုးသမီး၏ရလဒ် | ၁၃၃ |
| ၃၂ | လမ်းဘေး၌ထိုင်ခြင်း၊ ဖြတ်သန်းခြင်း၏ စည်းကမ်း | ၁၃၈ |
| ၃၃ | အမျိုးသမီးများလမ်းဘေးမှသွားပါ | ၁၄၀ |
| ၃၄ | တစ်ဦးတစ်ယောက်၏ အိမ်အတွင်းသို့ချောင်းမကြည့်ရ | ၁၄၂ |
| ၃၅ | တမန်တော်ကိုယ်တိုင်ဝင်ခွင့်တောင်းတော်မူခြင်း | ၁၄၉ |
| ၃၆ | နမာဇ်တွင်ခန္ဓာကိုယ်ဖုံးအုပ်ရန် ဖရပ်ဇ်ဖြစ် | ၁၅၁ |
| ၃၇ | အမျိုးသမီးတို့အတွက်အကောင်းဆုံးနမာဇ် | ၁၅၃ |
| ၃၈ | အမျိုးသားအချင်းချင်း၊ အမျိုးသမီးအချင်းချင်း၊ မည်မျှဖုံးကွယ်ရမည်နည်း | ၁၅၇ |
| ၃၉ | သေသူ၏အရှက်ကိုလည်းမကြည့်ရ | ၁၅၉ |
| ၄၀ | အမျိုးသမီးများသင်္ချိုင်သို့မသွားရ | ၁၆၀ |
| ၄၁ | ကိုယ်ထီးဗလာရေမချိုးရ | ၁၆၆ |
| ၄၂ | ဖရစ်ရှ်သဟ်စေတမန်များနှင့် အရှက်ထားကြ | ၁၇၁ |
| ၄၃ | အမျိုးသမီးတစ်ဦးတစ်ယောက်၏ရူပကာကိုမတင်ပြရ | ၁၇၂ |
| ၄၄ | ဇနီးမောင်နှံချစ်ကျွမ်းဝင်ခန်းများကိုမပြောရ | ၁၇၃ |
| ၄၅ | အရှက်တရားနှင့်အီမာန်ခွဲရမရ | ၁၇၅ |

# မြန်မာတနိုင်ငံလုံးဆိုင်ရာ အမိရ်ချုပ် ဟာဇရတ် မော်လာနာဟာဖိဇ် မုဟမ္မဒ် ဆွာလေဟ် ဆွာဟဲဗ် ၏ သုံးသပ်ချက်

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုအပ်ပါသည်။ ကျွန်တော်မျိုးသည်ဦးစွာ အလ္လာဟ်အရှင်မြတ်၏ ချီးမွမ်းခြင်းကို ပြုအပ်ပြီး တမန်တော်မြတ်အပေါ် သို့ မေတ္တာတရားများကို ပို့အပ်ပါသည်။

ကမ္ဘာကျော် အာလင်မ်ကြီး မော်လာနာမွဖ်သီအလ်ဟာဂျ် အာရှစ်က် အေလာဟီသခင် (ဘိုလန်ဒ် ရှဟ်ရီ) ၏ပြုစုအပ်သော အလွန် အရေးပါသော "ရှရ်အီးပရ်ဒဟ်" ကျမ်းကို အလေးထားအပ်သော တပည့်တော် မော်လာနာ အဘူဘက္ကရ်က မြန်မာပြန်ဆို၍ ကျွန်ုပ်အား ပြသခဲ့ပါသည်။ မော်လာနာသည် ယခင်ကလည်း ကျမ်းရှင်ဆရာကြီး၏ ကျမ်းများကို ဘာသာပြန်ဆိုပြီး မွတ်စ်လင်မ်အလွှာ အသီးသီးကို အကျိုးပြုခဲ့သူလည်း ဖြစ်ပါသည်။ အင်ရှာ အလ္လာဟ် ဤကျမ်းဖြင့်လည်း မွတ်စ်လင်မ်ထု တစ်ရပ်လုံးအား အကျိုးဖြစ်မည် သာမက ဗွရ်ကအ်ဝတ်စားတန်ဆာကို အစဉ်အလာပြုလာသော မြန်မာ မွတ်စ်လင်မ် အမေ နှမတို့အား အထူးအကျိုးသက်ရောက် မည်ဖြစ်ကြောင်း ယုံကြည်ရပေသည်။ အလ္လာဟ်အရှင်မြတ်သည် အထူးလက်ခံတော်မူ၍ စီပင် ဝပြောမှုကို ချီးမြှင့်တော်မူပါစေ၊ ထို့နောက် လေးစားအပ်ပါသော အဆွေတော် မော်လာနာ အာရှစ်က်အေလာဟီးနှင့် တပည့်တော် မော်လာနာ အဘူဘက္ကရ် မပ်မူဒီ တို့အား မိမိဂုဏ်တော်မြတ်နှင့် အညီ အကျိုးထူး အကျိုးမြတ်ကို ချီးမြှင့်တော်မူပါစေ၊ (အာမီန်) ။

*ဗန္ဒဟ်၊ မုဟမ္မဒ် ဆွာလေဟ်*

*အမှတ်(၄၇)၂၈,လမ်း၊ရန်ကုန်*

AHMED SWALEH
MAZAHERI,
. 47, 28th Street,
, Rangoon

محمد صالح مظاہری
مکان نمبر ۴۷ گلی نمبر ۲۸، رنگون

بسم اللہ الرحمٰن الرحیم

حامداً و مصلیاً و مسلماً - اما بعد!

مشہور و مقبول عالم مولانا الحاج مولوی عاشق الٰہی صاحب بلند شہری کی تصنیف کردہ ضروری کتاب "شرعی پردہ" کا برمی زبان میں عزیز گرامی مولانا ابو بکر صاحب محمودی سلمہ، نے ترجمہ کر کے مجھے بتایا۔ مولانا نے اس سے پہلے بھی موصوف کے کئی کتابوں کا ترجمہ کر کے عوام و خواص کو فائدہ پہنچایا ہے۔ ان شاء اللہ اس کتاب سے بھی سب کو خصوصاً ماں بہنوں کو بہت فائدہ ہوگا۔ جبکہ برما میں عورتوں کے اندر پردہ کرنے اور برقعہ پہننے کا رواج ہو چلا ہے۔ حق تعالیٰ قبول اور بار آور فرمائے اور محترم دوست مولانا عاشق الٰہی اور عزیز محترم مولانا ابو بکر محمودی سلمہ، کو اپنی شایان شان اجر عظیم عطا فرمائے۔ آمین ایں دعا از من و از جملہ جہاں آمین باد!

از محتاج دعا
بندہ محمد صالح مظاہری غفرلہ
24/6/98

از محتاج دعا

بندہ: محمد صالح مظاہری غفرلہ

مورخہ ۲۴ر جون ۱۹۹۸ء!

## ဟာဒိစ်ပါမောက္ခ ဟာဇရည် မော်လာနာ နူရုလ္လာဟ်ဆွာဟဲဗ်
## (ဒါရှုလ်အုလူမ် - တာမွေ၊ ရန်ကုန်) ၏ စကားမွှန်

အလ်ဟာမ်ဒုလိလ္လာဟ်၊ ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ် အရှင်မြတ်အတွက်သာဖြစ်တော်မူ၏ ။

ကျွန်ုပ်သည်"ရှရ်အီးပရ်ဒဟ်"မူရင်းကျမ်းကိုဖတ်ရှုခဲ့ပြီး မြန်မာ ဘာသာပြန်တမူကိုလည်းကြားနာခဲ့ပါသည်။ ဤမည်သောကျမ်းများသည်မြန်မာ မွတ်စ်လင်မ်အမျိုးသမီးများအတွက် အလွန်အရေးကြီးလိုအပ်သောအရာ ဖြစ်ခဲ့ပေရာ ယင်းကိုကျွန်ုပ်၏တပည့်တော် မော်လာနာ အဘူဘက္ကရ်ဆပ်က ဖြည့်ဆည်းလိုက်ပြီဖြစ်ပါသည်။

အလ်ဟာမ်ဒုလိလ္လာဟ် မြန်မာမွတ်စ်လင်မ် အမျိုးသမီးများသည် ဒအ်ဝသို့သဗ်လီဂ်ကို အကြောင်းပြု၍လည်းကောင်း၊ ဟဂ်ျကဲ့သို့မြင့်မြတ် သောဝတ်ပြုမှုကိုအကြောင်းပြု၍လည်းကောင်း၊ ဗွရ်ကအ် ဝတ်ရုံထည်များ ကိုဝတ်ဆင်လာသည်ကိုတွေ့ရပေသည်။ အများအားဖြင့်ယင်းရုံထည်နှင့်စပ် လျဉ်း၍ ဤသည်အစ္စလာမ်သာသနာ၏ အရေးကြီးသောအခန်းကဏ္ဍ ပါဝင်သည်ကို မသိရှိကြပေ။ သို့သာမကသာသနာမဲ့လူတန်းစားများနှင့် အနှစ်မပါသော လူတို့ကမူ အစ္စလာမ်သာသနာတွင် ပရ်ဒဟ်အမိန့်မရှိပါ၊ ဟင်ဒူများ၏ ဓလေ့ထုံးစံဖြစ်သည် စသည်ဖြင့်ပြော၍လူတို့အားလှည့်ဖြားကြပါသည်။

ဤကျမ်းတွင်ကုရ်အာန်ကျမ်းမြတ် နှင့် မှန်ကန်သော ဟဒီစ်အထောက်အထားများကို ကိုးကား၍ပရ်ဒဟ်၏အရေးကြီးပုံ၊ လိုအပ်ပုံတို့ကိုရှင်းလင်းထားပါသည်။ မော်လာနာသည်မြန်မာမွတ်စ်လင်မ်တို့အတွက် သာသနာ့လိုအပ်ချက်တစ်ရပ်ကို မြန်မာ ဘာသာဖြင့်ပြန်ဆို၍ ဖြန့်ချိလိုက်ခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား အမြတ်ဆုံးသော ကောင်းကျိုးအစားကို ပေးသနားတော်မူပြီးကျွန်ုပ်တို့မွတ်စ်လင်မ် ထု တရပ်လုံးအား ဤကျမ်းမှဆထက်ထမ်းပိုး အကျိုးသက်ရောက်ပါစေဟု ဆုမွန် ကောင်းတောင်းလိုက်ရပေသည်။ (အာ မီန်) ။

မုဟာမမွဒ်နူရုလ္လာဟ်(မဇာဟေရီ)
အမှတ် (၁၃၇)၊ ၂၇ လမ်း၊ ရန်ကုန် ။

# ارشادِ گرامی حضرت الاستاذ الحاج مولانا حافظ محمد نور اللہ صاحب مظاہری

(شیخ الحدیث جامعہ عربیہ دار العلوم تانبوے یانگون)

بسم اللہ الرحمن الرحیم

الحمد للہ میں نے اس کتاب کے اصل کو بھی پڑھا ہے اور دیکھا ہے اور اس کے برمی ترجمہ کو بھی دوسروں سے پڑھوا کر سنا بھی ہے۔ ایسی کتابوں کی ملک برما میں مسلمان عورتوں کے لئے از حد ضرورت تھی، الحمد للہ عزیزم مولانا ابوبکر صاحب نے اس ضرورت کو پوری کر دی ہے۔

الحمد للہ برما کی بہت سارے مسلمان عورتیں دعوت و تبلیغ اور حج کے برکات سے برقعہ پہن لی ہے۔ مگر اس کی اصلیت اور وہ دین اسلام کا ایک لازم اور ضروری جزء ہونا ان کو معلوم نہیں ہے۔ بلکہ بد دین اور بدمعاش لوگ کہتے ہیں کہ یہ ہندوؤں کا پردہ ہے۔ اسلام میں پردہ کا حکم بالکل نہیں ہے یا بے عمل نیم ملا، مولوی لوگ لوگوں کو اس طریقے سے دھوکہ دیتے ہیں۔

اس کتاب میں قرآن اور احادیثِ صحیحہ سے اس کی ضرورت اور اہمیت کو واضح کر دیا ہے۔ اللہ تعالیٰ مولانا موصوف کو بہترین جزاء خیر دے کہ اس نے برمی مسلم عوام کے لئے اس ضرورت دین کو واضح اور برمی زبان میں پھیلا دیا ہے۔

میری دعا ہے کہ اللہ تعالیٰ ہم مسلمانوں کو اس کتاب سے زیادہ سے زیادہ فائدہ پہنچائے۔ امین ثم امین! حررہ (محمد نور اللہ مظاہری)

۲۸ر جون ۱۹۹۶ء

حررہ محمد نور اللہ مظاہری

۲۸ر جون ۱۹۹۶ء

# ကျမ်းရှင် ဆရာတော်၏ ထောက်ခံချက်

မော်လာနာ အဘူဘက္ကရ် ဆွာဟဲဗ် (မဒ်ဒဇိလ်လုဟွမ်) သည် ကျွန်ုပ်ပြုစုအပ်သော "ရှရ်အီးပရ်ဒဟ်" ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ပါသည်။ "မာရှာအလ္လာဟ်" အလွန်မြင့်မြတ်သောကိစ္စကို ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။ သို့သာမက အခါသမယ၏ လိုအပ်ချက်ကို ဖြည့်ဆည်းလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာမွတ်စ်လင်မ်များအတွက် အထူးလိုအပ်သော အရာလည်းဖြစ်နေပါသည်။ သို့ဖြစ်၍ အလ္လာအသီးသီးမှရှိကြသောမွတ်စ်လင်မ်တို့အား ပြောလိုသည်မှာ မြန်မာမွတ်စ်လင်မ်တိုင်း အကျိုးခံစားခွင့် ရရှိစေရန် မိမိတို့တက်အားသ၍လက်ဆင့်ကမ်းဖြန့်ဖြူးစေလိုပါသည်။

အိမ်နှင့်ဗလီထိုင်ဝိုင်းများ၌လည်း သင်ကြားပို့ချစေလိုကြောင်း၊ ထို့ပြင် ကျမ်းလာအချက်အလက်များကို မှီးငြမ်း၍ မိမိတို့၏ဟောပြောမှုများ၌ တင်ပြစေလိုကြောင်း ဆန္ဒပြုအပ်ပါသည်။

မော်လာနာအား အထူးပြောလိုသည်မှာ ကျွန်ုပ်ပြုစုအပ်သော အခြားကျမ်းများကိုလည်း ပြန်ဆိုရေးသား၍ မြန်မာပြည်သူပြည်သားမွတ်စ်လင်မ်များအား အကျိုးပြုပေးစေလိုကြောင်း မေတ္တာရပ်ခံလိုက်ရပါသည်။

"အလ်အဗ်ဒ်" မုဟမ္မဒ် အာရှစ်က်အေလာဟီ
(မုဟာဂျေရေမက္ကီ - သာသနာအတွက် မက္ကာသို့ကူးပြောင်းသွားသူ)

☎ 8367205
Mufti Muhammad Ashiq Elahi
AL-BARNI

P.O.Box 706
Madina Munawwara
Kingdom of S.Arabia

Date ____________

☎ ٨٣٦٧٢٠٥
محمد عاشق الٰہی البرنی عفا اللہ عنہ
(المفتی بدار العلوم کراتشی (سابقاً))
ص ب: ٧٠٦ - المدینة المنورة
المملکة العربیة السعودیة
التاریخ ٦/١/١٤١٩ھ

بسم اللہ الرحمن الرحیم

# تقریظ!

الحمد للہ رب العالمین والصلوٰۃ والسلام علی خاتم الانبیاء والمرسلین سیدنا محمد وعلی آلہ وصحبہ اجمعین، ومن تبعھم باحسان الی یوم الدین۔

اما بعد! مولانا محمد ابوبکر صاحب مدظلہم نے احقر کی کتاب "شرعی پردہ" کا برمی زبان میں ترجمہ کیا ہے ماشاء اللہ خوب لکھا۔ وقت کی اہم ضرورت کو پورا کیا۔ اہل برما کو اسکی بہت حاجت تھی عوام وخواص سے درخواست ہے کہ اس کتاب کو عام کریں اور مندرجہ مضامین سے فائدہ اٹھائیں۔ گھروں میں اور مسجد کے تعلیمی حلقوں میں اسکی تعلیم کریں۔ اور نیز خطبوں تقریروں میں اس کے مضامین بیان کریں، نفع اللہ تعالیٰ بہا فی الدارین،

مولانا موصوف سے درخواست ہے کہ احقر کی دیگر تالیفات کا بھی ترجمہ کریں اور ان کے مضامین سے اہل برما کو مستفید فرمائیں:

[illegible]

وانا العبد الفقیر

محمد عاشق الٰہی عفا اللہ عنہ

## ကျမ်းရှင် မော်လာနာ အာရှစ်က် အေလာဟီသခင်၏ပေးစာ

လေးစားအပ်ပါသော မော်လာနာ အဘူဘက္ကရ်ဆပ်
(တိုးပွားသိက္ခာရှိပါစေသား)
"အပ်စွလါးမုအလိုင်းကွန်းမ် ဝရဟ်မသွလ်လါးဟိဝဗရကါးသုဟူး"

ကျန်းမာမည်ဟု မျှော်လင့်ပါသည်။ ရေးသားလိုက်သော စာကို ဇီလ်ကအ်ဒဟ်လ ၂၇ ရက်နေ့တွင်ရရှိပါသည်။ မြန်မာပြည်ရှိ သာသနာ့ပညာရှင်များသည် အမိဘာသာစကား စာပေ၌ စာပေကျမ်းဂန်များကို ဟောကြားပို့ချမှုများပြု၍ အရဗီစာပေများကို သင်ကြားပို့ချ၍ သာသနာ့အကျိုး သယ်ပိုး နေကြသည်ကိုသိရှိရပါသည်။ ဤကဲ့သို့ပြုမူဆောင်ရွက်ခြင်းများသည် အလ္လာဟ်အရှင်မြတ်၏ မဟာကျေးဇူးပင်ဖြစ်ပါသည်။

တို့ပြင်ဆရာသခင် ကျေးဇူးရှင်ကြီးများ၏ စာပေကျမ်းဂန်တို့ကိုမြန်မာစာပေ၌ ပြန်ဆိုကြရန် အထူးလိုအပ်နေသော အခါသမယလည်းဖြစ်ပါသည်။ (အလ္လာဟ်အရှင်မြတ်သည် ဤသာသနာပြုမှု၌ ရပ်တည်ခြင်းဖြင့် ဗရ်ကသ်မင်္ဂလာတရားချီးမြှင့်တော်မူပါစေ)

မော်လာနာအနေဖြင့် ကျွန်ုပ်၏ ရှရ်အီးပရ်ဒဟ်မည်သော ကျမ်းကို မြန်မာပြန်ဆို၍ အကျိုးပြုခဲ့သည်ကို သိရ၍ အထူးဝမ်းသာခဲ့ရပါသည်။ အလ္လာဟ်အရှင်ကောင်းကျိုးအစား ပေးသနားတော်မူပါစေ၊ အလ္လာဟ်အရှင်မြတ်သည် မော်လာနာ၏ သားနှစ်ပါး မော်လဝီ၊ မုဖ်သီ၊ ကာရီ မုဟာမ္မဟ် သွာလ်ဟား(မဇ္ဇာဟေရီ) မော်လဝီမုဖ်သီ၊ ကာရီမုဟာမ္မဒ်ဟမ်ဇဟ် (မဇ္ဇာဟေရီ) နှင့် မုဟာမ္မဒ်အုဇိုင်းရ်၊ မုဟာမ္မဒ်သုဖိုင်းလ်၊ မုဟာမ္မဒ်အုဝိုင်းစ်၊ မုဟာမ္မဒ်စိုဟိုင်ဗ် တို့အားသာသနာအတွက် အထူးလက်ခံတော်မူပြီး ပညာနှင့် ကျင့်သုံးမှုများ၊ အလ္လာဟ်အရှင်ကို သိကျွမ်းစေသော အတွင်းပညာနှင့် ထိုးထွင်းပညာများကိုပါ ချီးမြှင့်တော်မူပါစေ

ကျွန်ုပ်၏သားများအတွက်လည်း ဒိုအာပြုစေလိုပါသည်။

အားလုံးကျန်းမာလျှက်
"အလ်အဗ်ဒ်" မိုဟာမ္မဒ်အာရှစ်က်အေလာဟီ
(မုဟာဂျေရီ မက္ကီ-သာသနာအတွက်မက္ကာဟ်သို့ကူးပြောင်းသွားသူ)

☎ 8367205

Mufti Muhammad Ashiq Ilahi
AL-BARNI

P.O.Box 706
Madina Munawwara
Kingdom of S.Arabia

Date

بسم اللہ الرحمٰن الرحیم

☎ ٨٣٦٧٢٠٥

محمد عاشق الٰہی البرنی عفی عنہ
(المفتی بدار العلوم کراتشي (سابقاً))
ص ب: ٧٠٦ – المدينة المنورة
المملكة العربية السعودية
تاريخ

محترم المقام جناب مولانا محمد ابوبکر صاحب دام مجدہم!

السلام علیکم ورحمۃ اللہ وبرکاتہ،

امید ہے کہ مزاج گرامی بخیر ہوگا،

عنایت نامہ محررہ ۲۷ ذوالقعدہ موصول ہوا، حضرات علماء کرام برما میں بڑی محنتیں کررہے ہیں۔ تقریر وتحریر، تدریس وتصنیف کی خدمات میں لگے ہوئے ہیں۔ یہ اللہ تعالیٰ شانہ کا بڑا فضل ہے۔ واقعی برمی زبان میں اپنے اکابر کی کتابیں منتقل کرنے کی سخت ضرورت ہے۔

فبارك الله بمن قام بذلك، آپ نے میری کتاب "شرعی پردہ" کا ترجمہ کیا ہے، بہت زیادہ مسرت ہوئی، اللہ تعالیٰ آپ کو جزائے خیر عطا فرمائے:

عزیزانِ گرامی قدر مولوی مفتی قاری محمد طلحہ صاحب اور مولوی مفتی [illegible] محمد حمزہ [illegible] محمد عمر [illegible] محمد ادریس اور محمد صہیب سلمہم اللہ تعالیٰ ان سب کو اللہ تعالیٰ اپنے دین کی خدمت کیلئے قبول فرمائے اور علوم و اعمال اور معارف و حکم سے نوازے، میرے لئے اور میرے لڑکوں کے لئے بھی دعا فرمائیں۔ باقی سب خیریت ہے

محمد عاشق الٰہی عفا اللہ عنہ

والسلام:

محمد عاشق الٰہی عفا اللہ عنہ

# ပြန်ဆိုသူ၏ကျမ်းဦးစကား

ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား မွေးမြူဖန်ဆင်းရှင် အဖြစ်လည်းကောင်း၊ တမန်တော်မုဟမ္မဒ် သခင်(ဆွလ္လလ္လာဟုအလိုင်းဟိ ဝစလ္လမ်)သည်အလ္လာဟ်အရှင်မြတ်၏ စံပြစေတမန်တော်အဖြစ်လည်းကောင်း၊ အစ္စလာမ်သာသနာသည် ကျင့်သုံးရာဒီးန်အဖြစ်လည်းကောင်း၊ လက်ခံပါ၏။

လူ့လောက၏ ဖြစ်စဉ်၌ အိုခြင်း၊ နာခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်းတို့ကား ရှိနေ၏။ ဆိုးကျိုးဂရုးသည် အရာဝတ္ထုတိုင်း၏ မူလဗီဇအတွင်း၌ ရှိနေပါသည်။ ၄င်းအတွက် အထူးကြိုးစားစရာမလိုပါ။ ဥပမာ- စားသောက်ဖွယ်တစ်စုံတစ်ရာကို ဥပဒ်ဖြစ်လိုသော် ၄င်းကိုပြုစုခြင်း မပြုဘဲ ဖြစ်သလိုထားလိုက်ပါက ၄င်း၏မူလဗီဇသည် အမြန်ဆုံး ဖြစ်ပေါ် လာပေမည်။ သဘောမှာ ၄င်းသည်ပုပ်သိုး၍ ဘေးအန္တရာယ် ဖြစ်လာလိမ့်မည်။ ဝေဆာသီးပွင့်နေသော ဥယျာဉ်ခြံတစ်ခုကို ဖျက်ဆီးလိုသော် ၄င်းကိုပြုစုခြင်း မပြုဘဲ စွန့်ပစ်ထားလိုက်ပါ။ ၄င်းသည်အလိုအလျောက် တောခြုံများဖြစ်လာပြီး၊ လူကိုအန္တရာယ်ပြုသော အဆိပ်အတောက် သတ္တဝါများခိုအောင်းရာနေရာ ဖြစ်လာပါလိမ့်မည်။

ထိုနည်းနှင်နှင် လောဘ၊ ဒေါသ၊ မောဟ တဏှာဗီဇပါသော ပုထုစဉ် လူသားအားဖျက်ဆီးလိုသော် မည်သည့်ပညာ မည်သည့်စည်းကမ်း၊ မည်သည့် အထိန်းအကွပ်ကိုမျှ မပေးဘဲ ၄င်း၏သဘာဝ၊ ပင်ကိုယ်ဗရိုက်အတိုင်း လွှတ်ထားကြည့်ပါ၊ ပါဏာတိပါတ သတ်ခြင်း၊ ဖြတ်ခြင်း၊ ခိုးခြင်း၊ တိုက်ခြင်း၊ သူ့မယားကိုကျင့်ခြင်း၊ စော်ကားခြင်းစသည့်တို့ကို ကျူးလွန်လာပြီး ခွေး၊ နွား၊ ဝက်၊ တိရစ္ဆာန်တို့နှင့် ပိုဆိုးလာပြီး နှမအရင်း၊ အမေအရင်းကိုပင် ချန်ထားတော့မည်မဟုတ်။ ဒါ့ကြောင့်တမန်တော်က ကေယာမသ် ကမ္ဘာ ပျက်လုနီးသောအခါ လူတို့၌ အကုသိုလ်ကို အကုသိုလ်ဟု မမှတ်တော့ဘဲ

အထိန်းအကွပ်မရှိ၊ ပရမ်းပတာနေထိုင်လာပေမည်။ ဟီရိုဩတ္တပ္ပကင်းမဲ့သော မင်းမဲ့စရိုက်တို့သည် ၎င်းတို့အပေါ် လွှမ်းလာပေမည်။ ၎င်းတို့သည်လူသွားရော လမ်းများ၌ပင် ပြောင်ပြောင်ကြီးဇေနဟ် ကာမကျူးလွန်မှုများကို ပြုနေကြမည်။ ဇိမ်မယ်တို့နှင့်ပျော်မြူးနေကြမည်။ ထိုအခါအမြင်မတော်သူ တစ်ဦးက မောင်မင်းတို့ကွယ်ရာလေးမှာသွားကြပါလားလို့ပြောပေမည်။ ထိုကဲ့သို့ အပျက်ကြီးပျက်နေသော ခေတ်သမယ၌ ထိုသို့ပြောသူသည် အကောင်းဆုံး လူသားဖြစ်ပေမည်ဟု မိန့်ကြားခဲ့ပေသည်။ ယနေ့သည် ထိုခေတ်ကို ဦးကြို့လျက်ရှိနေသည်။ ယနေ့ကျွန်ုပ်တော်များအရာရာ၌ အယင်ကြီးနေသောနိုင်ငံ နှင့်လူမျိုးတစ်ခု၏ အကြောင်းတစ်ရပ်ကို ရင်နှင့်စွာတင်ပြပါရစေ။ ၁၉၉၈ မတ်လ ၂၈ရက်နေ့က နယူးယောက်မြို့တွင် အနမ်းအစုပ်ပြိုင်ပွဲကြီးတစ်ရပ်ကို ရှက်ဖွယ်လိလိကျင်းပခဲ့ပါသည်။ ယင်းကဲ့သို့ ယိုသူမရှက်မြင်သူရှက် ကျင်းပရာတွင် အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်က အကြာဆုံး အမှတ်နှင့် အနိုင်ရရှိခဲ့တယ်ဆိုတာကို ကြေငြာခဲ့ပါတယ်။ အဲဒီလို လူ့အောင်ကို ကျော်လွန်ပြီး၊ တိရစ္ဆာန်ဥပဇာဉ်အတွင်းသို့ ခေါ်ဆောင်ရန်ကြိုးစားနေသူများဟာ အဆင်းသာရှိ၍ အချင်းမရှိသူများဖြစ်ကြပါတယ်။ အလ္လာဟ်အရှင်မြတ်သာ သင်းတို့အားသနားတော်မူပါ။ အသိမရှိသူများအား မမှအသိပေးတော်မူပါ။ အလ္လာဟ်အရှင် ကာကွယ်စောင့်ရှောက်တော်မူပါ။

သာသနာသည် လူတို့၏အထိန်းအကွပ်ဖြစ်သည်။ လူသားတို့အား ယဉ်ကျေး သိမ်မွေ့စေပါသည်။ သာသနာသည် လူတို့အားစာရိတ္တဖေါက်ပြန်မှု၊ တဏှာရာဂကျူးလွန်မှု၊ ပြစ်မှုကျူးလွန်မှုတို့မှ ကာကွယ်ထိန်းသိမ်းပေးပါသည်။

လူ့လောက၌လူလိုနေလိုပါကသာသနာ၏အနှော်အတာကို ခံယူရမည်။ ကမ္ဘာလူမျိုးအသီးသီးတို့တွင်ရိုးရာအစဉ်အလာ၊ လူမျိုးစရိုက်၊ လက္ခဏာ၊ ရေ၊ မြေ၊ သဘာဝနှင့်သမိုင်းအစဉ်အလာကိုအခြေခံ၍၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင် ယဉ်ကျေးမှု ဆိုတာရှိကြပါတယ်။ မိမိယဉ်ကျေးမှုအတိုင်း ဝတ်ဆင်ခြင်း၊ ကျင့်ကြံ

ခြင်းကို မည်သူမျှမရှက်ကြပါ။ လူဆိုတာမူရှိပါသည်၊ မူမရှိသောသူသည် လူ မဟုတ်ပါ၊ ရောမရောက်လျှင် ရောမလိုကျင့်ဆိုတာမူမဟုတ်ပါ၊ မိမိယုံကြည် ထားသည့် အစ္စလာမ်သာသနာနှင့် ၎င်း၏ကျင့်စဉ်ကိုရင်ကော့၍ ဝင့်ကြွားဖော် ထုတ်ရပေမည်။ သာသနာကိုပင်မဆိုထားဘိ တစ်နေရာ၌ တမန်တော်မြတ်က

မိမိအနွယ်ကိုလိမ်၍ပြောဆိုသည်အတွက် **ဂျန္နသည်ဟရာမ်ဖြစ်၏တဲ့** သဘောမှာစိုင်ယဒ်မဟုတ်ဘဲ စိုင်ယဒ်လို့ပြောခြင်း ရှိုင်းခ်မဟုတ်ဘဲ ရှိုင်းခ် လို့အမည်တပ်ခြင်းတို့ဖြစ်သည်။ယင်းကိုသဘောရိုးဖြင့် ဆက်လက်ရှင်းပြရ သော် အဖေကစစ်တကောင်းအဆက်၊ အမေအဆက်က ကျူလိယာဆိုပါဆို့ သူကမိမိကိုဂျီဝါးအနွယ်ကပါစွရ်သီအနွယ်ကပါလို့အနွယ်ဖျောက်သူတို့ကို ဆိုပါသည်။ ဤမျှပင်တရားတော်ကလက်မခံခဲ့လျှင် မွတ်စ်လင်မ်စင်စစ်က မိမိကိုယ်ကို ကာဖဲရ်ဟု ရေးခြင်းပြောခြင်းတို့သည် မုချအီမာန်ပျက်ချေ၏၊ ထို့အပြင် ကာဖဲရ်တို့၏အဆက် ကာဖဲရ်တို့၏ယဉ်ကျေးမှုကိုအတုယူသူ အယောင်ဆောင် သူအားမည်သို့လက်ခံနိုင်မည်နည်း။ စဉ်းစားကြည့်ပါ။ လမ်းနှစ်ခွမလျှောက်ပါနှင့်။ လမ်းရိုးမှမသွေဖည်ပါနှင့်။ ဘာသာခြား တို့၏ယဉ်ကျေးမှုကိုအားမကျပါနှင့်၊ အယောင်ဆောင်ခြင်း မပြုပါနှင့်၊ စွဟာဗဟ် သာဝကြီးများသည် အစ္စလာမ်နှင့်အီမာန်အတွက် အသက်ကို စွန့်လွှတ်ခဲ့ကြပါသည်။ တမန်တော် နှင့်စွဟာဗဟ်တို့သည် အစ္စလာမ်နှင့် အီမာန်အတွက် အသက်နှင့်သွေးကိုရင်း ခဲ့ပါသည်။ ကျွန်ုပ်တို့အတွက် အလ္လာဟ်နှင့် အလ္လာဟ့်ရဆူလ်၏ညွှန်ကြားချက် သည်နှစ်ဌာနစလုံး၏ အောင်မြင်မှုသာဖြစ်ပါသည်။ ၎င်းကိုအလေးထားပါ။ ဂုဏ်ယူပါ။ လောကီအတွက် အသပြာငွေနှင့် အစားတစ်လုပ်နှင့် မိမိဂျန္နသ် ကိုမဖျက်စီး ပါနှင့်။ မွတ်စ်လင်မ်အမျိုးသမီးများအတွက် အစ္စလာမ်သာသနာက ဆင်ယင်ပေးလိုက်သော ပရ်ဒဟ်ဝတ်ရုံသည် အမျိုးသမီး တို့၏

ဂုဏ်အင်ကို မြှင့်တင်ပေးခြင်းသာဖြစ်၏။ အဖိုးထိုက်သောအရာမှန်သမျှ သည် ဖုံးဝှက်ထားစမြဲပင်ဖြစ်ကြ၏။

လူတို့သည်ရွှေ ငွေ၊ ကျောက်မျက်ရတနာတို့ကို လုံခြုံစွာထိန်းသိမ်းထားကြပါသည်။ ပုလဲရတနာသည် သမုဒ္ဒရာ၏ ဝမ်းတိုက်၌လည်းကောင်း၊ ရွှေငွေကျောက်သံပတ္တာမြားတို့သည် တွင်းတိုက် မြေတိုက်များ၌လည်းကောင်း၊ ရှိစမြဲဖြစ်ကြပါသည်။ တမန်တော်မြတ်က အမျိုးသမီးသည် ထိန်းသိမ်းထားရမည့်အရာ၊ ဖုံးကွယ်ထားရမည့်အရာဖြစ်သည်ဟု မိန့်ကြားခဲ့ပေသည်။ တမန်တော်မြတ်သည် သမီးရတနာတို့အားစောင့်ရှောက်ရေး နှင့် ပတ်သက်ပြီး အကြင်သူသည် သမီးရတနာများအား ကြီးပြင်းအောင်ကျွေးမွေးစောင့်ရှောက်၏၊ ကောင်းမွန်စွာ ထိန်းသိမ်းကွတ်ကဲ၏၊ အချိန်တန်အရွယ်ရောက်သောအခါ သာသနာကိုင်းရှိုင်းသူနှင့် လက်ဆက်ပေးခဲ့သည်ဆိုသော် ထိုမိဘတို့အတွက် ဂျန္နသ်သည် ဝါဂျစ်ဗ်ထိုက်သွားပြီဖြစ်သည်ဟု မိန့်ကြားခဲ့ပေသည်။ သားယောကျ်ားလေးနှင့် ပတ်သက်ပြီး ဤသို့မိန့်ဆိုထားသည်မရှိပါ။ သမီးရှင်များအတွက်မင်္ဂလာသတင်းဖြစ်ပါသည်။ ထို့အပြင် ကာယိန္ဒြေရှင် အမျိုးသမီးတို့အား မိန့်ကြားသည်မှာ အကြင်အမျိုးသမီးသည် နမာဇ်၊ ရိုဇဟ် ကိုစောင့်ထိန်း၏၊ မိမိလင်ယောကျ်ား၏စကားကို နားထောင်၏၊ မိမိလင်ယောကျ်ား၏ ပစ္စည်းများအပေါ် သစ္စာစောင့်၏၊ ထို့နောက် မိမိကာယိန္ဒြေကို စောင့်စည်း၏ဆိုသော် သူမသည် ဂျန္နသ်တံခါးရှစ်ပေါက်မှ ကြိုက်နှစ်သက်ရာမှ ဝင်နိုင်မည်ဖြစ်သည်ဟု မိန့်ကြားခဲ့ပေသည်။

သမီးတို့ရေ ရွှေပင်နားလျှင် ရွှေကျိုးဖြစ်သတဲ့၊ ပရ်ဒဟ်သည် သမီးတို့အတွက်ရွှေပေါ်မြှတင်ပေးခြင်းပင်ဖြစ်ပါသည်။ ပရ်ဒဟ်သည် အစ္စလာမ့်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ ကိုယ့်ဘာသာ ကိုယ့်လူမျိုးကိုချစ်တတ်သူတိုင်း၊ ကိုယ့်အမျိုးသားယဉ်ကျေးမှုကို ဂုဏ်ယူတတ်ကြရသည်။ ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ယဉ်ကျေးမှုအမွေသည် ဘိုးဘွားမိဘတို့၏အမွေ၊ သာသနာ့အမွေပင်ဖြစ်သည်။ အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်း၊ ဆိုသလို သာသနာ့လမ်းညွှန်မှုမှ တိမ်းစောင်း၍နေမည်၊ အနောက်တိုင်း

ယဉ်ကျေးမှုကို အထင်ကြီးမည် သရုပ်ပျက်ဝတ်စားဆင်ယဉ်မှုကို လိုလားမည် ဆိုလျှင်သုစရိုက်တွေတိမ်ကောလာပြီးဒုစရိုက်တွေ ရှင်သန်လာမည်ဖြစ်သည်။ ထို့နောက် တိရစ္ဆာန်တို့၏စရိုက်များ ဖြစ်လာမည်မှာ အမှန်ပါဘဲ။

ယနေ့လူနေမှုရှုထောင့်နှင့် လောကီရေး၊ စီးပွားရေး၊ ရှုထောင့်အစုံကိုကြည့်ပါ။ စာရိတ္တပျက်စီးမှုစီသို့ ခေါ်ဆောင်သွားနေသည်ကိုအသိရှိသူတိုင်း မြင်ရပါမည်။ တစ်ဘက်မှအပြုသဘောတွေ ဆောင်ရွက်ပေးသလို အခြားသောတစ်ဘက်မှအပျက်သဘောတွေက ဝင်ရောက်နှောင့်ယှက်လျှက် ရှိနေပါသည်။

ယနေ့ရုပ်ရှင်၊ ဗွီတီယို၊ တီဗွီတို့၌ သရုပ်ပျက်အမျိုးသမီးများသည် ဖိုသားထုတစ်ရပ်လုံးကို ဖမ်းစားနေပါသည်။ ကိုယ်လုံးတီးဇာတ်ကားများနှင့် လုံးထွေးနေသော ညဝင်ခန်းများကို ပြောင်တလင်း ညစ်ညမ်းစွာ ပြလာနေပါသည်။ ဒါ့ကြောင့်အိန္ဒိယနိုင်ငံရှိ ဒီပလိုမာဘွဲ့ရပညာရှင်ကြီးတစ်ဦးက ဒီနိုင်ငံမှာ ကျွန်ုပ်သာအာဏာရခဲ့လျှင် ရုပ်ရှင်ကိုဦးစွာပိတ်ပင်ပစ်မည်လို့ ပြောဘူးပါသည်။

ဒါ့ကြောင့်ရှေးလူကြီးများက ဈေးအစ ဇာတ်အလယ် ဖါအဆုံးတဲ့ ရိုင်းတယ်လို့ထင်ရင်ခွင့်လွှတ်ပါ။ အသိခေါက်ခက် အဝင်နက်သူတို့ကို ရှင်းရှင်းပြောရင်တောင် တော်ရုံသင့်ရုံမကျချင်သေးဘူး။ မျက်မှောက်ခေတ်အခြေအနေကို ဆိုရိုးစကားပြောကြားသူ ရှေးလူကြီးများတွေ့မိခဲ့လျှင် အစသည် အဆုံးသာဖြစ်နေပါသည်ဟု ပြောမလားဘဲ။ ယနေ့ကမ္ဘာပေါ်တွင် အမေရိကန်နှင့် ဗြိတိနိုင်ငံတို့တွင် လက်ထက်ထိမ်းမြားခြင်း မပြုဘဲ၊ ကိုယ်ဝန်ဆောင်ကာ မိခင်ဘဝသို့ရောက်ရှိကြသည့် ဆယ်ကျော်သက် မိန်းကလေးဦးရေသည် အချိုးအစားအားဖြင့် အများဆုံးဖြစ်နေပါသည်။ ဤသည်လွတ်လပ်မှုနှင့် ဖိုမရောနှောမှု၏ ရလဒ်ပင်ဖြစ်ပါသည်။ ယနေ့မိမိအကျိုးကိုသာ ဖက်နေသော စာပေလောကသည်လည်း၊ ထိုနည်းတူပင်ဖြစ်နေပါသည်။ စာအုပ်မျက်နှာဖုံးများကိုပင် တချို့မျက်စိရှက်စရာဖြစ်နေသည်။ သရုပ်ပျက်ကြေး

စားအမျိုးသမီး မော်ဒယ်(လ်)ဆိုသူတွေကို ကွင်းကွင်းကွက်ကွက်ရိုက်ပြထားကြပါသည်၊ အဖုအထစ်တွေပေါ် လွင်အောင်ရိုက်ထားကြပါသည်။ သရုပ်ပျက်၊ သရုပ်ဆောင်တို့သည် မပေါ့တပေါ် အဝတ်များ ဟိုကွဲဒီကွဲ၊ ဟိုပေါ်ဒီပေါ်၊ ဒူးမကပေါင်အရင်းသားအထိ မြင်နိုင်စေသည့်စကပ်များ၊ ဖော်မှလှ ပေါ်မှလှ တယ်လို့ ထင်ကြတဲ့ ဟိုင်းတုစ်ပါးယဉ်ကျေးမှုသည် ကိုယ်ပိုင်ယဉ်ကျေးမှုကို အမျိုးပြုတ်အောင် ပြုနေပါသည်။ ပြုပြင်စရာ ဆင်ခြင်စရာတွေ အများကြီးရှိနေပါသေးသည်။ ဒါလေးကတော့ မပြောပလောက်ပါဘူး၊ မဖြစ်လောက်ပါဘူးဆိုပြီး လျစ်လျူရှုထား၍ မရပါ သေးသေးလေးက အကြီးကြီးဖြစ်လာပါမည်၊ အမှိုက်ကစ ပြဿဒ်မီးလောင် မီးဆိုသည်မှာ မလောင်ခင်ကတားဆိုစကားများ၊ ကုသခြင်းထက်ကြိုတင်ကာကွယ်ခြင်းသည် ပို၍ထိရောက်ပါသည်ဆိုသော်စကားများသည် သွေးထွက်အောင်မှန်ပါသည်။ ရုပ်နှင့်အဆင်းပေါင်းသင်းမိလျှင် ရာဂဟူသောသားကို ဖွားစေ၏တဲ့၊ သို့ဖြစ်၍ အစ္စလာမ့်ယဉ်ကျေးမှုပရ်ဒဟ်ခြုံထည်ကို ဝတ်ဆင်ကြပါ။ ကျမ်းမြတ်ကုရ်အာန်၌ အတိအလင်းပါထားသောအမိန့်ပါ၊ မိဘတိုင်းက သားသမီးတိုင်းကိုအားပေးပါ၊ သားချင်းမပါဘဲ နေ့ည်လည့်နေရာကိုမှ ပေးမထွက်ပါနှင့်၊ ရှိန်သာန်နှင့် နပ်ဖ်စိတ်ရိုင်းသည်လူနှင့်ထပ်ချပ်မကွာရှိနေပါသည်။ ပရ်ဒဟ်နှင့်တကွ ပေးထွက်ပါ။ အလ္လာဟ်အသျှင်မြတ်သည် အားလုံးအား လက်ခံတော်မူပါစေ။ မြန်မာစကားပုံလေးတစ်ခုမှာ သမီးတစ်ကောင်နွားတစ်ထောင်တဲ့ (မိန်းကလေးအရွယ်ရောက်လာသောအခါ ထိန်းသိမ်းရသည့် တာဝန်ကြီးလေးပုံကို ထင်ရှားစေရန် သုံးနှုန်းခြင်းဖြစ်ပါသည်။) အမှန်တကယ်တာဝန်ကြီးလှပါသည်။ သို့ကြောင့်လည်း တမန်တော်မြတ်က သမီးမိန်းကလေးတို့အား ထိန်းသိမ်းစောင့်ရှောက်သောမိဘနှစ်ပါးအား ဂျန္နသ်ဝါဂျစ်ထိုက်ကြောင်းပြောတော်မူခဲ့ပေသည်။

တစ်နေရာ၌ တမန်တော်မြတ်က အိမ်၌နေသောအမျိုးသမီးသည် အလ္လာဟ်အသျှင်မြတ်နှင့်နီးကပ်နေသူဖြစ်၏ဟု မိန့်ခြွေခဲ့ပေသည်။ ထို့အပြင် တမန်တော်သည် အိမ်ရှင်မ ပီသသူ၊ တည်ကြည်စွာ အိမ်၌နေသူ၏ စဝါဗ်

**ကျမ်းဦးစကား**

ကိုဤသို့ဖေါ်ပြခဲ့၏ တစ်နေ့သောအခါ တမန်တော်မြတ်ထံပါးသို့ ယဇီဒ်အန်ဆွာရီ ၏ သမီးအပ်စ်မာသခင်မသည် အမျိုးသမီးကိုယ်စားလှယ် တစ်ဦးအဖြစ်ရောက်လာပြီး အို. . အလ္လာဟ်၏တမန်တော်အမျိုးသားများ သည် ဂျေဟာဒ် စစ်ပွဲ၌ ပါဝင်ဆင်နွှဲ၍ ဂျွမ္မာ၌ပါဝင်၍ ငါးကြိမ်ဂျမာအသ်၌ ပါဝင်၍ ဂျနာဇာဟ်လိုက်ပို့၍ စဝါဗ်များကို အမျိုးသမီးများထက် သာပိုသွားကြပြီး ဖြစ်ပါသည်။ အမျိုးသမီးများမှာ ပရ်ဒဟ်ခြုံထည်နှင့် လုံခြုံစွာနေကြရသော ကြောင့် စဝါဗ်လက်မဲ့ဖြစ်နေရပါသည်ဟု လျှောက်ထားခဲ့ရာ ကိုယ်တော်က အသင်မတို့သည် မိမိအိမ်၌သာ ပရ်ဒဟ်၌တည်ကြည်စွာနေထိုင်ခြင်းသည် ဂျေဟာဒ်စစ်ပွဲ၌ပါဝင်ခြင်းနှင့် ဖေါ်ပြပါကောင်းမှုများပြုခြင်းတို့၏ စဝါဗ်များ နှင့်ညီမျှပေသည်ဟု မိန့်ကြားခဲ့ပေသည်။ (ရှုဟွလ်မအာနီ အတွဲ-၁ စာ-၆၆)

ထိုနည်းဒုင်းပင် ဟဒီစ်ကျမ်းတော်မြတ်၌လာရှိသည်မှာ တစ်နေ့ သောအခါ တမန်တော်မြတ်သည်သာဝကကြီးတို့အား "အဘယ်အရာသည် အမျိုးသမီးများအဖို့ကောင်းမြတ်သနည်း" ဟုမေးတော်မူရာမည်သူမျှအဖြေ မပေးတတ်ဘဲရှိနေခဲ့၏။ ၎င်းတို့တွင်အလီသခင်လည်းအဖြေမပေးနိုင်ဘဲရှိ ခဲ့သဖြင့် အိမ်သို့ပြန်လာ၍ ဖါသိမဟ်သခင်မထံစုံစမ်းလေလျှင် "အမျိုးသမီး များအဖို့အကောင်းဆုံးသောအရာမှာ ယောကျာ်းများ၏ကြည့်ရှုခြင်းမှ မိမိတို့ ကိုယ်ကိုစောင့်ရှောက်ခြင်းပင်ဖြစ်၏" ဟုဖျတ်ဖျတ်လတ်လတ်ဖြေကြားခဲ့လေ သည်။

သမီးတို့ရေ ဂျန္နသီအမျိုးသမီးတို့၏ အမျိုးသမီးခေါင်းဆောင် ဖါသိမဟ်သခင်မရဲ့ နောက်လိုက်ပြုပြင် ဂျန္နသီအသင်းဝင်းမှုချဖြစ်ပေမည်။ ဂျန္နသ်၊ ဂျဟန္နမ် လမ်းနှစ်သွယ်မှထာဝရစည်းစိမ်များသို့ဝင်ထားသည့် ဂျန္နသ် ရောက်မည့်လမ်းစဉ်ကိုရွေးချယ်ပါ။ ကျင့်သုံးပါ။

အလ္လာဟ်အသျှင်သည်ကျွန်ုပ်၏အမေ၊ နှမနှင့် သမီးတို့အားခမ့် အသိတရားများပေးသနားတော်မူပါစေ။

ဤကျမ်းသည် ရှရ်အီးပရ်ဒဟ်၊ အွရ်ဒူမူရင်းကျမ်းကိုပြန်ဆိုထားသော ကျမ်းဖြစ်ပါသည်။ ယင်းကျမ်းကို ဟဇရသ်မော်လာနာအာရှစ်က် အေလာဟီဘိုလန်ဒ်ရှဲဟ်ရီ (မုဟာဂျေရေမက္ကီ)က မြန်မာပြန်ဆိုရန်အတွက် စွာဒီကီယဟ်ကျောင်းအုပ်ဆရာကြီး ဟာဖိဇ်ဟာရှင်မ်ဘိုဒီဆပ်မှ တဆင့်ပေး ပို့လိုက်ပါသည်။ ကျွန်ုပ်သည်ယင်းကျမ်းကို မြန်မာပြန်၍စာမူကြမ်းကို ဟာဖိဇ် ဟာရှင်ဘိုဒီဆပ်မှတဆင့် မူရင်းကျမ်းပြုစုသူ ဆရာတော်ကြီးထံမှ ဒုအာရယူရန် အတွက် မက္ကာဟ်သို့ ပေးပို့ခဲ့ရာ ဆရာကြီးသည်ဝမ်းသာအားရစွာပြန်စာကိုရေး ၍ကျမ်းအတွက်အမှာစာကိုလည်းရေးပို့ခဲ့ပါသည်။ ယင်းတို့ကိုဗရ်ကာသ်အား ဖြင့်ရှေ့တွင်ဖေါ်ပြထားပါသည်။

အလ္လာအသျှင်မြတ်သည် ဆရာကြီး၏စိတ်စေတနာဖြူစင်မှုကို အကြောင်းပြု၍ မွတ်စ်လင်မ်ထုတစ်ရပ်လုံးအား ပရ်ဒဟ်ကိုအလေးထားသူများ ကျင့်သုံးသူများအဖြစ်ပြု၍ ကျွန်ုပ်၏မိသားစုအားနှစ်ဌာနလုံး၏ ကောင်းကျိုး အဖြာဖြာကိုချီးမြှင့်တော်မူပါစေ။ (အားမီးန်)

ပြန်ဆိုရေးသားသူ

အဘူဘက္ကရ်၊ မဟ်မူဒီ (မှော်ဘီ)
(ဖါဇေလေဒါရွလ်အုလူမ်၊ တာမွေ၊ ရန်ကုန်)
၃-အေ၊ အောင်မင်္ဂလာလမ်း၊ မန္တလေးရပ်၊ မှော်လမြိုင် ။

باسمه تعالی

الحمد لله نحمده ونستعينه ونستغفره ونؤمن به ونتوكل عليه ونعوذ بالله
من شرور انفسنا ومن سيئات اعمالنا من يهده الله فلا مضل له ومن يضلله فلا
هادی له ونشهد ان لا اله الا الله وحده لا شريك له ونشهد ان سيدنا و
مولانا محمدا عبده ورسوله صلی الله تعالی عليه وعلی اله واصحابه وبارك وسلم
تسليما كثيرا كثيرا ـ اما بعد

ကျွန်ုပ်သည် နှစ်ကာလပရိစ္ဆေဒကြာမြင့်စွာကတည်းက ဟိဂျာဗ် ပရ်ဒဟ် (ဖုံးကွယ်ခြင်း)နှင့် စပ်လျဉ်း၍ အကြောင်းအချက်များကို ပြုစုရန် ဆန္ဒပြင်းပြလျက်ရှိခဲ့ပေသည်။ သို့သော် အခြားပြုစုလျက်ရှိသော ကျမ်းများကို လက်စသတ်၍ မပြီးပြတ်နိုင်သောကြောင့် ယခုလိုအချိန်ကြာညောင်းခဲ့ခြင်းဖြစ်ပေသည်။ အမှန်ကိုဆိုရလျှင် မည်သည့်အရာမှ လူ၏ ဆန္ဒအတိုင်းဖြစ်သည်ဟူသရွေ့မရှိပါ၊ ဖြစ်သမျှ ပျက်သမျှတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်ရှိသည့်အတိုင်းသာဖြစ်ပေ၏။

ယခုမှပင် အရှင်မြတ်၏ အလိုတော်များကြောင့် ရေးသားခွင့်ကိုရရှိပြီး အချိန်တိုတိုနှင့် လွယ်ကူစွာပဲ ဆုံးခန်းသို့ရောက်ရှိခဲ့ပေသည်။ (ချီးမွမ်းထောမနာခြင်း အပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်တော်မူ၏။)

ဤကျမ်းငယ်၌ ဟဒီးစ်တော်မြတ် လေးဆယ်ကို မိမိမူရင်း ဟဒီးစ်တော်အတိုင်း ၏, သည်, မရွေ့ ဖော်ပြခဲ့ပြီး၊ ၎င်း၏ အဓိပ္ပါယ်များနှင့် ရှင်းလင်းချက်များကိုပါ ရေးသားခဲ့ပါသည်။ အဆိုပါ ဟဒီးစ်တိုင်း၌ ခေါင်းစဉ်တစ်ခုစီကို ဖွင့်ပေးထားပါသည်။ ထို့နောက် ၎င်း၏ ရှင်းလင်းချက်များကို ဖော်ပြရင်း မျက်မှောက်အခြေအနေကို သုံးသပ်ထားပါသည်။ ထို့နောက် မွတ်စလင်မ်တို့၏ လက်ရှိနေထိုင်မှုစနစ်များကို ရှေ့ဝယ်ထား၍ တမန်တော်မြတ်ကြီး (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ သွန်သင်ဆုံးမချက် အောက်သို့ ပြန်လည်ရောက်ရှိစေရန် အလေးအနက် ဖိတ်ခေါ်သမှု ပြုထားခဲ့ပေသည်။ ထို့ပြင် အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးခြင်း ခံနေရသူများနှင့် ၎င်း၏

ဆုတ်ယုတ်မှုများကို အထူးသတိပေး နှိုးဆော် ခဲ့ပါသည်။ ထို့ပြင် ပရ်ဒဟ်ကို အလေးထားသူများ၊ အားပေးသူများ၊ ပရ်ဒဟ်ရှိသူများဟု မှတ်ယူကြသူများ၌ မည်ရွေ့မည်မျှချို့ယွင်းချက်များ ပေါ့လျော့မှုများ ရှိနေကြသည်ကိုလည်း တင်ပြထားပါသည်။

ခဲအို၊ မတ်၊ ယောကွ၊ ယောကွ၊ မောင်နှမဝမ်းကွဲ ယောကျ်ားများ၊ ပီရ်၊ ဖကီရ်များ ဆရာဝန်များ၊ ဆေးသမား တော်များ၊ နပ်စ်များ၊ လုံမငယ်များ၊ ဝမ်းဆွဲများ၊ အခိုင်းအစေ စသည်များနှင့် အရောတဝင် ရောနှောနေထိုင်မှု များကို အသိရှိပါသည်ဆိုသောသူများပင် ပေါ့ဆလာကြသည်။ ယင်းတို့နှင့် စပ်လျဉ်း၍ ဟာဒီးစ်၊ ဖေကဟ်၏ ရှင်းလင်းချက်များကို ယထာဘူတ ကျကျ ထိရောက်စွာ ဖော်ပြထားပေသည်။

အမျိုးသားအချင်းချင်း အရှက်ဖုံးကွယ်ရမည့်အတိုင်းအတာ၊ အမျိုးသမီး အချင်းချင်း ဖုံးကွယ်ရမည့်အတိုင်းအတာ၊ ထိမ်းမြားမပိုင်သူနှင့် ဖုံးကွယ်ရမည့် အတိုင်းအတာ၊ ဆေးဝါးကုသရာ၌ ဖုံးကွယ်ရမည်ဟူသော အတိုင်းအတာများ ကိုပင် မည်မျှထောက်ထားရန် အရေးကြီးကြောင်း၊ ရာဂပွားစေသော အကြည့် ဆိုးများဖြင့် ရှောင်ကြဉ်ရန်မည်သို့ ပညတ်ထားကြောင်းများကို ဖော်ပြပြီး၊ အမျိုးသား အမျိုးသမီးများအတွက် လမ်းသွားလာရန် စည်းကမ်းများ၊ တမန်တော်မြတ်ကြီး အသက်ထင်ရှားရှိနေစဉ်၌ ပရ်ဒဟ်နှင့် ပတ်သက်၍ မည်ကဲ့သို့ ကြပ်မတ်ထားကြောင်း၊ အမျိုးသမီးတစ်ဦး အိမ်ပြင်ထွက်ခြင်းနှင့် စပ်လျဉ်း၍ တရားတော်မြတ်၏အမြင်၊ တရားတော်မြတ်၏ ပညတ်ချက်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ စည်းကြပ်ထားသည့်အချက်အလက် စသည် များကို အထူးဖွဲ့ဆို၍၊ ဤကျမ်းငယ်၌ အခန်းစဉ်ဖွဲ့၍ တင်ဆက်ထားပေ သည်။

ဟိဂျာဗ်ပရ်ဒဟ်နှင့် ဗီလာဆန့်ကျင်သူတို့မှာ နှစ်မျိုးနှစ်စားရှိနေပါသည်။ တစ်မျိုးမှာ အစ္စလာမ်သာသနာပေါ် လျှောက်လှမ်းရန် ဆန္ဒမရှိသော လူတစ်စု နှင့် ခေတ်ဆန်လို၍ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးသော လူတစ်စု တို့ဖြစ်ပါသည်။

ယင်းသူတို့သည် ရှက်ကြောက်မှုကင်းမဲ့ခြင်း အိန္ဒြေကင်းမဲ့ခြင်း၊ အလေ့အကျင့်ယုတ်မာခြင်း၊ ညစ်ညမ်းခြင်း၊ ဟော့ရမ်းခြင်းတို့ကို ရှုံ့ရှာမုန်းတီးခြင်းမရှိဘဲ အရည်အချင်းတစ်ရပ်ဟုလည်းကောင်း၊ ကျွမ်းကျင်ခြင်းဟုလည်းကောင်း၊ ပြည့်ဝစုံလင်ခြင်းဟု လည်းကောင်း ယူဆကြသူများ ဖြစ်ကြသည်။ ယင်းသူတို့က ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးစ်တော်မြတ်သည် ရိုးလွန်းသော ခေတ်မမီသော အရာများဟု ထင်မှတ်ကြသည်၊ ဤသူများသည် မွတ်စ်လင်မ် သားသမီး မိသားစုများမှ ပေါက်ဖွားလာသော မွတ်စ်လင်မ်တို့၏ ဝန်းကျင်၌ နေသူများဖြစ်နေ၍သာ သို့မဟုတ်ပါက "ငါဒီလမ်းစဉ်နှင့် ဒီသာသနာကို စွန့်တယ်ကွာ" ဟု ပြောဆိုကြမည့် အနှစ်မပါသူ မျိုးမစစ်များဖြစ်ကြပေသည်။ ထို့ပြင် ပွင့်လင်းစွာ ကုရ်အာန်ကျမ်းလာများကို ငြင်းဆန်ခြင်း၊ ဟဒီးစ်တော်မြတ်ကို ပုန်ကန်တော်လှန်ခြင်းပြုမည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့သော် ယင်းကို့သည် မလွန်ဆန်နိုင်သော အကြောင်းအချက်များကြောင့် ဖြောင်မပါယ်သော်လည်း သာသနာကို လက်ခံဟန်ဆောင်၍ သာသနာ့ပညတ်တော်များကို တိုက်ခိုက်နေသော ဓမ္မန္တရာယ်များဖြစ်ကြပေသည်။

ရာဂစိတ်ကြိုက် ပရ်ဒဟ်မရှိဘဲသွားလာခွင့်ရှိစေရန် ယုတ္တိယုတ္တာမရှိသော စကားများကို ပြောဆိုကြသည်၊ အိုလမာသာသနာ့ပညာရှင်များကို ရိုင်းပြစွာဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်းများကို ပြုကြသည်။ တစ်ခါတစ်ရံ ဤအမိန့်သည် ကုရ်အာန်ကျမ်း၌ မပါရှိပါ ခေတ်နှင့်မလျော်ညီပါဟု ပြောဆိုကြသည် ထို့ပြင် ပရ်ဒဟ်အမိန့်တော်များကို လိုက်နာကျင့်သုံးသူ၊ အားပေးသူများအား သေးသိမ်သောအကြည့်အမြင် အပြောအဆိုများဖြင့် ငေါ့လုံးများထုတ်ကြသည်၊ တစ်ခါတစ်ရံ အမျိုးသမီးများအား ပရ်ဒဟ်နှင့် ဆန့်ကျင်၍ လွတ်လပ်စွာ နေထိုင်မှုကို အားပေးလှုံ့ဆော်ကာ ရှက်ဖွယ်ကောင်းသော၊ စိတ်ကြွမှုများ၌ အရသာတွေ့လိုကြသည်။ ဤကဲ့သို့ ယုတ်ညံ့ပက်စက်သော သူတို့၏ အခွင့်အရေးရလိုမှုသည်၊ တရားကို ခုံမင်နှစ်သက်သူများ အသက်ရှင်နေသ၍ သာသနာကို ဖျက်ဆီးနိုင်မည်မဟုတ် မိမိအလိုရမ္မက်အတိုင်း ဥပဒေထည့်သွင်း နိုင်မည်မဟုတ်ချေ။ ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ကျမ်းမြတ်

ကုရ်အာန်၏ အထောက်အထားများ၊ ဟဒီးစ်တော်မြတ်၏ အထောက်အထား များသည် လုံလောက်၏ ယနေ့ကြားမြင်နေသော လိင်ကိစ္စမှန်သမျှ ရှက်ဖွယ် ကောင်းသော ကိစ္စမှန်သမျှသည် ယင်းပရ်ဒဟ် ကင်းမဲ့မှုကို ထောက်ပြနေ၍ ယင်းမနော်ဝါဒီ၊ ရာဂဝါဒီတို့၏ လှည့်ဖြားပြောဆိုမှုတို့သည် အလေးသာမည် မဟုတ်ချေ။

ဤကျမ်းတွင် နေရာတိုင်း၌ ပရ်ဒဟ်ကို ထင်ရှားစွာ အထောက်အကူ ပြုသော အာယသ်တော်များ ပါရှိထားပေသည်၊ ကုရ်အာန်၌ ပရ်ဒဟ်၏ ပညတ်တော်မပါဟု ပြောဆိုနေသူများသည် နေ့ခင်းကြောင်တောင်ညဉ့်နက် ချိန်ဟု ဇွတ်ပြောဆိုသူများပမာ ဖြစ်ကြပေသည်။ (လင်းဆွဲ၏ နေကိုမမြင်နိုင် ခြင်းသည် သူ၏ ချို့ယွင်းမှုသာဖြစ်၏၊ ကမ္ဘာကို အလင်းပေးနေသော သူရိယ နေမင်း၏ ချို့ယွင်းမှုကားမဟုတ်)

အကယ်၍ ယင်းသူတို့က ကျွန်ုပ်သည် ကုရ်အာန်ကို လက်မခံပါဟု ပြောခဲ့လျှင် ကိုယ်လုံးတီးနှင့် ရောက်တတ်ရာ သွားလမ်းသို့ လွတ်လပ်စွာ သွားနိုင်၏၊ သို့ရာတွင် ကုရ်အာန်ကျမ်းမြတ်ကို လက်ခံပါလျက် ကုရ်အာန် ကျမ်းမြတ်၌ ဟိဂျာဗ် (ပရ်ဒဟ်) မပါရှိပါဟု ကြွေးကြော်ခြင်းသည် မုသား သက်သက်သာဖြစ်ပြီး အခိုင်အမာ မှားယွင်းသောတောင်းဆိုချက်သာ ဖြစ်ချေ၏။

ဒုတိယအုပ်စုမှာ မိမိအိုးအိမ်၊ တိုက်တာ၌ နမာဇ်များကိုလည်း ဆောက် တည်ကြသည်၊ ကုရ်အာန်နှင့် ဟဒီးစ်ဘာသာပြန်များကိုလည်း သမန် ကာလျှံကာ ကြည့်လိုက်ကြသူများလည်း ဖြစ်ကြသည်၊ ၎င်းတို့တွင် အချို့မှာ တက္ကသိုလ်၊ ကောလိပ်များ၌ ပညာဆည်းပူးရင်း အရဗီဘာသာစကားကို အနည်းအများ သင်ဖူးခဲ့သူများလည်းဖြစ်ကြသည်၊ ၎င်းတို့သည် ဘောင်ဘင် ခတ်တတ်သော မပြည့်သောအိုးများ အမျိုးအမည်မထင်ရှားသော အုတ်ကြား မျက်ပေါက်များ ဖြစ်ကြပေသည်၊ ပညာနှင့်စကား တစ်ခြားစီပါ၊ ပညတ် တော်၏ အတိမ်အနက်ကို သက်ဆိုင်ရာ ပညာရှင်များသာ အသိဆုံး နားလည် ဆုံးဖြစ်၏။

မရောင်ရာဆီလူးတတ်သော လူပေါ်လူဇော်များက အစ္စလာမ်သာသနာ၌ ပရ်ဒဟ်ဆိုဒါတော့ ရှိပါသည်။ သို့သော် ပြင်းထန်သော ပညတ်ချက်များကို မော်လဝီဆရာများက ချဲ့ထွင်ထားပေသည်ဟု ပြောကြပါသည်။ ဤသူများ သည်လည်း ပထမအုပ်စုဝင်တို့မှ မှိုင်းထိထားသူများပင် ဖြစ်ကြပါသည်။ ရှိုင်သာန်မိစ္ဆာသည် မွတ်စ်လင်မ်တို့ထံမှ ကျန်ရှိနေသေးသော တရားစစ်တရား ကို အမျိုးဖြုတ်ရန်လည်းကောင်း၊ တရားစစ် တရားမှန်၏ လမ်းကြောင်းပေါ်မှ ဖယ်ရှားရန်အတွက်လည်းကောင်း လမ်းသစ်စနစ်သစ်တို့ကို ပြဋ္ဌာန်းလိုပေ သတည်း၊ ရှိုင်သာန်သည် လမ်းမှန်မှ သွေဖီချင်စိတ်ဖြစ်ပေါ်စေရန် အမိန့် ပညတ်ချက် မှန်သမျှကို မော်လဝီများ၏ ထွင်ထားသော အရာဟုပြော၍ လူတို့အား သွေးဆောင်လေ့ရှိပေသည်။ ထိုသူတို့၏ ပယောဂကို ယုံကြည် နေသူများက "ကျွန်ုပ်တို့သည် အစ္စလာမ်ကို ငြင်းဆန်ခြင်းလည်းမဟုတ် ကုရ်အာန်ကို လက်ခံခြင်းမှ ဝိနည်းရှောင်ခြင်းလည်းမဟုတ်ပါ၊ မော်လဝီတို့၏ မဟုတ်မမှန် ပြောခြင်းကို ငြင်းခြင်းသာဖြစ်သည်"ဟု လှည့်စားခြင်းကို ခံနေရပေသည်။ ဤသူများသည် အီမာန်ရှင်တစ်ဦး၏ တာဝန်ကို စိတ်ကူး စိတ်သန်းပြုခဲ့လျှင်လည်းကောင်း၊ စစ်မှန်သော သာသနာ့ပညာရှင်များနှင့် အဆက်အသွယ်ထား၍ ၄င်းတို့၏ စိတ်ထားအတွင်းအပြင်ကို ဝေဖန် စစ်ဆေး ခဲ့လျှင်လည်းကောင်း၊ ၄င်းတို့၏ တင်ပြသော မတ်စ်အလဟ်တို့၏ ကိုးကား ချက်များကို သိရှိ၍ မိမိမရှင်းသော စိတ်တို့ကို ချမ်းမြေ့အောင် ပြုနိုင်ပေသည်၊ စစ်မှန်သော သာသနာ့ပညာရှင်များသည် မိမိဘက်မှ အမိန့်တစ်ရပ်ကို စီရင် ထုတ်ပြန်၍ အွမ္မသ်ကို အညွန့် တုံးစေမည့်သူများမဟုတ်ပေ။ အမှန်တကယ် ကို တင်ပြရလျှင် ကုရ်အာန်နှင့် ဟဒီးစ်တော်အပေါ်၌ အချိန်ပေးခဲ့သော သာသနာ့ပညာရှင်များသည် ကုရ်အာန်ဟဒီးစ်၏ အတိမ်အနက်များ၊ ရှင်းလင်း ချက်များ၊ ပညတ်တော်များကို ပြည့်ဝစုံလင်စွာ သိရှိထားသူများ ဖြစ်ကြပေ သည်။ သာသနာ၏ ကျယ်ပြန့်မှုများနှင့် ခွင့်လွှတ်ချက်များကိုလည်း ကောင်းစွာသိရှိကြသူများ ဖြစ်ကြသည်။ အလားတူ ၄င်းတို့သည် သာသနာ့ စည်းစောင့်မှုများနှင့် ဆုံးဖြတ်ချက်များကိုကား ကောင်းစွာသိရှိကြသူများ

ဖြစ်ကြပေသည်။ သို့ဖြစ်သောကြောင့် ရေးသား၍ တစ်မျိုးဟောကြား၍တစ်ဖုံ နှင့် သာသနာရေးရာပညတ်ချက်များ၏ ဘောင်စည်းကမ်းချက်များကို အွမ္မသ် တစ်ရပ်လုံးအား သတိပေးနှိုးဆော်လျက်ရှိကြသည်။

ခေတ်ပညာရှင်နှင့် အတတ်ပညာရှင်တို့သည် တရားတော်၏ သဘော တရားများကို ပြည့်ဝစုံလင်စွာ ဃ. ဂ. န. ဏ သိရှိကြသည်မဟုတ် သို့ဖြစ်၍ သာသနာတော်၏ စစ်မှန်သော အချက်အလက်များနှင့် မဟာဆွဟာဗဟ် သာဝကကြီးများ၌ ကွဲလွဲချက်မရှိသော မတ်စ်အလဟ်များကိုပင် မော်လဝီ ဆရာများ၏ တီထွင်ချက်ဟု ပြောဆို၍ အမှန်တရားမှ လွှဲဖယ်တိမ်းရှောင် သွားကြလေသည်။

အံ့သြစရာကောင်းသော၊ ဝမ်းနည်းစရာကောင်းသော ကိစ္စမှာ ယင်းတို့ မကျင့်သုံးလိုသော မတ်စ်အလဟ်ပညတ်တော်များအပေါ် မှ ရှောင်နိုင်စေရန် မော်လဝီတို့၏ တီထွင်မှုဟုဆိုပြီး အကြောင်းပြကြလေသည်။ တကယ်တော့ မော်လဝီတို့၏ ပြသခြင်းများ၌ နမာဇ်၊ ရိုဇဟ် စသည်များလည်း ပါဝင်ပါသည်။ သို့သော်လည်း ၎င်းကို ဝိနည်းမရှောင်လိုသောကြောင့် နမာဇ်၊ ရိုဇဟ် တည်းဟူ သော အေဗါဒသ်များကိုကား လက်ခံကြလေသည်။ သို့သော် ယင်းသူတို့ သည် ကီဓလေသာတို့ကိုကား မစွန့်လိုသောကြောင့် ဆင်ခြေကန်လေ့ ရှိခြင်း ပင်ဖြစ်သည်။ နောင်တမလွန် ဟရှရ် ကွင်းပြင်၌ အသျှင့်ရှေ့တော်မှောက်၌ ခစားဝင်သောအခါ ဤကဲ့သို့သော ကောက်ကျစ်စဉ်းလဲမှုတို့သည် အဘယ်မှာ ကယ်တင်နိုင်မည်နည်း။

ဤကျမ်းသည် ဟဒီးစ်တော်ပေါင်း လေးဆယ်ကို စုဆောင်းထားသော ကျမ်းဖြစ်သော်လည်း ကျွန်ုပ်သည် ပရ်ဒဟ်ဟိဂျာဗ်နှင့် စပ်လျဉ်းသော အာယသ်တော်များကိုလည်း ရေးသားထားပေသည်။ သို့ဖြစ်ရာ ကျန်ခဲ့သော စူရဟ် အဟ်ဇာဗ်အာယသ်တော် ၃၁၊ ရုကုအ်အမှတ် (၁၉) နှင့် အမှတ် (၈)ကို ဤနေရာတွင် ရေးသားအပ်ပေသည် ဖတ်ရှုလေ့လာကြည့်ပါ။

يٰنِسَآءَ
النَّبِيِّ لَسْتُنَّ كَاَحَدٍ مِّنَ النِّسَآءِ اِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ
بِالْقَوْلِ فَيَطْمَعَ الَّذِيْ فِيْ قَلْبِهٖ مَرَضٌ وَّقُلْنَ قَوْلًا مَّعْرُوْفًا ﴿٣٢﴾
وَقَرْنَ فِيْ بُيُوْتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْاُوْلٰى
وَاَقِمْنَ الصَّلٰوةَ وَاٰتِيْنَ الزَّكٰوةَ وَاَطِعْنَ اللّٰهَ وَرَسُوْلَهٗ

အို. . . နဗီ၏ဇနီးတို့ အသင်တို့သည် သာမာန် အမျိုးသမီးများမဟုတ်ကြပေ အကယ်၍ အသင်တို့သည် သပ်ကဝါတည်းဟူသော နိဝါတ တရားကို ဆုပ်မြဲဆုပ်ကိုင်ခဲ့လျှင် အသင်တို့သည် သူစိမ်းအမျိုးသားများဖြင့် မလွဲသာ မရှောင်သာ စကားပြောဆိုခဲ့ရသော် တပ်မက်တတ်သူ တစ်ပါးစိတ်၌ စွဲမက်မှု ဖောက်ပေါက်စေရန် ကနွဲ့ကလျပြော့နှောင်းမှု မပါဘဲ တည်ကြည်စွာ ပြောပါလေ။ ထို့ပြင် အသင်တို့သည် သီလသမာဓိနှင့် ပြည့်စုံသော အမျိုးသမီးများကဲ့သို့ စည်းကမ်းကျကျ ပြောဆိုပါလေ၊ သို့မဟုတ်ပါက စိတ်တွင်း၌ ရောဂါရှိသောသူသည် ရမ္မက်ထားရှိလာပေမည်။ သို့ရာတွင် အသင်တို့သည် တုံးစံအတိုင်းသာလျှင် စကားပြောဆိုမှုကို ပြုကြလေကုန်။ အသင်တို့သည် မိမိအိမ်၌ တည်ငြိမ်စွာနေကြကုန်၊ ရှေးဟောင်းအမိုက်ခေတ်က အမျိုးသမီးများပမာ ကိုယ်ပေါ်၌ ရှုံထည်မပါဘဲ မိမိတို့ကိုယ်ကို ပြသ သကဲ့သို့ မသွားလာကြကုန်လင့်၊ ထို့နောက် အသင်တို့သည် နမာဇ်ကို ဆောက်တည်ပါ ဇကာသ်တာဝန်ကို ထမ်းဆောင်ပါ၊ ထို့နောက် တမန်တော်၏ စကားကို မြေဝယ်မကျ နာယူပါ။

ဤအာယသ်တော်များတွင် ဦးစွာပထမ ပညတ်တော်မူသည့်ပုဒ်မှာ သူစိမ်းတစ်ဦးနှင့် မလွှဲမသွေမပြောမဖြစ်စကား စမြည်ပြောရသောအခါ ပြောပုံဆိုပုံ၌ နွဲ့နွဲ့နှောင်းနှောင်းမူရာမာယာပုံမျိုး မရှိစေရ၊ လေယူလေသိမ်း၌

ဆွဲငင်သော ဟန်အမူရာမပါရှိစေရ၊ အမျိုးသမီးတစ်ဦး၏ ကိုယ်ဟန်ပါပါ လမ်းလျှောက်ခြင်းဖြင့် အမျိုးသား၌ စိတ်ဝင်စားမှုဖြစ်ပေါ်သကဲ့သို့ ယဉ်ယဉ် ကြော့ကြော့နှင့် ညှသံပါသော ပြောဆိုမှု၌ တစ်ဖက်သားကို စွဲဆောင်စေပါ သည်။ စိတ်ထားမြင့်မြတ်သော အမျိုးသမီးတို့၏ ဂုဏ်အင်မှာ သူစိမ်းတစ်ရံဆံ တို့နှင့် စကားပြောရသောအခါ သိက္ခာရှိစွာ တည်ကြည်ဟန်နှင့် ပြောဆိုကြရ ၏။ သို့မှသာ စိတ်ထားမသန့်သူမှာ စိတ်စွဲလမ်းမှုကို ထားတော့မည် မဟုတ်ချေ။

ဒုတိယပညတ်တော်ပုဒ်၌ အသင်တို့သည် မိမိအိမ်၌သာ နေကြကုန်ဟု မိန့်ဆိုထားပေသည်။ ဤအမိန့်တော်အရ သိရှိရသည်မှာ အမျိုးသမီးများ အတွက် အိမ်ရှင်မပီပီ နေ့ညအချိန် ရှိစေရမည်။ အဓိကနေရာသည် မိမိတို့၏ နေအိမ်သာဖြစ်ကြောင်း မှတ်ရပေမည်။ တရားတော်အရ ရှောင်တခင် အပြင် ထွက်ရသော် ထွက်ခွင့်ရှိသည်၊ ထိုအခါ ပရ်ဒါအပြည့်စုံနှင့်တကွ လိုအပ် သည်ခန့် ထွက်နိုင်ပေသည်။ အဆိုပါ အာယသ်တော်၏ ဖွင့်ဆိုချက်မှ ထင်ရှားစွာ သိရှိနိုင်သည်မှာ ပရ်ဒဟ်ရှိပါလျှက် အကြောင်းမဲ့ အပြင်သို့ ထွက်ခြင်းသည် ကောင်းသည့်ကိစ္စမဟုတ်ကြောင်း မိမိ၏ အဝတ်တန်ဆာနှင့် ပရ်ဒဟ်ကိုပင် သူစိမ်းယောကျာ်းတို့၏ မျက်စိအာရုံမှာ ဖုံးကွယ်ထားသင့် ကြောင်း သဘောပါရှိပေသည်။

တတိယပညတ်တော် ပုဒ်၌ ရှေးအမှောင်ခေတ်အတိုင်း ပရ်ဒဟ် မရှိဘဲ သွားလာခြင်းမပြုလင့်ဟု လာရှိပေသည်။ ရှေးအမှောင်ခေတ်ဆိုသည်မှာ တမန်တော် မပွင့်မီ အရပ်တို့၏ ဓမ္မစက်မရှိသော အရိုင်းခေတ်ကို ဆိုလို ပေသည်။ ထိုခေတ်ရှိ အမျိုးသမီးများသည် အရှက်အိန္ဒြေကင်းမဲ့စွာ၊ ရဲရင့်စွာ ဖြင့် စျေးများ၊ ပွဲလမ်းသဘင်များ၊ လမ်းကြိုလမ်းကြားများတွင် ပရ်ဒဟ် မရှိဘဲ သွားလာလေ့ရှိကြသည်။ ကိုယ်ကာယအလှများဖေါ်၍ ပြင်ဆင်၍ ထွက်လေ့ ရှိကြသည်၊ ယနေ့ဖက်ရှင်အလှကို အားကျပြီး ပိုးပဝါလေးကို ဦးခေါင်း၌ (သို့) လည်ပင်း၌ ထည့်ထားပြီး ရင်နှင့်မျက်နှာမှာ ပေါ်မြဲပေါ်လျက်ရှိသည်၊ သွားလိုရာသွားနေသည့် အမျိုးသားများကြား၌ ရင်ကော့၍ သွားနေသည်၊

ကိုယ့်လူသူ့လူကိုပင် ခြားနားမှုမရှိ၊ သူစိမ်းများကို ရှောင်ရှားလိုခြင်းမရှိ၊ ဤသည် ရှေးမစွ အမှောင်ခေတ်၏ ကျင့်ထုံးဓလေ့ထုံးစံများပင်ဖြစ်ပေသည်။ ယနေ့မွတ်စ်လင်မ်ဟု ကြွေးကြော်နေသော အစ္စလာမ့်အမျိုးသမီးများ၌ အဆိုပါအကျင့်ဆိုးများသည် နေရာယူလျက်ရှိနေပေသည်။ ထို့ပြင် ခေတ်နှင့် ရင်ဘောင်တမ်းလိုသူ၊ ဓမ္မသစ်ဝါဒီတို့က ရှာပေးလို့မရသော အမျိုးသမီးတို့၏ အိမ်ခြေကို ဖျက်စီးရန်အတွက် ဖိတ်ခေါ်မှု အမျိုးမျိုးနှင့် အမှောင်ခေတ်ရှိ မင်းမဲ့စရိုက်များကို ရေလာမြောင်းပေး တိုးတက်စေလိုကြသည်၊ အကြင်စရိုက်ဆိုးများကို ပယ်ဖျက်ရန်အတွက် ကျမ်းမြတ်ကုရ်အာန် ကျရောက်ခဲ့ပေသည်။

အချို့သူများကမူ အဆိုပါအာယသ်တော်သည် မိခင်မွန်ကြီးများအတွက် ကျရောက်ခဲ့ခြင်းဖြစ်သည်၊ အများပြည်သူအမျိုးသမီးများအတွက် မဟုတ်၊ အဘယ်ကြောင့် အခြားအမျိုးသမီးများကို ထည့်သွင်းရပါသနည်း။ ဤကဲ့သို့ မေးခွန်းထုတ်သူတို့သည် သာသနာ့ပညာ မပြည့်စုံသော အကြောင်းများကြောင့် ဖြစ်ပေသည်။ အကယ်၍ ဤသူများသည် ကျမ်းတော်မြတ်ကုရ်အာန်၏ နိယာမ သဘောတရားများကို သိရှိသူများဖြစ်ကြလျှင် ဤကဲ့သို့ စောဒကသည် ပေါ်ပေါက်မည်မဟုတ်၊ ကျမ်းတော်မြတ်ကုရ်အာန်၏ တိုက်ရိုက်အထူးပြောဆိုမှုသည် အားလုံးနှင့် ဆိုင်သော အာဏာသက်ရောက်စေသော ထုတ်ပြန်ချက်မျိုးဖြစ်ပေသည်။ ခိုလဖါအေရာရှေဒီန်နှင့် မဟာစ္စဟာဗဟ်ကြီးများ၊ အအင်မ္မလ်မွဂ်ျသဟေဒီန်နှင့် သူတော်စင်ကြီးများက အဆိုပါ အာယသ်တော်သည် ကေယာမသ်နေ့အထိ ပေါက်ဖွားလာမည့် အမျိုးသမီးများသို့ တိုးချဲ့၍ အာဏာအမိန့် သက်ရောက်စေရန် မိခင်ကြီးများအား ဆင့်ဆိုလိုက်ခြင်းမျိုးဖြစ်ပေသည်။ ဤအာယသ်တော်များတွင် ကြင်ယာတော်များအား တိုက်ရိုက်ရည်ညွှန်း မိန့်ဆိုထားတော်မူသော်လည်း ကျန်အမျိုးသမီးအားလုံးတို့သည်လည်း ယင်းအမိန့်၌ အကျုံးဝင်ကြောင်းလာရှိပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် (ဆွဲလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ အိမ်တော်သူအိမ်တော်သားများအား အမိန့်ပညတ်တော်များကို အထူးတလည်

လိုက်နာကျင့်သုံးစေတော်မူလိုပြီး၊ ၎င်းတို့၏ ဂုဏ်အင်ဒြပ်များနှင့် လျော်ညီစွာ ၎င်းတို့၏ စိတ်နှလုံးနှင့် ကိုယ်ကျင့်တရားများကို သူမတူအောင် စံပြအဖြစ် စင်ကြယ်သန့်ရှင်းစေတော်မူလိုသည်။

ကုရ်အာန်ကျမ်းလာ အာယသ်တော်များ၏ အစီအစဉ် အသွားအလာ အထားအသို အသုံးအနှုန်းများကို သတိပြုလျှင် ဤအာယသ်တော်နှင့်တကွ ဤအာယသ်တော်၏ ရှေ့နောက်ရှိ အာယသ်တော်များသည် ကြင်ယာတော်များအား တိုက်ရိုက်ရည်ညွှန်း မိန့်ဆိုထားတော်မူသော အာယသ်တော်များသာ ဖြစ်ကြပေသည်။ ကြင်ရာတော်များသည် တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)၏ ကြင်ယာတော်များ ဖြစ်ကြလေရာ တပည့်သားတို့အဖို့ စံနမူနာသာဖြစ်ကြသည့်အလျောက် အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ်၏ အမိန့်နာခံမှုများတွင် အခြားမွတ်စ်လင် အမျိုးသမီးများထက်ပင် အထူးတလည် ပိုမို၍ ဂရုမူကြရမည်ဖြစ်ကြောင်း ၎င်းတို့အား တိုက်ရိုက် မိန့်ကြားခြင်းဖြစ်ပေသည်၊ မှတ်သားရမည်မှာ အထူးထုတ်ပြန်ချက်သည် သီးသန့်လူတစ်စုအတွက် အထူးထုတ်ဟု မသက်ရောက်ကြောင်း၊ ထို့ပြင် အဆိုပါ အာယသ်တော်နှင့် စပ်လျဉ်း၍ အစ်ဂျ်မာအအွှမ္မသ် သာသနာ့သုခမိန်တို့၌ ညီညွတ်မှုရှိကြောင်း ဟဒီးစ်တော်အရလည်း အများမွတ်စ်လင်မ် အမျိုးသမီးတို့နှင့် သက်ဆိုင်ကြောင်း ထင်ရှားပေသည်။

အလ္လာဟ်ကြောက်သူ သာမာန်ဦးနှောက်ရှိသူပင်လျှင် အောက်ပါအတိုင်း ကောက်နှုတ်မည်မှာ အမှန်ပင်ဖြစ်သည် အဘယ်သို့ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်၏ ကြင်ယာတော်များ (ဝါ)မွတ်စ်လင်မ် တို့၏ မိခင်များကိုပင် အမှောင်ခေတ်ရှိ အမျိုးသမီးများပမာ သွားလာခြင်း မပြုဘဲ အိမ်ရှင်မပီပီ မိမိအိမ်၌ တည်ကြည်စွာ နေကြရန် အမိန့်ပြုခဲ့လျှင် အွှမ္မသ်တပည့်တို့ရှိ အမျိုးသမီးများအတွက် ဟေဂျာဗ် (ပရ်ဒါ) မပါဘဲ အပြင်ထွက်ခွင့် အဘယ်မှာ ပိုင်နိုင်အံ့နည်း။ အွှမ္မသ်၏ မျက်စိအာရုံများသည် မိခင်မှန်များအား ကြည်ညိုလေးစားခြင်းများကြောင့် မော်၍ပင်မကြည့်ရဲကြပေ၊ သို့ပါလျက် ထိုမိခင်ကြီးများအား အိမ်၌သာနေထိုင်ကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အကြင်အခါ ဆန္ဒအလျောက် မျက်စိအရသာခံလိုသည့်သဘောနှင့် ကြည့်လိုသူများ၊ အမျိုးသမီးကိုယ်၌ကပင် မိမိဘက်ကို စွဲဆောင်လိုစိတ် သဘောရှိနေသော်၊ ထိုအမျိုးသမီးများအား အမှောင်ခေတ်ပမာ အပြင်ထွက်ခွင့် မည်သို့ပေးနိုင်အံ့နည်း။ ကျမ်းမြတ်ကုရ်အာန်သည် နဗ္ဗဝသ်အနွယ်စင် အမျိုးသမီးများကိုပင် ကာယိန္ဒြေထိမ်းသိမ်းစေပြီး၊ အွမ္မသ်အတွင်းရှိ ကုရေ့ ကမ္ဘာမက အမျိုးသမီးတို့အား အမှောင်ခေတ်အတိုင်း နေထိုင်သွားလာခွင့် ပြုခဲ့သည်ဆိုသောကိစ္စသည် ဦးနှောက်ရှိသူတိုင်း လက်မခံနိုင်သော အရာ ဖြစ်ပေသည်။ အဆိုပါ အာယသ်တော်များ၌ ပညတ်တော်မူထားသောအရာမှာ ပေါ်ပေါက်လာမည့်ပြဿနာ အကြောင်းရင်းများကို တားဆီးရန်အတွက် ဖြစ်လေသည်။ ပြဿနာအကြောင်းခံများပေါ်ပေါက်နိုင်သည့် အမျိုးသမီးထု အား မိခင်မှန်များထက်သာပို၍ တားဆီးရန် လိုအပ်ပေသည်။ သို့ဖြစ်၍ အမျိုးသမီးထုအား ဤပညတ်တော်ဖြင့် မည်သည့်အကြောင်းနှင့်မျှ ဖယ်ရှား၍ မရနိုင်ပေ။

ယခုဆက်လက်ပြီး စူရဟ်အဟ်ဇာဗ်ရုကူအ်အမှတ် ရှစ်ကို ဖတ်ကြည့် ကြစို့

يَا أَيُّهَا
النَّبِيُّ قُل لِّأَزْوَاجِكَ وَبَنَاتِكَ وَنِسَاءِ الْمُؤْمِنِينَ يُدْنِينَ
عَلَيْهِنَّ مِن جَلَابِيبِهِنَّ ذَٰلِكَ أَدْنَىٰ أَن يُعْرَفْنَ فَلَا يُؤْذَيْنَ

အို... နဗီတမန်တော် အသင်သည် မိမိ၏ ကြင်ရာတော်များအား လည်းကောင်း၊ မိမိသမီးတော်များအားလည်းကောင်း၊ မုအ်မင်န် (အီမာန် သက်ဝင်ကြည်သူ) တို့၏ ဇနီးမိန်းမများအားလည်းကောင်း ထိုသူတို့သည် မိမိတို့၏ အပေါ်ရုံ (စောင်/ခြုံထည်) များကို မိမိတို့အပေါ်၌ တွဲသွဲချထား ကြရမည်ဟု ပြောကြားပါလေ၊ ဤသည် ၄င်းတို့အား ခွဲခြားမှတ်မိရန် ပိုမို၍

နီးစပ်၏ သို့ဖြစ်ပေရာ ၎င်းတို့သည် နှောင့်ရှက်ခြင်း ခံကြရမည်မဟုတ်ပေ။

တမန်တော်မြတ်ခေတ်တွင် အကြင်အခါ မုနာဖစ်က် အယောင်ဆောင် မွတ်စ်လင်မ်များ ကြီးထွားနေခဲ့သည်၊ မဒီနာမြို့၌ အီမာန်ရှင် အမျိုးသမီးများ သွားလာသောအခါ ယင်းမုနာဖစ်က် သူယုတ်မာတို့သည် ချောင်းမြောင်း၊ စောင့်စား၍ အနှောင့်အယှက် ပြုလေ့ရှိခဲ့ကြသည်။ ထိုနှောင့်ယှက် ပြုကြသည် ကို လက်ပူးလက်ကြပ် ဖမ်းဆီးမိသောအခါ ၎င်းတို့က "ကျွန်ုပ်တို့သည် ဂုဏ်သရေရှိ အမျိုးသမီးဟူ၍ မထင်မိကြပါ၊ ကျေးကျွန်များဟု ထင်မှတ်ကာ အံနှောင့်အယှက်ပေးမိခြင်းသာ ဖြစ်ပါသည်"ဟု ဖြေဆိုလေ့ ရှိခဲ့ကြသည်။ ထိုအခါ ဤအာယသ်တော်ကျရောက်လာခဲ့ပေသည်။

ဤအာယသ်တော်၏ အလိုသဘောမှာ မွတ်စ်လင်မ်အမျိုးသမီးများ သည် အကြောင်းကိစ္စရှိ၍ အပြင်ထွက်ကြသည့်အခါ ကိုယ်ခန္ဓာကို ဖုံးဖိကြရ ရုံသာမက ခြုံထည်များကို ဦးခေါင်းပေါ်မှ မျက်နှာပေါ်သို့လည်း ဆွဲချထား ရမည်၊ ဤသို့ ပြုလုပ်ခြင်းဖြင့် ဂုဏ်သရေရှိ မွတ်စ်လင်အမျိုးသမီးများ ဖြစ်ကြ သည်ကို အလွယ်တကူ ခွဲခြားသိရှိနိုင်ပေမည်၊ သို့ သိရှိလျှင် သူယုတ်မာများ သည် အနှောင့်အယှက်ပေးဝံ့ကြမည်မဟုတ်ပေ၊ ဤအာယသ်တော် ကျရောက် လာသည့်အခါ မွတ်စ်လင်မ်အမျိုးသမီးများသည် ကိုယ်ခန္ဓာကို ဖုံးဖိကြ သည်သာမက ဦးခေါင်းပေါ်မှ ခြုံထည်စကို မျက်နှာပေါ်သို့လည်း ဆွဲချကာ လုံခြုံစွာ သွားလာလေ့ရှိခဲ့ကြလေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အန္တရာယ်ရှိသည့်အခါ မွတ်စ်လင်မ် များသည် မျက်နှာကိုပါ ဖုံးအုပ်ထားကြရမည့်အကြောင်း ကောင်းစွာ သိရှိ နိုင်ပေသည်။ ကျွန် မိန်းမများမှာမူ လုပ်ကိုင်ဆောင်ရွက်ရန် လုပ်ငန်းဆောင်တာ များမှာ မြားမြောင်လှသည့်အတွက် ၎င်းတို့၌ မျက်နှာကို ဖုံးဖိထားရန် တာဝန် မရှိချေ။

ဤအာယသ်တော်တွင် ပါရှိသော "ဂျလာဗီဗ်"ဟူသော ပုဒ်သည် ဂျိလ်ဗါဗ်၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ဂျိလ်ဗါဗ်ဟူသည် ကိုယ်ခန္ဓာတစ်ခုလုံးကို ခြုံရုံနိုင်သောစောင်ကြီးကို ဆိုလိုသည်။ စစ်ဆေးခြင်းခံရသော မုနာဖစ်က်

တို့၏ ဆင်ခြေပေးသော ဖြောင့်ချက်သည်လည်း အမှားသာဖြစ်ခဲ့၏၊ မည်သည့် ကျေးကျွန်မကိုမျှ မပြုအပ်သည့်ကိစ္စဖြစ်သည်၊ ထိုစဉ်အခါက ပြည့်ဝသော အစ္စလာမ့် အုပ်စိုးမှုမရရှိသေး၍သာ အပြစ်ဒဏ်မခတ်ခဲ့ခြင်း ဖြစ်ခဲ့၏။ သို့သော် နောက်ပိုင်း အစ္စလာမ့်အုပ်စိုးမှုအပြည့်ရရှိလာသောအခါ ၎င်းတို့အား ကွပ်မျက်ခဲ့ပေသည်။ ထို့နောက် အခိုင်းအစေ ကျွန်မများလည်း ကာကွယ်မှု ရှိသွားခဲ့ပေသည်။

ပထမဦးကား လွတ်လပ်သော ဂုဏ်သရေရှိသော အမျိုးသမီးတို့ အတွက် မုနာဖစ်က်တို့၏ရန်မှ လွတ်ကင်းရန် ပရ်ဒါပြည့်စုံစွာ သွားရန် အမိန့်ပြုခဲ့၏၊ လူဆိုးလူမိုက်တို့ ဆင်ခြေမကန်နိုင်ရန်လည်း ဖြစ်ခဲ့ပေသည်၊ လောလောဆယ် ကျွန်မများကို မကာကွယ်နိုင်သေးသော်လည်း လွတ်လပ်သူ ဂုဏ်ရှိ အမျိုးသမီးတို့အား ကာကွယ်နိုင်ခဲ့ပေသည်။

ကျွန်ုပ်သည် အာယသ်တော်၏ သဘောတရားများကို သိရှိနားလည်း နိုင်ရန်အတွက် အနည်းငယ်ဖွင့်ခဲ့ခြင်းဖြစ်ပေသည်။ ကျွန်ုပ်သည် ဤအာယသ် တော်ကို ဆင့်ပြန်ပြီး အဓိကအချက်အလက် အချို့ကို တင်ပြလိုပါသည်။

ပထမအချက်ကား - တမန်တော်မြတ် (ဆွလ္လလ္လားဟုအလိုင်ဟိဝစလ္လမ်) ၏ ကြင်ရာတော်များ၊ သမီးတော်များနှင့်တကွ အခြားမွတ်စ်လင်မ် အမျိုးသမီး တို့အားလည်း ခန္ဓာကိုယ်နှင့် မျက်နှာကို အပြည့်ဖုံးအုပ်၍ အပြင်ထွက်ရန် အမိန့်တွင်ပါဝင်စေခဲ့သည်။ ဤသည်ဖြင့် သာသနာ့အတွေးအခေါ် နည်းပါး သူတို့၏ အဆိုသည် ထင်ရှားစွာ ပလပ်သွားခဲ့ပေသည်၊ အကြင် သူတို့သည် ပရ်ဒါ၏ အမိန့်ကို တမန်တော်မြတ်၏ ကြင်ရာတော်များအတွက် သီးသန့်ဟု စွတ်စွဲပြောဆိုကြပေသည်၊ ၎င်းတို့၏ စွတ်စွဲချက်သည် ဖျက်သိမ်းသွားချေပြီ ဖြစ်သည်။

အဆိုပါ အာယသ်တော်မှ ဒုတိယအချက်တစ်ချက် ပေါ်လွင်နေပါသည် ပရ်ဒါပြုရန်အတွက် မျက်နှာပေါ်၌ စောင်ကိုတွဲလျားချထားရန် အမိန့်ပြု ထားခြင်းဖြစ်ပေသည်။ ဤအချက်ဖြင့် ခေတ်ဆန်လိုသူများ၏ ကြွေးကြော် ချက်သည်လည်း ပလပ်သွားချေပြီဖြစ်သည်၊ အကြင်သူတို့သည် အမျိုးသမီး

များအား မျက်နှာဖုံးရန် အမိန့် အစ္စလာမ်၌မရှိ၊ မော်လဝီများကသာ တီထွင်ခဲ့သည်ဟု စွတ်စွဲပြောဆိုခဲ့ကြသည်၊ ဤသူများသည် ဤအာယသ်တော်မြတ်ကို မည်ကဲ့သို့ ပြောင်းလွဲရန် လမ်းစထုတ်ဦးမည်ကို ကြည့်ချင်သေးပါသည်။

အဆိုပါအာယသ်တော်ဖြင့် တတိယအချက်တစ်ချက် ထင်ရှားပေါ်လွင်လာပါသေးသည်၊ ပရ်ဒါပြုရန်အတွက် ဂျစ်လ်ဗါဗ်ကို အသုံးပြုရန် အမိန့်ပင်ဖြစ်သည်။ အရ်ဗီ၌ ဂျစ်လ်ဗါဗ်သည် စောင်ကြီးကိုခေါ်ပေသည်။ အကြင်အရာကို အမျိုးသမီးများသည် မိမိအင်္ကျီများအပေါ်မှပတ်၍ အပြင်သို့ ထွက်ကြသည်။

အထက်ဖော်ပြပါ အာယသ်တော်၌ အမိန့်ပြဋ္ဌာန်းခဲ့သည်မှာ အမျိုးသမီးများသည် အင်္ကျီပေါ်မှ ခန္ဓာကိုယ်ကို စောင်ကြီးဖြင့် ပတ်ထားသကဲ့သို့ မျက်နှာပေါ်သို့လည်း အပိုင်းစတစ်ခု ချထားရန် အမိန့်ပြုထားပေသည်၊ ထိုနည်းအတိုင်း စောင်ကြီးများကို လွှမ်းခြုံ၍ ပတ်ထားသည့် ဓလေ့သည် အချို့ဒေသ၌ ယခုတိုင်ထိရှိသေးသည်။ ယနေ့ခြုံနေသော ဗွရ်ကအ်သည် ထိုစောင်ပိုင်းကြီးမှတဆင့် ပွားလာသော ပုံသဏ္ဌာန်တစ်မျိုးဖြစ်သည်၊ ဗွရ်ကအ်ရှုံထည်နှင့် စပ်လျဉ်း၍ ဤသည် တရားတော်မြတ်၌ အခြေအမြစ်မရှိပါဟု ပြောဆိုခြင်းသည် မိုက်မှားမှုသာဖြစ်ပေသည်။ ဗွရ်ကအ်၏ အထောက်အထားသည်

يُدْنِينَ عَلَيْهِنَّ مِن جَلَابِيبِهِنَّ

အာယသ်တော်ဖြင့် ထင်ရှားနေပေသည်။

ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အချို့ကမူ အရေးပေါ်အခြေအနေအရ ကျရောက်ခဲ့ခြင်းဖြစ်သည်။ မုနာဖစ်က်အစ္စလာမ့်အရေခြုံများကို သုတ်သင်ရှင်းလင်းခဲ့လေပြီ ၎င်းတို့၏ ရန်ဆွယ်ရန်ဘြောင့်လည်းမရှိတော့ချေ။ သို့ဖြစ်သောကြောင့် ဤအမိန့်တော်သည်လည်း ဖျက်သိမ်းသင့်ကြောင်း ပြောဆိုကြသည်။

ကျွန်ုပ်ပြောလိုသည်မှာ ဤအာယသ်တော်သည် ဘေးအန္တရာယ် အဝဝ

ပြဿနာဟူဟူသမျှတို့ကို ကြိုတင်တားဆီးရန်အတွက် ဤအမိန့်တော် ကျရောက်လာခြင်းဖြစ်ပေသည်။ ယနေ့သည် ပွေလီရှုတ်ထွေးနေသော အချိန်အခါမျိုးဖြစ်သည်၊ အမျိုးသမီးတို့၏ ကာယိန္ဒြေကို ဖျက်စီးရန်၊ ရန်သူ ပေါ်များနေပေသည်၊ မသမာသော မျက်စိနှင့် မသမာသော စိတ်ထားဖြင့် ပုံးကွယ်စောင့်ကြည့်နေကြသည်၊ စိတ်ဒုက္ခပြုနေကြသည်ဖြစ်ရာ ဤအမိန့်၏ လေးနက်မှု အရေးကြီးမှုကား ရှေးအခါကထက်သာ ပို၍ အရေးကြီးကြောင်း ပြောလိုပေသည်။

إِنَّ فِي ذَٰلِكَ لَذِكْرَىٰ لِمَن كَانَ لَهُ قَلْبٌ أَوْ أَلْقَى السَّمْعَ وَهُوَ شَهِيدٌ ۝

ဖက်ရှင် ဗွရ်ကအ်နှင့် စပ်လျဉ်း၍ အမှန်ဖြစ်သည့်အတိုင်း တပ်တပ် အပ်အပ်ပြောရလျှင် ဖက်ရှင်ကိုယ်လုံးပေါ် အသားပေါ် ဗွရ်ကအ်တို့သည် ပရ်ဒဟ် မဖြစ်စေတော့ဘဲ သူတစ်ပါးအတွက် အရသာခံ၍ ကြည့်စရာ အကြောင်းတစ်ခု ဖြစ်သွားလေတော့သည်။

အချို့သာသနာကိုင်းရှိုင်းသည်ဟု ဆိုရသော ခေတ်ပညာတတ် အသိုင်းအဝိုင်း၌ အမျိုးသမီး၏ မျက်နှာ၌ နေကာဗ်ထည့်ခြင်းကို ပရ်ဒါ၏ အမိန့်မှ ထုတ်ပယ်လိုကြသည်ကိုလည်း တွေ့ရပေသည်။ ထိုသူများကား နမာဇ်၏ မဆာအိလ် ပညတ်တော်များကိုဖတ်၍ ထင်ယောင်ထင်မှား ဖြစ်ခဲ့ ခြင်းပင်ဖြစ်သည်၊ နမာဇ်ကျမ်းများ၌ အမျိုးသမီး၏ မျက်နှာ၊ လက်ဖဝါး၊ ခြေဖမိုး အပြင် ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းတို့သည် အရှက်အင်္ဂါ၌ပါရှိကြောင်း ရေးသားထားပေသည်။

မှန်ပါသည် နမာဇ်အတွင်း၌ ဖေါ်ပြပါအစိတ်ပိုင်းသုံးရပ်ပေါ်နေခဲ့လျှင် နမာဇ် အထမြောက်သွားမည်ဖြစ်သည်၊ ကျန်အစိတ်အပိုင်း အားလုံးကို ဖုံးအုပ်ရန်မှာ ဖရပ်ဇ်ဖြစ်သည်၊ ဤမပ်စ်အလဟ်သည် နမာဇ်အထမြောက်ခြင်း စည်းကမ်း၌ ရေးသားထားခြင်းဖြစ်သည်၊ အကယ်၍ ဖေါ်ပြပါ စည်းကမ်း သည် ပရ်ဒါနှင့် စပ်လျဉ်း၍ တင်ပြခဲ့သော် ထိုသူတို့၏ အထောက်အထား သည် အရာဝင်နိုင်သေး၏၊ မျက်နှာဖေါ်၍ နမာဇ်ပြီးမြောက်ခွင့်ရှိသည်ဟူသော

အချက်ကိုယူရန် သူစိမ်းအမျိုးသားများရှေ့၌ မျက်နှာဖော်၍ သွားလာခွင့်ရှိနိုင်သည်ဟု ဘိုးကားသုံးသပ်ခြင်းသည် ဓမ္မသစ္စာကင်းမဲ့ခြင်းနှင့် အလှည့်စားခံခြင်းသာဖြစ်ပေသည်၊ ကျွန်ုပ်သည် ယခုလေးပင် စူရဟ်အဟ်ဇာဗ်၏ အာယသ်တော်၌ မျက်နှာဖုံး၍ အပြင်ထွက်ရန် အမိန့်ကို တင်ပြပြီးခဲ့လေပြီ ဤအာယသ်တော်ရှိပါလျက် မည်သည့်အထောက်အထားမှ မလိုအပ်တော့ပါ၊ သို့သော်လည်း ထိုသူများ ဇဝေဇဝါဖြစ်ခဲ့သည့် နမာဇ်မပ်စ်အလဟ်ကိုပင် အထောက်အကူပြု ရှင်းပြလိုပေသည်၊ ဒွရ်ရေမွခ်သာရ်ကျမ်း၌ ရေးသားပါရှိသော နမာဇ်၏ စည်းကမ်းချက်များအကြောင်းတွင် မျက်နှာ၊ လက်ဖဝါး၊ ခြေဖဝါး တို့ကို ဖုံးအုပ်ရန်မှာ နမာဇ်အထမြောက်ရန်အတွက် အရေးကြီးသော အရာ မဟုတ်ကြောင်း ရေးသားဖော်ပြထားပေသည်။

ထို့နောက် ဤသည်ကိုလည်း ဖော်ပြထားပေသေးသည်

وتمنع المرأة الشابة من كشف الوجه بين

رجال لا لانه عورة بل لخوف الفتنة الخ

မိန်းမပျိုများအား သူစိမ်းအမျိုးသားများရှေ့၌ မျက်နှာဖွင့်ခြင်းကို တားမြစ်ရမည်၊ ဤသို့ တားမြစ်ခြင်းမှာ နမာဇ်အတွင်း၌ မျက်နှာသည် ဖုံးကွယ်ရမည့် အချက်၌ ပါဝင်သောကြောင့်မဟုတ်ချေ။ သူစိမ်းများရှေ့၌ မျက်နှာဖွင့်ခြင်းဖြင့် ပြဿနာများကို စိုးရိမ်ရသောကြောင့်ဖြစ်ချေ၏။

(ဒွရ်ရေမွခ်သာရ်အတွဲ (၁) စာ ၂၈၄)

ရှိုင်းခ်အိဗ်နူဟုမာမ်သခင်သည် ဇာဒွလ်ဖကီရ်ကျမ်း၌ နမာဇ်၏ စည်းကမ်းများကို ဖော်ပြရင်းနှင့် ရေးသားသည်မှာ

وفي الفتاوى الصحيح ان المعتبر في فساد الصلوة

انكشاف مافوق الاذنين وفي حرمة النظر يسوى

بينهما اي مافوق الاذنين وتحتهما۔

ဖသဝါကျမ်းများ၌ ကွဲလွဲချက်မရှိသော မပ်စ်အလဟ်တစ်ရပ်မှာ နမာဇ် အတွင်း၌ နားအထက်ပိုင်း (ဝါ) ဆံပင်နှင့်ဦးခေါင်းပေါ်သွားခဲ့လျှင် နမာဇ် ပျက်သွားချေမည်။ သူစိမ်းတစ်ရံဆံ အမျိုးသားများအတွက် နား၏ အလယ်ပိုင်း နား၏အောက်ပိုင်း (ဝါ) မျက်နှာ စသည်များကို ကြည့်ရှုခြင်းသည် အမိန့်တစ်ခုတည်းသာဖြစ်ပေ၏။ ဆိုလိုသည်မှာ ၎င်းအစိတ်ပိုင်းနှစ်ခုလုံးကို ကြည့်ခြင်းသည် ဟရာမ်ဖြစ်၏။

အလ္လာဟ်အသျှင်မြတ်၏ ရဟ်မသ်ကရုဏာတော်များသည် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်များအပေါ် အတိုင်းအဆမရှိ ကျရောက်ပါစေ အကြင်ပုဂ္ဂိုလ်တို့၏ စိတ်နှလုံး၌ ယခင်ကတည်းက ပူပင်ကြောင့်ကြမှု ဖြစ်ပေါ်နေ၏ အဘယ် ကြောင့်ဆိုသော် သာသနာဖျက်အကြံသမားတို့သည် နမာဇ်မပ်စ်အလဟ် များ၏ ရှင်းလင်းချက်မှ နမာဇ်ကို ပရ်ဒဟ်နှင့် ယှဉ်၍ အငြင်းဝင်လေမလား? ဟု ပူဆွေးခဲ့၏။

သို့ဖြစ်၍ ထိုပုဂ္ဂိုလ်မွန်တို့သည် နမာဇ်၏ မပ်စ်အလဟ်များကို တင်ပြ လျက်တပေါင်းတည်း ပရ်ဒဟ်၏ မပ်စ်အလဟ်များကိုလည်း တင်ပြတော်မူခဲ့ ပေသည်။ ဒွရ်ရေမွခ်သာရ်ကျမ်းရှင်ကမူ ၎င်းကို ထပ်ခါတလဲတင်ပြလို၍ သူစိမ်းများရှေ့၌ မျက်နှာဖုံးရမည့်အကြောင်းကို ဆွလာသ်အခန်း၌ပင် ရေးသားခဲ့ပေသည်၊ ၎င်းကို အထက်၌ တင်ပြပြီးဖြစ်ခဲ့သည်၊ ထို့နောက်တစ်ဖန် "ကေသာဗွလ်ဟပ်ဇ်ရ်ဝလ်အေဗါဟာ" အခန်း၌လည်း ထပ်မံ ဖေါ်ပြရေးသား ခဲ့ပေသည်။ ဤဆွေးနွေးချက်၏နောက်တွင် ဖေကဟ်ကျမ်း၏ မူရင်းစာပိုဒ်ကို ရှုစားကြည့်ပါ။

ဒွရ်ရေမွခ်သာရ်ကျမ်းရှင်သည် ထိုအကြောင်းပါကိစ္စများကို တင်ပြ ဆွေးနွေးလျက် အမျိုးသားသည် ဇနီးသည်အား အရေးယူဆုံးမခွင့်ရှိသော အခန်းကို ဖွင့်လျက် ဗါဗွသ်သအ်ဇီရ်အခန်း၌ အောက်ပါအတိုင်း ရေးသားခဲ့ သည်။ اَوْ كَشَفَتْ وَجْهَهَا لِغَيْرِ مَحْرَمٍ اَوْ كَلَّمَتْهُ اَوْ شَتَمَتْهُ

اَوْ اَعْطَتْ مَا لَمْ تَجْرِ الْعَادَةُ بِهِ بِلَا اِذْنِهٖ۔

ခင်းပွန်းသည်သည် ဇနီးသည်အား အရေးယူခွင့်ရှိသော ကိစ္စများမှာ ဇနီးသည် သူစိမ်းများရှေ့၌ မိမိမျက်နှာကို ဖေါ်လျှင်လည်းကောင်း (သို့) သူစိမ်း အမျိုးသားများနှင့် စကားပြောလျှင်လည်းကောင်း (သို့) ၎င်းအား ဆဲဆိုလျှင် လည်းကောင်း (သို့) ခင်ပွန်းသည်၏ ပစ္စည်းမှ ခွင့်မရှိဘဲ တစ်ဦးတစ်ယောက် အား တစ်စုံတစ်ရာ ပေးကမ်းသောအခါများ၌လည်းကောင်း စသည်တို့ ဖြစ်ပေသည်။ (ခွင့်ယူထိုက်သောပစ္စည်းမျိုးကိုဆိုလိုသည်)

(ဒွရ်ရေမွခ်သာရ်အတွဲ (၃)၊ စာ ၁၉)

အဆိုပါကျမ်းစာပိုဒ်မှ အတိအလင်းသိရှိရသည်မှာ ဖေကဟ်ပညာရှင် များထံ၌ အမျိုးသမီးသည် သူစိမ်းများရှေ့၌ မျက်နှာဖေါ် ခွင့်အလျှင်းမရှိကြောင်း ထို့ပြင် တဝသူစိမ်းများနှင့် စကားစမြည်ပြောခြင်းအပေါ်၌လည်း အပြစ်ဒဏ် ပေးနိုင်ကြောင်း ရေးသားဖေါ်ပြထားပေသည်။

ဝမ်းနည်းစွာဖြစ်ရခြင်းမှာ အဆိုပါပြစ်ချက်များအပေါ်၌ ပြစ်ဒဏ်ပေးရန် အပ်နှင်းခြင်းခံရသော အမျိုးသားမှာ ဇနီးသည်ပရ်ဒဟ်မရှိဘဲနေခြင်း သူစိမ်းတို့ နှင့် အရောတဝင်နေထိုင်ခြင်းများကို ကြေနပ်လျက်ရှိနေပေသည်။ ပရ်ဒဟ် မရှိဘဲ ဈေးဘုံအလယ်၌ သွားလာခြင်းကို အရည်အချင်းဟု ယူမှတ်နေကြပေ သည်။

မျက်နှာရုပ်ရည်ရူပကာသည် အလှစုံတည်ရာနေရာဖြစ်သည် အမျိုးသမီး များတွင် စွဲဆောင်မှုအရှိဆုံးနေရာသည် မျက်နှာ၌ပင်လျှင်ရှိ၏၊ အကယ်၍ မျက်နှာရူပကာကို ပရ်ဒဟ်ဖုံးကွယ်ခြင်းမှ ခွဲထုတ်လိုက်လျှင် ပရ်ဒဟ်၏ ရည်ရွယ်ချက်ဖြစ်သော ကိလေသာကိုချုပ်တည်းခြင်း၊ ကောင်းမွန်သန့်ရှင်း အောင်ပြုခြင်း အစရှိသောအရာများသည် စိုးရိမ်အမှတ်သို့ ဆိုက်ရောက် သွားပေလိမ့်မည်။ ဆက်လက်ပြီး အမျိုးသမီးများအား မျက်နှာဖေါ် ခွင့်ပြုခဲ့လျှင် မျက်နှာမျှသာ ပရ်ဒဟ်မဲ့ခြင်း ဖြစ်ပေမည်ဟူသော ထင်မြင်ချက်သည် အဘယ်မျှခန့် အာမခံချက် ရှိပါမည်နည်း။ ယနေ့ ဒီရေအလား စီးဆင်း လာသည့် ပရ်ဒဟ်မဲ့မှု၏ အစသည် မွတ်စ်လင်မ် အမျိုးသမီးများ၌ မျက်နှာမှပင် စခဲ့ပါသည်။ သို့သော် ယနေ့ ထိုမှတစ်ဆင့် ကျယ်ပြန့်လာသည်မှာ ခါးနှင့်

ဗိုက်သားများကို ဖော်ထားလျက် ရင်ကိုဟိုက်ကာ ရင်သားများကို ဖော်လျက် ဂျိုင်းဝိုက် အင်္ကျီများကိုဝတ်၍ ဈေးကြိုဈေးကြား လူပုံလယ်ကြား၌ အရှက်ကင်းမဲ့စွာ လည်ပတ်သွားလာ နေကြပေသည်။ ယနေ့ခေတ်သစ် ယဉ်ကျေးမှုသည် ယိုသူမရှက်မြင်သူရှက် ဟူသော စကားအတိုင်း ၄င်းမိန်းမ တို့သည် ဂုဏ်အသရေမဲ့ခြင်း တည်းဟူသော ဆေးရောင်စုံ၌ ဆေးသား တင်ခံလိုက်သည်မှာ အပျိုဖြန်းကြီး အပျိုဖြန်းကလေးတို့မှာ ဘောင်းဘီ အတိုများ၊ အတုံးတုံးအတစ်တစ်မြင်နေရသော အသားကပ်ဝတ်စုံများ၊ ပေါင်အရင်းထိ တွေ့ရသော ပေါင်ကွဲဝတ်စုံများ၊ ခြေသလုံးကွဲဝတ်စုံများ၊ ဦးခေါင်း ရင် ခါးပေါ်ဝတ်စုံများ၊ အရှက်ကင်းမဲ့သော ဖက်ရှင်ဝတ်စုံများကို ဝတ်ဆင်၍ အနုပညာသည်တို့၏လက်ရာ၊ စိတ်၏ ဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ်၏ ဖွံ့ဖြိုးမှုဟု အမည်တပ်၍ ရှက်စရာကောင်းခြင်းများကို ကြည်ဖြူစွာ လက်ခံ သုံးစွဲနေပေပြီး

آگے آگے دیکھیے ہوتا ہے کیا

နောက်ဆက်တွဲ ဘာတွေဖြစ်အုံးမလဲဆိုဒါ ဆက်ကြည့်ကြပါစို့၊

ယနေ့မော်လဝီများအား တိုးတက်နေသော ယဉ်ကျေးမှုကို ဟန့်တား သူများ ဘုံရန်သူများဟု ပြောကြပါသည်၊ ကျွန်ုပ်မေးပါရစေ တိုးတက်ခြင်း ဆိုသည်မှာ မည်သည့်အရာ၏ အမည်ဖြစ်ပါသနည်း။ အကယ်၍ အုပ်ထိန်းမှု မရှိဘဲ ခြေသလုံးအိမ်တိုင်အဖြစ်နှင့်ရောက်တတ်ရာသွားခြင်း၊ အိန္ဒြေကင်းမဲ့ခြင်း၊ အရှက်ကင်းမဲ့ခြင်းတို့ကို တိုးတက်ခြင်းဟု ခေါ်ဆိုခဲ့လျှင် ဤကဲ့သို့ တိုးတက် ခြင်းမျိုးသည် ထိုသူများအတွက်သာ ရှိပါစေတော့ အကြင်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်ကျမ်းတော်မြတ်နှင့် အလ္လာဟ့်သာသနာ၌ ဖြည့်စွက်၍ မြင့်မြတ်သော အိန္ဒြေရှင်တို့၏ ရန်သူ့လမ်းစဉ်ကို လိုက်စား ရခြင်းသည် ဂုဏ်ယူစရာဟု မှတ်ယူနေကြပေသည်၊ ထို သာသနာ့ ပုန်ကန်ရေး ဝါဒီတို့၏ အခြေအနေမှာ ဥရောပနှင့် အမေရိက အနောက်တိုင်းသားတို့ ပြောသမျှ လုပ်သမျှကို ချိုယွင်းချက်မရှိ အသည်းလိုက်အူလိုက် ယုံကြည် လက်ခံကြသူများဖြစ်ကြပါသည်။ ထိုအစွလာမ့်ရန်သူထံ၌ တိုးတက်ခြင်း

ဆိုသည်မှာ ကိလေသာများ တိုးတက်ရန်၊ မွတ်စလင်မ်တို့သည် ညှဲ့ဖွင်းသော ချိုကျိုးနားရွက်ပွဲများကဲ့သို့ နမာဇ်ရိုဇဟ်များကို ကျောခိုင်းရန်၊ လွတ်လပ်သော အတိုးလုပ်ငန်းများကို လုပ်ရန်၊ ကိုယ်ထီးဗလာရေချိုးသော အသင်းစုများ၌ ပါဝင်ရန်၊ အမျိုးသားအမျိုးသမီးတွဲ၍ ကြွကြွရွရွကခုန်ကြရန် တခန်းတနား ကျင်းပလိုကြပေသည်၊ အမျိုးသား အမျိုးသမီးများတိုင်းသည် ဘာသာခွဲခြားမှု မရှိဘဲ မင်္ဂလာဆောင်နှင်းကြရန်နှင့် ရလိုသူတိုင်းကို စိတ်ကြိုက်ရယူကြနိုင်ရန် စသည်တို့ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ခိုလှုံပါ၏ မော်လဝီ တို့သည် တိရစ္ဆာန်တို့၏ ဗီဇ၌ မြောပါသွားရန်၊ အမိန့်ဖိဆန်ခြင်းများ ဒုစရိုက်ကျူးလွန်ခြင်းများကို နှစ်သက်စေရန် (သို့) ကာဋ္ဌန္ဒြေသန့်ရှင်း စင်ကြယ်မှုနှင့် ဆန့်ကျင်၍ ဟောကြားရန်၊ ရေးသားရန် အလျင်းမဖြစ်နိုင်ပါ၊ မော်လဝီများ၏ လိုလားသောတိုးတက်ခြင်းမှာ အကြင်အရာ၏ တိုးတက် ဖွံ့ဖြိုးရေးအတွက် ကျမ်းတော်မြတ်ကုရ်အာန် ကျရောက်ခဲ့သည်။ ရဆူလ် တမန်တော်မြတ်၏ ပွင့်ပေါ်ခြင်းဖြစ်ခဲ့ပေသည် (ဝါ) အီမာန် (ယုံကြည်ချက် တရားများ)၏ တိုးတက်ခြင်း၊ မြင့်မြတ်သော ကိုယ်ကျင့်တရားများ၏ တိုးတက် ခြင်းတို့ဖြစ်ပေသည်။ ယင်းကိစ္စသည် မွတ်စ်လင်မ်တို့၏ အသက်သွေးကြော ဖြစ်ပြီး သာသနာ့ပညာရှင်များ၏ ရည်ရွယ်ချက်ပင် ဖြစ်သည် အလ္လာဟ် အသျှင်အား ပုန်ကန်သူများကဲ့သို့ သာသနာ့ပညာရှင်များသည် အရှက်တရား၊ အကြောက်တရားကင်းမဲ့သော၊ သန့်ရှင်းစင်ကြယ်သော ကာယိန္ဒြေကို လုယက်ဖျက်ဆီးရေး၌ အလျင်းအားမပေးနိုင်ပါ။

ကျွန်ုပ်သည် နောက်ဆုံးပေါ် ယဉ်ကျေးမှုကို ဖွံ့ဖြိုးအောင် ပြုသူများ၏ အသိအမြင်များ အဘယ့်ကြောင့် ပိတ်ဆို့နေရသည်ကို အလွန်အံ့ဩမိပါသည်၊ အရှက်ကင်းမဲ့မှုများ၏ မူခင်းများမှာ အမြဲလိုလို ကြားမြင်နေရပါသည်။ မိန်းကလေးတို့အား လှည့်ပတ်ဖြားယောင်းခြင်း၊ လမ်းမှားရောက်အောင် ဦးဆောင်ခြင်း၊ ဗလက္ကာရပြုခြင်း၊ အမွေကျင့်ခြင်း များသည် နေ့စဉ် သတင်းများ၌ ပါလျက်ရှိပါသည်။ အထကနှင့် တက္ကသိုလ်များ၌ ဖိုမ ရောနှော၍ သင်ကြားပို့ချခြင်းများကြောင့် တရားဝင် လက်ထပ်ခြင်းမရှိဘဲ

ကလေးအမေများဖြစ်သွားရသည်ဆိုသော သတင်းထူး များကို ကြားနေရသည်၊ သို့ပါသော်လည်း ပရ်ဒဟ်ကို ထောက်ခံခြင်း၊ အားပေးခြင်း မရှိသေးပါ အရှက်ကင်းမဲ့သောလမ်းသို့ ပို့ဆောင်ရန် ဖိတ်ခေါ်လျက် ရှိနေပေသည်။ အမျိုးသမီးများမှာ ဉာဏ်အမြော်အမြင် မပြည့်စုံသူများသာ ဖြစ်ကြပေသည်၊ အတွင်းစိတ် မကောင်းသူ အမျိုးသားများသည် ယင်းတို့အား စွဲဆောင်နားချ သလို ယုံကြည်စိတ်ချလိုက်ကြသည်၊ ထို့နောက် လွတ်လပ်သော အခွင့်အရေး ရရှိစေဘို့အတွက် ဖိတ်ခေါ်သူအား မိမိအတွက် ဖေးမကူညီသူဟု လည်းကောင်း၊ လူ့အခွင့်အရေးရယူပေးသူဟူ၍လည်းကောင်း ယူဆလေ့ ရှိကြပေသည်။ သို့ငြားအံ့လည်း ဉာဏ်အမြော်အမြင် နည်းပါးသူ အမျိုးသမီးတို့၏ သက်ဆိုင်ရာ ယောကျ်ားတို့မှာ မိမိသမီးငယ်များ၊ ချွေးမများ၊ အမ၊ ညီမတို့၏ အရှက်ဂုဏ်အင်ကို ဖျက်ဆီးလုယက်နေသည်ကို မည်သည့်နှလုံးသားက ကျေနပ်နေသည် မည်သည့်မျက်စိနှင့် ကြည့်ရှုနေသည်ကို ကျွန်ုပ်အံ့သြမိပါသည်။

ဒါကြောင့် စာဆိုတော်ကြီး အပ်က်ဗရ်အေလာအာဗါဒီက

سچ کہا ہے اکبر الہ آبادی نے —

بے پردہ کل جو نظر آئیں چند بیبیاں — اکبر زمیں میں غیرت قومی سے گڑ گیا
پوچھا جو ان سے آپ کا پردہ وہ کیا ہوا — کہنے لگیں کہ عقل پہ مردوں کی پڑ گیا

မနေ့က ပရ်ဒဟ်မရှိတဲ့ အမျိုးသမီးအချို့ကို တွေ့ခဲ့ရပါသည်။ ကျွန်ုပ် အပ်က်ဗရ်အဖို့ မျိုးဂုဏ်၊ ကျိုးယုတ်ရှက်ကွဲဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်က အသင်၏ ပရ်ဒဟ်ဘယ်ရောက်သွားပါသနည်းဟု မေးခဲ့ရာ ၎င်းက ကျွန်မ၏ အသိ အာရုံ၌ ဆန့်ကျင်ဘက် လိင်တို့၏ လွှမ်းမိုးမှုကို ခံခဲ့ရကြောင်းပါဟု ဖြေကြားခဲ့ပါသည်။

အစ္စလာမ်သာသနာသည် အမျိုးသမီးတို့အား သမုဒ္ဒရာဝမ်းအောက်၌ ရှိသော ပုလဲများပမာ သိက္ခာရှိစွာ ဖုံးဝှက်ထားရန် ညွှန်ကြားထားပေသည်။ ထို့နောက် ၎င်းတို့၏ ကာယိန္ဒြေများ ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်တော်

များ၊ တားမြစ်မိန့်များနှင့် နေထိုင်မှုစည်းကမ်း အပြည့်အဝကို ချပေးထားပါသည်။ မသမာမှုနှင့် ကြည့်သူများ၊ မသမာစိတ်ထားရှိသူများမှ ထိန်းသိမ်းကာကွယ်ရန်အတွက် ပရ်ဒဟ်ပြုရန် စည်းကမ်းအသေးစိတ်ကို ချမှတ်ပေးတော်မူခဲ့၏။ သို့သော်ငြားလည်း အနောက်တိုင်းအုပ်စုများ၏ မိစ္ဆာဒိဋ္ဌိများနှင့် အလ္လာဟ်အသျှင်မြတ်အား ပုန်ကန်တော်လှန်သူများ၏ ဝတ်လစ်စလစ်ယဉ်ကျေးမှုကို အတုမြင် အတတ်သင်၍ သန့်ပြန့်သော ကျွန်တော်များ၏ အမေနှမများအား၊ အမျိုးသမီးများ၏ ကောင်းရာလိုလားသူဟု အမည်ခံ၍ လှဲ့ဖြားကာ ဈေးဘုံလယ်သို့ ခေါ်ဆောင်၍ အမေနှမတို့၏ သိက္ခာတော်များကို ဖျက်စီးခဲ့ပေပြီး၊

جس کی فطرت تھی حیا اور آبرو عصمت عفت کی پتلی نیک خو
ہو گئی تہذیب یورپ سے خراب کر دیا بدنام و رسوا کو بہ کو

ရှက်တတ်ခြင်း၊ သိက္ခာဆယ်ခြင်း၊ စာရိတ္တသန့်ရှင်းစင်ကြယ်ခြင်းတို့သည် အမျိုးသမီးတို့၏ ပင်ကိုဗီဇ၌ ရုပ်လုံးပေါ်လျက်ရှိပေသည်။ အနောက်တိုင်းယဉ်ကျေးမှုတို့၏ ဖမ်းစားခြင်းသည် ၎င်းတို့အား ဖျက်ဆီး၍ နေရာအနှံ့ အပည်းစက်ထင်ခဲ့ရပြီး ကြွေသိက္ခာကျဆင်းခဲ့ရပေသည်။

နောက်ဆုံးတွင် စကားတစ်ရပ်ကို နှလုံးသွင်းစေလိုပါသည်။ တမန်တော်မြတ်၏ ဩဝါဒတော်များ၌ ပါရှိသော ပညတ်တော်မှန်သမျှသည် ကျင့်သုံးရန် အကောင်ထည်ဖော်ဆောင်ရွက်ရန် ဝါဂျစ်ဗ် (အရေးကြီးသော) ပညတ်တော်ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်က ရဆူလ်တမန်တော်၏ မှာကြားချက်၊ ဆုံးမချက်များ၊ ညွှန်ကြားပို့ချချက်များနှင့် အမိန့်များ၊ တားမိန့်များအပေါ်၌ မုချကျင့်သုံးရမည်ဖြစ်ကြောင်း လူသားတို့အား အမိန့်ပြုထား၏။

ကျွန်ုပ်သည် ဤနေရာ၌ ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်တစ်ပုဒ်ကိုသာ တင်ပြအပ်ပေသည်၊ အလ္လာဟ်အသျှင်က စူရဟ်ဟရှ်ရ်တွင် ဤသို့ မိန့်ကြားထုတ်ပြန်တော်မူခဲ့၏။

وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ وَمَا نَهٰىكُمْ عَنْهُ فَانْتَهُوْا ۚ

အို. . . လူသားတို့ အသင်တို့အား ငါ၏စေတမန်တော် အမိန့်ပေးသည်များကို ကျင့်သုံးကြကုန် ထို့ပြင် ၄င်း၏ တားမြစ်အမိန့်များမှ ရပ်တန်းမှရပ်ကြပါကုန်။

ဟဒီးစ်ငြင်းဆိုသူတို့သည် ဘာသာရေးအသိနည်းသူ လူပြိန်းတို့အား ဟဒီးစ်သည် လက်ခံစရာမဟုတ်ကြောင်း စသဖြင့် ပြောဆို၍ လှည့်ဖြားရန် ကြိုးစားတတ်ပေသည်။

သို့ဖြစ်ရာ ယခုမူကျွန်ုပ်သည် အထက်ပါအာယသ်တော်ကို ထိုသူများအတွက် နှုတ်ပိတ်ဆေးတစ်ခွက်အဖြစ် တင်ဆက်လိုက်ရခြင်းဖြစ်သည်။ ထို့ပြင် ပရဒဟ်နှင့် ၄င်း၏ အချို့အကျဉ်းသဘော၊ အကျယ်သဘောတို့၏ ပညတ်တော်များသည် ကုရ်အာန်ကျမ်းမြတ်၌ ပါရှိနေပေသည်။ ထိုပညတ်တော်များ၏ အကျယ်ဖွင့်ဆိုချက်များနှင့် ကျရောက်ခဲ့သော အကြောင်းအချက်များသည် ဟဒီးစ် (တမန်တော်၏ ဩဝါဒတော်)၌ ပါရှိပေသည်၊ အထက်ပါ အာယသ်တော်မြတ်၏ ဖွင့်ဆိုချက်အရ တမန်တော်မြတ်၏ အမိန့်တော်များကို လက်ခံခြင်းသည် ကုရ်အာန်ကို လက်ခံရာမည်၏ ဟဒီးစ်တော်မြတ်ကို ငြင်းပါယ်ခြင်းသည်၊ အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်ခြင်းသာဖြစ်သည်။ ကျွန်ုပ်သည် ဤသည်နှင့်စပ်လျဉ်း၍ "ဖဇာအိလေအိလ်မ်" ဟူသောကျမ်း၌ လုံလောက်စွာ ရေးခဲ့ပြီးဖြစ်သည်၊ အခြားသော မိတ်ဆွေများကလည်း ဟဒီးစ် ငြင်းသူတို့အတွက် ချေပချက် ကျမ်းကြီး ကျမ်းငယ်များကို ပြုစုကြပြီး ဖြစ်သည်၊ ၄င်းကို ဤနေရာ၌ ချဲ့ရန်မလိုအပ်ပါ။

ပရ်ဒဟ်နှင့် စပ်လျဉ်း၍ ရေးသားသူများသည် မနည်းလှပါ၊ ရှင်းလင်းပြသော၊ ရေးသားကြသော ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှုများသည် လေးစားထိုက်သော အဘိုးမဖြတ်နိုင်သောအရာများ ဖြစ်ကြပေသည်။

ကျွန်ုပ်၏ ဤကျမ်းငယ်လေး၌ထူးခြားချက် တစ်စုံတစ်ရာ မသိရှိလျှင်လည်း အင်ရှာအလ္လာဟ် မုချအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်၊ ကျွန်ုပ်

သည် ဤကျမ်းငယ်ကို

ဟု ကင်ပွန်းတတ်ပြီး အွန်ရဲ့ဒူ၌ "ရှရ်အီးပရ်ဒဟ်"ဟု အမည်သညာပေးအပ်ပါသည်၊ စာဖတ်မိတ်ဆွေများအား မိမိတောင်းဆုတော်များ၌ ကျွန်ုပ်သေးသိမ်သူအားလည်း ပါဝင်စေလိုကြောင်း လျှောက်ထားလိုက်ရပေသည်။

رَبَّنَا لَا تُؤَاخِذْنَآ إِنْ نَّسِيْنَآ أَوْ أَخْطَأْنَا رَبَّنَا وَلَا
تَحْمِلْ عَلَيْنَآ إِصْرًا كَمَا حَمَلْتَهٗ عَلَى الَّذِيْنَ
مِنْ قَبْلِنَا رَبَّنَا وَلَا تُحَمِّلْنَا مَا لَا طَاقَةَ لَنَا
بِهٖ وَاعْفُ عَنَّا وَاغْفِرْ لَنَا
وَارْحَمْنَا أَنْتَ مَوْلٰنَا
فَانْصُرْنَا عَلَى
الْقَوْمِ الْكٰفِرِيْنَ
اٰمِيْنَ

ကျွန်ုပ်သေးသိမ်သူ
မုဟမ္မဒ်အာရှစ်က်အေလာဟီ (ဗိုလန့်ဒ်ရှဲဟ်ရီ)
မုဟာဂျေရေမက္ကီ
စဖရ်နေ့ဘက်ဆုံးရက်ဟစ်ဂျ်ရီ ၁၃၈၁

## အာယသေဟောဂျာဗ် (ပရ်ဒဟ်) ကျရောက်ခြင်း

بسم الله الرحمن الرحيم

نحمده ونصلي على رسوله الكريم

(١) عن انس رضي الله عنه قال لما تزوج النبي صلى الله
عليه وسلم زينب دخل القوم فطعموا ثم جلسوا يتحدثون
فاخذ كانه يتهيأ للقيام فلم يقوموا فلما رأى قام فلما
قام قام من قام من القوم وقعد بقية القوم وان النبي
صلى الله تعالى عليه وسلم جاء ليدخل فاذا القوم جلوس
ثم انهم قاموا فانطلقوا فاخبرت النبي صلى الله تعالى عليه
وسلم فجاء حتى دخل فذهبت ادخل فالقى الحجاب بيني
وبينه وانزل الله يايها الذين امنوا لا تدخلوا بيوت
النبي الآية (رواه البخاري)

(၁) ဟဇရသ်အနပ်စ်သခင် (အလ္လာဟ်အသျှင်တော်နှစ်သက်တော်မူပါစေ)က အကြောင်းပြုတော်မူခဲ့၏၊ ရဆူလ်ကိုယ်တော်မြတ်သည် ဇိုင်နဗ် (ဗင်းသေဂျဟဲရှ်) သခင်မနှင့် ထိမ်းမြားတော်မူခဲ့စဉ်က လူတို့သည် ဝလီမဟ်စားသုံးရန်အတွက် ကိုယ်တော်၏ အိမ်တော်သို့ ရောက်ရှိနေကြသည်၊ လူတို့သည် စားသုံးပြီးစီးပြီးနောက် ထိုနေရာ၌ပင် ထိုင်နေခဲ့ကြသည်၊ ကိုယ်တော်မြတ် ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်သည် ထိုသူတို့အား ထပြန်သွားစေလိုခဲ့၏။ သို့ဖြစ်၍ ကိုယ်တော်သည် ထိုင်ရာမှ ထလိုက်သော အမူအရာများကို ပြုလေ၏ ကိုယ်တော်၏ ဗီဇ၌ အားနာမှုမှာ အလွန်ကြီးမားလှသောကြောင့် စားသောက်ပြီးလျှင် ပြန်ကြကုန်ဟု ပြောကြားရန် ဝန်လေးနေပေ၏။ သို့သော် ထိုသူတို့

သည် ကိုယ်တော် ထိုင်ရာမှ ထလိုက်သည်ကို မြင်ကြသော်လည်း နေရာမှ မထကြဘဲလျက် ရှိနေ၏၊ ကိုယ်တော်သည် ၎င်းတို့ သဘောမပေါက်သည်ကို တွေ့မြင်၍ ထသွားလိုက်တော့၏၊ ထို့နောက် အချို့မှာ ထပြန်သွားကြပြီး အချို့မှာ ထိုင်မြဲထိုင်လျက်ရှိနေကြ၏။ ကိုယ်တော်မြတ်သည် အိုင်ရှဟ်သခင်မ၏ အခန်းတံခါးဝသို့ရောက်၍ ထိုသူများပြန်ကြပြီဟု မှတ်၍ ပြန်လာကြည့်ရာ ထိုသူများမှာ ထိုင်လျက်ဘဲရှိသေးသည် သို့ဖြစ်၍ ကိုယ်တော်သည် တဖန်ပြန်လှည့်လာတော်မူခဲ့၏၊ ထို့နောက် ထိုသူတို့သည်လည်း ထပြန်သွားကြကုန်၏။

ကျွန်ုပ်သည် ထိုသူများ ပြန်သွားကြကြောင်းကို ကိုယ်တော်အား ပြောပြခဲ့ရာ ကိုယ်တော်သည် ကြွမြန်းလာတော်မူပြီး အိမ်တွင်းသို့ ဝင်တော်မူခဲ့၏။ ကျွန်ုပ်သည်လည်း ယခင်ဝင်ထွက်လေ့ရှိသည့်အတိုင်း အတွင်းသို့ လိုက်ဝင်ရာ ကိုယ်တော်သည်" ကျွန်ုပ်အား တားတော်မူလေ၏။ ထို့နောက် လိုက်ကာ ချလိုက်တော်မူ၏၊ ထိုအခါ၌ပင် အလ္လာဟ်အသျှင်မြတ်သည် ကျမ်းတော်မြတ် ကုရ်အာန်၏ အောက်ပါအာယသ်တော်ကို တုတ်ပြန်ပို့ချတော်မူခဲ့လေသည်။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتَ النَّبِيِّ (آخرتك)

ဗုခါရီကျမ်းမြတ်၌ ဤလူ့ကျင့်ဝတ်သင်ခန်းစာပြ အဖြစ်အပျက်သည် အချို့နေရာ၌ အကျဉ်း၊ အချို့နေရာ၌ အကျယ်နေရာ အသီးသီးတွင် ပါရှိခဲ့ပါသည်၊ အနပ်စ်သခင်သည် ငယ်ရွယ်စဉ်ကတည်းက တမန်တော်၏ အပါး၌ နေတော်မူလေ့ရှိခဲ့ပါသည်၊ တမန်တော်သည် မဒီနဟ်သို့ ဟစ်ဂျ်ရသ် ရွှေ့ပြောင်းလာတော်မူသောအခါ အနပ်စ်သခင်၏ သက်တော်မှာ ဆယ်နှစ်သာရှိသေးခဲ့ပါသည်၊ ကိုယ်တော်သည် ဇိုင်နဗ်သခင်မနှင့် ဟစ်ဂျ်ရီ ငါးခုနှစ်တွင် ထိမ်းမြားတော်မူခဲ့ပါသည်။ သို့ဖြစ်ရာ ဤအကြောင်းဖြစ်ပေါ်ချိန်၌ အနပ်စ်သခင်၏ သက်တော်မှာ ဆယ့်ငါးနှစ်ရှိနေပေပြီဖြစ်သည်၊ အနပ်စ်သခင်သည် ယခင်ကတည်းက တမန်တော်မြတ်၏ အိမ်များ၌ ဝင်ထွက်လေ့ရှိခဲ့သောကြောင့် အနပ်စ်သခင်သည် အပြင်လူများရှင်းသည်နှင့် တမန်တော်နှင့်အတူတူ

အိမ်တွင်းသို့ ဝင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ခဲ့ပေသည်။

သို့သော် အကြောင်းမှာကား ဤစပ်ကြား၌ပင် ပရ်ဒဟ်၏ အမိန့်မှာ ကျရောက်ခဲ့လေပြီ သို့အတွက်ကြောင့် တမန်တော်မြတ်သည် အနပ်စ်သခင်အား အိမ်တွင်းသို့ဝင်ခြင်းမှ တားဆီးလိုက်ခြင်းဖြစ်ပေသည်။

အနပ်စ်သခင်သည် ဤကိစ္စဖြစ်စဉ်အစမှအဆုံးတိုင် ရှိနေသောကြောင့် အနပ်စ်သခင်က

انا اعلم الناس بهذه الآية الحجاب

ကျွန်ုပ်သည် ပရ်ဒဟ်အာယသ်တော်နှင့် စပ်လျဉ်း၍ အားလုံးထက်ပို၍ အသိဆုံးဖြစ်ကြောင်း မိန့်ကြားလေ့ရှိခဲ့ပေသည်၊

အသင်သည် ဤဖြစ်စဉ်အကြောင်း စကားကို ဖတ်ပြီးလျှင် ယခုမူကား ပရ်ဒဟ်၏ အမိန့်ထုတ်ပြန်သော အာယသ်တော်အပြည့်စုံကို ဆက်ဖတ်ကြည့်ပါလေ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَدْخُلُوا۟ بُيُوتَ ٱلنَّبِىِّ
إِلَّآ أَن يُؤْذَنَ لَكُمْ إِلَىٰ طَعَامٍ غَيْرَ نَٰظِرِينَ إِنَىٰهُ وَلَٰكِنْ إِذَا
دُعِيتُمْ فَٱدْخُلُوا۟ فَإِذَا طَعِمْتُمْ فَٱنتَشِرُوا۟ وَلَا مُسْتَـْٔنِسِينَ
لِحَدِيثٍ ۚ إِنَّ ذَٰلِكُمْ كَانَ يُؤْذِى ٱلنَّبِىَّ فَيَسْتَحْىِۦ مِنكُمْ ۖ
وَٱللَّهُ لَا يَسْتَحْىِۦ مِنَ ٱلْحَقِّ ۚ وَإِذَا سَأَلْتُمُوهُنَّ مَتَٰعًا
فَسْـَٔلُوهُنَّ مِن وَرَآءِ حِجَابٍ ۚ ذَٰلِكُمْ أَطْهَرُ لِقُلُوبِكُمْ وَقُلُوبِهِنَّ ۚ
وَمَا كَانَ لَكُمْ أَن تُؤْذُوا۟ رَسُولَ ٱللَّهِ وَلَآ أَن تَنكِحُوٓا۟ أَزْوَٰجَهُۥ
مِنۢ بَعْدِهِۦٓ أَبَدًا ۚ إِنَّ ذَٰلِكُمْ كَانَ عِندَ ٱللَّهِ عَظِيمًا ٥٣

**အမိပ္ပါယ်**

အို. . . မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အစားအစာ စားသုံးရန်ခွင့်ပြုခြင်း ခံကြရသည်မှတစ်ပါး နဗီတမန်တော်များ၏ အိမ်များတွင် မဝင်ကြကုန်လင့် သို့ခွင့်ပြုခြင်းခံရသော်လည်း အသင်တို့သည် စားသောက်ရန် အချိန်ကို စောင့်မျှော်သူများမဖြစ်ကြဘဲ ဖိတ်ခေါ်ခြင်းခံကြရသောအခါမျိုး၌သာလျှင် ဝင်ရောက်ကြလေကုန်၊ ထို့နောက် စားသောက်၍ ပြီးကြသောအခါ အသင်တို့သည် လူစုခွဲ၍ ပြန်ခဲ့ကြလေကုန် ထို့ပြင် အသင်တို့သည် စကားစမြည်ပြောဆိုခြင်း၌ စိတ်ဝင်စား၍ ထိုင်မနေကြကုန်လင့် ဧကန်စင်စစ် ဤသည် တမန်တော်မြတ်အား စိတ်ဒုက္ခဖြစ်စေ၏ သို့ပါသော်လည်း နဗီတမန်တော်မြတ်သည် အသင်တို့ကို အားနာတော်မူ၏၊ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်မှာမူကား မှန်ကန်သော စကားပြောကြားတော်မူရန် အားနာတော်မူသည်မဟုတ်ပေ၊ ၎င်းပြင် အသင်တို့သည် ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များထံ ဝတ္ထုပစ္စည်း တစ်စုံတစ်ရာကို တောင်းကြသောအခါ ကန့်လန့်ကာ၏ နောက်ကွယ်မှ တောင်းကြလေကုန်၊ ဤသည် အသင်တို့၏ စိတ်နှလုံးများကိုလည်းကောင်း၊ ထိုကြင်ရာတော်များ၏ စိတ်နှလုံးများကိုလည်းကောင်း ပိုမို၍ပင် သန့်စင်စေ၏ စင်စစ်သော်ကား အသင်တို့၌ အလ္လာဟ်အသျှင်မြတ်၏ ရဆူလ်တမန်တော်မြတ်အား စိတ်ဒုက္ခပေးပိုင်ခွင့်လည်းမရှိချေ။ ထိုနဗီတမန်တော်မြတ် မရှိသည့်နောက်တွင် ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များနှင့် မည်သည့်အခါမျှ ထိမ်းမြားပိုင်ခွင့်လည်း မရှိပေ၊ ဧကန်မလွဲ ဤသည် အလ္လာဟ်အသျှင်မြတ် အထံတော်၌ အလွန်ကြီးလေးသော အပြစ်ဖြစ်သော အမှုပင်ဖြစ်ပေသည်။

ဤအာယသ်တော်ဖြင့် အခွင့်မဲ့ မည်သည့်အိမ်မှ ဝင်ခွင့်မရှိကြောင်း ထင်ရှားစွာ သိရှိရပေသည်၊ တစ်နေရာ၌ ဖိတ်ခေါ်ကျွေးမွေးသောအခါ၌လည်း စောလျှင်စွာသွား၍ ထိုင်စောင့်နေခြင်းမပြုဘဲ ကျွေးမွေးချိန်၌သာ ရောက်ရ၍ စားပြီးလျှင် ဝိုင်းဖွဲ့၍ မထိုင်နေဘဲ ပြန်ကြရန် ဖော်ပြခဲ့ပေသည်။

ထို့အတူ တမန်တော်မြတ်၏ ကြင်ယာတော်များထံမှ တစ်စုံတစ်ရာ

တောင်းခံသောအခါ လိုက်ကာအကွယ်မှ တောင်းခံကြရန် အမိန့်ပြုခဲ့ပေသည်။

ဤသည် နဗီတမန်တော်မြတ်၏ ကြင်ယာတော်များနှင့် ပတ်သက်၍ အွမ္မသ်များအား လိုက်ကာအကွယ်မှ မေးမြန်းတောင်းခံကြရန် လေးနက်စွာ ကြပ်မတ်ထားသော ပညတ်တော်တစ်ရပ်ဖြစ်ခဲ့ပေသည်။ အမှန်သည်ကား ယင်းတို့သည် အွမ္မသ်တို့၏ မိခင်များပင်ဖြစ်ကြချေ၏။ သို့ပါလျက် ဤသို့ ကြပ်မတ်ခဲ့ပါလျှင် အခြားကတ္တိယမိန်းမများနှင့် အကာအကွယ်မရှိဘဲ အဘယ်ကဲ့သို့ ပြောဆိုတောင်းခံခွင့်ရှိနိုင်အံ့နည်း။ အထူးသဖြင့် ဤကဲ့သို့ ကိလေသာပွားများနေသော အကုသိုလ်များဘက်သို့ စစ်ချီနေသော ဤမျက်မှောက်အချိန်အခါ၌ကား အဘယ်မှာ အခွင့်ရှိနိုင်အံ့နည်း။

## တမန်တော်လက်ထက်တော်၌ ပရ်ဒဟ်ကို အထူးကြပ်မတ်တော်မူခြင်း

(٢) وَعَنْهُ رَضِيَ اللّٰهُ تَعَالٰى عَنْهُ قَالَ اَقَامَ النَّبِيُّ صَلَّى اللّٰهُ
تَعَالٰى عَلَيْهِ وَسَلَّمَ بَيْنَ خَيْبَرَ وَالْمَدِيْنَةِ ثَلٰثًا يُبْنٰى عَلَيْهِ
بِصَفِيَّةَ بِنْتِ حُيَيٍّ فَدَعَوْتُ الْمُسْلِمِيْنَ اِلٰى وَلِيْمَتِهٖ فَمَا
كَانَ فِيْهَا مِنْ خُبْزٍ وَّلَا لَحْمٍ اُمِرَ بِالْاَنْطَاعِ فَاُلْقِيَ فِيْهَا مِنَ التَّمْرِ
وَالْاَقِطِ وَالسَّمْنِ فَكَانَتْ وَلِيْمَتُهٗ فَقَالَ الْمُسْلِمُوْنَ اِحْدٰى
اُمَّهَاتِ الْمُؤْمِنِيْنَ اَوْ مِمَّا مَلَكَتْ يَمِيْنُهٗ فَقَالُوْا اِنْ
حَجَبَهَا فَهِيَ مِنْ اُمَّهَاتِ الْمُؤْمِنِيْنَ وَاِنْ لَّمْ يَحْجُبْهَا فَهِيَ مِمَّا
مَلَكَتْ يَمِيْنُهٗ فَلَمَّا ارْتَحَلَ وَطَّأَ لَهَا خَلْفَهٗ وَمَدَّ الْحِجَابَ
بَيْنَهَا وَبَيْنَ النَّاسِ ۔ (رواه البخاري)

(၂) သာဝကကြီး အနပ်စ်သခင် မိန့်ကြားတော်မူခဲ့၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ခိုင်ဗရ်နှင့် မဒီနဟ်အကြားတွင် သုံးရက်တိုင်တိုင် ခရီးတထောက် တည်းခိုတော်မူခဲ့၏၊ ဆဟာဗီယာသခင်မကြီး သည် ကိုယ်တော်နှင့် နေကာဟ်ပြုတော်မူပြီး နေ့ရောညပါ ရှိနေတော်မူ၏။ ထို့နောက် တမန်တော်သည် ထိုတောတွင်း၌ပင် ဝလီမဟ် (မင်္ဂလာအကျွေး အမွေး) ကျွေးတော်မူခဲ့၏။ ဝလီမဟ်တွင် မည်သည့်မုန့်နှင့် အသားမှမပါရှိချေ အခြားစားစရာမုန့် သရေစာများသာဖြစ်ခဲ့၏။

တမန်တော်မြတ်သည် သားရေစားပွဲခင်း ခင်းရန် အမိန့်ပြုတော်မူခဲ့၏။ ၎င်းပွဲခင်း၌ စွံပလွန်သီးများ၊ ဒိန်ခဲများနှင့် ထောပတ်များကို ချထားစေတော် မူပြီး လူတို့အား ခေါ်ရန် ကျွန်ုပ်အား အမိန့်ပြုခဲ့၏။ လူတို့သည် ရောက်လာ၍ ဝလီမဟ်ဒအ်ဝတ်ကို စားသုံးကြလေသည်၊ စစ်တပ်ဖွဲ့ကြီး၌ နေကာဟ်ပြုကြောင်း မသိရှိသူများက ဤအကျွေးအမွေးသည် စဖီယဟ်သခင်မနှင့် ထိမ်းမြား ကြောင်းဘဲလား (သို့) ယင်းကို ကျွန်မပြုကြောင်းဘဲလားဟု သံသယ ဖြစ်နေ ကြ၏၊ ထို့နောက် ယင်းသူတို့က အကယ်၍ ကိုယ်တော်သည် သခင်မအား ပရ်ဒဟ်ဖြင့် ထားခဲ့လျှင် သူမသည် ဇနီးကြင်ယာတော်အဖြစ် တင်မြှောက် သည်သာဖြစ်ရမည် သို့မဟုတ်ပါက ကျွန်မအဖြစ် ပြုခြင်းသာဖြစ်ရမည်ဟု ယူဆကြရန် ဆုံးဖြတ်ကြလေသည်၊ သို့ဖြစ်ရာ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် ထိုနေရာမှ ခရီးထွက်ခွာသောအခါ မိမိအစီးအနင်း၏ အနောက်ဘက်၌ နေရာကြအောင် ပြုစေတော်မူပြီး ၎င်းအတွက် လိုက်ကာ များကိုချ၍ စီးနင်းစေတော်မူခဲ့လေသည်၊ ထိုအခါ သံသယဖြစ်သူအားလုံး တို့သည် သခင်မသည် အစေတော်ကျွန်မ မဟုတ်ကြောင်း မုအ်မင်များ၏ မိခင်ဖြစ်ကြောင်း မှတ်ယူလိုက်ကြလေတော့သတည်း (ကြည့် ဗုခါရီ)

ဟစ်ဂျ်ရီ (၇) ခုနှစ်တွင် တမန်တော်မြတ်သည် ခိုင်ဗရ်စစ်ပွဲ၌ ပါဝင် တော်မူခဲ့၏၊ ခိုင်ဗရ်တွင် ယဟူဒီ (ဂျူး) များနေထိုင်လေ့ရှိခဲ့ပါသည်။ ထို စစ်ပွဲတွင် စဖီယဟ်သခင်မ၏ဖခင် ဟိုယိုင်းဗင်အခ်သဗ်သည်လည်း ပါဝင်ခဲ့၏။ သူမ၏ခင်ပွန်းသည်မှာ ထိုစစ်ပွဲ၌ပင် ကျဆုံးသွားခဲ့၏၊ စစ်မီးငြိမ်းသွားသော

အခါ လက်ရမိ စစ်သုံ့ပန်း အကျဉ်းသားများ စုဆောင်းခဲ့ရာ ၎င်းတို့တွင် စဖိယဟ်သခင်မသည်လည်း ပါလာခဲ့၏။ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်)သည် သခင်မအား သူကောင်းပြု၍ ထိမ်းမြားတော်မူခဲ့ပေသည်။ ဤအကြောင်းအရာအကျယ်ကို ကျွန်ုပ်ပြုစုအပ်သော "အွမ္မသေမတ်စ် လမဟ်ကီးမာအင်း"ကို လေ့လာပါ။

ကျွန်ုပ်သည် ဤအကြောင်းအရာကို တင်ပြရသည့် ရည်ရွယ်ချက်မှာ စဟာဗဟ်သာဝကကြီးတစ်စုလုံး၌ စွဲမှတ်လျက်ရှိသော အချက်ကို အထူး တင်ပြလိုပါသည် ဟွရ်ရဟ် (ကျွန်မဟုတ်သူ၊ လွတ်လပ်သူ၊ သူကောင်းပြုထားသူ) အမျိုးသမီးသည် မုချ ပရ်ဒဟ်၌ နေရ၏၊ ပရ်ဒဟ် မရှိသူသည် ကျွန်မသာ ဖြစ်၏ဟူ၏၊ ဤသည်သောကြောင့် ၎င်းတို့ကိုယ်တော်တိုင် ဆုံးဖြတ်ချက် ချမှတ်ကြသည်မှာ ကိုယ်တော်မြတ်သည် သူမအား ပရ်ဒဟ်၌ ထားခဲ့လျှင် မုချ ဟွရ်ရဟ် (ကျွန်မဟုတ်သူ၊ လွတ်လပ်သူ)သာလျှင် ဖြစ်ရမည်ဟု ယူဆကြရန်၊ ပရ်ဒဟ်၌ မထားခဲ့လျှင် ကျွန်မသာဖြစ်ရချေမည်ဟု ယူဆ ဆုံးဖြတ်ခဲ့ကြပေသည်၊ ထိုသို့ စောင့်မျှော်ကြည့်နေရာမှ အစ္စလာမ့်တပ်ဖွဲ့ကြီး ထွက်ခွာရန် အချိန်ရောက်သောအခါ တမန်တော်မြတ်ကြီးသည် ကီးမြန်းရန် ကုလားအုတ်စင်ကို ပရ်ဒဟ်ကာစေ၍ သခင်မကြီးအား ကြွမြန်းစေတော်မူခဲ့၏။ ထိုအခါ၌ စဟာဗဟ်အားလုံးတို့သည် ကိုယ်တော်မြတ်ကြီး၏ ဇနီး ကြင်ရာတော်ဖြစ်ကြောင်း ကျွန်မ မဟုတ်ကြောင်း ယူမှတ်လိုက်ကြပေသည်။

အကယ်၍ ထိုခေတ်အခါ၌ ပရ်ဒဟ်၏ အစဉ်အလာမရှိခဲ့လျှင် ဆဟာဗဟ်များ၏ စိတ်တွင်း၌ အဆိုပါ မေးခွန်းမှာ အလျင်းပေါ်ပေါက်မည်မဟုတ်ချေ။ ဥပဒေသ ကျွန်မတစ်ယောက်အတွက် နေကာဟ်ပိုင်သော သူစိမ်းတို့နှင့် ပရ်ဒါ ပြုရန် ပညတ်ထားသော ကန့်သတ်ချက်သည်၊ လွတ်လပ်သော အမျိုးသမီး တစ်ယောက်အဖို့ နေကာဟ်ပိုင်သားချင်းများနှင့် ပရ်ဒါပြုရမည့် ကန့်သတ်ချက်အတိုင်းသာဖြစ်၏။ ၎င်း၏ ရှင်းလင်းချက်ကို အရှေ့၌ တင်ပြပါမည်။

အကယ်၍ ကျွန်မ၊ အခိုင်းအစေတို့သည် အလုပ်ဆင်းရန် အိမ်မှ ထွက်သောအခါ မိမိမျက်နှာ၊ ဦးခေါင်းကို ဖော်လျက် လက်ကိုတစ်ထောင်ဆစ်

အထိ၊ ခြေကို ဒူးဆစ်အထိ ဖေါ်လျက် အပြင်ထွက်ခဲ့သော် ၎င်းအပေါ်၌ အပြစ်မထိုက်ချေ၊ သို့သော် သူစိမ်းများရှေ့၌ ကျောနှင့်ဝမ်းဗိုက်ကို ဖေါ်ခွင့်မရှိချေ၊ စဟာဗဟ်သာဝကကြီးများသည် ဤအချက်အလက် အကျယ်ကိုထောက်ချင့်၍ ဆုံးဖြတ်ချက်ချကြသည်မှာ အကယ်၍ တမန်တော်သည် စဖီယဟ်သခင်မကြီးအား ပရ်ဒဟ်အတွင်း၌ မထားဘဲ ပွင့်လင်းစွာ အတူခေါ်ဆောင်သွားလျှင် ၎င်းအား ကျွန်မအဖြစ် သိမ်းပိုက်လိုက်ပြီဟု ယူဆကြမည်၊ အကယ်၍ ပရ်ဒဟ် အချက်အလက်များနှင့်အညီ ထားခဲ့လျင် သူမကို သူကောင်းပြု၍ ဇနီးအဖြစ် တင်မြှောက်လိုက်ပြီဟု ယူဆကြမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပေသည်။

**မှတ်ချက်** - ကျေးကျွန်နှင့် ပတ်သက်သော မတ်စ်အလဟ်သည် တရားတော်က သတ်မှတ်ခဲ့သော ကျေးကျွန်ကို ဆိုလိုပေသည်။ ထိုကျွန်များမှာ ဂျေဟာဒ်စစ်ပွဲတွင် စစ်သို့ပန်းအဖြစ် ဖမ်းဆီးခံရသော ကာဖိရ် အမျိုးသားများကို ကျွန်အဖြစ် ကာဖိရ်အမျိုးသမီးများကို ကျွန်မအဖြစ်သတ်မှတ်၍ စစ်သည်တော်များအတွင်း ခွဲဝေပေးလေ့ရှိပေသည်။ ထိုသူများသည် သာသနာမှ အတည်ပြုထားသော ကျေးကျွန်များဖြစ်သွားကြပေသည်။ မွတ်စ်လင်မ်တို့သည် ဂျေဟာဒ်ကို စွန့်ထားသည့်အခါမှစ၍ ကျွန် ကျွန်မများမှ လက်မဲ့ဖြစ်သွားတော့၏။

အကြင်အမျိုးသမီးများသည် အိမ်များ၌ အိမ်စေများ၊ အိမ်ဖေါ် အလုပ်များပြုကြပါသည်။ ဤသူမများသည် ကျေးကျွန်မများမဟုတ်ချေ၊ သို့ဖြစ်၍ ၎င်းတို့သည် ကျွန်မဟုတ်သော အမျိုးသမီးများကဲ့သို့ ပရ်ဒဟ်အပြည့်ဝတ်ဆင်၍ သွားလာရန် အရေးကြီး၏။ ထိုနည်းအတိုင်း အကြင်ယောကျ်ားကလေးများသည် သူဌေးအိမ်များ၌ အလုပ်လုပ်ကိုင်ကြပါသည်၊ ထိုသူများသည် အရွယ်ရောက်စပြုလာလျင်လည်းကောင်း၊ အရွယ်ရောက်ပြီးလျင်လည်းကောင်းဖြစ်မူ ၎င်းတို့နှင့် ပရ်ဒဟ်အပြည့်ပြုရန် အရေးကြီးပေသည်၊ သို့ပါလျက် ဤသည်ကို သာမန်ဟု မှတ်၍ ၎င်းတို့ရှေ့တွင် သမီးကညာပျိုများ၊ သမီးချွေးမများသည် သွားလာကြသည်၊ သို့သာမက အရောတဝင်နေကြ

သည်မှာ အနည်းငယ်မျှ အကုသိုလ်ပင်မမှတ်ဘဲ ရှိကြပေသည်၊ ဤသည် အလွန်ရှက်စရာကောင်းသော ကိစ္စတစ်ရပ်ပင်ဖြစ်၏။

အထက်ပါဟဒီးစ်တော်တွင် ပါရှိခဲ့သော အဖြစ်အပျက်သည် ကျွန်တော်များအတွက် တရားယူစရာ အကြောင်းဖြစ်သည် တမန်တော်မြတ်သည် ဂုဏ်ဖော်ပြသမှုမပါဘဲ ပကာသန ကင်းရှင်းစွာဖြင့် ခရီးစဉ်၌ပင် နေကာဟ်ထိမ်းမြားခဲ့ပြီး ခရီး၌ပင် ဝလီမင်္ဂလာကျွေးမွေးခဲ့ပေသည်၊ ကျွန်ုပ်တို့၏ ရာဒီ မင်္ဂလာများ၌ ပကာသန အရှုပ်အထွေးကြီးများကို ရွေးချယ်ထားသောကြောင့် ကြွေးကြီးသထက် ကြွေးကြီးခြင်းများ၊ အငြင်းပွားပင်လယ်နစ်ရခြင်းများ ဖြစ်ကြရပေသည်။

နိုင်ငံနှင့်အဝန်း မိတ်ဆွေရောင်းရင်းများ၊ သားချင်းများရောက်ရှိစေခြင်း စရိတ်စကများကို သီးခံခြင်း၊ အမျိုးသမီးများ၏ တည်ထွင်ထားသော အစဉ်အလာများကို ဆောင်ရွက်ရခြင်း၊ အိမ်များကို သတို့သားပမာ ပြင်ဆင်ခြယ်လှယ်ရခြင်း၊ သတို့သား သတို့သမီးများအတွက် အစုံပေါင်းများစွာ ချုပ်စေရခြင်း၊ စည်းကမ်းချက် နောက်ဆက်တွဲများ တစ်သီကြီးပါရှိနေပေသေးသည်၊ ယင်းတို့သည် အမျိုးအနွယ်စုတို့အတွက် အဖောင်သဖွယ် ဖြစ်နေပေ၏။

ဤထုံးဟမ်းစဉ်လာများကို လူတို့သည် ဒုက္ခကြီးတစ်ရပ်ဟု မှတ်ပါသည်သို့သော်လည်းပဲ အချို့အမျိုးသမီးများ၏ လုံ့ကွက်ငုံ့ကွက်များ၌ ရစ်ပတ်ခြင်းကို ခံနေခြင်း၊ သို့မဟုတ် မိမိကိုယ်၌က အစဉ်အလာကို မလွန်ဆန်နိုင်ဖြစ်ရခြင်း သို့မဟုတ် မိမိကိုယ်၌က ခေတ်ကို အထင်ကြီး၍ စွန္နသ်တော်အတိုင်း မင်္ဂလာဆောင်နှင်းခြင်းကို အပြစ်မြင်ခြင်း (သို့) စွန္နသ်တော်၏ ရိုးသားမှုကို အထင်သေးဟန်ရှိနေခြင်းလော့ အလ္လာဟ်အသျှင် ၎င်းတို့အား ဟေဒါယသ်လမ်းမှန်တရား ချီးမြှင့်တော်မူပါစေ (အာမီန်)

အထက်ပါ ဟဒီးစ်တော်ဖြင့် နောက်ထပ် စကားတစ်ခုကို သိရပါသေးသည်၊ အဘယ်သို့ဆိုသော် တမန်တော်မြတ်သည် ထိုဝလီမင်္ဂလာကျွေးစဉ်၌ အသားထမင်း မုန့်ဟင်းလည်းမပါရှိခဲ့ပါ။ ဒိန်ခဲအနည်းငယ် အခြားစားစရာ အချို့သာ ပါရှိခဲ့ပါသည်။ ရောက်ရှိလာသော ဧည့်သည်တော်များရှေ့၌

ဒိန်ခဲများကို ချပေးခဲ့ပါသည်။

ဤအချက်ဖြင့် ဝလီမဟ်သည် သားကောင်များ မလှီးဖြတ်ပဲ ဟင်းကောင်း၊ ထမင်းကောင်းများကို မချက်ဘဲ၊ အလျင်းသင့်သလို စားစရာများချကျွေး၍လည်း ဖြစ်နိုင်ကြောင်းကို သိရှိရပေသည်၊ ဤအတိုင်းဆိုလျှင် သူဆင်းရဲတို့သည်လည်း ဝလီမဟ်ကျွေးခြင်း၏ စွန္နသ်ကို ကျင့်သုံးနိုင်ပေသည်။

ဤသည်မလွဲဧကန် ထင်ပေါ်ကျော်စောမှုကင်းသော ပြစားမှု ရှင်းသော အရာ ဖြစ်ပေသည်။

## နေကာဟ်ပိုင်သူအား တွေ့စံခြင်းမပြုရ

(٣) وَعَنْ عَائِشَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهَا قَالَتْ قُلْتُ يَا رَسُوْلَ اللّٰهِ اِنَّ اَخَا اَبِى الْقُعَيْسِ اسْتَاْذَنَ فَاَبَيْتُ اَنْ اٰذِنَ حَتّٰى اَسْتَاْذِنَكَ فَقَالَ النَّبِيُّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ وَمَا يَمْنَعُكِ اَنْ تَاْذَنِيْنَ عَمَّكِ قُلْتُ يَا رَسُوْلَ اللّٰهِ اِنَّ الرَّجُلَ لَيْسَ هُوَ اَرْضَعَنِىْ وَلٰكِنْ اَرْضَعَتْنِىْ اِمْرَاَةُ اَبِى الْقُعَيْسِ فَقَالَ ائْذَنِىْ لَهٗ فَاِنَّهٗ عَمُّكِ تَرِبَتْ يَمِيْنُكِ قَالَ عُرْوَةُ فَلِذٰلِكَ كَانَتْ عَائِشَةُ تَقُوْلُ حَرِّمُوْا مِنَ الرَّضَاعَةِ مَا تُحَرِّمُوْنَ مِنَ النَّسَبِ (رواه البخارى) وقد حذفنا شطرا من صدر الحديث ـ

(၃) ဟဇရတ်အိုင်ရှဟ်သခင်မက အကြောင်းပြုတော်မူခဲ့သည်။ ပရ်ဒဟ် အမိန့်ကျရောက်ပြီးတစ်နေ့တွင် ကျွန်မ၏ နို့ထိန်းအဘ အဗိလ်ကိုအိုင်းစ်၏

ညီဖြစ်သူ အဖ်လယ်သခင်သည် ကျွန်မထံဝင်ရောက်တွေ့ဆုံရန် ခွင့်ပန်ခဲ့၏။ ကျွန်မက တမန်တော်မြတ်အား မေးမြန်းပြီး တရားတော်အရ တွေ့ခွင့်ရှိမှသာ ခွင့်ပြုပါမည်ဟု ဖြေကြားခဲ့၏၊ တမန်တော်ကြွမြန်းလာသောအခါ အကြောင်းကုန်စင် လျှောက်ဘင်တော်မူခဲ့၏၊ တမန်တော်မြတ်က အသင်မအား မည်သည့်အရာက တားဆီးပါသနည်း။ နို့ထိန်းအဘ၏ သားချင်းအနွယ် ကြာကြာ (လေးလေး)အား မိမိထံလာခွင့် ပြုလိုက်ပါ။ အို. . . ရဆူလ်တမန်တော် ကျွန်မသည် ၎င်းရှေ့သို့ ထွက်ခွင့်ရှိဖို့ရာ ၎င်းက ကျွန်မအား နို့ချိုတိုက်ကျွေးသည်မဟုတ်ပါ၊ ကျွန်မအား နို့ချိုတိုက်ကျွေးသူမှာ "အဗိလ်ကိုအိုင်းစ်"၏ ဇနီးသာ ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ၎င်း၏ ဇနီးနှင့် အဖ်လယ်နှင့် မည်သို့မှ မပတ်သက်ပါ ၎င်း၏ ခဲအိုဖြစ်ပါသည်။

တမန်တော်မြတ်သည် ဤစကားကိုကြား၍ ကပါကွာအဖ်လယ်အား လာခွင့်ပြုလိုက်ပါ ၎င်းသည် နို့ကျွေးဖခင်၏ ညီနောင်ဖြစ်၍ အသင်၏ ကြာကြာသာ တော်စပ်နေသူဖြစ်ပါသည်ဟု ဖြေကြားတော်မူခဲ့ပေသည်။

အိုင်ရှဟ်သခင်မ၏ တူတော်မောင်အွရ်ဝဟ်ဗင်နဇုဘိုင်းရ်က အကြောင်းပြခဲ့သည်မှာ အိုင်ရှဟ်သခင်မကြီးသည် မိမိကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကြောင့် ၎င်းက

မျိုးနွယ်တော်စပ်မှုကို အကြောင်းခံ၍ အကြင်မျိုးနွယ်သားချင်းကို ဟရာမ်ဟုမှတ်ယူရပါသည်၊ ထိုနည်းအတိုင်း သူမတစ်ဦးဦး၏ နို့ချိုစို့ခြင်းဖြင့်လည်း ထိုနို့တိုက်ကျွေးမိခင်၏ အဆက်အနွယ်သည် ဟရာမ်ဖြစ်သည်ဟု မှတ်ရမည်ဖြစ်ကြောင်း မိန့်ကြားလေ့ရှိပါသည်။ (ဗုခါရီကျမ်း)

အဗိလ်ကိုအိုင်းစ်၏ဇနီးသည် အိုင်ရှဟ်သခင်မအား ငယ်စဉ်တောင်ကျွေး၍ နို့ချိုတိုက်ဘူးခဲ့၏၊ ထို့ကြောင့် ၎င်း၏ ခင်ပွန်းအဗိလ်ကိုအိုင်းစ်သည် အဘအရာ ဖြစ်သွားခဲ့ပါသည်၊ ထို့နောက် နို့စို့လိုက်ခြင်း၏ ဆက်နွယ်မှုကြောင့် အဖ်လယ်သည် ကြာကြာဦးရီး ဖြစ်သွားရ၏၊ အကြင်အခါ အဖ်လယ်သည် မိခင်မွန်ကြီးထံသို့ ရောက်လာခဲ့ရာ ပရ်ဒဟ် အမိန့်ကျရောက်လာပြီးဖြစ်၍ ၎င်းအား သခင်မကြီးသည် တားဆီးလိုက်ရခြင်းဖြစ်ခဲ့၏။ ၎င်း၏ရှေ့သို့

ထွက်ခြင်းကိုပင် ပရ်ဒဟ်အမိန့်ကို ချိုးဖောက်ခြင်းဟု မှတ်ယူခဲ့ပေသည်။

ဤဟာဒီးစ်တော်အရ တမန်တော်၏ ခေတ်သမယ၌ အစ္စလာမ့် အမျိုးသမီးများသည် ပရ်ဒဟ်အမိန့်တော်ကျရောက်ပြီးနောက် ပရ်ဒဟ် တရားကို မည်ရွေ့မည်မျှ လေးစားခဲ့သည်၊ စောင့်စည်းခဲ့သည်၊ ဟရာမ် သားချင်း ဟုတ်မဟုတ်ကို မိမိတို့၏ စဉ်းစားဉာဏ်ဖြင့် ပိုင်းခြားစိတ်ဖြာလေ့ ရှိကြသည်ကို ကွက်ကွက်ကွင်းကွင်း သိရှိရပေသည်။

အိုင်ရှတ်သခင်မသည် မိမိစဉ်ဆက်၌ နို့ချိုတိုက်ကျွေးသူ၏ မောင်နှမတို့နှင့် နို့စို့ခြင်းကြောင့် တော်စပ်နိုင်ကြောင်း နို့ထိန်းသည်၏ မောင်သည် ၎င်းအတွက် ကြာကြာ (ဦးလေး)ဖြစ်နိုင်ကြောင်း သဘောပေါက် ခဲ့၏ ၎င်း၏ မတ်၊ ခဲအိုသည် မိမိရှေ့၌ လာရအောင် မည်သည့်တော်စပ်မှုမှ မရှိကြောင်း မှတ်ယူခဲ့ပေသည်။ တမန်တော်မြတ်က ၎င်းအား တွေ့ဆုံခွင့် ပြုလိုက်ပါ ၎င်းသည် နို့စို့လိုက်ခြင်းကြောင့် သင်မ၏ကြာကြာဖြစ်သွားခဲ့ပြီဟု မိန့်ကြားခဲ့ပေသည်။

ဤနေရာ၌ မှတ်သားစရာတစ်ရပ်မှာ အိုင်ရှတ်သခင်မသည် အစ်လတ် သခင်အား ခွင့်မပြုဘဲ တားလိုက်သောအခါ သခင်ကြီးသည် ကြည်ဖြူစွာဘဲ ရပ်တန့်သွားခဲ့၏ အပြစ်မြင်ခြင်းမရှိ၊ စိတ်ဆိုးခြင်းလည်းမရှိခဲ့ပေ။

ကျွန်ုပ်တို့တိုင်းပြည်၌ အမျိုးသမီးတစ်ဦးသည် တရားတော်မြတ်အတိုင်း နေထိုင်ရန် ဆန္ဒပြုလျက် တစိမ်းများနှင့် ပရ်ဒဟ်ပြုခဲ့လျှင် ၎င်းအမျိုးသားနှင့် တစ်မျိုးလုံး တစ်ဆွေလုံးကပါ စိတ်တော်ကြီးဆိုးကြပြီး အပြစ်ဆိုလေ့ရှိကြသည်။ အကိတ်ခေတ်ဟောင်းက အယူဟုပြောလေ့ပြောလာရှိကြပေသည်။

တမန်တော်မြတ် မိန့်ကြားခဲ့သော ဟာဒီးစ်၏ နောက်ဆုံးအပိုဒ်တွင် မျိုးနွယ်ဝင်အရ အကြောင်တော်စပ်မှုကို ဟရာမ်ဟု မှတ်ယူပါသည်၊ နို့စို့ခြင်း အရလည်း ထိုတော်စပ်မှုကို ဟရာမ်ဟုမှတ်ပါလော့။

ထိုဟာဒီးစ်တော်၏သဘောမှာ မိမိအစ်ကိုအရင်း၊ မောင်အရင်း၊ ဖခင် အရင်းနှင့် နေကာပတ်ထိခဲ့များခြင်း ဟရာမ်ဖြစ်လေသည်၊ ထိုနည်းအတိုင်းပင် နို့စို့ဘက်အစ်ကို၊ မောင်၊ နို့တိုက်မိခင်၏ခင်ပွန်း ၎င်း၏ ညီ၊ အစ်ကိုများနှင့်

သည်း နေကာဟ်ဟရာမ်ဖြစ်ချေ၏၊ ဤနည်းနှင့် နို့စို့ခြင်းမှ တော်စပ်သော သားချင်းများကို တွေးဆမှတ်ယူပါ။

## ဝမ်းနှင့်မလွယ်သားမမည်

(٤) وَعَنْهَا رَضِيَ اللّٰهُ تَعَالٰى عَنْهَا قَالَتِ اخْتَصَمَ سَعْدٌ وَّابْنُ زَمْعَةَ فَقَالَ النَّبِيُّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ هُوَ لَكَ يَا عَبْدُ بْنُ زَمْعَةَ اَلْوَلَدُ لِلْفِرَاشِ وَاحْتَجِبِيْ مِنْهُ يَا سَوْدَةُ وَزَادَ لَنَا قُتَيْبَةُ عَنِ اللَّيْثِ وَلِلْعَاهِرِ الْحَجَرُ. (رواه البخاري)

(၄) အိုင်ရှဟ်သခင်မထံမှ ဆင့်ပြန်ချက်တစ်ရပ် လာရှိ၏ စအဒ်အိဗ်နူအဗီဝကာဆ်သခင်နှင့် အဗ်ဒွဗ်နူဇမ်အဟ်သခင်တို့နှစ်ဦးသည် ကျွန်မတစ်ဦးမှ ဖွားသောကလေးတစ်ယောက်နှင့် ပတ်သက်ပြီး အငြင်းပွားခဲ့၏၊ ထို့နောက် ထိုအမှုကို တမန်တော်မြတ်အပါးတော်သို့ တင်သွင်းတော်မူ၍ စီရင်ချက်ချစေခဲ့၏ တမန်တော်မှာ ၎င်းအဖြစ် အပျက်ကိုကြားနာပြီး အဗ်ဒွဗ်နူဇမ်အဟ်သာ ပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ချက်ပေးတော်မူခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ဖြစ်သူ မိခင်သည် လက်ရှိ မည်သူ၏ လက်အောက်၌ ရှိနေပါသည်။ ထိုသခင်၏ ကလေးသာမည်၏ဟူသော ဥပဒေရှိပါသည်။ ထို့နောက် တမန်တော်မြတ်က မိခင်မွန်ကြီး စေါင်ဒဟ်သခင်မအား ဤကလေးကြီးပြင်းလာသောခါ ၎င်းနှင့် ပရ်ဒဟ်ပြုရန် မိန့်ကြားတော်မူခဲ့၏။ (ဗုခါရီ)

ဤဖြစ်စဉ်၏အကျယ်မှာ မိခင်မွန်ကြီး စောင်ဒဟ်သခင်မ၏ ဖခမည်းတော်၏ အမည်မှာ ဇမ်အဟ်ဖြစ်သည် ၎င်း၌ ကျွန်မတစ်ဦးရှိခဲ့၏။ (ယခင်က ထိုကျွန်မသည် အွသ်ဗဟ်ဗင်အဗီဝပ်ကွာစ်၏ လက်တွင်း၌ရှိခဲ့၏) ၎င်းက သူ၏

ညီဖြစ်သူ စအဒ်ဗွင်နူအဗီဝပ်ကွာစ်ကို မှာကြားသည်မှာ ဇမ်အဟ်၏ လက်တွင်း၌ရှိသော ကျွန်မ၏ ကိုယ်ဝန်သည် ငါနှင့်ရခဲ့သော ကိုယ်ဝန်ဖြစ်၍ ထိုကလေးမွေးလာလျှင် အသင်သည် ဦးကြီးဖြစ်သည့်အလျောက် ထိုကလေးအား ရယူထိန်းသိမ်းလိုက်ပါဟု မှာကြား၍ ကွယ်လွန်သွားခဲ့ပေသည်။

ထို ကျွန်မသည် ဇမ်အဟ်သခင်၏ လက်တွင်း၌ပင် ပဋိသန္ဓေရင့်ရော်လာပြီး သားယောကျာ်းလေးတစ်ဦး ဖွားလာခဲ့၏။ ထိုအခါ စအဒ်သခင်သည် မိမိအစ်ကိုမှာကြားထားသည့်အတိုင်း ထိုကလေးနှင့် ပတ်သက်၍ အရေးဆိုပြီး ထိုကလေးအား ယူလေတော့၏။ ဇမ်အဟ်သခင်၏သားက- ဒီကလေးဟာ ကို့ဖခင်ရဲ့ ကျွန်မရဲ့သားဖြစ်သည် သို့ကြောင့် ကို့ရဲ့ညီငယ်ဖြစ်သည်ဟူ၍ အငြင်းပွားခဲ့ကြသည်၊ နောက်ဆုံးတွင် နှစ်ဦးသဘောတူ ကိုယ်တော်၏ စီရင်ချက်ကို နာခံရန် နှစ်ဦးစလုံး တမန်တော်မြတ်ထံတော်ပါးသို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်ကြီးသည်၊ တရားဥပဒေ လုပ်ထုံးအရ တမန်တော်မြတ်က ကလေးသည် အမေ၏ ပိုင်ရှင်သက်အောက်၌သော အတည်ဖြစ်၏ သဘောမှာ ဇနီးသည်မှ ရရှိသော ကလေး (သို့) ကျွန်မမှ ရရှိသော ကလေးသည် ၎င်း၏ ခင်ပွန်းသည်မှ မငြင်းဆိုသည့်တိုင် ၎င်း၏ ကလေးသာမည်၏၊ ဤပြေရှင်းရန် လိုသောကိစ္စ၌ သခင်က ထိုကလေးအား ငြင်းဆိုသည်မရှိ၍ ၎င်း၏ ကလေးသာဖြစ်သည်ဟု ယူဆရကြောင်း၊ ဤဖြစ်ပုံအရ ကလေးသည် ဇမ်အဟ်၏သား အဗ်ဒ်၏ညီဖြစ်သွား၍ ၎င်းအား အပ်နှံပေးလိုက်လေသည်။

ကျွန်ုပ်သည် ဤနေရာ၌ ဤအကြောင်းကို ဖြစ်ပျက်ကုန်ရင် အဘယ်ကြောင့် တင်ပြရသည်ဆိုသော် တမန်တော်မြတ်သည် ထိုကလေးအား ဇမ်အဟ်၏သား၊ အဗ်ဒ်၏ညီ၊ ဇမ်အဟ်သည် စောင်ဒဟ်သခင်မ၏ ဖခင်ဖြစ်သောကြောင့် သခင်မ၏ မောင်ဖြစ်ပါလျက် စောင်ဒဟ်သခင်မအား ထိုကလေးနှင့် အဘယ်ကြောင့် ပရ်ဒဟ်ပြုနိုင်းခဲ့ပါသနည်း၊ အကြောင်းမှာကား တမန်တော်သည် ထိုကလေးနှင့် ပတ်သက်၍ ဖေကဟ်ဥပဒေအရ သခင်သည် မိမိပိုင်ဆိုင်ကြောင်း ငြင်းချက်မရှိ၍သာ ကလေးအား အပ်နှံခဲ့ရသော်လည်း ကလေးသည် စအဒ်သခင်၏ အစ်ကိုအွသ်ဗဟ်နှင့် ရုပ်ဆင်းသဏ္ဍာန်တူနေ

သောကြောင့် ဆင်ခြင်သောအားဖြင့် ပရ်ဒဟ်ပြုစေခဲ့ကြောင်း လာရှိပေသည်။

ဤကိစ္စနှင့် ပတ်သက်ပြီး အိုင်ရှဟ်သခင်မကြီးအား အကြောင်းပြုခဲ့သည်မှာ စောင်ဒဟ်သခင်မကြီးသည် တမန်တော်မြတ်ကြီး၏ ဤမိန့်မှာချက်ကို မည်မျှခိုင်ခိုင်မြဲမြဲ ပြည့်ပြည့်ဝဝ ပရ်ဒဟ်ပြုခဲ့သည်ဆိုသော် သခင်မကြီး ကွယ်လွန်သွားသည်အထိ ယိုကလေးသည် သခင်မကြီးအား မတွေ့ဘူးခဲ့ချေ၊

ဤအကြောင်းအရာဖြင့် မြင့်မြတ်သော တမန်တော်မြတ်၏ ခေတ်သမယ၌ပင်လည်း ဤရွေ့ဤမျှ ပရ်ဒဟ်၏ ကြပ်မတ်မှုရှိနေကြောင်းကို သိရှိရပေသည်။ အကြင်သူတစ်ဦးနှင့် ပတ်သက်၍ သားချင်းလော့ တစိမ်းလော့ဟု သံသယဝင်သွားလျှင် ပရ်ဒဟ်ပြုခြင်းကို ဦးစားပေး၍ ပရ်ဒဟ်ပြုလေ့ရှိကြပေသတည်း. . .။

အိုမျက်စိရှိသူများ ကရားရယူလော့

## စောင်သည်များကို ခြုံထည်ပြုသူများ

(٥) وَعَنْ عَائِشَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهَا قَالَتْ يَرْحَمُ اللّٰهُ نِسَاءَ الْمُهَاجِرَاتِ الْاَوَّلِ لَمَّا اَنْزَلَ اللّٰهُ وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلٰى جُيُوْبِهِنَّ شَقَقْنَ اَكْثَفَ مُرُوْطِهِنَّ فَاخْتَمَرْنَ بِهَا۔

(رواه ابوداؤد)

(၅) အိုင်ရှဟ်သခင်မမိန့်ကြားတော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအမျိုးသမီးများအား အလွန်တရာသနားတော်မူပါစေအကြင်အမျိုးသမီးများသည် အစ္စလာမ့်ခေတ်ဦး၌ မက္ကာဟ်မှ မဒီနာသို့ ဟစ်ဂျ်ရည် ရွှေ့ပြောင်းနေထိုင်ကြခဲ့သည်၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည်

အာယသ်အမိန့်တော်ကို ချပေးတော်မူသောအခါ ၄င်းတို့သည် မိမိတို့၏ ထူဖိန်းသော စောင်ပိုင်းကြီးများကိုဖြတ်၍ ခေါင်းမူးခြုံပဝါကြီးများ ပြုလိုက်ကြလေသည်။ (အဗူဒါဝူးဒ်)

အိုင်ရှဟ်သခင်မ ရည်ညွှန်းသော အာယသ်တော်အပြည့်စုံမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

وَقُل
لِّلْمُؤْمِنَٰتِ يَغْضُضْنَ مِنْ أَبْصَٰرِهِنَّ وَيَحْفَظْنَ فُرُوجَهُنَّ وَلَا يُبْدِينَ
زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلَىٰ جُيُوبِهِنَّ وَلَا
يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ أَوْ ءَابَآئِهِنَّ أَوْ ءَابَآءِ بُعُولَتِهِنَّ أَوْ
أَبْنَآئِهِنَّ أَوْ أَبْنَآءِ بُعُولَتِهِنَّ أَوْ إِخْوَٰنِهِنَّ أَوْ بَنِىٓ إِخْوَٰنِهِنَّ أَوْ
بَنِىٓ أَخَوَٰتِهِنَّ أَوْ نِسَآئِهِنَّ أَوْ مَا مَلَكَتْ أَيْمَٰنُهُنَّ أَوِ ٱلتَّٰبِعِينَ غَيْرِ
أُو۟لِى ٱلْإِرْبَةِ مِنَ ٱلرِّجَالِ أَوِ ٱلطِّفْلِ ٱلَّذِينَ لَمْ يَظْهَرُوا۟ عَلَىٰ
عَوْرَٰتِ ٱلنِّسَآءِ وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن
زِينَتِهِنَّ وَتُوبُوٓا۟ إِلَى ٱللَّهِ جَمِيعًا أَيُّهَ ٱلْمُؤْمِنُونَ لَعَلَّكُمْ تُفْلِحُونَ ﴿٣١﴾

(အို. . . နဗီတမန်တော်) အသင်သည် မုအ်မင်န် အီမာန်သက်ဝင်ယုံကြည်သူအမျိုးသမီးတို့အား (ဤသို့) ပြောကြားပါလေ ၄င်းတို့သည် မိမိတို့ မျက်စိများကို အောက်သို့နှိမ့်၍ စိုက်၍ထားရှိကြရမည် ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို (ကာမေသုမိစ္ဆာစာရမှု ကျူးလွန်ခြင်းမှ) ထိန်းသိမ်းကြရမည်။ ထိုမှတစ်ပါး ၄င်းတို့သည် ပေါ်၍နေတတ်သော

မိမိတို့၏ အလှမှတစ်ပါး ကျန်အလှအပတို့ကို မပေါ်ကြစေရ။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အပေါ်ရုံများ (ဦးခေါင်းခြုံလွှာများ)ကို မိမိတို့၏ ရင်ဘတ်များ အပေါ်သို့ ချထားကြရမည်။

ထိုမှတစ်ပါး ၄င်းတို့သည် မိမိတို့၏ အလှကို မိမိတို့၏ လင်ယောကျ်ားများ၊ သို့မဟုတ် မိမိတို့၏ ဖခင်များ (သို့) မိမိတို့၏ လင်ယောကျ်ားများ၏ ဖခင်များ (သို့) မိမိတို့၏သားများ (သို့) မိမိတို့၏ လင်ယောကျ်ားများ၏ သားများ (သို့) မိမိတို့၏ အစ်ကိုများ၊ မောင်များ၏သားများ (သို့) မိမိတို့၏ အစ်မများ၊ ညီမများ၏ သားများ (သို့) မိမိတို့၏ သာသနာဝင် မိန်းမချင်းများ၊ သို့တည်းမဟုတ် မိမိတို့လက်ယာလက်များက ပိုင်ဆိုင်သော မိန်းမများ (ဝါ) ကျွန်မများ၊ သို့တည်းမဟုတ် ယောကျ်ားများအနက်မှ (မိန်းမများကို) အလို မရှိသော (မိမိတို့) လက်အောက်ခံများ သို့မဟုတ် မိန်းမများ၏ အတွင်းရေး လျှို့ဝှက်ချက်များကို မသိနားမလည်သေးသော ကလေးသူငယ်များ ရှေ့မှ တစ်ပါး အခြားမည်သူ၏ ရှေ့၌မျှ မပေါ်ကြရ။

ထိုမှတစ်ပါး ၄င်းတို့သည် မိမိတို့ လျှို့ဝှက်ထားကြသော တန်ဆာများ ကို (သူတစ်ပါးတို့) သိရှိရန် မိမိတို့၏ ခြေများကို ဆောင့်၍ မနင်းကြရ၊ ထို့ပြင် အိုမုအ်မင်သက်ဝင်ယုံကြည်သူအပေါင်းတို့ အောင်မြင်မှုရရှိကြအံ့ သောငှာ အသင်တို့အားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော် မှောက်ဝယ် ဝန်ချတောင်းပန်ကြလေကုန်။

ဤအာယသ်တော်၌ ဦးစွာပထမ အမျိုးသမီးတို့အား မိမိမျက်လွှာများ ကို အောက်ချထားကြရန် မိန့်ထားပေသည်၊ ထို့နောက် ကာယိန္ဒြေ အရှက်များကို ထိန်းသိမ်းကြရန် မိန့်ဆိုထားပေသည်၊ မျက်စိနှင့် အရှက်ကို ထိန်းသိမ်းရန် အမျိုးသားတို့အားလည်း သူစိမ်းအမျိုးသမီးအား မရိုးသားသော ကြည့်ခြင်းမျိုးဖြင့် မကြည့်ကြရန်နှင့် ကာယိန္ဒြေထိန်းသိမ်းကြရန် အမိန့် ပေးထားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် စည်းစောင့်ရန် တာဝန်မှာ အမျိုးသား၊ အမျိုးသမီး အသီးသီးတို့၏ တာဝန်ဖြစ်သည်။

(قُلْ لِّلْمُؤْمِنِيْنَ يَغُضُّوْا مِنْ اَبْصَارِهِمْ وَيَحْفَظُوْا فُرُوْجَهُمْ)

ဤအာယသ်တော်သည်။

အမျိုးသမီးတို့အတွက်လည်းဖြစ်သည် غَضُّ الْبَصَرِ မျက်လွှာများကို အောက်ချရန်ဆိုရာ၌ တစ်မ်းတို့အား ချောင်း၍ စောင်း၍ မျက်ခြေလေးနှင့်ပင် ကြည့်၍ မရကြောင်း ထင်ရှားလှပေသည်၊ ဤသည်ကို အမျိုးသမီးများ သတိမပြုကြခြေ၊ ပရ်ဒါဟောဂျာဗ် လေးစားပါသည်ဆိုသော အမျိုးသမီးများ ၌ပင် မျက်လွှာထိန်းသိမ်းရန်ဆိုသော အမိန့်၌ ပေါ့လျော့မှုရှိနေပေသည်၊ သဘာဝကိုပြောရလျှင် မကောင်းမှု၏ ပထမလှေကားထစ်သည် မျက်စိ အရသာခံခြင်းမှ ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးတို့၏ ကာမပိုင်သော ဆက်သွယ်မှု ဆက်ဆံမှုသည်၊ ချက်ချင်းဆိုသလိုဖြစ်ကြသည်မဟုတ်၊ ပထမ အပြန်အလှန် ကြည့်ကြသည်၊ ကျေနပ်သော အမူအရာများကို ပြကြသည်၊ ထိုမှတဆင့် နှုတ်၏ဇနေ့ဟ်သို့ ရောက်လာတော့၏ သဘောမှာ လက်ခံစကား ပြောလာတော့၏၊ ထိုမှတဆင့် တဖြည်းချင်းတဖြည်းချင်းနှင့် ကာမဂုဏ်ကို မလွန်ဆန်နိုင်သော ပုထုစဉ်လူသားသည် အကုသိုလ်တွင်းသို့ နစ်ရလေ တော့၏။

အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူ၏ သို့ပါသောကြောင့် လူတို့သည် အမှားတွင်းသို့ မရောက်ရှိစေရန် အမိန့်တော်ထုတ်ပြန်ရာ၌ ထုတ်ပြန်ချက်အမှတ်တစ်အနေဖြင့် မျက်စိကို စောင့်စည်းရန် ထုတ်ပြန်တော်မူပြီး အရှက်၏ စောင့်စည်းမှု အမိန့်ကို နောက်မှ ထုတ်ပြန်ခြင်းဖြစ်ကန်ရာ၏။ ထို့နောက်တွင် အမျိုးသမီးများသည် မိမိ အလှရည်များကို မထုတ်ဖော်ကြရန် ထုတ်ပြန်ခဲ့၏၊ တဖန် ထိုအမိန့်တော်၌ ဟုဆို၍ ချွင်းချက်အားဖြင့် မပါဝင်သောအရာကို ဆိုခဲ့၏။ ၎င်းကို ရှေ့တွင် ရှင်းပြပါမည်။ ထို့နောက် မိန့်မှတ်ခဲ့သည်မှာ

(မိမိခြုံပိုင်းများကို မိမိရင်ဘတ်ပေါ်၌လည်း ဖုံးအုပ်ထားပါလေ) ဤခြုံပိုင်းနှင့် စပ်လျဉ်း၍ အိုင်ရှာသခင်မ မိန့်ကြားသည်မှာ ဤအမိန့်တော်ကျရောက်စဉ်၌ မုဟာဂျိရ် အမျိုးသမီးများသည် မိမိတို့၏ ထူဖိန်းသော စောင်ပိုင်းကြီးများကို ဖြတ်၍ ခြုံထည်များပြုလိုက်ကြသည်၊ တရားတော်မြတ်၌ ခြုံထည်ဆိုသည်မှာ ဦးခေါင်းပေါ်၌သာ ခြုံရန်မဟုတ် လည်ပင်းနှင့် ရင်ဘတ်ကိုလည်း ဖုံးရန်၊ ခြုံထားရန် အရေးကြီး၏၊ တစ်ခါတစ်ရံ အင်္ကျီကျယ်စေ့ ဟလျက်ရှိတတ်ပေသည်၊ ထို့ကြောင့် ၎င်းကို ခြုံထားရန် အရေးကြီး၏၊ ထို့ပြင် အခြားသော အကြောင်းပြချက်များလည်း ရှိနိုင်သေးသည်။ သမိုင်းပညာရှင်များက ရေးကြသည်မှာ အမိုက်ခေတ်တွင် အမျိုးသမီးများသည် ခြုံထည်များကို ဦးခေါင်းတွင် စီး၍ ၎င်း၏အဝတ်စကို ခါးအထိ ချထားလေ့ရှိကြသည်။ ဤသို့ဖြင့် ၎င်းတို့၏ ရင်သားများသည် ပေါ်နေခဲ့ပေသည်၊ ရင်သားကို တနည်းတဖုံပေါ်လွင်စေခြင်းမှာ ကာမေသုမိစ္ဆာစာရမှုတို့ကို နှိုးဆွပေးခြင်းပင်ဖြစ်သည်။ သို့အတွက်ကြောင့် ကျမ်းမြတ်ကုရ်အာန်က အမျိုးသမီးများသည် မိမိတို့၏ ဦးခေါင်းခြုံလွှာများကို ဦးခေါင်းပေါ်မှ တွဲလျားဆွဲထားပြီး၊ ရင်ဘတ်ပေါ်၌ ချထားရမည်ဟု အမိန့်ပေးထားခြင်းဖြစ်သည်။ အလ္လာဟ်အသျှင်သည် မုအ်မင်မွတ်စ်လင်မ် အမျိုးသမီးများအား သင်မတို့သည် မိမိလည်ပင်းရင်ဘတ် ဝမ်းဗိုက်တို့ကို ခြုံထည်ဖြင့် ဖုံးအုပ်ထားပါလေဟု အမိန့်ပြုခဲ့ပေသည်၊ ဤသို့ဖြင့် အမျိုးသမီးများ၏ ဦးခေါင်း၊ နား၊ လည်ကုတ်၊ လည်မင်းနှင့် ရင်အုံများသည် အထူးတလည် လုံခြုံသွားပေမည်၊ ဤအမိန့်တော်ကိုကြား၍ စွဟာဗီ အမျိုးသမီးများသည် စောင်ထူကြီးများကို ခြုံထည်ပြုလုပ်လိုက်ကြပြီး ကျမ်းလာ အမိန့်အတိုင်း မိမိလည်ပင်းများနှင့် ရင်ဘတ်များကိုလည်း စောင်ပိုင်းကြီးများနှင့် ခြုံကြလေတော့သည်၊ အဘယ်ကြောင့်ဆိုသော် ပိတ်ပါးများဖြင့် ဦးခေါင်းနှင့် ရင်သားကို ပရ်ဒဟ် မပြုနိုင်သောကြောင့် စောင်ထူကြီးများကို ခြုံထည်အဖြစ် ရွေးချယ်သတ်မှတ်ကြခြင်းဖြစ်ခဲ့သည်။

ယနေ့ အမျိုးသမီးများသည် ဦးခေါင်းဖုံးခြင်းကို အပြစ်အနာထင်လေတော့သည်၊ ပဝါခြုံသော်လည်း ပါးလွှန်းလှသောကြောင့် ဦးခေါင်း၏ ဆံပင်နှင့်

အလှရည်အသွင်အပြင်ကို အထင်းသား မြင်နေရပေသည်၊ သို့မဟုတ် ၎င်း၏ ခြုံထည်သည် ချောအိနေသောကြောင့် ဦးခေါင်း၌ပင်မရှိ လျှော၍ လျှော၍ ကျလျက်ပင်ရှိပြီး ပရ်ဒဟ် ၏ ရည်ရွယ်ချက်ကိုပင် ပပျောက်ရချေ၏။ "ဒဟိယဟ်ဗင်ခလီဖဟ်"သခင်ကို အကြောင်းပြုခဲ့သည် သူတစ်ဦးသည် တမန်တော်မြတ်ကြီး (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံပါးသို့ အိဂျစ်ဗ်မှ ယက်လုပ်သည့် ပိတ်ပါးများကို ဆက်သခဲ့ပါသည်၊ ၎င်းထဲမှ ပိတ်တစ်စကို ကျွန်ုပ်အားလည်း ချီးမြှင့်ခဲ့ပါသည်။ တမန်တော်က ဤအပိုင်းကို နှစ်ပိုင်းပြု၍ အသင် (အင်္ကျီ) တစ်စချုပ်ပါ ကျန်တစ်စကို မိမိဇနီးသည်အတွက် ခြုံထည် ပြုပေးလိုက်ပါ ကျွန်ုပ်သည် ထိုအဝတ်စကိုယူ၍သွားသည်နှင့် ကိုယ်တော်က အသင်သည် မိမိဇနီးသည်အား ဤအစ၌ အခြားအစတစ်ပိုင်းလည်း အောက်ခံအဖြစ် ထပ်ကွတ်လိုက်ပါရန် အမိန့်ပြုလိုက်ပါ သို့မှသာ ပါးလွှာခြင်းကို အစားထိုးပြီးသားဖြစ်စေပြီး အစိတ်အပိုင်းများကို တွေ့မြင်ရမည် မဟုတ်ကြောင်း မိန့်ဆိုခဲ့ပေသည်။　　(အဗူဒါဝူဒ်ကျမ်း)

အခါတစ်ပါး၌ မိခင်မွန်ကြီး အိုင်ရှဟ်သခင်မထံပါးသို့ မောင်တော် အဗ်ဒိရ်ရဟ်မာန်၏ သမီးဟဖ်စဟ်သည် ရောက်လာခဲ့၏၊ ထိုအချိန်၌ တူမတော်ဟဖ်စဟ်သည် ပိတ်ပါးတစ်ထည်ကို ဝတ်ခြုံထား၏၊ အိုင်ရှဟ် သခင်မကြီးသည် ၎င်းမှ ပဝါကိုယူ၍ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲ ပြစ်လိုက်၏၊ ထို့နောက် မိမိထံမှ ထူထဲသော ပဝါတစ်ခုကို ခြုံပေးလိုက်၏။
(မုအသ်သာအိမာမ်မာလိက်)

ဤပြောဆိုချက်များဖြင့် ပါးလွှာသော ခြုံထည်များနှင့် အထူးရှောင်ရန် အရေးကြီးကြောင်းကို သိရှိရပေသည်၊ အလ္လာဟ်အသျှင်မြတ်သည် ခြုံထည် များနှင့် စပ်လျဉ်း၍ မိန့်မှတ်ညွှန်ကြားတော်မူပြီး နေကာဟ်မပိုင်သော မဟ်ရမ် သားချင်းများအကြောင်းကို မိန့်မှတ်တော်မူခဲ့၏၊ ၎င်း၌ မဟ်ရမ်သားချင်းများ ရှေ့၌ မိမိအလှကို ထုတ်ဖော်နိုင်ခွင့်ရှိကြောင်း ဖော်ပြခဲ့၏။

သဖ်စီရ်ပညာရှင်များက ရှင်းပြသည်မှာ ဇီနသ်ဟူသောပုဒ်တွင် အလှ ဆိုသည်မှာ သဘာဝရုပ်ရည်ရူပကာအလှနှင့် ရွှေငွေအလှ ဝတ်ဆင်သော

နေရာများကို ဆိုလိုပါသည်၊ (ဝါ) လက်၊ ခြေသလုံး၊ လက်မောင်း၊ လည်ပင်း၊ ရင်ဘတ်၊ ဦးခေါင်း၊ နားရွက်၊ အစရှိသောနေရာတို့ဖြစ်ပါသည်။ ယင်းနေရာများ၌ လက်ကောက်၊ ခြေကျင်း၊ လက်ကြပ်၊ ဗယက်၊ နဖူးထိပ်၌ ဆင်ယင်သော တန်ဆာနှင့် နားကွင်းစသည်များ ဆင်ယင်သောနေရာများဖြစ်ကြသည်၊ ထို့ကြောင့် ယင်းနေရာတို့ကို အလှဆင်ယင်သော နေရာများဟု ခေါ်ဝေါ် သမုတ်လေ့ရှိခဲ့ပါသည်။

ယင်းဖော်ပြပါ မိန့်ဆိုချက်များအရ အမျိုးသမီးတစ်ယောက်သည် မိမိနေကာဟ်မပိုင်သူများရှေ့၌ ဖော်ပြပါ အစိတ်အပိုင်းများကို ဖော်ထားနိုင်ကြောင်း သိရှိရပေသည်၊ ထို့ပြင် ယင်းသူတို့ရှေ့တွင် ရင်သား၊ ဗိုက်၊ ကျော နှင့် ချက်မှစ၍ ဒူးခေါင်းအဆုံးတိုင် ဖော်ခွင့်မရှိချေ၊

**မဲဟ်ရမ်ဆိုသည်မှာ မည်သည့်အချိန်အခါ၌မျှ ထိမ်းမြားပိုင်ခွင့် မရှိသော သူကိုဆိုပေသည်။**

အကြင်အမျိုးသားဖြင့် မည်သည့်အခါမျှ ထိမ်းမြားပိုင်ခွင့်မရှိသော် ထိုယောက်ျား နှင့် ထိုအမျိုးသမီးသည် မဲဟ်ရမ်ဖြစ်၏။

အထက်ပါအာယသ်တော်၌ မဲဟ်ရမ်များ၏အကြောင်းကို ဖော်ပြတော်မူခဲ့၏၊ မာမူ ဦးကြီး၊ ဦးလေးနှင့် ကြာကြာ ဘကြီး၊ ဘထွေး ဖော်ပြထားခြင်း မရှိပါ တရားဥပဒေအရ ကြာကြာနှင့် မာမူတို့သည် မဲဟ်ရမ်၌ ပါပြီးသား ဖြစ်ခြေ၏ ကြာကြာအရင်းဖြစ်စေ (သို့) အဖေ၏ ဘတူမိကွဲ ညီအစ်ကိုပဲဖြစ်၊ မိတူဖကွဲ ညီအစ်ကိုပဲဖြစ်ဖြစ်၊ ထိုနည်းတူ မာမူအရင်းဖြစ်စေ (သို့) အမေ၏ ဘတူမိကွဲမိတူဘကွဲ မောင်၊ အစ်ကိုပဲဖြစ်ဖြစ် မဲဟ်ရမ်သာဖြစ်ချေ၏၊ အထက်ပါ အာယသ်တော်၌ မဲဟ်ရမ်အကြောင်းကို ဖော်ပြပြီးနောက်တွင်
(ဝါ) မွတ်စ်စလင်မ် အမျိုးသမီးများသည် ဘာသာတူအမျိုးသမီးများရှေ့တွင် (၎င်းသည် အမျိုးတော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ) မိမိအလှတန်ဆာ ဆင်ယင်ထားသော နေရာများကို ဖွင့်ဖော်ထားခွင့်ရှိကြောင်း (ဘာသာခြား အမျိုးသမီးများရှေ့တွင် ဖွင့်ဖော်ခွင့်မရှိကြောင်းကို မိန့်ကြားခဲ့ပေသည်။)

'ဘာသာတူသူ'ဟု သတ်မှတ်ခြင်းမှာ ကာဖဲရ် အမျိုးသမီးသည် သူစိမ်း အမျိုးသားပမာဖြစ်ပေသည်၊ ဤစည်းကမ်း၏ ကောက်နုတ်ချက်ကို ကုရ်အာန် ကျမ်းလာ သဒ္ဒါအသုံးအနှုန်းအရလည်း ကောင်းစွာ သိရှိနိုင်ပေသည်၊ အဘယ်ကြောင့်ဆိုသော် ဟူသော ပုဒ်ကို နာမ်စား ဗဟုဝုစ် မကိန်း ဘက်သို့ ပိုင်ဆိုင်မှုပြုတော်မူခဲ့ပြီး ယင်းနာမ်စားသည် မုအ်မင်အမျိုးသမီးများ ဘက်သို့ ရည်ညွှန်းနေပါသည်။ ထို့ပြင် အကယ်၍ ယင်းသို့ စည်းကမ်း သတ်မှတ်ချက်သည် အဓိကဆိုလိုရင်းမဟုတ်သော် သဒ္ဒါအရ ဟုသာ မိန့်ကြားရမည်ဖြစ်ပေသည်၊ ပညာရှင်များလေ့လာပါ ကြည့်သူမြင်၏

ဒွရ်ရေမွခ်သာရ်ကျမ်းရှင်က

والذمية كالرجل الاجنبى فى الاصح فلا تنظر الى بدن المسلمة

ဇင်မ်မီအမျိုးသမီး (အစ္စလာမ့် အုပ်စိုးမှုအောက်၌နေသော ကာဖဲရ် အမျိုးသား၊ အမျိုးသမီး)သည် အစ္စလာမ့်အမျိုးသမီးများအတွက် သူစိမ်း အမျိုးသားများကဲ့သို့ ဖြစ်ပေသည်၊ ထိုဇင်မ်မီ အမျိုးသမီးများအား မွတ်စလင်မ် အမျိုးသမီးများ၏ ခန္ဓာကိုယ်ကို မြင်နိုင်သည် ကြည့်နိုင်သည့် အခွင့် အခြေအနေကို မပေးရဟု ရေးသားထားပေသည်။

အဋ္ဌာမဟ်ရှာမီသခင်က "ရှရ်ဟွလ်ဒ်ဒုရရေ ဝလ်ဂရရေ" ကျမ်းကို မှီငြမ်း၍ ရေးသားသည်မှာ

لايحل لمسلمة ان تنكشف بين يدى يهودية او نصرانية
او مشركة الا ان تكون امة لها

မွတ်စ်လင်အမျိုးသမီးများအတွက် ယဟူဒီ၊ နစရာနီ၊ မွရှ်ရစ်က် အမျိုးသမီး တစ်ဦးတစ်ယောက်ရှေ့၌ မိမိခန္ဓာကိုယ် အစိတ်အပိုင်းများကို အလျင်း ဖော်ပိုင်ခွင့်မရှိ သို့ပြောအံ့လည်း ၎င်းတို့သည် မိမိအိမ်၌ တရားဝင် ကျွန်မ အဖြစ်ရှိနေလျှင် ၎င်းရှေ့တွင် ဖော်၍သွားလာခွင့်ရှိ၏။ (စာ၊ ၂၄၅၊ အတွဲ ၅)

ထို့နောက် ရေးသားသည်မှာ

ولا ينبغي للمرأة الصالحة ان تنظر اليها المرأة الفاجرة لانها تصفها عند الرجال

တရားရှိသူအမျိုးသမီးသည် မိမိအား ဖါဆစ်ကာ၊ ဖါဂျဲရ် (ကြီးလေးသော အပြစ်ကျူးလွန်သူ) အမျိုးသမီး တစ်ယောက်တွေ့သည်မြင်သည်ကိုပင် အခွင့်ကောင်းမပေးရပေ၊ အဘယ်ကြောင့်ဆိုသော် တရားရှိသူ အမျိုးသမီးတို့၏ ကိုယ်ကာယ အလှရေများကို သူစိမ်းယောကျ်ားများအား ပြောပြလိုက်မည် ဖြစ်ပေသည်။

တဖန် ဆက်လက်၍ ကျမ်းမြတ်ကုရ်အာန်တွင် မိန့်ကြားသည်မှာ

أَوْ مَا مَلَكَتْ أَيْمَانُهُنَّ

သဘောမှာ မွတ်စ်လင်မ်အမျိုးသမီးများသည် မိမိကျွန်မများရှေ့၌ အလှဆင်သောနေရာများကို ဖေါ်ထားနိုင်ခွင့်ရှိသည်။ (ဤတွင် ကျွန်ယောကျ်ားများမပါဝင်ချေ)

ထို့နောက် ဆက်လက်မိန့်ကြားသည်မှာ

أَوِ التَّابِعِينَ غَيْرِ أُولِي الْإِرْبَةِ مِنَ الرِّجَالِ

သဘောမှာ မွတ်စ်လင်မ်အမျိုးသမီးသည် ဤကဲ့သို့သော အမျိုးသားများရှေ့၌လည်း အလှဆင်ယဉ်သော အစိတ်အပိုင်းများကို ဖေါ်ခွင့်ရှိ၏။ အကြင်သူတို့သည် မိမိအိမ်၌ စားသောက်ရန်အတွက် ကပ်ယပ်နေသူ၊ မှီခိုနေသူများကဲ့သို့ နေကြပေသည်။ ထို့ပြင် ၎င်းတို့သည် ဖိုစိတ်ကုန်၍ အမျိုးသမီးများဘက်သို့ စိတ်ဝင်စားမှုပင် မရှိသူများဖြစ်ကြပေသည်။ သဖ်စီရ် ပညာရှင်များသည် ထိုအာယသ်တော်နှင့် စပ်လျဉ်း၍ ရှင်းခဲ့သမျှသော ရှင်းချက်တို့၏ နောက်ဆုံးအကျိုးရလဒ်သည် ဤအတိုင်းဖြစ်ခဲ့ပါသည်။

အဗ်ဒွလ္လာဟ်ဗင်အဗ္ဗာစ်သခင်က မိန့်ကြားသည်မှာ

مغفل في عقل - لا يكترث للنساء ولا يشتهيهن.

## မော်လာနာအဘူဘက္ကရ်မဟ်မူဒီ (မှော်ဘီ)

ဟာစန်သခင်က မိန့်ကြားသည်မှာ

هو الذي لا ينتشر ذكره ولا يستطيع غشيان النساء ولا يشتهيهن

အစ်ဝ်နူဂျုဗိုင်းရ်သခင်က မိန့်ကြားသည်မှာ

အလ္လာမဟ်ရှာမီကမူ ၎င်း၏ သဖ်စီရ်၌ အဆိုအမျိုးမျိုးကို ဆင့်ပြန်ရေးသားခဲ့သည် ၎င်းတို့အနက် သဖ်စီရ်တစ်ခုမှာ

المراد به الابله

الذي لا يدري ما يصنع بالنساء وانما همه بطنه اذا كان شيخا كبيرا

ماتت شهوته يعني غير اولي الاربة من الرجال

အထက်အကြောင်းပါပုဂ္ဂိုလ်သည် ထိုပုဂ္ဂိုလ်မျိုးဖြစ်ပါသည် အကြင်ပုဂ္ဂိုလ်သည် မှတ်ဉာဏ်ကင်းနေသူလည်းဖြစ် ၎င်းသည် ဝမ်းဖြည့်သည်မျှအပြင် မည်သည့်အရာကိုမျှ မသိရှိ၊ အမျိုးသမီးသည် မည်သည့်အရာဖြစ်သည်ကိုပင် မသိရှိ၊ ဇယာအိုလည်းဖြစ်၊ ဖိုစိတ်ကုန်ခန်းနေသူလည်းဖြစ်သူဟူ၍ ကျွန်ုပ်သေးသိမ်သူထံ၌ ဤသဖ်စီရ်သည် စုံလင်ဆုံးဖြစ်ပါသည်။

အမေး။ ဖေါ်ပြပါဖွင့်ဆိုချက်များ၌ မှတ်ဉာဏ်ကင်းနေသူဟုပြောပြီးပါမှ ရင့်ရော်နေသော အဖိုးအို၏ စည်းကမ်းချက်ကို အဘယ်ကြောင့်ဖြည့်စွက်ရပါသနည်း။?

အဖြေ။ ရှူးနေသော အမျိုးသားသည် အကယ်၍ အသက်မကြီးသူဖြစ်လျှင် ၎င်းအား လိင်စိတ်မဖြစ်ပေါ်သော်လည်း ၎င်းအား ကြည့်သူအမျိုးသမီး၌ စိတ်ဝင်းစားနိုင်မှုဖြစ်နိုင်ပေသည်၊ အကယ်၍ ထို ရှူးနေသူသည် အိုမင်းမစွမ်းတစ်ဦးဖြစ်လျှင် စိုးရိမ်စရာအကြောင်းမရှိသို့ဖြစ်၍ شيخا كبيرا ဆိုသည့် ဇယာအို၏ စည်းကမ်းကို ယူလာခြင်းဖြစ်ပေသည်။

ထို့နောက် အမိန့်ရှိသည်မှာ

أَوِ الطِّفْلِ الَّذِينَ لَمْ يَظْهَرُوا عَلَىٰ عَوْرَاتِ النِّسَاءِ

သဘောမှာ အမျိုးသမီးများသည် ဤကဲ့သို့သော ကလေးများရှေ့၌လည်း မိမိအလှအပဆင်ယင်သော နေရာများကို ဖွင့်ထားခွင့်ရှိ၏ အကြင်ကလေးတို့သည် ဖို၊ မ ကိစ္စများကို သိရှိနားလည်ခြင်းမရှိကြသေးပေ။ ထပ်ဆင့်ရှင်းရသော် အရွယ်မရောက်သောကလေးသည် သုံးဆင့် ရှိပါသည်။ ပထမအဆင့်ကလေးမှာ မည်သည့် အကောင်းအဆိုးကိုမျှ ခွဲခြား မတတ်သော အရွယ်၊ ၎င်းတို့သည် တွင်းထွက်ဝတ္ထုများပမာဖြစ်၏ ဤကဲ့သို့ ကလေးများနှင့် မည်သည့်ပရ်ဒဟ်မှုမရှိချေ။
ဒုတိယအရွယ်အတန်းစားကလေးမှာ နားလည်မှုရှိ၏၊ သို့သော် ရာဂစိတ်မှာ ကင်းနေသေး၏၊ ကာမဂုဏ်အကြောင်းလည်း မသိနားမလည်သေးပေ၊ ထိုကလေးများရှေ့၌ ချက်မှဒူးဆစ်အထိ ဖော်ပိုင်ခွင့်မရှိ။
တတိယတန်းစားကလေးမှာ အရွယ်ရောက်လုနီးအရွယ်ဖြစ်၏၊ အကြင်ကလေးကို ဖေကဟ်ကျမ်း၌ مراهق ဟုခေါ်ဆိုပါသည်။ ဤအရွယ်အစားကလေးများသည် အရွယ်ရောက်သော ယောကျ်ားများ အမိန့်၌ ပါဝင်ပေသည်။
**သဘောမှာ။** ပေါ်ပြပါ အရွယ်ရောက်လုနီးပါးကလေးသည် မဲဟ်ရမ်မဟုတ်လျှင် သူစိမ်းများကဲ့သို့ တင်းကြပ်စွာ ပရ်ဒဟ်ပြုရန် အရေးကြီး၏

وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن زِينَتِهِنَّ

**သဘောမှာ။** အမျိုးသမီးများသည် လမ်းလျှောက်သောအခါ မိမိဖုံးဝှက်ထားသော အဝတ်စားတန်ဆာကို ပြသရန် အသံခတ်စေရန် ခြေရာကြမ်းကြမ်း မလျှောက်လေနှင့်၊ ဝတ်စားတန်ဆာ၌ အသံပေါ်သည်မှာ နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ ခြူသံပါသော ဝတ်စားတန်ဆာဖြစ်သည်၊ ၎င်းသည် ဝတ်ဆင်ခွင့်မရှိ၊ ယင်းနှင့် ပတ်သက်ပြီး ဟဒီဆ်ကျမ်းများ၌ တားမြစ်ချက်ပါရှိပေသည်။

အဗူဒါဝူဒ်ကျမ်း၌ လာရှိသည်မှာ ဇုဘိုင်ရ်သခင်၏ သမီးငယ်တစ်ဦးအား အိမ်ရှိ ကျွန်မသည် အုမရ်သခင်ထံ ခေါ်ဆောင်သွားတော်မူ၏၊ ထိုကလေးမ၏ ခြေ၌ ခြူသံပါသော ခြေကျင်းကို ဝတ်ထား၏၊ အိုမရ်သခင်သည် သူငယ်မမှ ထိုခြေကျင်းကို ဖြတ်ပြစ်လိုက်၏၊ ထို့နောက် မိန့်ကြားသည်မှာ ငါသည် တမန်တော်ထံမှ ကြားသိခဲ့ရ၏

သဘောမှာ အသံပါသော တန်ဆာပလာတိုင်းနှင့်အတူ ရှိုင်သာန်ရှိကြောင်း မိန့်ကြားခဲ့၏။

ဒုတိယတစ်မျိုးမှာ ဝတ်စားတန်ဆာ၌ ခြူပါရှိခြင်း မရှိသော်လည်း ဝတ်စား တန်ဆာတစ်ခုနှင့်တစ်ခု ပြင်းပြင်းထိမိလျှင် အသံခတ်သံတော့ ပေါ်လေ့ရှိ၏၊ ဥပမာ ခြေကျင်း၊ လက်ကောက်၊ စသည်များ၌ ပေါ်တတ်၏၊ အထက်ပါ အာယသ်တော်၌ ဤကဲ့သို့ ခြူမပါသော လက်ဝတ်လက်စားများနှင့် ပတ်သက်ပြီး မိန့်ကြားသည်မှာ အမျိုးသမီးများသည် လမ်းလျှောက်ရာ၌ မြေပေါ်သို့ ခြေပြင်းပြင်းမချရန် တားမြစ်တော်မူခဲ့ခြင်းဖြစ်၏။

**သဘောမှာ** - ခြူမပါသော တန်ဆာများကို ဝတ်စားနိုင်၏၊ သို့သော် ခြေ ကြမ်းကြမ်းလျှောက်၍ အသံပြုခြင်း၊ သူစိမ်းများကို အသံကြားသိစေခြင်းသည် မလျော်ကန်ခြင်း တစ်ရပ်ဖြစ်ကြောင်း၊ ဤသည်ကို ယောက်ရှ၍ ၄င်း၏ လျှို့ဝှက်ချက်သဘောတရားကို ဖေါ်ပြရန်လိုမည်ဖြစ်သည် အကြင်အခါ လက်ဝတ်တန်ဆာအသံများကို ဤ၍ဤမျှ ဖုံးဝှက်ရန် ပညတ်ထားသည်ရှိလျှင် ၄င်းဝတ်စားသူ၏ အသံသည် သူစိမ်းများရှေ့၌ မည်၍မည်မျှ ဖုံးဝှက်ရန် အရေးကြီးကြောင်းကို အထူးသတိပြုသင့်ပေသည်၊ အဘယ်ကြောင့်ဆိုသော် အသံသည်လည်း အကျိုးဖျက်ဆီးသောအရာ ပြဿနာ၏ အကြောင်းခံ ဖြစ်နိုင်ပေသည်။ သူတစ်ပါး၏ ကာမဂုဏ်အာရုံကို မိမိဘက်သို့ ဆွဲဆောင် ယိမ်းယိုင်စေပါသည်။ သို့ဖြစ်၍ ပို၍ပင် စည်းကမ်းရှိရန် သတိပြုရန်လိုကြောင်း အသံကိုပင် ဤမျှထိန်းသိမ်းရန်လိုလျှင် အများဆုံးပြဿနာပေါ်စေသည့် ရုပ်ရည်ကိုမူ ပိုမို၍ပင် ထိန်းသိမ်းကာကွယ်ရန်လိုကြောင်း ကောင်းစွာ စဉ်းစား ဆင်ခြင်သိမြင်နိုင်ပေသည်။

ရဒ်ဒေမွခ်သာရ်ကျမ်းရှင်က ရေးသားသည်မှာ

فإنا نجيز الكلام مع النساء للأجانب ومحاورتهن عند الحاجة إلى ذلك ولا نجيز لهن رفع أصواتهن ولا تمطيطها ولا تليينها وتقطيعها لما في ذلك من استمالة الرجال إليهن وتحريك الشهوات منهم

သဘောမှာ သူစိမ်းများနှင့် စကားပြောရန် အရေးပေါ်လို့ပြောရလျှင်လည်း ပရ်ဒဟ်အတွင်းမှနေ၍ ပြောခွင့်ရှိ၏ သို့သော် စကားကို ကျယ်လောင်စွာ ဟိုစကား ဒီစကား၊ စကားကြောရှည်၍ ပျော့နှောင်းစွာ ပြောဆိုခွင့် အလျှင်းမရှိ သို့မဟုတ်ပါက အမျိုးသားများ၏ စိတ်တွင်း၌ အသံ၏ ဆွဲဆောင်မှု စိတ်ဝင်စားမှုများ၊ စိတ်၏လှုံ့ဆော်မှုများပေါ်ပေါက်လာအံ့။ ယင်းကိစ္စကို ကျမ်းမြတ်ကုရ်အာန်က فَلَا تَخْضَعْنَ بِالْقَوْلِ فَيَطْمَعَ الَّذِي فِي قَلْبِهِ သို့ဖြစ်လေရာ အကယ်၍ အပြစ်မှ ရှောင်ကြဉ်ကြပါလျှင် အသင်တို့သည် စကားပြောဆိုရာတွင် ကနွဲ့ကလျမရှိကြကုန်လင့်၊ သို့ရှိခဲ့ကြပါလျှင် စိတ်တွင်း၌ ရောဂါရှိသောသူသည် ရမ္မက်ထားရှိလာပေမည်၊ သို့ရာတွင် အသင်တို့သည် ထုံးစံအတိုင်းသာလျှင် စကားပြောဆိုမှုကို ပြုကြလေကုန်။ ထို့အတူ ဖေါ်ပြအပ်သော အချက်မှာ အမျိုးသမီးတစ်ဦး၏ အသံသည် ဖုံးဝှက်လျှို့ဝှက်ထားထိုက်သောအရာဖြစ်လျှင် အမျိုးသမီးတို့၏ ရှုပကာရုံများသည် ပိုမို၍ ဖုံးကွယ်ထိုက်သောအရာဖြစ်ကြောင်း ထင်ရှားလှပေသတည်း။

**ဥပဒေသ (၁)** အထက်ပါအာယသ်တော်၌ အမျိုးသမီးများအား မျက်လွှာအောက်ချထားရန်နှင့် အရှက်များကို ထိန်းသိမ်းရန် အမိန့်တော်ထုတ်ပြန်တော်မူပြီးနောက် وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا ဟု မိန့်ဆိုခဲ့သည်မှာ မုအမင်အမျိုးသမီးများသည် မိမိတို့၏ တန်ဆာဆင်ယင်သောနေရာအစိတ်အပိုင်းများကို မထုတ်ဖေါ်ကြလင့် သို့သော် အပေါ်ရုံထားသော အရာသာ မြင်သာရာ၏။

တန်ဆာဆင်ယင်သောနေရာများအား ဖုံးကွယ်ထားရမည်ဟူသော အများလိုက်နာရန် အမိန့်မှ إِلَّا مَا ظَهَرَ ဟု ပြောဆိုပြီ ချွင်းချက်အားဖြင့် ခွဲခြားမှုတစ်ခုပြုလိုက်၏ مَا ظَهَرَ مِنْهَا ဖြင့် အဘယ်အရာကို ဆိုလိုပါသနည်း။ ထိုကိစ္စနှင့် ပတ်သက်ပြီး သဖ်စီရ်ပညာရှင်များ၌ အဆိုအမျိုးမျိုးဖွင့်ဆိုထားသည်ကို တွေ့ရပေသည်။

အိဗ်နူမတ်စ်အူဒ်သခင်က မိန့်မှတ်သည်မှာ ၎င်းစာပိုဒ်၏ သဘောမှာ အကျီအဝတ်အစားများအပေါ်၌ ပရ်ဒဟ်ဟောဂျာဗ်အတွက် လုံခြုံစေရန် ထပ်ဆင့်ဝတ်ရုံထားသော အဝတ်အစားမျိုးကို ဆိုလိုကြောင်း သဖ်စီရ်မဇ်ဟရီကျမ်းရှင်ကမူ ဗိုင်ဇာဝီကျမ်းကို မှီငြမ်း၍ ရေးသားသည်မှာ ဤသီးသန့်ခွဲခြားမှုသည် နမာဇ်၏ အခြေအနေနှင့် စပ်လျဉ်း၍ဖြစ်သည် နမာဇ်အတွင်း၌ မျက်နှာနှင့် လက်နှစ်ဘက် လက်ကောက်ဝတ်အထိဖွင့်လျက်ရှိခဲ့သော် နမာဇ်ပြီးမြောက်သွားမည်ဖြစ်၏။ ထိုအစိတ်အပိုင်းနှစ်ခုပေါ်နေသောကြောင့် နမာဇ်အတွင်း၌ မည်သည့်ထိခိုက်မှုမှမရှိ၊ ထို့ပြင် အဆိုပါအာယသ်အပိုဒ်၌ သူစိမ်းများရှေ့၌ တန်ဆာဆင်ယင်သောနေရာများအပြင် မည်သည့်နေရာမှ ဖေါ်ခွင့်မရှိဟူသော အကြောင်းသည် مَا ظَهَرَ مِنْهَا တွင် မပါရှိချေ။

တဖန် မဇ်ဟာရီကျမ်းရှင်က အကယ်၍ مَا ظَهَرَ مِنْهَا မှ ပြင်ပတန်ဆာ ဆင်ယင်ထားသောနေရာများကိုသာ ဆိုလိုသော် အရေးပေါ် မလွှဲသာမရှောင်သာဘဲ အတင်းအကြပ်အခြေအနေအတွက် (သူတစ်ပါးအား အလှဆင်သောနေရာကို ပြစားရန် ရည်ရွယ်ချက်မပါဘဲ ပေါ်လွင်သွားသော အခြေအနေများကို) ခြွင်းချက်အားဖြင့် တစ်စုံတစ်ရာမှ အပြစ်မရှိကြောင်း ရေးသားထားပေသည်။ တဖန် ၎င်းကိုဆက်လက်ရေးသားသည်မှာ ကျွန်မဟုတ်သော အမျိုးသမီးများ၏ မျက်နှာနှင့် လက်ဖဝါး၊ လက်ဖမိုး နှစ်ဘက်ဖုံးထားခြင်းမှ ဖေါ်ထားခွင့် ရှိကြောင်းကို သီးသန့်ခွဲခြားလိုက်ခြင်းသည် နမာဇ်အတွက်သာဖြစ်၏ သူစိမ်းများအရှေ့၌ ဖေါ်ခွင့်မရှိသည်မှာ ကျမ်းလာ အမိန့်တော်အရ يُدْنِينَ عَلَيْهِنَّ مِنْ جَلَابِيبِهِنَّ

ဖြင့် သူစိမ်းတို့ရှေ့၌ မျက်နှာကို ဖေါ်ခွင့်မရှိကြောင်း ပေါ်လွင်လျက် ရှိနေပေသည်။

အဗ်ဒွလ္လာဟ်ဗင်အုမရ်သခင်သည် مَا ظَهَرَ مِنْهَا ကို ရှင်းလင်းလျက် မိန့်ကြားသည်မှာ اَلْوَجْهُ وَالْكَفَّانِ သဘောမှာ အမျိုးသမီးသည် မိမိမျက်နှာနှင့် လက်ဖဝါး လက်ဖမိုး နှစ်ဘက်ကို ဖေါ်ထားခွင့်ရှိသည်၊ အကယ်၍ ဤသဖ်စီရ်ကိုဘဲ ယူရလျှင်လည်း သူစိမ်းများရှေ့၌ ဖေါ်ထားခွင့်ရှိသည်ဟူသော စကားမှာကား မပါရှိချေ။ အကြင်သူတို့သည် ဤခွဲခြားမှုမှ အပျိုကညာများ မျက်နှာဖေါ်၍ သွားခွင့်ရှိကြောင်းကို သဘောလွဲကောက်၍ သက်သေပြသလိုကြပေသည်။ ဤသို့ သဘောကောက်ခြင်းသည် အလွန်မှားသောအမှားကြီးတစ်ရပ်ဖြစ်ပါသည်။ (ဤသည်ဂေါ်များ၏ ဖွင့်ဆိုချက်သာဖြစ်နိုင်၏) အဘယ်ကြောင့်ဆိုသော် ကျမ်းလာသုံးနှုန်းထားသော စာလုံးမှာ الا ما ظهر၊ သို့သော် ၎င်းမှပေါ်ခဲ့သည်မှတစ်ပါးဟု မိန့်ထားပေသည်၊ الا ما اظهرن၊ သို့သော် ထိုအမျိုးသမီးများဖေါ်ထားသည်မှတစ်ပါးဟု မိန့်ဆိုခြင်းမပြုခဲ့ပါ။ ဤသည်ဖြင့် ကောင်းစွာထင်ရှားလှသည်မှာ အမျိုးသမီးတို့အား ရည်ရွယ်ချက်နှင့်တကွ သူစိမ်းများရှေ့၌ မျက်နှာဖေါ်၍ သွားခွင့်မပြုထားကြောင်း ရှင်းပေ၏။

ကံပုဒ်မလိုသော ကြိယာစဉ်ကို ကြည့်ခြင်းအားဖြင့် သိနေရသည်မှာ အမျိုးသမီးတစ်ဦးသည် လုပ်ငန်းဆောင်တာ လုံးပန်းမှုကြောင့် (သို့) မဖြစ်သာ၍ အခြေအနေအရ မိမိမျက်နှာကို ဖွင့်ခဲ့ရသော် မဟ်ရမ်မဟုတ်သော သူစိမ်းများသည် အခွင့်အရေးယူကာ မရိုးသားသော စိတ်ထားဖြင့်၊ တပ်မက်သော စိတ်ထားဖြင့် အလျင်းမကြည့်ရ အမျိုးသားများအား မျက်စိများကို အောက်သို့ စိုက်ထားကြရမည်ဟူသော အမိန့်ကို ဤအမိန့်ပြုချက်အလျင်ကြိုတင်ထုတ်ပြန်ထားတော်မူခြင်းမှာလည်း ဤသည်အတွက်ကြောင့်ပင်၊ အမျိုးသမီးများအတွက် ကြပ်မတ်ခြင်း အာယသ်တော်မှာ နောက်မှကျရောက်ခြင်းဖြစ်ခဲ့သည်။ ထို့နောက် ၎င်းတို့၏ **စတ်ရ်**အရှက်သည် မည်သည့်အရာဖြစ်၍ မည်သည့်အရာမဟုတ်ကြောင်းကို ရှင်းလင်းတော်မူခဲ့၏။

အမျိုးသားများအား မျက်လွှာများချထားရန် အမိန့်တော်အရ ဈေးများ လမ်းများ၌ရှိကြသော အမျိုးသမီးများအား ကြည့်ပိုင်ခွင့်မရှိကြောင်း သာကေ ပြုသည့်ပြင် အမျိုးသမီးများသည် ကံအားလျော်စွာ မျက်နှာဖေါ်၍ အလုပ်၌ လုံးပန်းနေလျှင်လည်းကောင်း၊ အမှုမဲ့အမှတ်မဲ့ ပရ်ဒဟ်မပြုဘဲရှိနေသော် လည်းကောင်းရှိခဲ့မူ မဲဟ်ရမ်မဟုတ်သော အမျိုးသားသည် သူမအား ရည်ရွယ် ချက်နှင့်တကွ ကြည့်ပိုင်ခွင့်မရှိကြောင်း သိရှိရပေသည်။

ကျွန်ုပ်သည် အထက်ပါ စူရဟ်နူရ်၏ အဓိပ္ပါယ်ကို ဖွင့်ဆိုပြီး ပရ်ဒဟ် နှင့် ပတ်သက်ပြီး ကုရ်အာန်၏ အထောက်ထားကိုမှ တောင်းဆိုကြသော ဘေးတိုက်သမားများသည် မိမိတို့၏အမှား မိမိတို့ သိသွားစေရန် အနည်းငယ် သာပို၍ ရှင်းခဲ့ခြင်းဖြစ်ပေသည်။

အထက်ပါ အာယသ်တော်တွင် ဦးစွာမျက်နှာများအောက်ချထားရန် မိန့်တော်မူပြီး သဘာဝအလှနှင့် အလှဆင်ယင်သောနေရာများကို ဖုံးကွယ် ကြရန် မိန့်မှတ်ခဲ့ပြီးနောက် အကြင်အစိတ်အပိုင်းကို မလွှဲသာမရှောင်သာ ဖေါ်ခဲ့ရသော် ထိုမျှသာပေါ်စေရန် မိန့်မှတ်ခဲ့ပေသည်။ ထို့နောက်ပိုင်းတွင် وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ အဆုံးတိုင်ထုတ်ပြန်တော်မူခဲ့၏။ ၎င်းတွင် သူစိမ်းရှေ့တွင် မိမိအလှနှင့် အလှဝတ်ဆင်သောနေရာများကို အထူးသဖြင့် ဖုံးထားရန်၊ သို့သာမက မိမိဝတ်ဆင်ထားသော လက်ကောက်၊ ခြေကျင်းများ၏ အသံကို သူစိမ်းများအား မကြားစေရန် အမိန့်တော်ပြုခဲ့ပေ သည်။

အကယ်၍ ပရ်ဒဟ်နှင့် စပ်လျဉ်း၍ ဤ၍ဤမျှ ကြပ်မတ်ချက်များ၊ ပညတ်တော်များ ရှိပါလျက် အသိခေါက်ခက် အဝင်နက်ပြီး ခေတ်၏ ရေစီးကြောင်းအတိုင်း ချော်လဲရောထိုင်ပြုပြီး သာသနာကို မိမိအတွေးနှင့် ဆရာကြီး လုပ်ချင်သူများ၊ မွေ့သစ်ဖွင့်လိုသူများ၏ စကားကို နားယောင်ပြီး ပရ်ဒဟ်မဲ့နေထိုင်ခြင်းကိုပင် နှစ်သက်ကြလျှင် ကျွန်ုပ်သည် အလ္လာဟ်အသျှင် ကို အပ်သည်ကလွဲ၍ မည်သို့မျှ မပြောလိုတော့ပါ။

وَسَيَعْلَمُ الَّذِينَ ظَلَمُوا أَيَّ مُنقَلَبٍ يَنقَلِبُونَ

မတရားပြုလုပ်သော သူတို့သည် မိမိတို့မှာ မည်ကဲ့သို့ (အန္တရာယ်အတိ ဖြစ်သော)နေရာ ဂျဟန္နမ်ငရဲဘုံသို့ ပြန်လည်ရောက်ရှိကြသည်ကို မကြာမီပင် သိရှိကြပေမည်။

ما ظهر منها ပုဒ်နှင့် စပ်လျဉ်း၍ ထပ်မံသိလိုပါက رسالة القار السكينة
ကျမ်း نوادر النوادر သို့မဟုတ် اسرار الفتاوے ကျမ်း
အတွဲ (၄) ကို ကြည့်ရှုပါလေ။

ဥပဒေသ (၂) မဲဟ်ရမ်သားချင်း အမျိုးသား အမျိုးသမီးများသည် တစ်ဦးကို တစ်ဦးတွေ့နိုင်ခွင့်ရှိသည် မိမိကိုယ်ကို စိတ်ချရလျှင် နှစ်ဦးတည်းသွားလာ နေထိုင်ခွင့်ရှိ၏ မိမိစိတ်နှင့် မျက်စိကို စိတ်ချရန်မှာ အဓိကစည်းကမ်းဖြစ်၏ သို့မဟုတ်ပါက နေထိုင်ခွင့်မရှိချေ။

ဒွရ်ရေမွခ်သာရ်ကျမ်းရှင်က ရေးသားသည်မှာ

ومن محرمه هي من لا يحل له نكاحها ابدا بنسب

او سبب ولو بزنا الى الراس والوجه والصدر و

والساق والعضد ان امن شهوته وشهوتها

ايضا ذكره في الهداية ولا الى الظهر والبطن والفخذ

كتاب الحظر والاباحة

မိမိမဟ်ရမ်အမျိုးသမီး၏ ဦးခေါင်း၊ မျက်နှာ၊ ရင်ဘတ်၊ ခြေသလုံးနှင့် လက်မောင်းများဘက်သို့ ကြည့်ခွင့်ရှိ၏။ ဤသည် နှစ်ဦးစလုံးမှ ကာမဂုဏ် စိတ်မပေါ်မည်ကို စိတ်ချရသောအခါအတွက်သာ ဖြစ်၏။ အကယ်၍ ကာမဂုဏ်ကို စိုးရိမ်ရသော် ကြည့်ပိုင်ခွင့်မရှိ၊ ထို့ပြင် မဲဟ်ရမ်အမျိုးသမီး၏ ခါး၊ ဝမ်းဗိုက်၊ ပေါင်အစရှိသော အစိတ်အပိုင်းများကိုကား အလျှင်းကြည့်ပိုင်ခွင့်

မရှိချေ (ကာမဂုဏ် အာရုံကို စိုးရိမ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြည့်ခွင့် မရှိ) မဟ်ရမ်ဆိုသည်မှာ မည်သည့်အခါမျှ ထိမ်းမြားပိုင်ခွင့်မရှိသော အမျိုးသား အမျိုးသမီးကို ဆိုပေသည်၊ ဤမဟ်ရမ်သည် မျိုးနွယ်ဆက်ကြောင့်ဖြစ်စေ၊ တဖက်သို့ သွေးနှောခြင်းကြောင့်ဘဲဖြစ်စေ၊ တစ်ဦးဦးမှ နို့စို့ခြင်းကြောင့် ဖြစ်စေ အတူတူဖြစ်၏။

အလ္လာမဟ်ရှာမိသခင်က اوسبب ပုဒ်၌ အောက်ခြေအဖွင့်ကို ဖွင့်ဆိုခဲ့သည်မှာ كالرضاع والمصاهرة သဘောမှာ အနွယ်အရနေကာဟ် မပိုင်သူ သားချင်းများအပြင် နို့စို့ခြင်းကြောင့်တော်စပ်ခဲ့သော ဟရာမ်သားချင်းများနှင့် ယောက္ခမတော်စပ်ခြင်းကြောင့် ဟရာမ်ဖြစ်ခဲ့ရခြင်းများဖြစ်ပေသည်၊ ဤထုံးနည်းအရဆိုလျှင် အမျိုးသမီး၏ သားမက်နှင့် နို့စို့ဘက် မောင်နှမများသည်လည်း ဟရာမ်ဖြစ်ချေ၏၊ သို့ပြား အံ့လည်း ဖေကဟ်ဥပဒေပညာရှင် ဆရာတော်များကမူ အသက်ငယ်သော ယောက္ခမနှင့် နို့စို့မှုဖြင့် တော်စပ်သော ဆွေမျိုးများ နှစ်ဦးတည်းမနေရဟု မိန့်ဆိုထားပေသည်။ အဘယ်ကြောင့်ဆိုသော် ယခုအခါ၌ လူ့ကျင့်ဝတ်များမှာ အပျက်ကြီးပျက် အဆိုးကြီးဆိုးနေသောကြောင့် ပြဿနာများကို စိုးရိမ်ရပေသည်။

(كما قال في الدر المختار والخلوة بالمحرم مباحة الا الاخت
رضاعا والصهرة الشابة ص ٢٤١ ج ٥ برهامش شامي)

ဥပဒေသ (၃) မဟ်ရမ်ဖြစ်သော အမျိုးသား အမျိုးသမီးတို့သည် ကာမဂုဏ် အာရုံ၏ စိုးရိမ်မှုများမရှိခဲ့လျှင် ကြည့်ပိုင်ခွင့်ပြုထားသော နေရာကို ကိုင်တွယ် ခွင့်လည်းရှိသည်၊ မဟ်ရမ်မဟုတ်သော အမျိုးသမီးအား ကြည့်ပိုင်ခွင့်မရှိသည့် နည်းတူ ကိုင်တွယ်ခွင့်လည်းမရှိချေ။ အကယ်၍ပင် ကာမဂုဏ်စိတ်မရှိသည် ဖြစ်ပါစေ။

(قال في

الدر المختار وما حل نظره من ذكر او انثى حل لمسه اذا امن الشهوة

على نفسه وعليها الا من اجنبية فلا يحل مس وجهها وكفيها وان امن

الشهوة لانه اغلظ)

အထက်ပါရှင်းလင်းချက်ဖြင့် သိရှိရသည်မှာ ယနေ့အနောက်နိုင်ငံ အကြီးအကဲများအရာရှိများ ဘွဲ့ရများသည် ပါတီပွဲများတွင် မိမိဇနီးအား ခေါ်ဆောင်သွားပြီး ကိုယ့်မယားက သူ့ယောကျ်ားနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ သူ့မယားက ကိုယ်ယောကျ်ားနှင့် လက်ဆွဲနှုတ်ဆက်သော ယဉ်ကျေးမှု ထုံးစံသည် အစ္စလာမ်သာသနာဝင်များအတွက် လေးနက်စွာ တားမြစ်ထားသော တားမြစ်ချက်တစ်ရပ်ဖြစ်၏၊ အစ္စလာမ်သာသနာ၏ အမိန့်တော်သည် ဆင်းရဲသားမှ ဘုရင်အထိ တစ်မျိုးတည်းသာဖြစ်၏၊ သို့ဖြစ်ပေရာ ကာမဂုဏ်အာရုံ မရှိပါက အိုမင်းမစွမ်းရင့်ရော်နေသော အဖွားအိုအား နှုတ်ဆက်ခွင့် ခံယူနိုင်သည်။

(قال في الدر المختار اما العجوز التي لا تشتهى

فلا بأس بمصافحتها ومس يدها اذا امن)

ထို့ပြင် အဖွားအိုသည် အမျိုးသားတစ်ဦးတစ်ယောက်၏ စိတ်ဝင်စားမှု မရှိလောက်သောအခြေအနေမျိုး၌ရှိမူ သူစိမ်းများရှေ့၌ အစိတ်အပိုင်း သတ်မှတ်ချက်အရ မျက်နှာ၊ လက်၊ ခြေ တို့ကို ဖော်ပိုင်ခွင့်ရှိလေသည် သို့သော်ငြားလည်း ယခုခေတ်တွင် လူတို့၏ အကျင့်များသည် လွန်စွာ ပျက်ပြားနေသည့်အတွက်အချို့ဓမ္မသတ်ရှင်များကမူ ဤသည်ဖြင့်လည်း ရှောင်ကြဉ်လျှင် အမြတ်ဆုံးဖြစ်ကြောင်း မိန့်ဆိုကြပေသည်။

စူရဟ်နူရ်၌အမိန့်တော်လာရှိသည်မှာ

وَالْقَوَاعِدُ مِنَ النِّسَاءِ الَّتِي
لَا يَرْجُونَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ أَنْ يَضَعْنَ
ثِيَابَهُنَّ غَيْرَ مُتَبَرِّجَاتٍ بِزِينَةٍ ۖ وَأَنْ يَسْتَعْفِفْنَ
خَيْرٌ لَهُنَّ ۗ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٦٠﴾

၎င်းပြင် ထိမ်းမြားရန် မျှော်လင့်ချက်မရှိကြသော အမွှားအိုများသည် လှပမှုကို ဖေါ်ပြခြင်းမပြုဘဲ မိမိတို့၏ အပိုအဝတ်များကို ဝတ်ထားခြင်းကြောင့် ၎င်းတို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမျှ မရှိချေ။ သို့တစေလည်း ၎င်းတို့သည် ဤသည်မှ ရှောင်ကြဉ်ကြလျှင်၊ ၎င်းတို့အဖို့ အကောင်းဆုံးပင် စင်စစ်သော်ကား၊ အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားတော်မူသော၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

ကာမဂုဏ်စိတ် ကုန်ခန်း၍ ထိမ်းမြားလိုသောစိတ် မရှိတော့သော သက်ကြီးရွယ်အို၊ အမယ်ကြီးများသည် မိမိတို့၏ နေအိမ်များတွင် သာမန်အဝတ်အစားများနှင့်ပင် နေထိုင်နိုင်ကြပေသည်။ သူစိမ်းများ ရှေ့တွင် သွားလာရာ၌ ပိုမိုလုံခြုံရန်အတွက် ဝတ်ဆင်ရသော အပိုအဝတ်စားများကို မဝတ်ဆင်ဘဲ နေနိုင်ကြပေသည်။ သက်ကြီး၊ ရွယ်ကြီး၊ အမယ်ကြီးများ အပြင်ထွက်ကြသည့်အခါတွင်လည်း သာမန်အဝတ်အစားများနှင့်ပင် သွားလာနိုင်ကြပေသည်။ ထိုသို့ သာမန်အဝတ်အစားများဖြင့် သွားလာနိုင်ခွင့်ရှိသော်

လည်း ကုရ်အာန်ကျမ်းတော် (၂၄း၃၁) တွင် ပညတ်ထားတော်မူသည့်အတိုင်း ဇီနသ်အလှကိုမူ မပေါ်လွင်စေကြရ၊ ယင်းသို ဇီနသ်ကို မပေါ်လွင်စေဘဲ သာမန်အဝတ်အစားများဖြင့် သွားလာခွင့်ရှိငြားသော်လည်း "ဟေဂျာဗ်" ပန်ဒဟ်ကို ဝတ်ရုံကြပါက ၎င်းတို့အဖို့မှာလည်း ပို၍ပင် ကောင်းပေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ပျိုရွယ်သော အမျိုးသမီးများ၌ ဟေဂျာဗ်ပန်ဒဟ်ထားရှိရန်မှာ အဘယ်မျှ အရေးကြီးလှသည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။

'ကဝါအိဒ်'သည် 'ကာအိဒွန်'၏ ဗဟုဝုစ်ကိန်းဖြစ်၏၊ အကြင်အဖွားအို သည် မီးဆုံးသူလည်းဖြစ်၊ သားဖွားနိုင်စွမ်းမရှိတော့သူလည်းဖြစ်၏၊ ၎င်းကို အရဗီ၌ ကာအိဒွန်ဟု ခေါ်ဝေါ်သမုတ်ထားပေသည်။

ရဗီအဟ်ရှိင်းမှ ကာအိဒွန်၏ အဖွင့်ကို ဤသို့ ဆင့်ပြန်ထားသည်ကို တွေ့ရပေသည်၊ အကြင်အဖွားအိုသည် အမျိုးသားများရှေ့၌ လာလျှင် စိတ်မဝင်စားသည်သာမက ရွံ့မုန်းစရာဖြစ်သော အဖွားအိုကိုဆိုကြောင်း၊ ယင်းကဲ့သို့အဖွားအိုသည် အဝတ်အစားများအပေါ်မှ ခြုံထည် (သို့) မျက်နှာဖုံး ကို ဖယ်ရှား၍ သူစိမ်းများရှေ့၌လာလျှင် လာခွင့်ရှိကြောင်း သို့သော် လက်သည် လက်ကောက်ဝတ်အထိ၊ ခြေသည်ခြေမျက်စေ့အထိ၊ ဖော်ပိုင်ခွင့် ရှိ၏ အခြားနေရာအစိတ်အပိုင်းများကို ဖော်ထားခွင့်မရှိချေ။

ထိုသို့ တစ်စိတ်တစ်ဒေသကို ဖော်နိုင်ခွင့်ပြုထားသော်လည်း ရှေ့ ဆက်လက်မိန့်ကြားသည့်မှာ သဘောမှာ

မျက်နှာ၊ လက်၊ ခြေထောက်တို့ကို သူစိမ်းများရှေ့တွင် ဖော်ခွင့်ရှိသော်လည်း ၎င်းဖြင့် ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ချေ၏။

အကြင်အခါ အမယ်အိုများနှင့် ပတ်သက်၍ ဤသို့ မိန့်ဆိုထားလျှင် အမျိုးသားများ၏ တပ်မက်မှုရှိသော အမျိုးသမီးများအတွက် မျက်နှာဖော်၍ သူစိမ်းများရှေ့တွင် သွားလာခွင့်ကား အဘယ်မှာ ရှိနိုင်အံ့နည်း၊ ယင်းတို့နှင့် ပတ်သက်၍ မျက်နှာဖုံးကွယ်ကြရန် သီးသန့်အမိန့်သည်လည်း ပါရှိ ထားသေး၏။

## အသက်ထက်အရှက်ကို အလေးထားခြင်း

(၆) وَعَنْ اَبِي السَّائِبِ قَالَ دَخَلْنَا عَلٰى اَبِيْ سَعِيْدٍ الْخُدْرِيِّ
رَضِيَ اللّٰهُ تَعَالٰى عَنْهُ فَبَيْنَمَا نَحْنُ جُلُوْسٌ اِذْ سَمِعْنَا تَحْتَ سَرِيْرِهٖ
حَرَكَةً فَنَظَرْنَا فَاِذَا فِيْهِ حَيَّةٌ فَوَثَبْتُ لِاَقْتُلَهَا وَاَبُوْ سَعِيْدٍ
يُصَلِّيْ فَاَشَارَ اِلَيَّ اَنِ اجْلِسْ فَجَلَسْتُ فَلَمَّا انْصَرَفَ اَشَارَ اِلٰى
بَيْتٍ فِي الدَّارِ فَقَالَ اَتَرٰى هٰذَا الْبَيْتَ فَقُلْتُ نَعَمْ فَقَالَ كَانَ
فِيْهِ فَتًى مِنَّا حَدِيْثُ عَهْدٍ بِعُرْسٍ قَالَ فَخَرَجْنَا مَعَ رَسُوْلِ اللّٰهِ
صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ اِلَى الْخَنْدَقِ فَكَانَ ذٰلِكَ الْفَتٰى
يَسْتَاْذِنُ رَسُوْلَ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ بِاَنْصَافِ
النَّهَارِ فَيَرْجِعُ اِلٰى اَهْلِهٖ فَاسْتَاْذَنَهُ يَوْمًا فَقَالَ لَهُ رَسُوْلُ اللّٰهِ
صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ خُذْ عَلَيْكَ سِلَاحَكَ فَاِنِّيْ اَخْشٰى
عَلَيْكَ قُرَيْظَةَ فَاَخَذَ الرَّجُلُ سِلَاحَهٗ ثُمَّ رَجَعَ فَاِذَا امْرَاَتُهٗ
بَيْنَ الْبَابَيْنِ قَائِمَةً فَاَهْوٰى اِلَيْهَا بِالرُّمْحِ لِيَطْعَنَهَا بِهٖ وَاَصَابَتْهُ
غَيْرَةٌ فَقَالَتْ لَهُ اكْفُفْ عَلَيْكَ رُمْحَكَ وَادْخُلِ الْبَيْتَ حَتّٰى تَنْظُرَ
مَا الَّذِيْ اَخْرَجَنِيْ فَدَخَلَ فَاِذَا بِحَيَّةٍ عَظِيْمَةٍ مُنْطَوِيَةٍ عَلَى الْفِرَاشِ
فَاَهْوٰى اِلَيْهَا بِالرُّمْحِ فَانْتَظَمَهَا بِهٖ ثُمَّ خَرَجَ فَرَكَزَهٗ فِي الدَّارِ
فَاضْطَرَبَتْ عَلَيْهِ فَمَا يُدْرٰى اَيُّهُمَا كَانَ اَسْرَعَ مَوْتًا الْحَيَّةُ
اَمِ الْفَتٰى؟ قَالَ فَجِئْنَا رَسُوْلَ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ
وَذَكَرْنَا ذٰلِكَ لَهٗ وَقُلْنَا ادْعُ اللّٰهَ يُحْيِيْهِ لَنَا فَقَالَ اسْتَغْفِرُوْا

لِصَاحِبِكُمْ ثُمَّ قَالَ اِنَّ لِهٰذِهِ الْبُيُوْتِ عَوَامِرَ فَاِذَا رَاَيْتُمْ
مِنْهَا شَيْئًا فَحَرِّجُوْا عَلَيْهَا ثَلٰثًا فَاِنْ ذَهَبَ وَاِلَّا فَاقْتُلُوْهُ فَاِنَّهٗ
كَافِرٌ وَقَالَ لَهُمُ اذْهَبُوْا فَادْفِنُوْا صَاحِبَكُمْ وَفِيْ رِوَايَةٍ قَالَ
اِنَّ بِالْمَدِيْنَةِ جِنًّا قَدْ اَسْلَمُوْا فَاِذَا رَاَيْتُمْ مِنْهُمْ شَيْئًا فَاٰذِنُوْهُ
ثَلٰثَةَ اَيَّامٍ فَاِنْ بَدَا لَكُمْ بَعْدَ ذٰلِكَ فَاقْتُلُوْهُ فَاِنَّمَا هُوَ شَيْطَانٌ

(رواه مُسْلِمٌ)

(၆) အဗူစာအိဗ် (သာဗိအီ) သခင်က အကြောင်းပြခဲ့၏၊ ကျွန်ုပ်သည် အဗူစအီဒ် ခွဒ်ရီသခင်၏ ထံပါးသို့ ရောက်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ၎င်း၏ ထံပါး၌ ထိုင်နေစဉ် ရုတ်တရက် ၎င်း၏ ထိုင်ခုံအောက်မှ တလှုပ်လှုပ် တရွရွ အသံတစ်ခုကို ကြားရ၏၊ ကျွန်ုပ်သည် ထိုနေရာသို့ စေ့စေ့ကြည့်လိုက်ရာ မြွေကြီးတစ်ကောင်းကို တွေ့လိုက်ရပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ရုတ်ချည်းထ၍ ၎င်းကို ရိုက်သတ်ရန် စိုင်းပြင်းခဲ့ပါသည်၊ ထိုအခါ အဗူစအီဗ်သခင်သည် နမာဇ်ဖတ်နေခဲ့၏၊ နမာဇ်အတွင်းမှ အရိပ်အမြွက်နှင့် ကျွန်ုပ်အား တားဆီးခဲ့ပြီး ထိုင်နေရန် ဟန်ပြခဲ့၏၊ နမာဇ် ပြီးသောအခါ ၎င်းက အိမ်၌မြွေတွေ့လျှင် မည်သို့ပြုရသည်ကို ပြောဆိုရန် တမန်တော်မြတ်၏ ခေတ်၌ ဖြစ်ပျက်သောအဖြစ်တစ်ခုကို ပြောပြခဲ့၏။ အသင် သည် ဟိုမှာတွေ့မြင်ရတဲ့ အိမ်ကြီးဂေဟာအတွင်း အိမ်တစ်လုံးကို တွေ့မြင် ရပါသလား။ ကျွန်ုပ်က ဟုတ်ကဲ့မြင်ပါသည်၊ ၎င်းက ဤအိမ်တွင် လုလင်ပျို တစ်ဦးရှိခဲ့သည် ၎င်းသည် ကျွန်ုပ်တို့ အနွယ်ဝင်မှပင်ဖြစ်ပါသည်၊ ၎င်းသည် မင်္ဂလာဆောင်နှင်း၍ အစအစပင်ရှိသေးသည်၊ ၎င်းနှင့် ကျွန်ုပ်တို့သည် တမန်တော်နှင့်အတူတူ ခန်ဒပ်က် (ကျုံးကြီး) စစ်ပွဲတွင်ဆင်နွှဲခဲ့ကြပါသည်။ ထိုလူငယ်သည် နေ့ဝက်သို့ရောက်လျှင် တမန်တော်ထံမှ ခွင့်ပန်၍ အိမ်သို့ ပြန်လေ့ရှိခဲ့ပါသည် တစ်နေ့သော် အိမ်ပြန်ရန် ပန်ကြားခဲ့ရာ တမန်တော်က ခွင်ပြုရင်းနှင့် တမန်တော်က အသင်ပြန်သောအခါ လက်နက်နှင့်တကွ ပြန်ပ

ဇနီကုရိုင်ဇဟ်မျိုးနွယ်စုတို့၏ ရန်မှ အသက်ဘေးအန္တရာယ်ကို စိုးရိမ်ရပါသည်ဟု မိန့်ကြားခဲ့ပါသည်။ ၎င်းသည် လက်နက်နှင့်တကွ အိမ်သို့ပြန်လေတော့သည်၊ အိမ်နားသို့ရောက်လျှင် ဇနီးသည်အိမ်ပြင်တံခါးနှစ်ရွက်ရှေ့၌ မတ်တတ်ရပ်နေသည်ကိုတွေ့လိုက်ရ၏။ ထိုလူငယ်သည် ဒေါသအချောင်းချောင်းထွက်၍ အိမ်ပြင်ထွက်ရမလားဆိုပြီး ဒေါသအရှက်ကြီးကာ ပါလာသောလှံစွတ်နှင့် ထိုးရန် ရွယ်ချလိုက်တော့၏ သို့ဖြစ်ရာ ဇနီးသည်က မထိုးပါနှင့်ဦးကျွန်မအား မည်သည့်အရာက အိမ်ပြင်ထွက်စေခဲ့သည်ကို ခဏဝင်ကြည့်ပါဦးဟု ပန်ကြားခဲ့၏။ ထိုအခါ ထိုဆွဟာဗီလုလင်သည် အိမ်တွင်းသို့ ဝင်ကြည့်ခဲ့ရာအိပ်ယာပေါ်၌ မြွေကြီးတစ်ကောင်ခွေ၍ရှိနေသည်ကို တွေ့ရ၏၊ သို့ဖြင့်ထိုမြွေကို ဓါးဖြင့်ထိုးစိုက်၍ အိမ်ကပြင်၌ တန်းလန်းကြီး ထိုးစိုက်ထား၏မြွေသည် တလိမ့်လိမ့်နှင့်ရှိရာမှ မာန်ဖီပြီး၎င်းအား ရုတ်တရက်ပေါက်လိုက်ရာထိုနေရာ၌ မြွေနှင့်လူ ပွဲချင်းပြီးသွားခဲ့ပါသည်၊ မည်သူအလျှင်ဆုံးသည်ကိုကားမသိခဲ့ရပါ။

အဗူစအီဒ်သခင်သည် ဆက်လက်မိန့်ကြားသည်မှာ ကျွန်ုပ်တို့သည်ထိုအဖြစ်အပျက်ကို တမန်တော်မြတ်အား ပြောပြ၍ ၎င်းအား အသက်ပြန်လည်ရရှိစေရန် ဒုအာပြုပေးပါမည့်အကြောင်း ပန်ကြားခဲ့ရာ တမန်တော်က အသင်တို့သည် ၎င်း၏ အသက်ရရှိရန်ထက် ၎င်းအတွက် လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် ဒုအာပြုကြရန် မိန့်ကြားတော်မူခဲ့ပေသည်။ ထို့နောက်တမန်တော်က အိမ်များ၌ နေထိုင်သူများတွင် လူများနှင့် မြွေများ၊ မြွေဟန်ဆောင်၍ ဂျင်နားသ်များလည်း ရှိတတ်သည်၊ သို့ဖြစ်၍ အသင်တို့ ထိုမြွေများကို တွေ့သောအခါ အသင်ယခုချက်ချင်း ထွက်သွားပါဟု သုံးကြိမ်အသံပြုပါလေ။ ထိုအသံဖြင့် ထွက်သွားလျှင် ကောင်းစွ သို့မဟုတ်ပါကသတ်ပြစ်ပါဟု မိန့်ကြားခဲ့လေသည်။ ၎င်းသည် မြွေဖြစ်လျှင်ဖြစ်၊ သို့မဟုတ်မြွေဟန်ဆောင်သော ကာဖိရ်ဂျင်န်ဖြစ်၏ ထို့နောက် တမန်တော်မြတ်ကမိမိမိတ်ဆွေကို မြှုပ်နှံရန် သွားကြပါဟု မိန့်ကြားတော်မူလေသည်။

အခြားအဆိုတစ်ရပ်၌ ဤသို့လာရှိ၏ တမန်တော်မြတ် မိန့်ကြားတော်

မူသည်မှာ မုချဧကန် မဒီနယ်မြို့တွင် အချို့ဂျင်နံနားသ်များသည် မွတ်စ်လင်မ် ဖြစ်သွားခဲ့ပါသည်။ သို့ဖြစ်ရာ အကြင်အခါ အသင်တို့သည် ၎င်းတို့အား မြွေ၏ အသွင်သဏ္ဌာန်နှင့် တွေ့မြင်ခဲ့သော် သုံးရက်တိုင်တိုင် အသင်သည် ဤနေရာမှ ဖယ်ရှားသွားပါ သို့မဟုတ်ပါက အသင့်အား သတ်ပစ်မည်ဟု ကြေငြာပါ။ ထို့နောက်တွင် သဖ်လိုက သတ်ပစ်နိုင်သည် အဘယ်ကြောင့် ဆိုသော်၊ ၎င်းသည် ကြေငြာသော်လည်း သွားခြင်းမရှိခဲ့သောကြောင့် သတ်မိန့် သက်ရောက်ရတော့၏၊ ၎င်းသည် ရှိန်သာန်မိစ္ဆာကောင်သာဖြစ်၏။ အကယ်၍ ဂျင်န်ဖြစ်လျှင် ဂျင်ဆိုးသာဖြစ်မည် သို့မဟုတ် ပကတိမြွေသာဖြစ်မည် မည်သို့ ဖြစ်ဖြစ် သတ်ပိုင်ခွင့်ရှိလေတော့၏။ (မွတ်စ်လင်မ်ကျမ်း)

ဤအဖြစ်အပျက်မှ များစွာသော အကျိုးအချက်အလက်များကို သိရှိရပေသည်။ သို့ရာတွင် ကျွန်ုပ်သည် အကြောင်းကုန်စင်တင်ပြပြီး အထူး တလည် ရည်ညွှန်းလိုသော အပိုဒ်မှာ ထိုလုလင်စွဟာဗီသည် ဇနီးသည်အား အိမ်ပြင်၌ ရှိနေသည်ကိုတွေ့၍ အရှက်ဇောကြီးပြီး ဤကဲ့သို့ ဇနီးအား အသက်နှင့်တကွ မထားတော့ပြီးဟု ဆန္ဒပြုလျက် လှံနှင့်ထိုးရန် စိုင်းပြင်း ခဲ့သော အပြစ်ပင်လျှင် ဖြစ်ခဲ့ပါသည်။ အကယ်၍ ဇနီးသည်သည် အပြင် ထွက်ရသည့်အကြောင်း မပြခဲ့လျှင် ၎င်း၏ လှံချက်ဖြင့် သေရင်သေမည် သို့မဟုတ် ပြင်းထန်သော ဒဏ်ချက်တော့ မုချရမည်ဖြစ်ပေသည်။ ဤကိစ္စဖြင့် သိရသည်မှာ ဆွဟာဗဟ် သာဝကကြီးများထံပါး၌ ပရ်ဒဟ်မရှိဘဲ အမျိုးသမီး တစ်ဦး၏ အိမ်ပြင်ထွက်ခြင်းသည် အဆိုးဝါးဆုံးသော ပြစ်မှုကြီးတစ်ခု ဖြစ်ခဲ့ ပေသည်။

များစွာကျော်ကြားသော အစ္စလာမ့်ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တာဝန်ခံဟု အမည်ခံထားသူများ လက်ရှိ ဟိဂျာဗ်ပရ်ဒဟ်ကို မော်လဂီများ ထွင်ထားသော အရာဟု မှတ်ထားသူများအတွက် ဤအဖြစ်အပျက်သည် ယင်းတို့၏ စွပ်စွဲချက်ကို မဟုတ်မမှန်ကြောင်း ငြင်းဆိုလျက်ရှိနေပေသည်။ တကယ်တော့ ထိုဆွဟာဗီအမျိုးသမီး၏ အဖြစ်အပျက်သည် ဆွဟာဗဟ် အမျိုးသားများ ရှေ့တန်းသို့ ရောက်နေရသောကြောင့် မဒီနယ်တစ်မြို့လုံးမှာ

အမျိုးသားများနှင့် ခါလီဖြစ်နေချိန်ဖြစ်သည် ဆွဟာဗဟ်သာဝကကြီးများသည် ကျုံးကြီးတူးရာ၌ မွေ့လျော်လျက်ရှိနေကြ၏၊ နေ့လည်အချိန်လည်းဖြစ်သည်၊ ဤသည့်အခြေအနေ၌ပင်လျှင် ဇနီးသည်အား အိမ်ပြင်၌ တွေ့သည်ကို အရှက်ဖော်ကြီး၍ အသက်နှင့်တကွပင်မထားလိုတော့ပေ၊ အကယ်၍ တမန်တော်မြတ်ကြီးရှိစဉ်၌ ဆွဟာဗီယဟ်အမျိုးသမီးတို့သည် ပရ်ဒဟ်မရှိဘဲ အပြင် ထွက်သည့်အစဉ်အလာများရှိခဲ့လျှင် ဤမျှဒေါသ အဘယ်ကြောင့် ထွက်နိုင် အံ့နည်း။

အထက်ပါ ဟဒီးစ်တော်ဖြင့် အိမ်၌ မြွေတွေ့လျှင် ဆန္ဒစော၍ သတ်ခြင်းမပြုဘဲ၊ ဦးစွာသုံးကြိမ်တိုင်တိုင် ၎င်းအား ရာဇသံပေးရပေမည်။ အသင်သည် ဤနေရာမှ သွားလိုက်ပါ သို့မဟုတ်ပါက ကျွန်ုပ်သတ်မည်။ ဤသို့ ပြုခြင်းဖြင့် များစွာသော ကိစ္စများမှ ကာကွယ်မှုရရှိမည်ဖြစ်ပေသည်။

ဟဒီးစ်တော်၏ မိန့်ဆိုသော စာပိုဒ်အရ အဘယ်ကြောင့် ကြေငြာရသည်ကိုမူ ထင်ရှားပါသည် ထပ်ဆင့်ရေးသားရန် မလိုအပ်တော့ပြီ၊ ကျွန်ုပ်ဆင့်ပြန်ထားသော ဟဒီးစ်အမှတ် (၂)မှ ဟဒီးစ်အမှတ် (၆)အထိ ဟဒီးစ်တော်များသည် တမန်တော်မြတ်လက်ထက်၌ ပရ်ဒဟ်နှင့် စပ်လျဉ်း၍ အထူးကြပ်မတ်ထားသော အချက်အလက်များကို ထောက်ပြလျက် ရှိနေပေသည်။ ဖေါ်ပြပါ ဟဒီးစ်တော်များနှင့် တစ်ပါတည်း များစွာသော အကျိုးများ၊ ပညတ်တော်များလည်း ပါရှိနေပေသည်။ ယခုမူကား အခြားအမိန့်ပညတ်တော် ပါရှိသည့် ဟဒီးစ်တော်များကို ဆင့်ပြန်အပ်ပေသည်။

## ခဲအိုး မတ်တို့နှင့်ပရ်ဒဟ်ပြုရန်အထူးကြပ်မတ်တော်မူခြင်း

(٧) وَعَنْ عُقْبَةَ بْنِ عَامِرٍ رَضِيَ اللهُ تَعَالٰى عَنْهُ قَالَ قَالَ رَسُوْلُ
اللهِ صَلَّى اللهُ تَعَالٰى عَلَيْهِ وَسَلَّمَ إِيَّاكُمْ وَالدُّخُوْلَ عَلَى النِّسَاءِ ،
فَقَالَ رَجُلٌ يَا رَسُوْلَ اللهِ أَرَأَيْتَ الْحَمْوَ ؟ قَالَ الْحَمْوُ الْمَوْتُ ۔
(رواه البخاري ومسلم)

(၇) အွတ်က်ဗဟ်ဗင်အာမီရ်မှ အဆိုတစ်ရပ်လာရှိ၏၊ တမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ (အသင်တို့သည်) သူစိမ်းအမျိုးသမီးများထံ မသွားကြလင့်၊ ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက ယားရဆူးလလ္လာဟ် အမျိုးသမီး၏ ယောက္ခမ အသိုင်းအဝိုင်းရှိ အမျိုးသားများနှင့် စပ်လျဉ်း၍ မည်သို့ အမိန့်ရှိပါသနည်းဟု လျှောက်တင်ခဲ့၏။ တမန်တော်မြတ်ကြီး ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်က ယောက္ခမ၏ သားချင်းများသည် သေမင်းများဖြစ်သည်ဟု ပြန်ကြားတော်မူခဲ့ပေသည်။ (ဗုခါရီ-မွတ်စ်လင်မ်)

ဤဟဒီးစ်တော်မြတ်တွင် အလွန်ဂရုစိုက်သင့်သောအရာသည် တမန်တော်မြတ်က အမျိုးသမီး၏ ယောက္ခမ၏ သားချင်း အမျိုးသားများကို သေမင်းနှင့် နှိုင်းယှဉ်ပြောကြားတော်မူခဲ့၏။ ၎င်း၏သဘောမှာ အမျိုးသမီးသည် မိမိ ခဲအို၊ မတ်၊ ဝမ်းကွဲယောက်ျား စသည်များဖြင့်လည်းကောင်း ယောက္ခမဘက်မှ အခြားအမျိုးသားများဖြင့်လည်းကောင်း ပရ်ဒဟ် ထိရောက်စွာ ပြုရမည်ကို ဆိုလိုခြင်းဖြစ်ပေသည်။ ပြဌာန်းရာ အမိန့်အရ သူစိမ်း အမျိုးသားတိုင်းနှင့် ပရ်ဒဟ်ပြုရန် အရေးကြီးသော်လည်း၊ ခဲအို၊ မတ်တို့နှင့် ၎င်းတို့၏ ယောက်ျားအမျိုးများရှေ့သို့လာခြင်းမှ ရှောင်ကြဉ်ရန်မှာ သေမင်းနှင့် ရှောင်ရန်အရေးကြီးသည်ဟု မှတ်ယူကြသကဲ့သို့ပင် ဖြစ်ကြောင်း အရေးကြီးပေသည်ဟူ၏။ အကြောင်းရင်းမှာ ထိုသူတို့အား မိမိအတွင်းဝင်လူများဟု မှတ်ကာ သွားလာခွင့်ခေါ်ယူခွင့်ပြုထားကြပေသည်၊ တို့ပြင် အတားအဆီးမရှိဘဲ ခဲအို၊ မတ်နှင့် လင်ယောက်ျား၏ ဆွေမျိုးများ နီးစပ်သူ ရင်းနှီးသူများ ဝင်ထွက်သွားလာကြသည်၊ ထို့ပြင် အရောတဝင်ဆက်ဆံလေ့ရှိကြသည်၊ အပျော်အပျက်စကားများကိုလည်း ပြုလေ့ပြုထရှိကြသည်၊ လင်ယောက်ျားမှာ ပေါ့ပေါ့တန်တန် ကိုယ့်လူဘဲဟုမှတ်ကာ တားဆီးခြင်း၊ ဟန့်တားခြင်းပြုရန် မလိုဟုမှတ်ယူလေ့ရှိပေသည်၊ သို့ရာတွင် အိုးချင်းကပ် အိုးချင်းထိ၊ ကြိုးချင်းကပ် ကြိုးချင်းငြိဆိုသလို ရောနှောဆက်ဆံမှု၊ ပလူးပလဲနေထိုင်မှုကြီးဖြစ်လာရာမှ ခဲအိုနှင့် ခဲမ၊ မရီးနှင့် မတ်တို့ရဲ့ အလိုတူအလိုပါ အရှုပ်တော်ပုံကြီး ပေါ်ရလေတော့၏၊ ထိုအခါမှ စုတ်တသသနှင့် ဖြစ်ရလေ

ခြင်းဟု ကြေကွဲမှုကြီး ဆိုက်ရောက်ရတော့၏။ အကြင်အခါ နှစ်ဦးစလုံးမှ ဆက်ဆံလိုစိတ်များ ပိုလာလျှင် မျက်စိဆိုက်ဆိုက်ကြည့်ခြင်းများ အဆက်မပြတ် ကျရောက်လာတော့၏။ ထို့နောက် ၎င်းတို့သည် အခါသင့်သလို အခွင့်ကောင်းယူ၍ မပြုထိုက်သော အပြုအမူသို့ ရောက်ရှိသွားကြပေသည်။ အိမ်နီးချင်းအမျိုးသမီးတစ်ဦးအား လှည့်ဖြားရန် မလွယ်ကူသလောက် အိမ်တွင်းမှ သားချင်းဟု မှတ်ရသော ခဲအို၊ မတ်တို့၏ လှဲ့ဖြားမှုရန်သည် လွယ်ကူနိုင်ပေသည်၊ ထိုအခြေအနေအရပ်ရပ်ကို ထောက်ချင့်၍ တမန်တော်က ယောက္ခမ၏ သားချင်းတို့နှင့် ရှောင်ရန်ပရ်ဒဟ်ပြုရန့် ကြပ်မတ်တော်မူခဲ့ခြင်းဖြစ်ပေသည်၊ ထို့နောက် ယင်းသူတို့အား သေမင်းတမန်ဟု ပြောကြား၍ နှလုံးသွင်းခဲ့သည်မှာ အသင်မတို့သည် ထိုသူများအား သေမင်းတမန်နှင့် ရှောင်လိုစိတ် ဖြစ်သကဲ့သို့ ၎င်းတို့နှင့် ရှောင်ရှားရန် မိန့်မှတ်ခဲ့ပေသည်။ ထို့နောက် အမျိုးသားများအားလည်း အမိန့်ပြုခဲ့သည်မှာ မိမိမရီ၊ ခဲမ၊ ယောက်ဖ၏ဇနီးနှင့် ဝေးစွာရှောင်ရှားကြရန် ရောနှောခြင်းမပြုကြရန်၊ ၎င်းတို့အား မကြည့် ကြရန် မိန့်ကြားထားပေသည်။

قال في اللمعات والمراد تحذير المرأة منهم

كما يحذر من الموت فان الخوف من الاقارب اكثر والفتنة منهم

اوقع لتمكنهم من الوصول والخلوة من غير نكير.

အချို့သော အမျိုးသမီးများသည် မိမိမတ်များကို ငယ်ရွယ်စဉ်ကတည်းက ကြီးပြင်းအောင် ကြည့်ရှုလာသောကြောင့် ၎င်းဖြင့် ပရ်ဒဟ်ပြုရန် မလိုဟု သော်လည်းကောင်း၊ ထင်မှတ်ကြသည် အကယ်၍ မဟ်ရမ်မဟုတ်ကြောင်း ဖတ်စ်အလဟ်အမှန်ကို ပြသခဲ့လျှင်၊ ၎င်းက သူ့အား ငယ်ရွယ်စဉ်ကတည်းက စောင့်ရှောက်လာရသည်၊ အတူတူနေလာသည်၊ ၎င်းနှင့် ပရ်ဒဟ်ပြုစရာဘဲလားဟု စောဒကတက်ကြသည်၊ ဤသို့ ပြောဆိုမျိုးသည် ကြီးလေးသော အပြစ်ထိုက်၏ တရားတော်ရှေ့၌ အရေးမပါသော စကားကိုပြောဆိုခြင်းသည်

အပြစ်ကို ရင်ကော့၍ ပြုခြင်းပမာဖြစ်၏။ အလ္လာဟ်အသျှင်၏ တမန်တော်က ခဲအို၊ မတ်တို့ကို သေမင်းနှင့် နှိုင်းနှိုင်း၍ ဆိုထားပါလျက်၊ အရိုင်းဆန်သော အမျိုးသမီးသည် တမန်တော်၏ စကားနှင့် ယှဉ်၍ ဆန့်ကျင်လျက် ပရ်ဒဟ် ပြုရန် မလိုဟု ပြောဆိုခြင်းသည် မွတ်စ်လင်မ်တစ်ဦးတစ်ယောက်၏ အရည်အချင်း ဖြစ်နိုင်ပါ၏လော?။

**မှတ်ချက် -** ဟိဂျာဗ် (ဝါ) ပရ်ဒဟ်သည် တရားတော်မြတ်၏ ဝတ္တရားဖြစ်၏၊ မိမိလင်ယောကျ်ား၏ ဝတ္တရားမဟုတ်၊ အများအားဖြင့် မှတ်ကြသည်မှာ မိမိလင်ယောကျ်ားမှ ပရ်ဒဟ်ပြုရန် ပြောထားသော ယောကျ်ားနှင့်သာ ပရ်ဒဟ်ပြုရန် အရေးကြီး၏ အကြင်သူများနှင့် ပရ်ဒဟ်ပြုရန် တားခြင်းမရှိသော် ထိုသူသည်သူစိမ်းယောကျ်ားဖြစ်လင့်ကစား ၄င်းရှေ့သို့ ထွက်ခွင့်ရှိကြောင်း မှတ်ယူလေ့ရှိကြပေသည်။ အမှန်စင်စစ် တရားတော်မြတ်နှင့် ဆန့်ကျင်၍ မည်သူ၏ အမိန့်မှ တရားမဝင်ချေ။

## သူစိမ်းများနှင့် အတူညနေခွင့်မရှိ

(٨) وَعَنْ جَابِرٍ رَضِيَ اللهُ تَعَالَى عَنْهُ قَالَ قَالَ رَسُوْلُ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ اَلَا لَا يَبِيْتَنَّ رَجُلٌ عِنْدَ امْرَاَةٍ ثَيِّبٍ اِلَّا اَنْ يَكُوْنَ نَاكِحًا اَوْ ذَا مَحْرَمٍ

(رواه مسلم)

(၈) ဂျာဗစ်ရ်သခင်မှ အဆိုတစ်ရပ်လာရှိ၏၊ တမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ သတိပြုလော့၊ မည်သူမှ လင်မရှိ အမျိုးသမီးထံ ညမအိပ်ရ၊ သို့သော် သူမ၏ အမျိုးသားရှိစေရမည်၊ သို့မဟုတ် နေကာဟ်မပိုင် သားချင်း ဖြစ်ရမည်။ (မွတ်စ်လင်မ်ကျမ်း)

ဤဟဒီးစ်တော်မြတ်တွင် အလွန်လေးနက်စွာ တားမြစ်ထားသော ကိစ္စမှာ မည်သည့်အမျိုးသားမှ မိမိဇနီးအိမ် (သို့) နေကာဟ်မပိုင်သော အမျိုးသမီးအိမ်မှ အပြင်မည်သည့် သူစိမ်းထံမှ ညမနေရကြောင်း မိန့်ဆိုထားပေသည်။ ဤတားမြစ်ချက်သည် အလွန်အဝေးမြင်သော တရားကို အကြောင်းခံလျက်ရှိနေပေသည်၊ ဤတားမြစ်ပိတ်ပင်ချက်တွင် အလွန်ဆင်ခြင်အပ်သော အကြောင်းကြီး အကြောင်းငယ်များ ပါဝင်လျက်ရှိပေသည်။ ဤသို့ဖြင့်လည်း အချိန်တိုင်း အခါတိုင်း၌ သူစိမ်းအမျိုးသား၊ အမျိုးသမီးနှစ်ဦးတည်း နေထိုင်ခြင်းမှ တားမြစ်ထားလျက်ရှိနေပေသည်။ (ဟဒီးစ်အမှတ် (၉)တွင်ပါနေပါသည်)

ဟဒီးစ်တော်မြတ်တွင် အထူးတလည် တားဆီးခဲ့ခြင်းမှာ သူစိမ်းနှင့်အတူ ညအတူတူနေခဲ့လျှင် တိတ်ဆိတ်သော ညအမှောင်၌ အကုသိုလ်ပြုရန် အခွင့်အလမ်းကား လွယ်ကူနိုင်သောကြောင့်ပင် ဖြစ်ပေ၏။

ဤတားမြစ်ချက်တွင် သူစိမ်းဖြစ်သူတိုင်းပါဝင်ပြီး၊ ခဲအို၊ မတ်၊ ခဲမကြာကြာသားများ၊ မာမူ၏သားများ၊ ဖုဖီ၏သားများ (ဝါ) မောင်နှမဝမ်းကွဲအားလုံးတို့သည် နေကာဟ်ပိုင်သူများဖြစ်၍ အခြားသူစိမ်းများ အမိန့်အတိုင်းပင် ဖြစ်ကြပေ၏။ ယနေ့ ထိုမောင်နှမဝမ်းကွဲများနှင့် စည်းမရှိကမ်းမရှိ တစ်ဦးတည်းလိုက်သွားခြင်း၊ ညမရှောင် နေ့မရှောင်ပရ်ဒဟ်ပြုခြင်း မပြုကြဘဲရှိကြ၏။ ဤသည်များသည် တရားတော်မှ ပြင်းထန်စွာ တားထားသော ကိစ္စများပင်ဖြစ်သည်၊ အမိန့်တော်သည် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးအတွက် အတူတူပင်ဖြစ်ချေ၏။ ဟဒီးစ်တော်၌ အထူးတလဲ အမျိုးသားများအား တိုက်ရိုက်ပြောဆိုခြင်းမှာ အမျိုးသားသည် အားအင်ရှိသည်၊ အကယ်၍ အမျိုးသားသည် မသမာသောစိတ်ထားဖြင့် တစ်ဦးတည်း သူစိမ်းအမျိုးသမီးများထံသို့ ရောက်သွားလျှင် အမျိုးသမီးသည် ရန်သူအား ဖယ်ရှားနိုင်မည်မဟုတ် သို့ဖြစ်၍ အမျိုးသားများအား တိုက်ရိုက်ဦးတည်၍ သူစိမ်း အမျိုးသမီးများထံ ညမနေရဟု မိန့်ကြားခြင်းဖြစ်ခဲ့ပေသည်။ အကယ်၍ အမျိုးသားတစ်ဦးသည် တရားတော်ကို ဖီလာ၍ အတင့်ရဲလာလျှင် ထိုအခါ အမျိုးသမီးသည် ထိုနေရာကို လွတ်၍ ထွက်သွားရန် အရေးကြီးပေသည်။

ဟဒီးစ်တော်မြတ်တွင် لَا يَبِيتَنَّ رَجُلٌ عِنْدَ امْرَأَةٍ ثَيِّبٍ
ဟု မိန့်ထားပေသည်။ ဆိုသည်မှာ လင်နှင့်ကွဲနေသော အမျိုးသမီးကိုလည်းကောင်း၊ ပညာရှင်များကမူ ဤနေရာ၌ ယောကျ်ား မရှိသော အမျိုးသမီးသက်သက်ကိုသာ ဆိုလိုကြောင်း ဖေါ်ပြကြပေသည်။ ဤသို့ဆိုလျှင် လင်မရှိသော အမျိုးသမီးတွင် မုဆိုးမ၊ ကွာထားသော မိန်းမနှင့် အိမ်ထောင်မရှိသေးသော အမျိုးသမီးတိုင်းသည် ပါဝင်ကြပြီးဖြစ်သည်။

အလ္လာမဟ်နဝဝီသခင်သည် မွတ်စ်လင်မ်ကျမ်း၏ အောက်ခြေအဖွင့်၌ ရေးသားသည်မှာ၊ ဟဒီးစ်မြတ်တွင် လင်မရှိသူကိုပင် အထူးဖေါ်ပြရခြင်းမှာ နေကာဟ်ပြုလိုသူများ မသမာသော စိတ်ထားရှိသူများသည် လင်ယောကျ်ား မရှိသူများ စုံဘက်မရှိသူများအား ခိုကိုးရာမဲ့ မရေမရာသူဟု မှတ်၍ ၎င်းတို့ထံ သွားလာသမှု ပြုလိုကြသည်။ အပျိုစင်အမျိုးသမီးထံ အကူအညီ မပါဘဲ အရဲစွန့်နိုင်စွမ်းရှိမည်မဟုတ်ချေ၊ ၎င်းအမျိုးသမီးကိုယ်တိုင်၌ကပင် မိမိကိုယ်ကို ထိန်းသိမ်းလေ့ရှိပြီး အိမ်သူအိမ်သားများကလည်း တင်းကျပ်စွာ သတိပြုကြပေသည်။

ထို့နောက် နဝဝီသခင်က ယင်းအမိန့်ပါအချက်ကို ဤသို့လည်း ပြောနိုင်ပါသည်။ "အကြင်အခါ လင်မရှိသော အမျိုးသမီးထံတွင် သူစိမ်းအမျိုးသားများ ညနေခွင့်မရှိလျှင် အပျိုစင်အမျိုးသမီးများထံ၌ ညမနေရန် တားမြစ်ချက်မှာသာပို၍နိုင်ကြောင်း ပေါ်လွင်ပါသည်"ဟု ရေးသားထားပေသတည်း။

## သူစိမ်းများနှင့်အတူ နှစ်ဦးတည်းနေခွင့်မရှိ

(၇) وَعَنْ عُمَرَ رَضِيَ اللّٰهُ تَعَالَى عَنْهُ عَنِ النَّبِيِّ صَلَّى اللّٰهُ تَعَالَى عَلَيْهِ وَسَلَّمَ قَالَ لَا يَخْلُوَنَّ رَجُلٌ بِامْرَأَةٍ إِلَّا كَانَ ثَالِثَهُمَا الشَّيْطَانُ ۔ (رواه الترمذي)

(၉) ခလီဖဟ်ကြီး အုမရ်သခင်မှတစ်ဆင့် တမန်တော်မြတ်၏ ဩဝါဒ တစ်ရပ် လာရှိသည် တမန်တော်က အကြင်အခါ အမျိုးသားနှင့် အမျိုးသမီး တို့သည် နှစ်ဦးတည်း တစ်နေရာတည်းတွင် ရှိခဲ့သော် ထိုနေရာ၌ တတိယ သူမှာ မုချရှိုင်သာန်ပင်လျှင်ဖြစ်သည်ဟု မိန့်ကြားခဲ့၏။ (သိရ်မိဇီကျမ်း)

ဂိုနာဟ်အကုသိုလ်ကို လှုံ့ဆော်ခြင်းသည် ရှိုင်သာန် (မိစ္ဆာ) ၏ အလုပ် ဖြစ်သည်ကို လူတိုင်းသိကြပေသည်။ မည်သည့်အခါ၌မဆို ထိုကဲ့သို့ တစ်နေရာထဲ၌ နှစ်ဦးတည်းရှိခဲ့လျှင် ရှိုင်သာန်သည်လည်း ရောက်ရှိပြီး နှစ်ဦး စလုံး၏ စိတ်များကို ကြွစေပါသည် ကျူးလွန်ရန်စိတ်များ နှိုးဆွပေးပါသည်။ သို့ဖြစ်သောကြောင့် တမန်တော်မြတ်သည် သူစိမ်းနှစ်ဦး တစ်နေရာထဲ မနေကြရန် တင်းတင်းကျပ်ကျပ်တားမြစ်တော်မူခြင်း ဖြစ်ပေသည်။

ဤတားမြစ်ချက်အပေါ်၌ လေးနက်စွာ လိုက်နာရန် အရေးကြီး၏။ ရှေ့က ပုဂ္ဂိုလ်သည် ဆရာဖြစ်ဖြစ် ပီရ်ဖြစ်ဖြစ် မာမူဖြစ်ဖြစ်၊ ဖူဖီသား၊ ကြာကြာ သား၊ ခါလါသားပင်ဖြစ်ဖြစ်၊ ၎င်းသူများထံ၌ တစ်ဦးတည်းနေခြင်းမှ ရှောင်ရန် အရေးကြီး၏ ထိုနည်းလည်းကောင်း၊ အမျိုးသားများသည်လည်း ထိုသူစိမ်းအမျိုးသမီးများနှင့် နှစ်ဦးတည်းနေထိုင်သွားလာခြင်းမှ အထူး ရှောင်ရန် အရေးကြီးပါသည်။

ဤသည်ထက်အလျှင် ဟဒီးစ်တော်မြတ်တွင် သူစိမ်းများနှင့်အတူ ညမနေကြရန် မိန့်ဆိုခဲ့ပြီး ဤဟဒီးစ်တော်မြတ်တွင် သူစိမ်းများနှင့် အတူ အလျှင်းမနေကြရန် မိန့်ဆိုထားပေသည်။

ဤတားမြစ်ချက်တွင် နေ့ရောညပါ အတူတူသာဖြစ်ကြောင်း သိရှိရ ပေသည်။

ယနေ့ အနောက်တိုင်းပညာကို အထင်ကြီး အတတ်ကြူးချင်သူများ၌ ကျူးရှင်ရောဂါစွဲနေပါသည်။ သမီးမိန်းကလေးများအား ဆရာများထံ၌ လည်းကောင်း၊ မိမိအိမ်၌လည်းကောင်း ကျူးရှင်ယူကြသည်၊ ပရ်ဒဟ်ဆိုဒါ လည်းမရှိ၊ တဖန် ယောက်ျားလေး၊ မိန်းမလေးတို့၏ ဝိုင်းကျူးရှင်က ပိုဆိုး သေးသည် ဆရာတပည့် နှစ်ဦးစလုံးသည် အလ္လာဟ်အသျှင်မြတ်၏ လအ်နသ်

ကျိန်စာအပြစ်ဒဏ်ကို ရယူနေကြသည် (ဤသည်ကို ရှေ့ဟာဒီးစ်တော်၌ ဖေါ်ပြပါမည်) တဖန် ဆရာကပည့်နှစ်ဦးတည်းစာသင်ပေးခြင်းက လွန်ကဲလာပြီး မပြောအပ်ဖွယ်ကိစ္စများ ဆိုက်ရောက်လာလေတော့သတည်း။

## အမျိုးသမီးများအိမ်ပြင်ထွက်လေသော်

(١٠) وَعَنِ ابْنِ عُمَرَ رَضِيَ اللهُ تَعَالَى عَنْهُمَا عَنْ رَسُوْلِ اللهِ صَلَّى اللهُ
عَلَيْهِ وَسَلَّمَ قَالَ الْمَرْأَةُ عَوْرَةٌ وَاِنَّهَا اِذَا خَرَجَتْ مِنْ بَيْتِهَا اسْتَشْرَفَهَا
الشَّيْطَانُ، وَاِنَّهَا لَا تَكُوْنُ اَقْرَبَ اِلَى اللهِ مِنْهَا فِيْ قَعْرِ بَيْتِهَا
(رواه الطبراني في الاوسط ورجاله رجال الصحيح كذا في الترغيب)

(၁၀) သာဝကကြီး အဗ်ဒွလ္လာဟ်ဗင်အုမရ်သခင်မှ ပြောဆိုဆင့်ပြန်ချက်တစ်ရပ်လာရှိ၏ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ အမျိုးသမီးသည် ဖုံးဝှက်ထားရမည့်အရာဖြစ်သည်၊ အကြင်အခါ သူမတို့သည် မိမိအိမ်မှ အပြင်ထွက်လေသော် ရှိုင်သာန်မိစ္ဆာကောင်သည် ၎င်းတို့အား ပြူကြည့်လေသည် (အကုသိုလ်ဘက်သို့ စိတ်ရောက်အောင် မှုချအကဲခတ် အကွက်ချောင်းလေသည်) ထို့နောက် မငြင်းနိုင်သောစကားတစ်ရပ်မှာ အမျိုးသမီးသည် မိမိအိမ်တွင်း၌ ရှိနေသော် အလ္လာဟ်အသျှင်မြတ်နှင့် အနီးကပ်ဆုံးဖြစ်ပေသည်။ (သစ်ဗ်ရာနီဖိလ်အောင်စသ်)

ဤဟာဒီးစ်တော်မြတ်တွင် ဦးစွာ အမျိုးသမီး၏ အဆင့်အတန်းကို ဖေါ်ပြခဲ့သည်။ သဘောမှာ အမျိုးသမီးသည် သိမ်းဆီးထားရသော ရတနာတစ်ပါးဖြစ်သည်၊ အောင်ရယ်၏ အဓိပ္ပါယ်သည် ဖုံးကွယ်သော အရာဟူ၍ ဖြစ်သောကြောင့် အိမ်၌ဖြစ်စေ၊ အိမ်ပြင်၌ဖြစ်စေ၊ ပရ်ဒဟ်အကာအကွယ်အတွင်း၌ နေရန် အရေးကြီး၏။ အကြင်အမျိုးသမီးသည် ပရ်ဒဟ်မရှိဘဲ လှုံ့လည်သွားလာနေလျှင် ထိုအမျိုးသမီးသည် မိမိဂုဏ်ပုဒ်နယ်ပယ်မှ ပြင်ပသို့ ရောက်ရှိ

သွားပြီဟု မှတ်ပါလေ၊ ထို့နောက် မိန့်ကြားသည်မှာ အမျိုးသမီးများ အိမ်ပြင် ထွက်လေသော် ရှိုင်သန်သည် (အကုသိုလ်ဘက်သို့ စိတ်ရောက်အောင်) မှုချအကဲခတ် အကွက်ချောင်းလေသည်ဟူသော သဘောမှာ အမျိုးသမီးများ အပြင်ထွက်သောအခါ ရှိုင်သာန်သည် လူတို့အား သူမ၏ရုပ်ရည်အလှအပ၊ အရောင်အဆင်း အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်နှင့် ဝတ်စားတန်ဆာ ပေါ်သို့ မျက်စိ၏အရသာ၊ စိတ်၏အရသာကို ခံစားစေရန်၊ ဖိုနှင့်မမျက်စိခြင်း ယှဉ်၍ အပြုံးပန်းများဝင်ကြရန် ကြိုးစားပြီး တစ်ဦး၏ ဆန္ဒ၊ နှစ်ဦးနှစ်ဝ၏ ဆန္ဒပြည့်ဝစေဖို့ လမ်းစများကို လမ်းကြောင်းပေးမည်ဖြစ်ပေသည်။ ဤ ပေါ်လတ္တံ့သော ပြုမူဆောင်ရွက်ချက်တို့သည် အမျိုးသမီးတစ်ယောက် အပြင်ထွက်မှ ပေါ်ပေါက်လာမည်ဖြစ်သည်၊

ဟဒီးစ်တော်မြတ်၏ အာဘော်အသုံးအနှုန်းကို ထောက်ချင့်ရလျှင် အမျိုးသမီးတစ်ဦးသည် ပရ်ဒဟ်ပါလျက်လည်း အရေးမကြီးဘဲ အပြင်ထွက်ရန် မလျော်ကန်ကြောင်း ဖေါ်ပြလျက်ရှိနေပေသည်။ ထို့ပြင် ဟဒီးစ်တော်အရ အမျိုးသမီးများ အိမ်ပြင်ထွက်ခြင်းကို ရှိုင်သာန် မိစ္ဆာကောင်သည် အလွန် သဘောကျ၊ အလွန်နှစ်သက်ခုံမင်သည်ကို သိရပေသည်။

အကြင်သူတို့သည် အမျိုးသမီးများအား ပရ်ဒဟ်မရှိဘဲ နေလိုကြပါ သည်။ ထိုသူများသာလျှင် ဈေးကြိုဈေးကြား လမ်းကြိုလမ်းကြားများ၊ ဥယျာဉ် ရိပ်သာများ၊ ပွဲလမ်းသဘင်များတွင် သွားလာခြင်းကို အားပေးထောက်ခံသူများ ဖြစ်သည်၊ ထိုသူတို့သည် ရှိုင်သာန်၏ လိုဘများကို ဖြည့်ဆည်းပေးခြင်း၊ ထို့ပြင် ရှိုင်သာန်၏ ရည်ရွယ်ချက်ကို ပြည့်ဝစုံလင်အောင် ပရ်ဒဟ်နှင့် ဆန့်ကျင်၍ ရေးသားခြင်း ဟောပြောခြင်းများကို စွမ်းစွမ်းတမံ ပြုနေကြပေသည် (အလ္လာဟ် အသျှင်မြတ်သည် ထိုသူများအား ပိုင်းခြားစိတ်ဖြာနိုင်သော ဓမ္မအသိကို ချီးမြှင့်တော်မူ၍ ရှိုင်သာန်၏လုပ်ငန်းများကို ဖေးမကူညီခြင်းမှ ဖယ်ရှားကာ နဗီတမန်တော်များ၏ ပွင့်လာခြင်း၏ ရည်ရွယ်ချက်အပေါ်၌ ရပ်တည်နိုင်ပါ စေသတည်း)

**ဟဒီးစ်တော်မြတ်၏ နောက်ဆုံးတွင် အမျိုးသမီးသည် မိမိအိမ်တွင်း၌**

နေသောအခါ အလ္လာဟ်အသျှင်မြတ်နှင့် အနီးကပ်ဆုံး အခြေအနေ၌ ရှိကြောင်း မိန့်ဆိုထား၏၊ ဤသည်ဖြင့် သိရသည်မှာ အမျိုးသမီးအား မိမိ အိမ်၌သာနေခြင်းသည် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်နိုင်သော အကြောင်းခံ ဖြစ်ကြောင်း သိရပေသည်။ ဤအချက်နှင့် ယနေ့အမျိုးသမီးများ ကင်းကွာ လျက်၊ ပေါ့လျော့လျက်ရှိနေပေသည်၊ အထူးသဖြင့် ယနေ့ခေတ်နှင့် ရင်ဘောင် တန်းလိုသူ မျိုးဆက်သစ်မကလေးများသည် ရာခိုင်နှုန်းပြည့်နီးပါး လျစ်လျူ ရှုလျက် ရှိနေပေသည်။ သူတို့ကမူ အမျိုးသမီးများအား အိမ်တွင်း၌ ပိတ်ထား ခြင်း၊ အပြင်ထွက်ခြင်းမှ တားမြစ်ခြင်းတို့သည် အမျိုးသမီးများ၏ လွတ်လပ်ခွင့် နှင့် တိုးတက်ခွင့်တို့ကို ဟန့်တားခြင်း၊ အကျိုးကိုလက်မဲ့ဖြစ်ခြင်း စသည် သဘော သက်ရောက်ပါသည်ဟု ပြောဆိုကြပေသည်။

အနူးညွတ်ပန်ကြားလိုသည်မှာ အကယ်၍ အသင်သည် အစ္စလာမ် သာသနာပေါ်၌သာ လျှောက်လိုပါက၊ မွတ်စ်လင်မ်အဖြစ်နှင့်သာ နေလိုက အစ္စလာမ့်မွေသတ်ဥပဒေကို လက်ခံရပါမည်။ နဗီတမန်တော်၏ စကားများကို အကြွင်းမဲ့လက်ခံရပါမည်။ အကြင်အခါ အလ္လာဟ်အသျှင် စေလွှတ်တော် မူသော နဗီတမန်တော်မြတ်က "အမျိုးသမီးသည် ဖုံးကွယ်ထားရမည့် ရတနာ ဖြစ်သည်၊ သူမတို့ အပြင်ထွက်လျှင် ရှိုင်သာန်သည် အကဲခတ်အကွက်ချောင်း လျှက်ရှိသည်ဟု မိန့်ဆိုချက်ကို ကြားနာပြီးပါလျက် မွတ်စ်လင်မ် တစ်ဦး တစ်ယောက်အနေဖြင့် ဟီရိဩတ္တပ္ပကင်းမဲ့ကြသော အချို့ အနောက်တိုင်း သူများကဲ့သို့ လွတ်လပ်ခွင့်ကိုရစေခြင်း၊ အစ္စလာမ့်ဥပဒေကို စွန့်စရာပယ်စရာ ဟု အတင့်ရဲစွာပြောဆိုခြင်းသည် မွတ်စ်လင်မ်တို့၏ အချင်းလက္ခဏာမဟုတ် ကြောင်း သိသာပါရစေ။

အစ္စလာမ်သာသနာ၏ လိုအပ်ချက်မှာ မွတ်စ်လင်မ်အမျိုးသားတိုင်း အမျိုးသမီးတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှု၌ တည်ရှိနေရန်နှင့် ထိုအသျှင်မြတ်၏ နီးစပ်မှုကို ရယူစေရန် ဖြစ်သည်၊ အမျိုးသမီးတစ်ယောက် အတွက် အလ္လာဟ်နှင့် နီးစပ်ဆုံးသောအချိန်သည် မိမိအိမ်တွင်း၌နေသော အချိန်ဖြစ်ပြီး၊ ပရ်ဒဟ်မရှိဘဲ အပြင်ထွက်ခြင်းဖြင့် အလ္လာဟ်နှင့် ဝေးရန်

ရှိုင်သာန်နှင့် နီးရာရောက်သောအခြေအနေဖြစ်ကြောင်း သက်ရောက်ပေသတည်း။

## ဆေးဝါးကုသရာနှင့် လူနာပြုစုရာတွင် ပရ်ဒဟ်ကို စောင့်စည်းရမည်

(١١) وَعَنْ جَابِرٍ رَضِيَ اللّٰهُ تَعَالَىٰ عَنْهُ أَنَّ أُمَّ سَلَمَةَ رَضِيَ اللّٰهُ تَعَالَىٰ عَنْهَا اسْتَأْذَنَتْ رَسُوْلَ اللّٰهِ صَلَّى اللّٰهُ تَعَالَىٰ عَلَيْهِ وَسَلَّمَ فِي الْحِجَامَةِ فَأَمَرَ أَبَا طَيْبَةَ أَنْ يَحْجُمَهَا قَالَ حَسِبْتُ أَنَّهُ كَانَ أَخَاهَا مِنَ الرَّضَاعَةِ أَوْ غُلَامًا لَمْ يَحْتَلِمْ (رواه مسلم)

(၁၁) သာဝကကြီး ဂျာဗိရ်သခင်မှ အဆိုတစ်ရပ်လာရှိ၏၊ မိခင်မွန်ကြီး အွမ္မေစလ်မဟ်သခင်မသည် ကျန်းမာရေးအတွက် ဂုတ်သွေးထုတ်ရန် တမန်တော်မြတ်ထံမှ ခွင့်ပန်ခဲ့၏၊ သို့ဖြစ်ရာ တမန်တော်သည် အဗူသွိုင်ယေဗဟ်အား အွမ္မေစလ်မဟ်သခင်မ၏ သွေးကြော၊ ဂုတ်သွေးကို သွေးစုတ်ခွက်နှင့် စုတ်ထုတ်ပေးလိုက်ရန် အမိန့်ပြုခဲ့၏၊ ဂျာဗိရ်သခင်သည် ဤအကြောင်းအရာကို တင်ပြပြီး မိန့်ကြားသည်မှာ တမန်တော်သည် အဗူသွိုင်ယေဗဟ်မှ ပြုခိုင်းခြင်းသည် အွမ္မေစလ်မဟ်သခင်မ၏ နို့စို့ဘက်မောင်နှမတစ်ဦး ဖြစ်တန်ရာ၏၊ သို့မဟုတ် ၎င်းသည် အရွယ်မရောက်သေးသူဘဲ ဖြစ်မည်ကို ကျွန်ုပ်ယူဆမိ ကြောင်း မိန့်ကြားခဲ့ပေသည်။

(မွတ်စ်လင်မ်)

ဤ ဟဒီးစ်တော်မြတ်ဖြင့် အမျိုးသမီးများသည် ဆေးဝါးကုသရာ၌ ပရ်ဒဟ်ကို အလေးထားရန် အရေးကြီးကြောင်း သိရှိရပေသည်၊ အကြောင်းအရာ၌ သတိပြုစရာမှာ အကယ်၍ ဆေးဆရာရှေ့၌ ပရ်ဒဟ်မရှိဘဲ သွားလာ

ခွင့်ရှိသော် ဂျာဗိရ်သခင်မှ အဗူသွိုင်ယေဗဟ်သည် အွမ္မေစလ်မဟ်သခင်မ၏ နို့စို့ဘက်မောင်နှမသော်လည်းကောင်း၊ အရွယ်မရောက်သေးသော လူငယ်တစ်ယောက်သော်လည်းကောင်း ဖြစ်တန်ရာ၏ဟုပြောရန် အဘယ်မှာ အကြောင်းရှိနိုင်အံ့နည်း။

မျက်မှောက်ခေတ်တွင် အံ့ဩစရာကောင်းလောက်သော ကိစ္စရပ်မှာ ပရ်ဒဟ်ကို အလေးထားပါသည်ဆိုသော အမျိုးအနွယ်များတွင် ဆေးဝါး ကုသရာ၌ ပရ်ဒဟ်ကို စွန့်လွှတ်လိုက်ကြပေသည်။

အထက်ပါ ဟဒီးစ်တော်အရ အမျိုးသမီးများသည် ဆေးဝါးကုသရန် အတွက် သားချင်းဆေးဆရာ၊ ဆေးဆရာမကို ရှာဖွေကုသသင့်ပေသည်။ အကယ်၍ သားချင်းဆေးဆရာမရခဲ့သော် သူစိမ်းဆရာဖြင့်လည်း ကုသနိုင်ခွင့် ရှိပေသည်။ သို့ရာတွင် ထိုအခါမျိုး၌ တရားတော်မြတ်၏ အရေးကြီးသော အခြေခံကျသော စည်းမျဉ်းအရ "အရေးကြီးလျှင် အရေးကြီးသည်မျှသာ" الضرورة تقدر بقدرها၊ ဟူသော အချက်ကို သတိပြုရန် အရေးကြီး၏။

အဆိုပါ အခြေခံစည်းမျဉ်း၏ သဘောမှာ ဆေးဆရာအား မလွှဲသာ မရှောင်သာပြသရမည်ဆိုသော် ထိုနေရာမျှသာပြသရမည် ဆေးဆရာအား လည်း ထိုမျှသာ ကြည့်ခွင့်ရှိ၏ အနားရှိနေရာထက်ပို၍ ကြည့်ခွင့်မရှိပေ၊ ဥပမာ ကုသရာ၌ သွေးကြောစမ်း၍ အခြေအနေကို ညွှန်ကြားပေးနိုင်လျှင် ထိုထက် ပို၍ စမ်းသပ်ခွင့်မရှိ၊ လက်မောင်း၌ (သို့) ပေါင်၌ အနာရှိမူ ထိုနေရာမျှသာ မလွှဲသာမရှောင်သာ ပြသရန်နှင့် ကြည့်ရှုရန် အရေးကြီး၏ ထိုနေရာထက်ပို၍ ကြည့်ရှုပိုင်ခွင့်မရှိ၊ ထို့အတူ မျက်စိ၊ နား၊ သွားများကို ပြသရန် လိုအပ်သော် ထိုအချိန်၌လည်း မျက်နှာတစ်ခုလုံးကို ဖော်ပိုင်ခွင့်မရှိချေ၊ ကုသနိုင်မည် ဖြစ်သောနေရာမျှသာ ပြသခွင့်ရှိ၏။ ထို့ပြင် ဆေးဆရာများနှင့် စပ်လျဉ်း၍ လည်း ဤအတိုင်းရှင်းထားပေသည် ၎င်းသည် အမျိုးသမီး၏ မဟ်ရမ်ဖြစ်ရ မည် (သို့) မဟ်ရမ်ဖြစ်သော်လည်း ခန္ဓာကိုယ်တစ်ခုလုံးကို ကြည့်ရှုခွင့် မရှိချေ။ (သူစိမ်းဆိုလျှင်ကားအလျှင်းကြည့်ခွင့်မရှိ) အကြောင်းမှာကား မဟ်ရမ်

အမျိုးသားသည် မိမိမဟ်ရမ်အမျိုးသမီး၏ ကျောက်ကုန်းနှင့် ဝမ်းဗိုက်မှ ဒူးအထိ ကြည့်ပိုင်ခွင့်မရှိ တားမြစ်ချက်ရှိ၏၊ အကယ်၍ ဝမ်းဗိုက်၊ ကျောက်ကုန်း၊ ပေါင်များတွင် အနာအစာရှိနေမှု ဆေးဆရာ (သို့) ဆရာဝန်သည် သားချင်း အမျိုးသမီး၊ သူစိမ်းအမျိုးသမီး၏ အနာရှိသည့်နေရာမှတစ်ပါး မည်သည့် နေရာကိုမျှ ပို၍ကြည့်ခွင့်မရှိ၊ ပြသခွင့်မရှိ၊ ထိုအခါမျိုး၌ အမျိုးသမီးသည် ဟောင်းနွမ်းသောအဝတ်ကိုဝတ်၍ အနာဖြစ်သည့်နေရာ၊ အနာရှိသည့်နေရာ ပေါ်မှ ဝတ်ထားသော အဝတ်ကိုညှပ်ပြီးပြသပါ သို့မှသာ အခြားအစိတ်အပိုင်း ကို မြင်တွေ့ရမည်မဟုတ် အဘယ်ကြောင့်ဆိုသော် အမျိုးသမီးတစ်ဦး၏ ချက်မှ ဒူးအထိ အစိတ်အပိုင်းကို အမျိုးသမီးအချင်းချင်းပင်လျှင် ကြည့်ပိုင်ခွင့် မရှိ၊ ဖေါ်ခွင့်မရှိချေ၊ ထို့ပြင် အမျိုးသမီးဆရာဝန်အား ပြသရန်ရှိသော်လည်း ပေါင်နှင့် ကင်တို့ကို အလျှင်းဖေါ်၍ ပြသခွင့်မရှိ၊ အနာရှိသော နေရာမှ ပိတ်ကို ညှပ်၍သာ ပြသရမည်ဖြစ်ပေသည်။

ထို့ပြင် ဤသည်ကိုလည်း နားလည်းသဘောပေါက်ထားရမည်မှာ လိုအပ်သည့်အတွက် မလွှဲမရှောင်သာ ဆရာဝန်ကို ပြသသောအခါ အနားမှ ရှိသော သွေးသားတော်စပ်သူတို့သည် ထိုအစိတ်အပိုင်းကို ကြည့်နေခွင့် မရှိချေ၊ အကယ်၍ အနားတွင်ရှိနေသူများအနက် တရားတော်အရ ကြည့်ခွင့် ရှိသူပါရှိလျှင် ကြည့်ခွင့်ရှိသည်၊ ထိုသူသည် အထက်ပါပညတ်ချက်၌ မပါဝင် ပေ၊ ဥပမာ လူနာအမျိုးသမီး၏ ခြေသလုံးတွင် အနာရှိ၏ ၄င်းအနားတွင် ဖခင်၊ အစ်ကိုအရင်း၊ မောင်အရင်းလည်းရှိနေသော် ၄င်းတို့သည် ဆရာဝန် အား ပြသပေးခွင့်ရှိ၏ ကိုယ်တိုင်ကြည့်ခွင့်ရှိ၏ အပြစ်မထိုက်ပေ၊ အဘယ် ကြောင့်ဆိုသော် အမြဲအတွက် နေကာဟ်မပိုင်သူများရှေ့၌ ခြေသလုံးများကို ဖေါ်ခွင့်ရှိသောကြောင့်ဖြစ်ပေသည်။

ဥပဒေသ ယခုဖေါ်ပြခဲ့သော ရှင်းလင်းချက်များသည် အမျိုးသား ရောဂါသည်အတွက်သည်လည်း ထိုနည်းအမိန့်တိုင်းသာဖြစ်သည်၊ အဘယ် ကြောင့်ဆိုသော် အမျိုးသားများသည် ချက်မှဒူးအထိ အမျိုးသားအချင်းချင်း ဖုံးကွယ်ရန် ဝါဂျစ်ဗ်ဖြစ်ပေ၏၊ အကယ်၍ ပေါင် (သို့) တင်ပါးတွင်ရှိသော

အနာအစာအား ဆရာဝန်တစ်ဦးတစ်ယောက်အား ပြလိုခဲ့သော်လည်းကောင်း တင်ပဆုံတွင် ဆေးထိုးရန်ရှိသော် ဆရာဝန်သည် လိုအပ်သည်ခန့်မျှသာ ကြည့်ခွင့်ရှိ၏ အခြားသူများအားကြည့်ခြင်းသည် ဟရာမ်ဖြစ်ချေ၏။

**မတ်စ်အလဟ်။** ကိုယ်ဝန်သည် ကိုယ်ဝန်ဆောင်သောအခါ ဝမ်းဆွဲဖြင့် ပြင်ပေးလိုသော် ချက်အောက်ပိုင်းကို ဖုံးထားရမည်၊ ဝမ်းဆွဲအားလည်း မလိုအပ်ဘဲ ပြသခွင့်မရှိ အများအားဖြင့် ကိုယ်ဝန်ပြင်ပေးသောအခါ အမေနှမများ၊ အခြားအမျိုးသမီးများသည်လည်း ကြည့်နေတတ်ပေသည်။ ဤသို့ ကြည့်ပိုင်ခွင့် မရှိ။
**မတ်စ်အလဟ်။** အကယ်၍ ခပ်သ်နဟ်ပြုသော ကလေးသည် ကလေးကြီးဖြစ်သော် ခပ်သ်နဟ်ပြုချိန်၌ ၎င်းအားကြည့်ခွင့်မရှိ၊ ပြုပေးသောဆရာသည် လိုအပ်သည်ခန့်သာကြည့်ခွင့်ရှိ၏။
**မတ်စ်အလဟ်။** ကလေးမီးဖွားသောအခါတွင် ဝမ်းဆွဲနှင့် နပ်စ်တို့အား အရေးကြီးလျှင် အရေးကြီးသည်မျှသာဖြစ်၍ လိုအပ်သည်ကိုကြည့်ရှုဆောင်ရွက်နိုင်သည်၊ ထိုထက်မပိုစေရ တားမြစ်ချက်ရှိ၏။ ပတ်ဝန်းကျင်ရှိ အမျိုးသမီးများပင်မက အမေနှမများပင်လျှင် ကြည့်ပိုင်ခွင့်မရှိ၊ များသောအားဖြင့် မီးဖွားသူအမျိုးသမီးအား ဝတ်လစ်စားလစ်ထား၍ အမျိုးသမီးများဝိုင်း၍ ကြည့်နေတတ်ပေသည်၊ ဤသို့ပြုခြင်းသည် လုံးဝဟရာမ်ဖြစ်၏။
**မတ်စ်အလဟ်။** အကယ်၍ ဝမ်းဆွဲ (သို့) နပ်စ်သည် မွတ်စ်လင်မ်မဟုတ်သူဖြစ်လျှင် ၎င်းရှေ့၌ ဦးခေါင်းဖော်ခွင့်မရှိ၊ ဟရာမ်ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ကာဖဲရ်အမျိုးသမီးများရှေ့တွင် မျက်နှာ၊ လက်နှစ်ဘက်ကို လက်ကောက်ဝတ်အထိ၊ ခြေနှစ်ဘက်ကို ခြေမျက်စိအထိမျှသာ ဖော်ပိုင်ခွင့်ရှိ၏။ ထို့ပြင် အနည်းငယ်မျှပင်ပို၍ ဖော်ပိုင်ခွင့်မရှိ။ ဥပမာ ကာဖိရ်ဖြစ်ကြသော အညစ်အကြေးသိမ်းများ ဆေးကြောလျှော်ဖွတ်သူများ သန့်ရှင်းရေးအလုပ်သမားများ၊ နပ်စ်၊ အမျိုးသမီးဆရာဝန်၊ အစရှိသောသူအားလုံးတို့သည် အမိန့်တစ်ခုတည်းဖြစ်၏။

**မတ်စ်အလဟ်**။ ဆေးဝါးကုသမှုနှင့် စပ်လျဉ်း၍ ပေါ့လျော့မှု ပေါ့တန်မှုတစ်ရပ်မှာ ရောဂါသည်၏ အရှက်အစိတ်အပိုင်းတစ်ခုပေါ် သွားလျှင် ဖုံးပေးဘို့ ပေါ့တန်ကြ၏၊ အကယ်၍ ဒူးပေါ် သွားသည်၊ ပေါင်ပေါ် သွားသည်ဆိုလျှင်လည်း၊ အလေးထားခြင်းမရှိ ကြည့်မြဲကြည့်နေကြ၏၊ ထိုသို့ ဝိုင်းကြည့်နေခြင်းကို ကရုဏာဟု မှတ်ကြလေသည်။ ဤသည်တရားတော်အရ ဟရာမ်ဖြစ်၏။

ယနေ့ အချို့ခေတ်ဆန်သူတို့သည် ဝမ်းဆွဲ နပ်စ်၊ အမျိုးသမီး ဆရာဝန်တို့နှင့် ကလေးမဖွားတော့ဘဲ ယောကျ်ားဆရာဝန် (သို့မဟုတ်) ဆရာဝန်ကြီးများနှင့် သားဖွားကြပါသည်၊ သို့သာမက ၎င်းကို ဂုဏ်ယူလေ့ရှိကြပါသည်။ အလ်အယားဇုဗိလ္လာဟ် (အရှင့်ထံတော်၌ ခိုလှုံပါ၏၊ အလ္လာဟ်သာလျှင်ထိန်းသိမ်းတော်မူပါ)

အကြင်အခါ မိန်းမသားအချင်းချင်းကိုပင် အကြောင်းမရှိ ကြည့်ခွင့်မပေးဘဲ စည်းစောင့်ရန် ပညတ်ထားသော် အမျိုးဗီဇမတူသူ ဖိုသားအားအဘယ်မှာခွင့်ရှိနိုင်အံ့နည်း။ ဆွေးမျိုးတော်စပ်သူ ယောကျ်ားသည်ပင်သွေးဝေးသည်နှင့်အမျှ တားမြစ်ချက်များ တိုးသွားပါသည်၊ မွတ်စ်လင်မ်အမျိုးသမီးနှင့် ကာဖဲရ်အမျိုးသမီးသည် မ-မျိုးတူငြားသော်လည်း စည်းထားမှုပညတ်တော်မှာ ရှိနေသေး၏။ သို့ဖြစ်၍ မီးဖွားရန်လိုအပ်သောအခါ ပထမအဆင့်အနေဖြင့် မျိုးတူဗီဇတူ မွတ်စ်လင်မ်အမျိုးသမီးများအား ရွေးခြယ်သင့်ပေသည်၊ ထို့နောက်တွင် သူစိမ်းအမျိုးသား၏ အမိန့်နှင့်တူသော ကာဖဲရ်အမျိုးသမီးကို ဒုတိယအဆင့်၌ မွတ်စ်လင်မ်ဆရာဝန်ကို တတိယအဆင့်၌၊ ထို့နောက်မှသာ လိုအပ်ပါက ကာဖဲရ်ဆရာဝန်နှင့် မွေးဖွားရန်၊ ကုသရန်ပြုရမည်ဖြစ်သည်၊ အကယ်၍ ဖော်ပြပါ ပညတ်တော်အစီအစဉ်အတိုင်းမပြုဘဲ ပထမခြေလှမ်း၌ပင် ကာဖဲရ်အမျိုးသားဆီသို့ သွားလိုက်ခြင်းသည်အလွန်အရှက်ကင်းမဲ့သောကိစ္စ၊ တရားကိုဖီလာ၍ အကုသိုလ်ကို ရယူခြင်းဖြစ်သည် လိုအပ်လို့ပြုသသည်ဟု ပြောလိုက်ရုံနှင့် လက်ခံစရာမရှိ၊ အဘယ်ကြောင့်ဆိုသော် အမျိုးသားဆရာဝန်များ မွေးဖွားပေးသည့် အစဉ်အလာမရှိစဉ်ကလည်း ကလေးများဖွားနေပါသည်၊ ယခုတိုင်လည်း အရှက်

ပါသော အမျိုးသမီးများသည် ဝမ်းဆွဲနှင့်နပ်စ်တို့ဖြင့် ကလေးများ ဖွားနေကြပေသည်။

မှတ်ချက်။ ။ အချို့အမျိုးသမီးများသည် လက်ကောက်ရောင်းသူ၏ လက်တွင်းသို့ မိမိလက်ကိုပေး၍ ဝတ်ခိုင်းချွတ်ခိုင်းကြပါသည်၊ ဤသို့အလျှင်း ပြုပိုင်ခွင့်မရှိ၊ ရက်စရာကောင်းသောကိစ္စဖြစ်သည်။

## သူစိမ်းအမျိုးသား အမျိုးသမီးတို့အား ကြည့်ခြင်းပြသခြင်းသည် လအ်နသ်ကျိန်စာသင့်၏

(١٢) وعن الحسن مرسلا قال بلغني ان رسول الله صلى الله تعالى عليه وسلم قال لعن الله الناظر والمنظور اليه

(رواه البيهقي في شعب الايمان)

(၁၂) ဟစန်ဗစရီသခင်က အကြောင်းပြုခဲ့၏၊ ကျွန်ုပ်အား ဟဒီးစ်တော်မြတ်တစ်ပုဒ်ရရှိခဲ့ပါသည်။ တမန်တော်မြတ်က ထိုအမျိုးသား အမျိုးသမီးများအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ လအ်နသ်ကျရောက်ပါစေ၊ အကြင်သူတို့သည် သူစိမ်းတို့အား ကြည့်ခြင်း၊ အကြည့်ခံခြင်းများကို ပြုကြပေသည်။

(ဗိုင်ဟကီ)

ဤဟဒီးစ်တော်မြတ်သည် အလွန်နက်နဲလှသော အဓိပ္ပါယ်ယတ္ထများကို ခြုံငုံလျက်ရှိနေပေသည်၊ ၄င်းတွင် နိယာမတရားဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားသည်မှာ ဟရာမ်အကြည့်မှန်သမျှကို လအ်နသ်ကျိန်စာသင့်သော အရာဟု ဖော်ပြထားပေသည်၊ အရသာခံ၍ ကြည့်သူများ သက်သက်အား မဆိုထားဘိ သူစိမ်းယောကျာ်း (သို့) မိန်းမတို့အား ကြည့်စေရန် ဆ ၌ဖြင့်

မြင်သာသောနေရာ တစ်နေရာတွင် ရပ်နေ၍ အကြည့်ခံသူများအပေါ်တွင်လည်း လအ်နသ်ပြုထား၏။ အကြင်စည်းလွန်သူတို့သည် အမျိုးသားဘဲဖြစ်ဖြစ် အမျိုးသမီးဘဲဖြစ်ဖြစ် လအ်နသ်သင့်သူများသာဖြစ်ပေ၏။

ထပ်ဆင့်ရှင်းလင်းထားသည်မှာ အမျိုးသမီး တစ်ဦးတစ်ယောက်သည် ပရ်ဒဟ်လုံခြုံစွာဖုံးအုပ်ခြင်းမရှိဘဲ ဈေးသို့လည်းကောင်း၊ ပွဲလမ်းသဘင်သို့လည်းကောင်း၊ ပန်းခြံသို့လည်းကောင်း သွားခဲ့ရာမှ သူစိမ်းအမျိုးသားများသည် ထိုအမျိုးသမီးအား တွေ့ခဲ့ရသည်ဆိုသော် နှစ်ဦးစလုံးမှာ လအ်နသ်သင့်သွားကြပေတော့၏။ ထိုနည်းလည်းကောင်းပင် အမျိုးသမီးတစ်ဦးသည် တံခါးဝမှနေ၍လည်းကောင်း၊ ပြတင်းပေါက်မှနေ၍လည်းကောင်း၊ ကပြင်မှနေ၍လည်းကောင်း အပြင်သို့ ချောင်းကြည့်၊ ပြူကြည့် အကဲခတ်ကြည့်နေခဲ့သည်ဆိုသော် ဤအမျိုးသမီးသည်လည်း လအ်နသ်သင့်သူများ၌ ပါဝင်ပေမည်၊ ထို့ပြင် သူစိမ်းအမျိုးသားအား မြင်စေရန်၊ အခွင့်အလမ်းပေးခဲ့လျှင်လည်း လအ်နသ်သင့်သူများ၌သာ ပါဝင်မည် ဖြစ်ပေသည်၊ ထိုနည်းလည်းကောင်းပင် စုံတွဲ ပွဲတိုင်များတွင် သတို့သား၊ သတို့သမီးတို့အား ကြည့်နေသော အမျိုးသား အမျိုးသမီးတို့မှာလည်း လအ်နသ်ထိုက်ကြသူများဖြစ်ကြကုန်၏။

အမျိုးသမီးတစ်ဦးသည် အမျိုးသမီးတစ်ဦး၏ ချက်မှဒူးအထိ အစိတ်အပိုင်းကို ကြည့်ခဲ့သည်လည်းကောင်း၊ ပြသခဲ့သည်လည်းကောင်း ပြုခဲ့မူ နှစ်ဦးစလုံးမှာ လအ်နသ်ကျိန်စာ၌ ပါဝင်မည်ဖြစ်ပေသည်။

အမျိုးသမီးတစ်ဦးသည် မိမိမဟ်ရမ် (ဝါ) ဖခင်၊ မောင်၊ အစ်ကို စသည်များရှေ့တွင် မိမိဝမ်းဗိုက် (သို့) ကျော (သို့) ပေါင် (သို့) ဒူးခေါင်းကို ဖော်ခဲ့သည်ရှိသော် ကြည့်သူနှင့် ဖော်သူနှစ်ဦးအပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်၏ ကျိန်ဆဲတော်မူခြင်းကို ခံရမည်သာဖြစ်၏၊ အနောက်တိုင်းယဉ်ကျေးမှုကို အားကျသော အိမ်များတွင် အမျိုးသမီးများ၊ လုံမငယ်တို့သည် စကပ်တို၊ ဂါဝန်တိုများ၊ ဘောင်းဘီတိုများကို ဝတ်ဆင်ထားလေ့ရှိပေသည်၊ အိမ်သူအိမ်သားများရှေ့တွင်၊ အိမ်စေအမျိုးသားများရှေ့တွင် ဒူးပေါ် ပေါင်ပေါ်

နေတတ်လေ့ရှိသည်။ ဤကိစ္စသည် ဟရာမ်ဖြစ်၏၊ ဤသို့သိပြီးပါလျက် ရပ်တန်းမှမရပ်ဘဲရှိနေ ခဲ့သော် တစ်အိမ်သားလုံးပေါ်တွင် တမန်တော်၏ ကျိန်စာကိုသင့်ကြမည်သာ ဖြစ်ချေ၏။

## မိမိပီရ်နှင့်ပရ်ဒဟ်ပြုရန် အရေးကြီးပါသလား

(١٣) وَعَنْ عَائِشَةَ رَضِيَ اللهُ تَعَالىٰ عَنْهَا قَالَتْ اَوْمَتْ اِمْرَأَةٌ مِنْ وَرَاءِ سِتْرٍ بِيَدِهَا كِتَابٌ اِلىٰ رَسُوْلِ اللهِ صَلَّى اللهُ تَعَالىٰ عَلَيْهِ وَسَلَّمَ فَقَبَضَ النَّبِيُّ صَلَّى اللهُ تَعَالىٰ عَلَيْهِ وَسَلَّمَ يَدَهُ فَقَالَ مَا اَدْرِيْ اَيَدُ رَجُلٍ اَمْ يَدُ امْرَأَةٍ قَالَتْ بَلْ يَدُ امْرَأَةٍ قَالَ لَوْ كُنْتِ امْرَأَةً لَغَيَّرْتِ اَظْفَارَكِ يَعْنِيْ بِالْحِنَّاءِ -

(رواه ابو داود والنسائى)

(၁၃) မိခင်မွန်ကြီးအိုင်ရှဟ်သခင်မအကြောင်းပြုတော်မူခဲ့၏၊ အမျိုးသမီး တစ်ယောက်သည် ပရ်ဒဟ်အကွယ်တစ်ခုမှနေ၍ တမန်တော်၏ လက်တွင်းသို့ လျှောက်လွှာတစ်စောင်ပေးလိုခဲ့၏၊ တမန်တော်မြတ်သည် ၎င်း၏ လက်ကို တွေ့၍ မိမိလက်ကို ယုတ်လိုက်၏၊ ထို့နောက် တမန်တော်က ကျွန်ုပ်သည် ဤလက်ကို အမျိုးသား၏လော့၊ အမျိုးသမီး၏လော့ဆိုသည်ကို မခွဲနိုင်ပါ၊ ထိုအမျိုးသမီးက ဤသည် အမျိုးသမီး၏လက်ဖြစ်ပါသည်ဟု လျှောက်ထား ခဲ့၏။ ထိုအခါ တမန်တော်မြတ်က အသင်မ အမျိုးသမီးဖြစ်လျှင် လက်သဲအဖျား ကို ဒါန်းနီဆိုးလျှင်ကောင်းလေစွဟု မိန့်ကြားတော်မူခဲ့၏။ (အဗူဒါဝူဒ်ကျမ်း)

အထက်ပါဟဒီးစ်တော်မြတ်အရ အရေးပါသော ကိစ္စနှစ်ရပ်ကို သိရှိရပါသည်။ (၁) စဟာဗီယဟ်အမျိုးသမီးများသည် တမန်တော်မြတ်ရှေ့သို့ လာလေ့မရှိခြင်း။ (၂) အမျိုးသမီး၊ အမျိုးသား ခွဲခြားနိုင်ရန် လက်များကို ဒါန်းဆိုးရန်အချက်တို့ဖြစ်ပေသည်။

စဟာဗီယဟ်အမျိုးသမီးတစ်ဦးသည် အကာအကွယ်နောက်မှနေ၍ လက်အနည်းငယ်ဖော်ကာ တမန်တော်မြတ်အား လျှောက်လွှာတစ်စောင် ပေးခဲ့၏။ ယင်းသို့ပြုခြင်းကြောင့် အမျိုးသားလက် အမျိုးသမီးလက်ဟုပင် မသိရှိ ခဲ့ရပေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ထိုအမျိုးသမီးသည် မိမိလက်ကို များစွာဖော်ခဲ့လျှင် လက်ကောက်ကိုသော်လည်းကောင်း၊ အမျိုးသမီးအင်္ကျီ လက်ကိုသော်လည်းကောင်း တွေ့မြင်ရပေမည်၊ ထိုမျှပင် မဖော်ဘဲ လက်ကို ထုတ်ခဲ့သည်ဖြစ်၍ တမန်တော်မြတ်သည် ကျား၊ မ ဟူ၍ပင် မခွဲတတ် ဖြစ်၍ လက်ကို နောက်သို့ရုတ်လိုက်ခြင်းဖြစ်ခဲ့ပေသည်။

ဤဖော်ပြပါ ဟဒီးစ်တော်ဖြင့် လောဘသား၊ ခေမ္မကထိကများရှေ့တွင် အရောတဝင်သွားလာကြသူ အမျိုးသမီးများအတွက် တရားရယူရန် အရေးကြီးလှပေသည်၊ စီးပွားရေးသမားပီရ်၊ မွှရ်ရှစ်ဒ်၊ အယောင်ဆောင်ဒလန် ပွဲစားများ၏ နားချမှုကို နားယောင်ကြသည်၊ “ဤပုဂ္ဂိုလ်သည်၊ အဖိုးအို ဖြစ်သည်၊ သူတော်စင်ဖြစ်သည်၊ သာသနာ့ဖခင်ဖြစ်သည် စိုးရိမ်စရာမရှိ” စသဖြင့် ပြောဆို၍ ပွဲဈေးခင်းကြပါသည်။

ဖော်ပြပါ ဟဒီးစ်တော်မြတ်သည် ထိုအသိဉာဏ်ခေါင်းပါးသူများ အတွက် လုံလောက်ပေ၏၊ တမန်တော်မြတ်သည် မွတ်စ်လင်မ်အမျိုးသား၊ အမျိုးသမီးတို့၏ သာသနာ့ဖခင်ဖြစ်သည်၊ တမန်တော်နှင့်သာပိုသော သာသနာကိုင်းရှိုင်းသူကား ကမ္ဘာပေါ်တွင်မရှိ၊ ပေါ်ပေါက်ရန်လည်း မရှိတော့ချေ။ မည်သည့်နဗီ၊ မည်သည့်သူတော်စင်၊ မည်သည့်စဟာဗဟ်မျှ တမန်တော် မြတ်ထက်သာပိုသော သူတော်စင်မဖြစ်နိုင်ချေ၊ သို့ဖြစ်ပါသော်လည်း အိန္ဒြေ ကြီးမားလှသော အမျိုးသမီးကြီးသည် မြတ်တမန်တော်၏ရှေ့သို့ မလာဘဲ နောက်ကွယ်မှသာ လျှောက်လွှာကို ပေးကမ်း၍ ဆက်သခဲ့သည်ကို သဘာဝ

အရင်းခံ တရားသဘောနှင့် တွေးမြင်ကြည့်ရှုလိုပေသည်။

အကြင်အမျိုးသမီးများသည် ပီရ်မွရ်ရှစ်ဒ်တို့ရှေ့တွင် သွားလာကြပေသည် ထိုသူများသည် ကြီးလေးသော အဖောက်အပြစ်ဒဏ်ကို ခံစားရမည်ဖြစ်သည်၊ ဤကဲ့သို့ အဝင်ခံသော၊ လာခွင့်ပြုသောပီရ်၊ မွရ်ရှစ်ဒ်တို့သည်လည်း ဖါစစ်က်ဖါဂျစ်ရ်၏ အပြစ်ဒဏ်ကို ခံစားကြရအံ့၊ ဤကဲ့သို့သော ပုဂ္ဂိုလ်များမှ မုရီဒ် (တပည့်) ခံယူခြင်းကား အလျင်းမပိုင်ပေ။ ဤကဲ့သို့သော သာသနာ့စည်းလွန်ကြသော ပုဂ္ဂိုလ်များမှ ဗိုင်အသ် (သစ္စာ) ခံယူထားသူသည် ၎င်းမှ ဗိုင်အပ်သ်ဖျက်၍ သာသနာ့စည်းစောင့်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံတွင် ဗိုင်အသ်ပြုလိုက်ရန် အရေးကြီးလှပေသည်။ အမှန်တကယ် တရားပါရမီပါလာကြသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ထူးတို့သည် မိမိကိုယ်တိုင်လည်း တရားကိုစောင့်စည်း၍ လူတို့အားလည်း တရားကို စောင့်စည်းကြရန် နှိုးဆော်တိုက်တွန်းနေခြင်းသည် ၎င်းတို့ဘဝ၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်ကြပေ၏။ ထို့ပြင် ယင်းတို့သည် ဟဒီးစ်ကျမ်းများကို မွှေနှောက်၍ စစ်မှန်သော သာသနာ့ပညာရှင်များမှ မေးမြန်း၍ တမန်တော်ကြီး၏ နေထိုင်မှုဘဝ လမ်းစဉ်ကို ရယူကြပြီး ၎င်း၊သည်၊မရွေ့ အကောင်ထည်ဖော် ကျင့်သုံးကြပေသည်။

ကုရ်အာန်ဟဒီးစ်တော်နှင့် လွဲမှား၍ ကျင့်သုံးသော တရားကြောင်သော ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်လမ်းမှန်မှ လွဲမှားနေသူဖြစ်၍ ၎င်းသည် ဗိုင်အသ်ခံယူထိုက်သူတစ်ယောက်မဟုတ်ချေ။

တဖက်ပါဟဒီးစ်တော်အရ သိရှိရသော ဒုတိယအချက်မှာကား အမျိုးသမီးတို့သည် ယောကျ်ားလက်များနှင့် ခွဲခြားနိုင်ရန် လက်များနှင့် လက်သဲများတွင် ဒန်းများကို ဆိုးထားရန် အချက်ပင်ဖြစ်ပေသည်။ တရားတော်မြတ်သည် အမျိုးသားကို အမျိုးသား၏ ရုပ်လက္ခဏာသွင်ပြင်အတိုင်း ရှိစေရန် အမျိုးသမီးတို့အားလည်း မိမိတို့၏ ဥပဓိရုပ်အတိုင်း ဝတ်စားဆင်ယင်နေရန် လိုလားပေသည်။ သို့ဖြစ်၍ ကျားမတို့သည် မိမိတို့၏ ဗီဇအဝတ်အစားများကိုသာ ဝတ်ကြရန် အရေးကြီးပေသည်။

ဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ တမန်တော်မြတ်က ထိုအမျိုးသား

များအပေါ်သို့ အလ္လာဟ်အသျှင်၏ ကျိန်စာသင့်ပါစေ၊ အကြင်သူတို့သည် အမျိုးသမီးများ၏ အဝတ်အစားများကို ဝတ်ဆင်ကြသည် ထိုနည်းလည်းကောင်းပင် ထိုအမျိုးသမီးများအပေါ်သို့လည်း လအ်နသ်ကျရောက်ပါစေ။ အကြင် အမျိုးသမီးတို့သည် အမျိုးသားများ၏ အဝတ်အစားများကို ဝတ်ဆင်ကြပေသည်။ အင်ရှာအလ္လာဟ်အောက်တွင် ဆက်လက်ဖေါ်ပြပါမည်။

## တမန်တော်သည် အမျိုးသမီးများနှင့် လက်ဆွဲနှုတ်ဆက်ခြင်းမပြု

(١٨) وَعَنْ أُمَيْمَةَ بِنْتِ رُقَيْقَةَ رَضِيَ اللهُ تَعَالَىٰ عَنْهَا
قَالَتْ أَتَيْتُ رَسُولَ اللهِ صَلَّى اللهُ تَعَالَىٰ عَلَيْهِ وَسَلَّمَ فِي
نِسْوَةٍ بَايَعْنَهُ عَلَى الْإِسْلَامِ فَقُلْنَ لَهُ يَا رَسُولَ اللهِ صَلَّى
اللهُ عَلَيْهِ وَسَلَّمَ نُبَايِعُكَ عَلَىٰ أَنْ لَا نُشْرِكَ بِاللهِ شَيْئًا وَ
لَا نَسْرِقَ وَلَا نَزْنِيَ وَلَا نَقْتُلَ أَوْلَادَنَا وَلَا نَأْتِيَ بِبُهْتَانٍ
نَفْتَرِيهِ بَيْنَ أَيْدِينَا وَأَرْجُلِنَا وَلَا نَعْصِيكَ فِي مَعْرُوفٍ
قَالَ رَسُولُ اللهِ صَلَّى اللهُ تَعَالَىٰ عَلَيْهِ وَسَلَّمَ فِيمَا اسْتَطَعْتُنَّ
وَأَطَقْتُنَّ قَالَتْ فَقُلْنَ اللهُ وَرَسُولُهُ أَرْحَمُ بِنَا مِنْ أَنْفُسِنَا
هَلُمَّ نُبَايِعُكَ يَا رَسُولَ اللهِ صَلَّى اللهُ عَلَيْهِ وَسَلَّمَ فَقَالَ
رَسُولُ اللهِ صَلَّى اللهُ تَعَالَىٰ عَلَيْهِ وَسَلَّمَ إِنِّي لَا أُصَافِحُ
النِّسَاءَ إِنَّمَا قَوْلِي لِمِائَةِ امْرَأَةٍ كَقَوْلِي لِامْرَأَةٍ وَاحِدَةٍ أَوْ
مِثْلُ قَوْلِي لِامْرَأَةٍ وَاحِدَةٍ - (رواه مالك في الموطا)

(၁၄) အုမိုင်မဟ်သခင်မက အကြောင်းပြုခဲ့သည်မှာ ကျွန်မနှင့် အမျိုးသမီးတို့သည် တမန်တော်မြတ်ထံတော်ပါးတွင် ဗိုင်အသေအစွလာမ် အစွလာမ်အတွက် သစ္စာဆိုရန် ရောက်ရှိလာပါသည်။ ကျွန်မတို့က လျှောက်ထားကြပါသည်။ အို. . . အလ္လာဟ်၏ ရဆူလ်တမန်တော် ကျွန်မတို့သည် ကိုယ်တော်မြတ်၏ ရှေ့တော်မှောက်၌ အောက်ပါ စည်းကမ်းပါ အချက်အလက်များအပေါ်တွင် သစ္စာဆိုကြပါသည်။ ကျွန်မတို့သည် မည်သည့်အခါမျှ အလ္လာဟ်အသျှင်မြတ်အား မည်သူနှင့်မျှ တုဘက်နိုင်းယှဉ်ကိုးကွယ်ခြင်းမျိုးကို ပြုမည်မဟုတ်၊ ထို့နောက် ခိုးဝှက်ခြင်းမှလည်းကောင်း၊ ကာမကျူးလွန်ခြင်းမှလည်းကောင်း၊ သားသမီးများအား သတ်ဖြတ်ခြင်းမှလည်းကောင်း၊ အစွတ်အစွဲခံခြင်းစသည်တို့မှလည်းကောင်း ရှောင်ကြဉ်မည်ဖြစ်ကြောင်း ကတိသစ္စာပြုအပ်ပါသည်။ ထို့ပြင် ကောင်းမှုများ၌ ကိုယ်တော်၏ စကားကို မြေဝယ်မကျနာခံပါမည်ဟု ပြောကြလေသည်။ ထိုအခါ တမန်တော်မြတ်သည် ယင်းတို့၏ နောက်ဆုံးသစ္စာခံယူချက်အပိုဒ်ကို ကြားနာပြီး တမန်တော်က ယင်းတို့၏ စိတ်တွင်း၌ မာန မရောက်စေရန်အတွက် ကျွန်မတို့သည် အတတ်နိုင်ဆုံး ဆောင်ရွက်ပါမည်ဟု ပြောကြားပါလေဟု မိန့်ကြားတော်မူခဲ့ပေသည်၊ အမျိုးသမီးတို့သည် တမန်တော်၏ ဤစကားကို ကြား၍ အမျိုးသမီးတို့က အလ္လာဟ်၏ရဆူလ်တမန်တော်မြတ်သည် ကျွန်မတို့အပေါ်၌ ကျေးဇူးကမ္ဘာပင်ဖြစ်ပါ၏ဟု လျှောက်တင်ကြပေသည်၊ ထို့နောက် အမျိုးသမီးများက ကျွန်မတို့သည် ယခုနှုတ်အားဖြင့် ဝန်ခံပြီးပါပြီ၊ ယခု ကိုယ်တော်၏ လက်တော်၌ သစ္စာခံလိုပါသည်၊ ကိုယ်တော်၏ လက်တော်ကို ဆက်သတော်မူပါဟု လျှောက်တင်လေသည်။ ထိုအခါ တမန်တော်က ငါကိုယ်တော်သည် အမျိုးသမီးများနှင့် လက်ကိုင်နှုတ်ဆက်ခြင်းမပြုပါ၊ ကျွန်ုပ်နှုတ်ဖြင့် ပြောဆိုသမျှသည် အားလုံးအတွက် လုံလောက်သွားပြီဖြစ်သည်။ တစ်ဦးချင်း သစ္စာခံယူရန်လည်း မလိုအပ်တော့ပေ၊ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးတစ်ရာကို ဗိုင်အသ်ပြုလျှင် တစ်ယောက်ကိုပြောသောစကားကိုသာ ပြောမည်ဖြစ်ပေ၏။ (မုအသ်သွာမာလိက်)

(၁၆) မုအ်မင်များ၏ မိခင် အွမ္မေစလ်မဟ်သခင်မက အကြောင်းပြခဲ့သည်၊ ကျွန်ုပ်မနှင့်အတူ မိုင်မူနဟ်သခင်မနှစ်ဦးစလုံးသည် တမန်တော်မြတ်၏ ထံပါး၌ ရှိနေခဲ့၏။ ထိုစဉ်၌ပင် ရုတ်တရက် အဗ်ဒွလ္လာဟ်ဗင် မတ်က်သူမ် မျက်မမြင် စဟာဗီကြီးသည် ရှေ့မှောက်သို့ ရောက်ရှိလာပြီး တမန်တော်၏ အနားသို့ ဝင်လာလေ၏ (ကျွန်မတို့နှစ်ဦးသည် လာနေသူမျက်မမြင်ဖြစ်သည်ကို သိ၍ ပရ်ဒဟ်ပြုရန် ရည်ရွယ်ချက်မရှိဘဲ တိတ်ဆိတ်စွာ ထိုင်မြဲထိုင်နေ၏) တမန်တော်မြတ်က ထိုသူနှင့် ပရ်ဒဟ်ပြုကြဟု မိန့်ဆိုခဲ့၏။ ကျွန်မက အို. . . အလ္လာဟ် တမန်တော် ထိုသူမျက်မမြင်မဟုတ်ပါလော့။ ထိုသူသည် ကျွန်မတို့အား ကြည့်နိုင်သည် မဟုတ်ပါလော့။ တမန်တော်က အသင်မတို့ နှစ်ဦးလည်း မျက်မမြင်ဖြစ်နေပါသလော့။ အသင်တို့ ၎င်းအား ကြည့်နေသည် မြင်နေသည် မဟုတ်ပါလော့ဟု တုံ့ပြန်ဖြေကြားတော်မူခဲ့ပေသည်။

(အဟ်မဒ်၊ သိရ်မိဇီ၊ အဗူဒါဝူးဒ်)

ဤဟဒီးစ်တော်အရ အမျိုးသမီးများအားလည်း ဖြစ်နိုင်သမျှ တတ်စွမ်းနိုင်သမျှ အမျိုးသားများအား ကြည့်ခြင်းမှ ရှောင်ရှားအပ်ပေသည်၊ ဟဇရသ် အဗ်ဒွလ္လာဟ်သည် မျက်မမြင်ဖြစ်သည်၊ အလွန်ရိုးသားသန့်ပြန့်သောသူလည်း ဖြစ်သည်၊ တမန်တော်၏ ဇနီးသည်နှစ်ပါးသည်လည်း အလွန်ရိုးသားသန့်ပြန့်သူများ ဖြစ်ကြ၏။ သို့ပါလျက် တမန်တော်မြတ်သည် မိမိဇနီး နှစ်ပါးအား ပရ်ဒဟ်ပြုရန် (ဝါ) ၎င်းအား မကြည့်ရန် မိန့်ကြားခဲ့၏၊ အမှန်၌ကား ဤနေရာတွင် မရိုးသားသော အကြည့်မျိုးကား စိုးစဉ်းမျှ မရှိနိုင်၊ သို့ပါသော်လည်း တမန်တော်မြတ်သည် ဤမျှလေးနက်စွာ ကြပ်မတ်တော်မူခဲ့ပေသည်။

သို့ဖြစ်လျှင် ယနေ့ အမျိုးသမီးများအတွက်၊ အမျိုးသားများအား ချောင်းကြည့်ခြင်း၊ မြော်ခြင်းကိစ္စကို အဘယ်မှာ ခွင့်ပြုနိုင်မည်နည်း၊ အကယ်၍ လိုအပ်၍ ခရီးသွားရပါက လမ်း၌ကြည့်ရန်မြော်ရန် ဆန္ဒမပါဘဲ သွားလာသူတို့အား မြင်ခဲ့လျှင် အပြစ်ဟူကား မရှိ၊ သိပါလျက် ဆန္ဒအလျောက် သူစိမ်း အမျိုးသား အမျိုးသမီးတို့အား ကြည့်သွားခြင်းသည် အထက်ဖော်ပြပါ ဟဒီးစ်တော်မြတ်၏ လေးနက်စွာ မိန့်မှတ်ချက်၌ ပါဝင်မည်ဖြစ်သည်၊

စူရယ်နှုရ်၏ စတုတ္ထ ရက်ကျအ်၌ အမျိုးသားများသည် မျက်လွှာများကို အောက်ချ ထားရန်နှင့် အမျိုးသမီးများသည်လည်း ထိုနည်းတူစွာ မျက်လွှာများကို မအောက်ချထားရန် မိန့်မှတ်ထားပေသည်။ (၄င်း၏ အကျယ်ကို ဖေါ်ပြပြီး)

ဤသည်ကို ထောက်ချင့်၍ ထိမ်းမြားမင်္ဂလာပွဲများ၌ ဟားကြ၊ မြူးကြ ကျီစယ်ကြ၊ အကြည်ဆိုက်ကြ ပြုနေသော အစဉ်အလာသည် တရားတော်နှင့် မည်မျှ ဆန့်ကျင်သည်ကို သိရပေသည်။ အကြင်အခါ သတို့သမီးအား သတို့သားအိမ်သို့ မလွှတ်မီ သတို့သားအား အိမ်တွင်းသို့ခေါ်၍ စလာမ် ပေးခိုင်းလေ့ရှိပေသည် ထိုအချိန်အတွင်း၌ တစ်မျိုးလုံး တစ်ဆွေလုံးရှိ အမျိုးသမီးများ ရပ်ဝေးရပ်နီးဧည့်သည်အမျိုးသမီးများသည် ရောက်ရှိစုဝေး နေချိန်ဖြစ်သည်၊ အမျိုးသမီးအားလုံးတို့သည် သတို့သားအား ဝိုင်း၍ ကြည့်နေကြသည် ခဲမများမှာ အမျိုးမျိုးသော အပြောင်အပျက်များနှင့် ပြောကြ ဆိုကြ ကျွေးကြပြီး ကျီစားကြသည် ဖိနပ်ဝှက်သူကဝှက်၊ ထုံးသုတ် သူက သုတ်နှင့် ဟားတိုက်နေကြပေသည်။ ဤကဲ့သို့ ဝတ်ကောင်းစားလှများကို ဝတ်ဆင်လျက် သဘာဝမစိတ်တို့နှင့် ပြည့်နှက်နေသော အမျိုးသမီး တောင်၌ သူစိမ်းအမျိုးသားတစ်ယောက်အား ခေါ်လာခြင်းသည် အဘယ်မှာ အခွင့်ရှိနိုင် မည်နည်း။ ထို့နောက် အမျိုးသမီးတို့သည် သတို့သားအား ဝိုင်းဟား ပြီးနောက် ပြန်ခွင့်ပြုပြီး ပွဲသိမ်းသည်နှင့် သတို့သား၏ ဥပမိရုပ် လက္ခဏာ အစိတ်အပိုင်းတိုင်းကို သုတေသနပြုရင်း စကားဖလှယ်ပွဲကြီး စလေတော့ သတည်း။

စဉ်းစားကြည့်လော့ ဤကဲ့သို့တရားကျူးလွန်သော ပုဂ္ဂိုလ်တို့သည် ပီရ်မွရ်ရှစ်ဒ် ဆရာအဖြစ် ခံယူထိုက်ပါသလော့။ အလျင်းမထိုက် အလျင်းမထိုက်ပါ လမ်းမှန်ပြ မြတ်တမန်တော်၏တပည့်အမှန်ဆိုလျှင် ဤသို့အလျင်းမဖြစ်နိုင်ပါ တမန်တော်မြတ်သည် ဗိုင်အသ်ပြုချိန်၌ မည်သည့်အမျိုးသမီးကိုမျှ လက်ဖြင့် ကိုင်ခြင်းကို မဆိုထားဘိ၊ လက်ဖြင့်တို့ခြင်းပင် မပြုခဲ့ပါ၊ ဤလောကီရမွက်နှင့် လှဲ့ဖြားနေသူတို့သည် သူစိမ်းအမျိုးသမီးများကို နှိပ်နိုင်းကြသည် အနှိပ်ခံ ကြလေသည်၊ ထို့ပြင် လက်ဖွဲ့ပေးရန်၊ မန္တန်မန်းမှုတ်ရန် အင်းချရန်၊ အင်း ဆံသွင်းရန် အပမှီခြင်းကို ဖြေပေးရန် စသဖြင့် အကြောင်းပြ၍ အမျိုးသမီး များကို မိမိတစ်ဦးတည်းရှိရာသို့လည်းကောင်း ခေါ်ယူလေ့ရှိကြပေသည်၊ အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့ အကျင့်သိက္ခာမရှိပါဘဲလျက် ရှိဟန် ဆောင်သူတို့၏ လှဲ့စားခြင်းမှ အွမ္မသ်တစ်ရပ်လုံးအား ကယ်တင်တော်မူပါစေ။

အကြင်မွရ်ရှစ်ဒ်လမ်းပြဆရာတော်သည်၊ တရားစစ် တရားမှန်ကို ကျင့်သုံးသူ၊ အလ္လာဟ်ကို ကြောက်သူ၊ တမလွန်၌ အဖမ်းဆီးခံရမည်ကို ယုံကြည်သူ၊ မည်သည့်မုရီဒ်အမျိုးသမီးကိုမှ ရှေ့မှောက်၌ ခေါ်ခြင်းမပြုဘဲ ပရ်ဒဟ်အတွင်းမှနေ၍ စာချပေးခြင်း၊ တရားချပေးခြင်း၊ ပြုသူတို့သည် မည်သည့်အခါ၌မျှ မုရီဒ်အမျိုးမသီးများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း မပြုချေ။ ထို့ပြင် သူမတို့အား ကိုင်တွယ်ခြင်း မပြုသည်သာမက မိမိအားလည်း ကိုင်ခွင့် မပြုသူဖြစ်၏။ ထိုသူသည် အရိယာသူတော်ကောင်းဖြစ်၏။ ၄င်းတို့နှင့်သာ ဗိုင်အသ်ယူထိုက်၏ ၄င်းတို့နှင့်သာ ကြည်ညိုစိတ်ဖြင့် ဆက်ဆံပေါင်းဖေါ်ခြင်း ကို ပြုထိုက်ပေ၏။

ကျွန်ုပ်တို့၏ ဆရာတော် အစဉ်ဆက်မှ မော်လာနာ ခလီလ်အဟ်မဒ် (မဒီနဟ်သို့ ရွှေ့ပြောင်းသွားသူ) သခင်သည် အမျိုးသမီးများအား ဗိုင်အသ် ပြုသောအခါတွင် ဆရာကြီးရှေ့၌ ပရ်ဒဟ် အကာရှိပါလျက် ပရ်ဒဟ် အကာကို ကျောခိုင်း၍ ထိုင်ပြီး သစ္စာအဓိဋ္ဌာန်စကားများကို ပို့ချလေ့ရှိပေသည်၊ အခါ တစ်ပါး၌ အရပ်တစ်ရပ်တွင် အမျိုးသမီးများအား ဗိုင်အသ်ပြုရန် ကြွမြန်း သွားခဲ့ပါသည်။ ဆရာကြီးသည် မိမိအစဉ်အလာအတိုင်း ပရ်ဒဟ်ကို

ကျောခိုင်း၍ ထိုင်ကာဗိုင်အသိပြုပေးခဲ့၏။ အမျိုးသမီးတစ်ဦးက ဆရာသခင် ပရ်ဒဟ်ပြုပြီးပါမှ ကျောခိုင်းစရာ အဘယ်မှာ လိုအပ်ပါတော့မည်နည်းဟု မေးခဲ့ရာ ဆရာသခင်က ကျွန်ုပ်တဖက်သို့ မျက်နှာမူထားသည်ကို အသင်တို့ မည်သို့ သိရှိပါသနည်း၊ ပရ်ဒဟ်လိုက်ကာချထားသော်လည်း တနည်းနည်းဖြင့် ကြည့်လိုက်သည်ဘဲဖြစ်ရချေမည်။ သို့ဖြစ်၍ ကျွန်ုပ် ဤသို့ပြုရခြင်းဖြစ်သည်ဟု မြေကြားတော်မူခဲ့ပေသည်။ ဤသူများကို အဲဟ်လေဟပ်က် (တရားစစ် တရားမှန်ကျင့်သုံးသူ) ဟု ခေါ်ပေသည်။ အကြွင်သူများသည် ဤ၍ဤမျှ ပရ်ဒဟ်ကို အလေးထားစောင့်စည်းခဲ့ကြပေသည်။

تَغَمَّدَهُمُ اللّٰهُ بِغُفْرَانِهٖ وَرَحْمَتِهٖ وَاجْعَلْنَا مِنْ حِزْبِهِمْ

အလ္လာဟ်အသျှင်မြတ်သည် ထိုပုဂ္ဂိုလ်တို့အား မိမိလွတ်ငြိမ်းချမ်းသာခွင့်နှင့် အသနားတော်၌ လွှမ်းခြုံစေတော်မူပြီး ကျွန်ုပ်တို့အား ယင်းတို့၏ အသင်းဝင်ဖြစ်ရပါစေသတည်း။

## မျက်မမြင်နှင့်လည်း ပရ်ဒဟ်ပြုရမည်

(١٦) وَعَنْ اُمِّ سَلَمَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهَا اَنَّهَا كَانَتْ عِنْدَ رَسُوْلِ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ وَمَيْمُوْنَةَ اِذْ اَقْبَلَ ابْنُ اُمِّ مَكْتُوْمٍ فَدَخَلَ عَلَيْهِ فَقَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ اِحْتَجِبَا مِنْهُ فَقُلْتُ يَا رَسُوْلَ اللّٰهِ اَلَيْسَ هُوَ اَعْمٰى لَا يُبْصِرُنَا فَقَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ اَفَعَمْيَاوَانِ اَنْتُمَا اَلَسْتُمَا تُبْصِرَانِهٖ ؛

(رواه احمد والترمذى وابوداؤد)

## ဗိုင်အသ်ပြုဖွသာအခါ အမျိုးသမီးအားလက်ကိုင်ခွင့်မပြု

(١٥) وَعَنْ عَائِشَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهَا قَالَتْ فَمَنْ اَقَرَّ بِهٰذَا الشَّرْطِ مِنَ الْمُؤْمِنَاتِ قَالَ لَهَا رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ قَدْ بَايَعْتُكِ كَلَامًا وَلَا وَاللّٰهِ مَا مَسَّتْ يَدُهُ يَدَ امْرَأَةٍ قَطُّ فِي الْمُبَايَعَةِ مَا يُبَايِعُهُنَّ اِلَّا بِقَوْلِهٖ قَدْ بَايَعْتُكِ (اخرجه البخاری فی تفسیر سورة الممتحنة)

(၁၅) အိုင်ရှဟ်သခင်မက မိန့်ကြားတော်မူသည်မှာ မုအ်မင်အမျိုးသမီးများမှ အကြွင်သူတို့သည် ထိုစည်းကမ်းများကို ဝန်ခံလိုက်ကြပါသည်။ (အကြွင် အကြောင်းကို အထက်ပါ ဟဒီးစ်တော်တွင်လည်းကောင်း စူရဟ်မွမ်သဟေ နဟ်တွင်လည်းကောင်း ဖေါ်ပြခဲ့လေပြီ) တမန်တော်မြတ်သည် ထိုအမျိုးသမီး များအား နှုတ်အားဖြင့် "ငါကိုယ်တော်သည် သင်မတို့အား၊ ဗိုင်အသ်ပြုလိုက် ချေပြီ"ဟု မိန့်ကြားတော်မူခဲ့ပေသည်၊ အဘယ်ကြောင့်ဆိုသော် တမန်တော် မြတ်သည် အမျိုးသမီးတို့အား လက်ကိုင်၍ လက်ပေါ်လက်တင်၍ ဗိုင်အသ် ပြုလေ့မရှိသောကြောင့်ပင် ဖြစ်လေသည်။

ဆက်လက်၍ အိုင်ရှဟ်သခင်မ မိန့်ကြားသည်မှာ အလ္လာဟ်အသျှင် မြတ်၏ ကစမ်တမန်တော်မြတ်သည် ဗိုင်အသ်ပြုစဉ်အခါတွင် မည်သည့် အမျိုးသမီးကိုမှ လက်တို့ခြင်းပင်မရှိခဲ့ ကိုယ်တော်သည် အမျိုးသမီးတို့အား နှုတ်ဖြင့်သာ ဗိုင်အသ်ပြုတော်မူလေ့ရှိကြောင်း။ ကိုယ်တော်မြတ် မိန့်ကြား လေ့ရှိသော အက္ခရာပိုဒ်မှာ　　　　　(ငါသည် အသင့်အား ဗိုင်အသ် ပြုလိုက်ပြီ) ဟု ဖြစ်ပေသည်။　　(ဗုခါရီရှိစူရဟ်မွမ်သဟေနဟ်)

ဤဟာဒီးစ်တော်နှစ်ပုဒ်ဖြင့် ထင်ရှားစွာ သိရှိရသည်မှာ ကမ္ဘာအေး တရားကို ယူဆောင်လာသော မဟာတမန်တော်မြတ်သည် ဗိုင်အသ်ပြုသော အခါအတွင် မည်သည့် အမျိုးသမီး၏လက်ကိုမှ မကိုင်တွယ်ခဲ့ကြောင်း၊ အမျိုးသမီးတစ်ဦးက ဗိုင်အသ်အတွက် လျှောက်ထားလျှင်၊ ငါကိုယ်တော် ဗိုင်အသ်ပြုလိုက်ပြီဟူ၍ပြောခဲ့ကြောင်း အမျိုးသမီးအများက လက်ကိုင်၍ ဗိုင်အသ် ပြုပါမည့်အကြောင်း လျှောက်တင်လေရာ ကိုယ်တော်က

ငါကိုယ်တော်သည် အမျိုးသမီးများနှင့် မုစာဖဟ်လက်ကိုင်၍ နှုတ်ဆက် ခြင်းမပြုဟု ဖြေကြားခဲ့သည်။ ထို့နောက် မိန့်ကြားသည်မှာ ငါကိုယ်တော် သည် အမျိုးသမီးတစ်ရာတို့နှင့်လည်း တစ်ဦးတည်းကို ပြောသောစကားကို သာ ပြောမည်ဖြစ်ပါသည်။

သဘောမှာ လက်ကိုကိုင်၍ ဗိုင်အသ်ပြုမှ ဗိုင်အသ်ဖြစ်သည်မဟုတ်။ နှုတ်ဖြင့် ပြောဆိုလိုက်ရုံဖြင့်လည်း လုံလောက်ပေသည်ဟု ဆိုလို၏။ အကြင်အခါ နှုတ်ဖြင့် ခမ္မမိဋ္ဌာန်ပြု၍ ဗိုင်အသ်သစ္စာခံယူခွင့်ရှိနိုင်သော် သူစိမ်း အမျိုးသမီးများ၏လက်ကို အဘယ့်ကြောင့် ကိုင်ရပါသနည်း။

ယခုမူ ကျွန်ုပ်တို့သည် ယနေ့ကျော်ကြားသော တရားကြောင်း၊ သီလ ကြောင်း၊ ပညာမဲ့ပီရ်၊ မွရ်ရှစ်ဒ် (လမ်းပြ)တို့ အကျည်းတန်သော အဖြစ်ဆိုး များကို တစေ့တစောင်း စမ်းစစ်ကြည့်ကြပါစို့၊ ကိုရမ္မက်ကြီးသူ၊ ကာမဂုဏ် ခံစားသူတို့မှာ ဗိုင်အသ်ပြုသောအခါ အမျိုးသမီးများ၏လက်များကို လက်တွင်း၌ မြဲမြဲကိုင်ယူထားကြသည်၊ အမျိုးသမီးကြားဝယ် ဒူးထပ်ပေါင်ထပ် ထိုင်၍ တရားဟန်ဆောင်သော စကားများကို ပြော၍ သူမတို့၏ ရုပ်ရည် အလှအပကို အရသာခံယူလေ့ရှိကြသည်။ ထို့ပြင် သူမတို့အား ခြေနှိပ်၊ ဒူးနှိပ်၊ ပေါင်နှိပ်၊ ခေါင်းနှိပ်တို့ကို ပြုခိုင်းကြပေသည်၊ နောက်ဆုံးတွင် ပရ်ဒဟ်မဲ့ခြင်း၏ ရလဒ်၊ တရားမဲ့ခြင်း၏ အကျိုးဆက်သည် ပုထုစဉ် လူသားတို့ မလွန်ဆန်နိုင် သည့် တဏှာရာဂတို့မှာ ဖေါက်ပြန်ကြသည်အထိ ဆိုက်ရောက်သွားပေတော့ ၏။ ဤသည် ပရ်ဒဟ်မရှိခြင်း၊ ဟီရိဩတ္တပ္ပမဲ့ခြင်း အရှက်အကြောက် ကင်းမဲ့ ခြင်းတို့၏ နောက်ကွယ်မှ မုချဆိုက်ရောက်ရမည့် အရသာပင်ဖြစ်ချေ၏။

## မိန်းမလျာများနှင့်လည်း ပရ်ဒဟ်ပြုရမည်

(١٧) وَعَنِ ابْنِ عَبَّاسٍ رَضِيَ اللهُ تَعَالَى عَنْهُمَا قَالَ لَعَنَ النَّبِيُّ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ الْمُخَنَّثِيْنَ مِنَ الرِّجَالِ وَ الْمُتَرَجِّلَاتِ مِنَ النِّسَاءِ وَقَالَ أَخْرِجُوْهُمْ مِنْ بُيُوْتِكُمْ
(رَوَاهُ الْبُخَارِي)

(၁၇) သာဝကကြီး အစ်ဗ်နူအဗ္ဗာစ်သခင်မှ ဆင့်ပြန်ချက်တစ်ရပ် လာရှိ၏။ တမန်တော်မြတ်သည် အယောင်ဆောင် မိန်းမလျာများနှင့် အယောင်ဆောင် ယောက်ျားလျာများအား ကျိန်ဆဲတော်မူခဲ့၏။ သို့နောက် တမန်တော်က ၎င်းတို့အား အိမ်မှ နှင်ထုတ်ဟု မိန့်ကြားခဲ့ပေသည်။ (ဗုခါရီ)

ဤဟဒီးစ်တော်မြတ်တွင် တမန်တော်မြတ်သည် ထိုအမျိုးသား အမျိုးသမီးများအပေါ်သို့ ကျိန်ဆဲတော်မူခဲ့၏ အကြင်သူတို့သည် မိမိပင်ကိုယ် သဘာဝကို ရုပ်ပြောင်းလုပ်၍ ဝတ်ဆင်ကြပေသည် သို့သော် မွေးရာပါ စိတ်ပြောင်းနေသော မိန်းမလျာနှင့် ယောက်ျားလျာတို့သည် ထိုကျိန်ဆဲမှုတွင် မပါဝင်ချေ။

အကြင်သူတို့သည် ရုပ်ပြောင်းရုပ်လွဲပြု၍ အမျိုးသမီးအသွင်ဆောင်သော အမျိုးသားနှင့် အမျိုးသားအသွင်ဆောင်သော အမျိုးသမီးတို့သည် ဟဒီးစ်တော်အရ မုချလအ်နသ်ထိုက်သူများ ကျိန်စာသင့်သူများဖြစ်ကြပေမည်သာ၊ ဤသို့သော သူတို့အား မိမိအိမ်၌ လာခွင့်ပြုခြင်းသည် လွန်စွာ အပြစ်ထိုက်၏၊ ထိုသူနှင့် စပ်လျဉ်း၍ တမန်တော်က

(اخرجوهم من بيوتكم) ၎င်းတို့အား မိမိအိမ်များမှ နှင်ထုတ်ကြဟု မိန့်မှတ်ခဲ့၏။ အကယ်၍ ဟုမ်ဟူသော နာမ်စားသည် "သပ်ဂ်လီဗန်" မိန်းမလျာနှင့် ယောက်ျားလျာများအား ရည်ညွှန်းသည်ဟု မှတ်ခဲ့သော် အရ်ဗီ

သဒ္ဒါအရ ဤသို့လည်းမှန်၏။ ထိုအခါ ထိုအပိုဒ်၏သဘောမှာ ယင်းမိန်းမလျာများအား မိမိအိမ်များ၌ လာခွင့်မပြုရသည့်အတိုင်း ယောကျ်ားလျာများအားလည်း အိမ်၌ လာခြင်းမှ တားဆီးရန် အရေးကြီးကြောင်းမည်၏။ အဘယ်ကြောင့်ဆိုသော် ဤသူတို့သည် အိမ်တွင်း၌ နေကြသော ရိုးသားသော အမျိုးသမီးများအတွက် စိုးရိမ်စရာ အန္တရာယ်တစ်ခုဖြစ်၏။ ၎င်း၏ အနေအထိုင် အပြောအဆို အဝတ်အစားများကို ကြည့်၍ ဂုဏ်ရှိသော အရှက်ရှိသော အမျိုးသမီးများ၌ အဆိုးဖက်မည်ကို စိုးရိမ်ရသောကြောင့်ဖြစ်ပေသည်။

<u>**မတ်စ်အုလဟ်**</u> - အဆိုပါ ဟဒီးစ်တော်ဖြင့် သိရှိရသည်မှာ အကြင်သူသည် မွေးရာပါ ကျားဖြစ်၏၊ သို့သော် ၎င်းသည် အကြောင်းတစ်စုံတစ်ရာကြောင့် ကျားစိတ်ကုန်ခမ်းသွား၏။ သို့ဖြစ်လျှင်လည်း အမျိုးသမီး များအတွက်ကား ၎င်းအရှေ့လာခွင့်မရှိ၊ ထိုနည်းတူစွာ မိန်းမလျာနှင့် ဝှေးသင်းထားသူ၊ လိင်တန်ဆာပြတ်နေသူနှင့် အဖိုးအို စသည်တို့နှင့် တင်းကျပ်စွာ ပရ်ဒဟ်ပြုရန် အရေးကြီး၏။

ركما ذكر فى المرقاة تحت

حديث ام سلمة رض فى ذكر ابنة غيلان هذا يدل على منع المخنث

والخصى والمجبوب من الدخول على النساء حاشيه مشكوة

ص ٢٧٠)

**မှတ်ချက်။** ။ အချို့သော မြို့ရွာများ၌ အကီကဟ်ကို ပွဲအဖြစ် ခတ်သ်နဟ်ကို ပွဲအဖြစ်ပြုလုပ်သည့် အစဉ်အလာရှိပြီး ၎င်းပွဲများတွင် မိန်းမလျာ များ၏ တေးဝိုင်းနှင့် ဖျော်ဖြေလေ့ ရှိကြသည်။ ဤသည် ကြီးလေးသောအပြစ် ဖြစ်၏။

## သေသူနှင့် ပရ်ဒဟ်ပြုတော်မူခြင်း

(۱۸) وَعَنْ عَائِشَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهَا قَالَتْ كُنْتُ أَدْخُلُ
بَيْتِيَ الَّذِيْ فِيْهِ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ
وَإِنِّيْ وَاضِعٌ ثَوْبِيْ وَأَقُوْلُ إِنَّمَا هُوَ زَوْجِيْ وَأَبِيْ فَلَمَّا دُفِنَ
عُمَرُ مَعَهُمْ فَوَاللّٰهِ مَا دَخَلْتُهُ إِلَّا وَأَنَا مَشْدُوْدَةٌ عَلَيَّ ثِيَابِيْ
حَيَاءً مِنْ عُمَرَ. (رواه احمد)

(၁၈) မိခင်မွန်ကြီး အိုင်ရှဟ်သခင်မက အကြောင်းပြုခဲ့၏ ကျွန်မသည် တမန်တော်မြှုပ်နှံထားသော ကျွန်မ၏အိမ်၌ ပရ်ဒဟ်လိုက်ကာတစ်ခု ကာထား၍ အိမ်တွင်းသို့ ဝင်လေ့ရှိပါသည်။ ထို့နောက် မိခင်မွန်ကြီးက ပြောကြားသည်မှာ ဤကဲ့သို့ ပရ်ဒဟ်မပြုဘဲ ဝင်လို့လည်း ရပါသည်။ ကျွန်မအိမ်၌ မြှုပ်နှံထားသူမှာ ဖခင်နှင့် ခင်ပွန်းသည်သာဖြစ်သည်၊ ယင်းတို့ နှစ်ဦးနှင့် ပရ်ဒဟ်ပြုရန် မလိုပါဟု ပြောကြားတော်မူလေ့ရှိပေသည်၊ အကြင်အခါ ၎င်းတို့နှစ်ဦးနှင့် အတူ အုမရ်သခင်ကို မြှုပ်နှံခဲ့ရာ ခိုဒါးကီးကစမ် ကျွန်မသည် အုမရ်သခင်နှင့် ရှက်မိသောကြောင့် မိမိခြုံထည်များကို လုံခြုံစွာ ဝတ်ဆင်ပြီးပါမှ အိမ်တွင်းသို့ ဝင်လေ့ရှိပါသည်ဟု မိန့်ကြားတော်မူခဲ့ပေသည်။ (အဟ်မဒ်)

မိခင်မွန်ကြီး အိုင်ရှဟ်သခင်မ၏ ဆောင်ရွက်ပုံကို ကြည့်ပါ။ လောကရှိ အသက်ရှင်သူများနှင့် ပရ်ဒဟ်ပြုခြင်းကား ရှိပြီးသားဖြစ်၏။ သို့တစေလည်း မိခင်မွန်ကြီးသည် သင်္ချိုင်းအတွင်း ရှိသောသူနှင့်လည်း ပရ်ဒဟ်ကို ဆောက်တည်လေ့ရှိခဲ့ပေသည်။

ယနေ့ကြေကွဲစရာ၊ ဝမ်းနည်းစရာ စကားရပ်မှာ ကျွန်တော်များ၏ မွတ်စ်လင်မ် အမေ၊ နှမများမှာ တမန်တော်၏ ဇနီးသည်များ၊ သမီးကညာများ၏ အတုကိုယူမည့်အစား အနောက်တိုင်းရှိ အချို့ အရှက်ကင်းမဲ့သော ဆတ်စလူးမများ၏ အတုကိုယူ၍ နောက်လိုက်ခံယူနေကြပေသည်။ ပရ်ဒဟ်

မရှိဘဲ အရက်ကင်းမဲ့စွာဖြင့် ဈေးများ၌ လှည့်ပတ်ခြင်း၊ ပန်းခြံများ၌ လည်ပတ်ခြင်းတို့ကို ဂုဏ်ရှိသည်ဟု မှတ်နေကြသည်။

သာသနာ့ညီနောင် မွတ်စ်လင်မ် အမျိုးသား၊ အမျိုးသမီးများခင်ဗျား ကျွန်ုပ်တို့ အဘယ်နေရာမှ အဘယ်နေရာသို့ ရောက်ခဲ့ပြီကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့၏ မူလပထမ အစွဲသာမှ် အမျိုးသမီးများမှာ သချိုင်းအတွင်းရှိသူနှင့်ပင် ပရိဒဟ်ပြုလေ့ရှိပေသည် ယနေ့ရှင်သူများကိုပင် ပရိဒဟ်ပြုရန် စွန့်လွှတ်လိုက်ချေပြီ။

## နေကာဘ်မပိုင်သူမပါဘဲ ခရီးမထွက်ရ

(١٩) وَعَنِ ابْنِ عَبَّاسٍ رَضِيَ اللّٰهُ تَعَالٰى عَنْهُمَا قَالَ قَالَ النَّبِيُّ
صلى الله تعالى عليه وسلم لَا يَخْلُوَنَّ رَجُلٌ بِامْرَأَةٍ وَلَا
تُسَافِرَنَّ امْرَأَةٌ إِلَّا وَمَعَهَا مَحْرَمٌ فَقَالَ رَجُلٌ يَا رَسُوْلَ اللّٰهِ
اُكْتُتِبْتُ فِيْ غَزْوَةِ كَذَا وَكَذَا وَخَرَجَتِ امْرَأَتِيْ حَاجَّةً
قَالَ اذْهَبْ فَاحْجُجْ مَعَ امْرَأَتِكَ ۔ (رواه البخارى ومسلم)

(၁၉) သာဝကကြီး အဗ်ဒွလ္လာဟ်ဗင် အဗ္ဗာဆ်သခင်မှ ဆင့်ပြန်ချက်တစ်ရပ်လာရှိ၏။ တမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ မည်သည့် အမျိုးသားမှ သူစိမ်းအမျိုးသမီးနှင့် မည်သည့်အခါမှ အတူမနေရ။ ထို့နောက် မည်သည့် အမျိုးသမီးမှ မဟ်ရမ်မပါဘဲ အလျှင်းခရီးမထွက်ရ၊ ထိုအခါ စွဟာဗဟ်တစ်ပါးက အို. . . အလ္လာဟ်၏ ရဆူလ်တမန်တော် ကျွန်ုပ်သည် မည်သည့် ယဉ်ဝဟ်စစ်ပွဲ၌ အမည်စာရင်းပေးထားပါသည်။ ယခုမှ ကျွန်ုပ်၏ ဇနီးသည် ဟဂ်ျပြုရန် ထွက်သွားပြီဖြစ်သည်။ ကျွန်ုပ်မည်သို့ပြုရပါမည်နည်းဟု လျှောက်

တင်ခဲ့ရာ တမန်တော်က အသင်သည် မိမိဇနီးသည်နှင့်အတူ ဟဂ်ျကိုဘဲ လိုက်သွားပါဟု မြေကြားတော်မူခဲ့ပေသည်။ (ဗုခါရီ၊ မွတ်စ်လင်မ်)

ဤဟဒီးစ်တော်မြတ်တွင် အရာနှစ်ခု၏ တားမြစ်ချက်ကို ဖော်ပြထားပေသည်။ ပထမအချက်မှာ မည်သည့် အမျိုးသားမှ မည်သည့် သူစိမ်းအမျိုးသမီးနှင့် နှစ်ဦးတည်းမနေရ၊ ၄င်း၏ အကြောင်းအချက်သည် ဟဒီးစ် အမှတ် (၉)တွင် ဖော်ပြခဲ့သော အရာပင်ဖြစ်၏။ မည်သည့်အခါ၌မဆို အမျိုးသားတစ်ဦးတစ်ယောက်သည် သူစိမ်းအမျိုးသမီးနှင့် တစ်ကိုယ်တည်းရှိခဲ့သော် ရှိုင်သာန်သည် နှစ်ဦးစလုံး၏စိတ်ကို ဖျက်ဆီးရန် လှုံ့ဆော်၏ဟု လာရှိထားပေသည်။

ဟဒီးစ်တော်မြတ်တွင် ဖော်ပြခဲ့သော ဒုတိယအချက်မှာ မည်သည့် အမျိုးသမီးမှ ဟရာမ်သားချင်းမပါဘဲ အလျင်းခရီးမထွက်ရ ဖြစ်ပေသည်။ အဆိုပါ ဟဒီးစ်တော်မြတ်တွင် ဟရာမ်သားချင်းမပါဘဲလျက် ခရီးသွားခြင်းကို အလျင်းတားမြစ်ထားပေသည်။ သဘောမှာ အမျိုးသမီးသည် ဟရာမ်သားချင်းမပါဘဲ ၃၊ ၄ မိုင် အတွက်လည်း သွားခွင့်မရှိကြောင်း၊ အမျိုးသမီးသည် မည်သည့်အနီး၊ အဝေးကိုပင် သွားသည်ဖြစ်သော် ဟရာမ်သားချင်းမပါဘဲ မသွားအပ်ကြောင်းမှာ ဆင်ခြင်တုံတရားပင်ဖြစ်သည်။ သို့သော် တမန်တော်မြတ်သည် အရေးပေါ်လိုအပ်ချက်နှင့် ရှောင်တခင်ကိစ္စများကို ထောင့်ချင့်၍ ဟဒီးစ် ဩဝါဒတော်မြတ်၌ ခရီးသက်သက်တားမြစ်ခြင်းကို မဆိုထားဘဲ ခရီး၏ အနီးအဝေးအတိုင်းအတာကို ဖော်ပြပေးခဲ့ပေသည်။ ယင်းဖော်ပြပါ အတိုင်းအတာထက်ပို၍ မဟ်ရမ်မပါဘဲ သွားလာခွင့်မရှိကြောင်း ဖော်ပြထားပါသည်။

အလ္လာမဟ်ရှာမီသခင်က ဟဂ်ျအခန်းတွင် ရေးသားသည်မှာ မဟ်ရမ် မပါဘဲ သွားလာခွင့်မရှိသော မိုင်ခရီးစဉ်သည် ၄၈ မိုင်ဖြစ်သည်၊ ၄င်းထက် နည်းလျှင် မဟ်ရမ်မပါဘဲ သွားလိုက သွားနိုင်၏။ ထို့နောက် ရှာမီသခင်က ရေးသားသည်မှာ အီမမ်အဗူဟနီဖဟ်နှင့် အီမဟ်အဗူယူစွဖ်သခင်တို့က အဆိုပြုသည်မှာ ၄၈ မိုင်ရဲ့ သုံးပုံတစ်ပုံခရီးဖြစ်သော ၁၆ မိုင်ခရီးကို မဟ်ရမ် မပါဘဲ သွားခြင်းသည် မက္ကရူဟ်ဖြစ်ကြောင်း အတည်ပြုခဲ့ပေသည်။ ထို့နောက်

တွင် ရေးသားသည်မှာ وينبغي ان يكون الفتوى عليه لفساد الزمان
(شرح اللباب) ويؤيده حديث الصحيحين لا يحل لامرأة تؤمن بالله
واليوم الآخر ان تسافر مسيرة يوم وليلة الا مع ذي محرم
عليها وفي لفظ لمسلم مسيرة ليلة وفي لفظ يوم

ယနေ့လူတို့၏ စာရိတ္တကိုယ်ကျင့်တရား ပျက်ပြားမှုများကို ထောက်ချင့်၍ အထက်ပါ အဆိုအတိုင်း ဓမ္မသတ်ဆုံးဖြတ်ချက်ကို ပေးသင့်ကြောင်း၊ (၁၆) မိုင်ခရီးအတွက်လည်း မဟ်ရမ်မပါဘဲ သွားခြင်းမှ တားမြစ်ရမည်ဖြစ်ကြောင်း ရေးသားထားပေသည်။ ထို့ပြင် ဗုခါရီ မွတ်စ်လင်မ်ကျမ်း၏ ဩဝါဒများသည်လည်း ယင်းအဆိုကို ထောက်ခံလျက် ရှိနေကြောင်း ရေးသားခဲ့၏။ အကြင်ဟဒီးစ်တော်၌ ပါရှိသော အကြောင်းအရာမှာ တမန်တော်မြတ်က အကြင်အမျိုးသမီးသည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ လည်းကောင်း၊ အာခိရသ် တမလွန်နေ့ကိုလည်း သက်ဝင်ယုံကြည်သူဖြစ်၏ ၎င်းအတွက် ၁၆ မိုင်ခရီးကို မဟ်ရမ်မပါဘဲ သွားခွင့်မရှိကြောင်း ဖော်ပြထားပေသည်။ ထို့နောက် မွတ်စ်လင်မ် ကျမ်း၏ အဆိုတစ်ရပ်၌ (၈) မိုင်မျှသာလည်း လာရှိထားပေသေးသည်။

အဘယ်ကြောင့်ဆိုသော် အန္တရာယ်ကို ကြိုတင်ကာကွယ်သောအားဖြင့် အနည်းငယ်ဝေးသော ခရီးအတွက်လည်း ဟရာမ်သွားချင်းမပါဘဲ လင်ယောကျ်ားမပါဘဲ မသွားအပ်ပေ။ ထို့ကြောင့် လောကီခရီးနှင့်၊ ဖရပ်ဇ် မဟုတ်သော သာသနာ့ခရီးများအတွက် ၄၈ မိုင်ထက်နည်းသော ခရီးအတွက်လည်း ဟရာမ်သွားချင်းမပါသော ခရီးမှ တားဆီးရပေမည်။ ယင်းသို့ ပြဋ္ဌာန်းချက်ကို အချို့ဟဒီးစ်က အတည်ပြု ထောက်ခံလျက် ရှိပေသည်။ အကယ်၍ ဟဂ်ျ၏ ခရီးစဉ်သည် ၄၈ မိုင်အတွင်းရှိမူ ထို့ပြင် ၎င်းအတွက် ဟဂ်ျလည်း ဖရပ်ဇ်ဖြစ်မူ ထို့အခါ လင်ယောကျ်ားက မဟ်ရမ်ပါဘဲ သွားခြင်းမှ

တားဆီးပိုင်ခွင့်မရှိချေ။ ယင်းကိစ္စကို ဖသာဝါအာလမ်ဂီရီကျမ်းတွင် ဟဂျ်၏ စည်းကမ်းချက်များ အောက်၌ ရေးသားထားပေသည်။

ومنها المحرم للمرأة شابة كانت او عجوزة اذا كان بينها
وبين مكة مسيرة ثلاثة ايام وان كان اقل من ذلك
حجت بغير محرم والمحرم الزوج ومن لا يجوز مناكحتها على
التابيد بقرابة او رضاع او مصاهرة

၎င်းစည်းကမ်း ချက်များအနက် ၄၈ မိုင်ရှိသော ခရီးစဉ်အတွက် မဟ်ရမ်ပါရှိရန် လည်း ပါဝင်၏ ထိုအမျိုးသမီးသည် အပျိုဖြစ်သည်ဖြစ်စေ အအိုဖြစ်သည် ဖြစ်စေ အမိန့်တစ်ခု တည်းသာဖြစ်၏။ အကယ်၍ အဆိုပါ မိုင်ထက်နည်းလျှင် မဟ်ရမ်မပါဘဲ ဟဂျ်ခရီးကို ပြုခွင့်ရှိ၏။

မဟ်ရမ်ဆိုသည်မှာ အကြင်သူနှင့် မည်သည့်အခါမှ ထိမ်းမြားပိုင်ခွင့် မရှိသူကို ဆိုလိုပေသည်။ ၎င်းသည် သွေးရင်းတော်စပ်သူ အမျိုးဖြစ်စေ၊ နို့စို့ခြင်းကြောင့် တော်စပ်သူဖြစ်စေ၊ ယောက္ခမဘက်မှ တော်စပ်သော သားချင်းဖြစ်စေ (ဝါ) လင်ယောကျ်ား၏ ဖခင်အရင်းနှင့် လင်ဘက်မှ ပါလာ သော သားတို့သည် မဟ်ရမ်ဖြစ်ပြီး ကျန်ရှိသူများမှာ မဟ်ရမ်မဟုတ်သူများပင် ဖြစ်ကြပေ၏။ သို့ဖြစ်၍ သတ်မှတ်ချက်မိုင်ထက်လွန်၍ သွားလိုက မိမိ လင်ယောကျ်ား (သို့) မဟ်ရမ်တစ်ဦးပါရန် အရေးကြီး၏။

ကေသာဗ္ဗသ်သန်ရိဂ်ဝ်၊ ဝပ်သ်သန်ဟီဗ်ကျမ်းတွင် ဗုခါရီကျမ်းကို ကိုးကား၍ ဟဒီးစ်တော် တစ်ပုဒ်ကို ဆင့်ပြန်ခဲ့၏။ တမန်တော်မြတ် (ဆွလ္လ လ္လာဟုအလိုင်ဟိဝဆလ္လမ်) က အကြင်အမျိုးသမီးသည် အလ္လာဟ်အသျှင်မြတ် ကိုလည်းကောင်း အာခေရသ်တမလွန်နေ့ကိုလည်းကောင်း သက်ဝင်ယုံကြည် သူဖြစ်မူ ထိုအမျိုးသမီးသည် ၄၈ မိုင်ခရီးကို ဖခင်၊ အစ်ကို၊ မောင်၊ သားနှင့် အခြားသားချင်းတစ်ဦးတစ်ယောက် (သို့) လင်ယောကျ်ားမပါဘဲ သွားလာခွင့် မရှိဟု မိန့်ဆိုခဲ့ပေသည်။

အာလမ်ဂီရ်ကျမ်းစာပိုဒ်အရ မဟ်ရမ်ဆိုသည်မှာ တစ်သက်တာလုံး ထိမ်းမြားပိုင်ခွင့်မရှိသောသူကို ဆိုလိုကြောင်းသိရ၏။ သို့ဖြစ်လျှင် မာမူ၏ သား၊ ဖူဖီ၏သား၊ ကြာကြာ၏သား၊ ခါလာ၏သားတို့သည် မဟ်ရမ်မဟုတ်ကြပေ၊ ၎င်းတို့နှင့်အတူ ခရီးထွက်ခြင်း ၎င်းတို့ရှေ့သို့ ပရ်ဒဟ်မပါဘဲ ထွက်ခြင်းများသည် အခွင့်မရှိကြောင်း သိရပေသည်။ ထိုနည်းလည်းကောင်းပင် မွေးစားသားသည် မဟ်ရမ်မဟုတ် ၎င်းနှင့်အတူ ခရီးထွက်ခြင်းလည်း မပိုင် ၎င်း၏ရှေ့တွင် ပရ်ဒဟ်မရှိဘဲ ထွက်ခွင့်မရှိ။

ဤနေရာ၌ အချက်တစ်ချက်ကို ရှင်းပြရန် အရေးကြီးမည်ဟု ထင်မိပါသည်။ များစွာသော လူတို့သည် မိမိခဲမအား မဟ်ရမ်ဟု မှတ်ကြပေသည်။ ထို့နောက် ဆိုလေ့ရှိကြသည်မှာ သူမ၏အမ ကျွန်ုပ်၏ နေကာဟ်၌ ရှိနေသ၍ ကျွန်ုပ်သည် ၎င်း၏မဟ်ရမ်ဖြစ်သည်။ ဤသို့ယူဆခြင်းသည် မှားယွင်းသော အတွေးအထင်သာဖြစ်၏။ တရားတော်မြတ်တွင် မဟ်ရမ်ဟူသည်မှာ တစ်သက်တာလုံး နေကာဟ်ထိမ်းမြားပိုင်ခွင့်မရှိသူကိုသာ ဆိုလိုသည်၊ ၎င်းသည် အပျိုဘဲဖြစ်စေ၊ အအိုဘဲဖြစ်စေ၊ မုဆိုးမဘဲဖြစ်စေ၊ ကွာရှင်းထားသူဘဲဖြစ်စေ၊ တစ်ဦးတစ်ယောက်၏ နေကာဟ်ထိမ်းမြားခြင်း၌ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ၎င်းနှင့် ထိမ်းမြားခြင်းသည် ဟရာမ်သာဖြစ်စေရမည် ဖြစ်ပေသည်။

အသိညာဏ်ခေါင်းပါးသူတို့၏ ဆင်ခြေကန် အငြင်းဝင်သည့်အတိုင်း ရှင်းရလျှင် တစ်ကမ္ဘာလုံးရှိ အမျိုးသားတို့၏ ဇနီးမယားများသည် ယောက်ျားတိုင်းအတွက် မဟ်ရမ်ဖြစ်ပေမည်ဟု ပြောလိုက်လျှင် မကောင်းပေဘူးလား၊ အချုပ်ကို ဆိုရသော် ထိုကဲ့သို့ ခဲမကို မဟ်ရမ်ဟု အကြောင်းပြ၍ အငြင်းဝင် ရှင်းလင်းခြင်းသည် လူပြိန်းဆန်လွန်းလှခြင်းသာဖြစ်ပေ၏။

ခရီးဆိုသည်မှာ အကျိုးအကြောင်း အခြေအနေအမျိုးမျိုးနှင့် ရင်ဆိုင်ကြရပေသည်၊ သို့အတွက်ကြောင့် တရားတော်မြတ်သည် အမျိုးသမီးအား လင်ယောက်ျား (သို့) မဟ်ရမ်မပါဘဲ ခရီးထွက်ခြင်းကို စည်းကျပ်ထားခြင်း ဖြစ်သည်။ ယင်းပြဌာန်းချက်တွင် များစွာသော အကျိုးသင့်အကြောင်းသင့်

များစွာနှင့် နက်နဲသော အသိများစွာ ပါဝင်လျက်ရှိပေသည်။ အမျိုးသမီးတစ်ဦးသည် မဟ်ရမ် (သို့) လင်ယောကျ်ားနှင့် အတူတူရှိနေလျှင် သူမ၏ အသက်စည်းစိမ်နှင့် ကာယိန္ဒြေစောင့်စည်းမှုအတွက် လုံခြုံ၏။ သို့တစေလည်း မဟ်ရမ်နေကာဟ်ထိမ်းမြားမပိုင်သူသည် ဖါစစ်ကျ်၊ ဖါဂျစ်ရ်၊ တရားမစောင့်စည်းသူ၊ အပြစ်ကြီးကျူးလွန်သူ (ဝါ) ထိုသူဖြင့် မိမိကာယိန္ဒြေအတွက် စိုးရိမ်ရသူဖြစ်လျှင် ထိုကဲ့သို့ မဟ်ရမ်သားချင်းနှင့်လည်း ခရီးထွက်ခွင့်ရှိမည်မဟုတ်၊ သို့ဖြစ်၍ သာသနာ့ ဥပဒေပညာရှင်များက မဟ်ရမ်သည် ဖါစစ်ကျ် မဖြစ်စေရဟု စည်းကမ်းပြုထားခြင်းဖြစ်ပေသည်။

ويجوز له ان يسافر بها اى بمحارمه اذا امن على نفسه فان علم انه يشتهيها اوتشتهي ان سافر بها اوخلا بها ولوكان اكبر رأيه ذلك اوشك فلا يباح له ذلك

ဖသဝါအာလမ်ဂီရ်ကျမ်းတွင် ပါရှိသည်မှာ- ထို့ပြင် ယောကျ်ားများအတွက် မိမိစိတ်ကို နိုင်လျှင် ပိုင်လျှင် မိမိမဟ်ရမ်အမျိုးသမီးနှင့်အတူ ခရီးထွက်ခြင်း၊ နှစ်ဦးတည်းနေခြင်းများကို ပြုပိုင်ခွင့်ရှိ၏၊ သို့ဖြစ်ရာ အကယ်၍ သူမအပေါ် မကောင်းစိတ်ဖြစ်ပေါ်မည်ကိုလည်းကောင်း၊ အတူတူနေလျှင် စိတ်ကြွမှုများ ဖြစ်ပေါ်မည်ကိုလည်းကောင်း၊ စိုးရိမ်ရသော် ထိုစိုးရိမ်မှုသည် သေချာအဆင့်သို့လည်းကောင်း သံသယအဆင့်သို့လည်းကောင်း ရောက်ရှိနေမှု ထိုအခါ ထိုသူသည် ထိုမဟ်ရမ်အမျိုးသမီးနှင့် ခရီးထွက်ခြင်း၊ အတူတူနေခြင်းများ မပိုင်တော့ချေ။

<u>မတ်စ်အလဟ်</u> - များစွာသော သူတို့သည် သာသနာ့ခရီးများသွားရာတွင် မဟ်ရမ်မပါဘဲ သွားခွင့်မရှိ၊ လောကီခရီးများတွင် မဟ်ရမ်မပါဘဲ သွားခွင့်ရှိသည်ဟု ထင်မှတ်ကြပေသည်။ ဤသည် မှား၏ နှစ်မျိုးစလုံးသော ခရီးစဉ်၌ မဟ်ရမ်ပါရန် အရေးကြီး၏။

<u>မှတ်စုအလယ်</u> - အမျိုးသမီးတစ်ယောက်သည် ဟဂ်ျပြုရန်အတွက် တစ်သက်လုံး မဟ်ရမ်မရရှိဘဲရှိမူ သို့ဖြစ်၍ ဟဂ်ျပြုနိုင်ခြင်း မပြုခဲ့ရသော် ၎င်းအတွက် အပြစ်ထိုက်မည်မဟုတ်၊ သို့ရာတွင် သူမသည် မကွယ်လွန်မီ မှာတမ်းစကား၌ မိမိအတွက် ကိုယ်စား ဟဂ်ျပြုပေးရန် မှာကြားသွားရန် ဝါဂျစ်အရေးကြီး၏ ၎င်းကွယ်လွန်ပြီးနောက် ၎င်း၏ အမွေဆိုင်များသည် ၎င်း၏ငွေမှ တစ်ဦးတစ်ယောက်အား စရိတ်ပေး၍ ဟဂ်ျပြုခိုင်းရမည် သို့ဖြစ်လျှင် သူမ၏တာဝန် ကျေပွန်သွားမည်ဖြစ်သည်။ ထိုဟဂ်ျမျိုးကို ဟဂ်ျဂျေဗဒလ်ဟု ခေါ်ပေသည်။

အဖွားအိုများအတွက်လည်း မဟ်ရမ်မပါဘဲ ခရီးသွားခွင့်မရှိ အမိန့်တော်မြတ်သည် အဖွားအိုများအတွက်လည်း ကိုနည်း၎င်းပင် ဖြစ်ချေ၏။

## ဟဂ်ျခရီးစဉ်၌ ပရ်ဒဟ်ကိုစောင့်စည်းရမည်

(٢٠) وَعَنْ عَبْدِ اللهِ بْنِ عَبَّاسٍ رَضِيَ اللهُ تَعَالَى عَنْهُمَا
قَالَ كَانَ الْفَضْلُ رَدِيفَ النَّبِيِّ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ
فَجَاءَتِ امْرَأَةٌ مِنْ خَثْعَمَ فَجَعَلَ الْفَضْلُ يَنْظُرُ إِلَيْهَا وَ
تَنْظُرُ إِلَيْهِ فَجَعَلَ النَّبِيُّ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ
يَصْرِفُ وَجْهَ الْفَضْلِ إِلَى الشِّقِّ الْآخَرِ فَقَالَتْ إِنَّ فَرِيْضَةَ
اللهِ أَدْرَكَتْ أَبِي شَيْخًا كَبِيرًا لَا يَثْبُتُ عَلَى الرَّاحِلَةِ
أَفَأَحُجُّ عَنْهُ؟ قَالَ نَعَمْ وَذٰلِكَ فِي حَجَّةِ الْوِدَاعِ ؞

(၂၀) သာဝကကြီး အဗ်ဒုလ္လာဟ်ဗင်အဗ္ဗာဆ်သခင်နှစ်ပါးထံမှ အဆိုတစ်ရပ် လာရှိ၏။ ကျွန်ုပ်တို့သည် ဟဂ်ျဂျသွလ် ဝဒါအ်ပြုရန် မွဇ်ဒလေဖဟ်မှ မေနဟ်သို့ သွားနေချိန်ဖြစ်သည်၊ ဖဇ်လ်ဗင်အဗ္ဗါဆ်သခင်သည် တမန်တော်မြတ်နှင့်

အတူတူ ကုလားအုတ်နောက်တွင် ထိုင်လျက်ရှိနေသည်။ ထိုစဉ်၌ အမျိုးသမီး တစ်ယောက်သည် မတ်စ်အလဟ်ပညတ်တော်တစ်ရပ်ကို မေးမြန်းရန် တမန်တော်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာ၏၊ ဖဇ်လ်ဗင်အဗ္ဗါဆ် သခင်သည် ထိုအမျိုးသမီးအား ကြည့်လေသည်။ ထိုအမျိုးသမီးသည်လည်း ၎င်းအား ပြန်ကြည့်လေသည် တမန်တော်မြတ်သည် ညီတော်မောင် ဖဇ်လ်၏ မျက်နှာကိုကိုင်၍ တဖက်သို့ တွန်းလိုက်ရာ နှစ်ဦးစလုံးမှာ မျက်နှာလွှဲလိုက်ကြ၏။ အကြောင်းမှာကား မကောင်းသောစိတ်ဖြင့် ကြည့်ခြင်းသည် အမျိုးသား အမျိုးသမီးနှစ်ဦးစလုံးအတွက် မုချတင်းကြပ်စွာ တားဆီးထားသော အရာဖြစ်ချေ၏။ ဟဂ်ျကဲ့သို့ စဝါဗ်ကြီးမားသော ဝတ်ပြုမှု၌ အကုသိုလ်ဖြစ်လျှင် အပြစ်ငရဲသည်လည်း ကြီးမားသောကြောင့်တည်း။ ထို့နောက် အမျိုးသမီးက အို့ တမန်တော်မြတ် ကျွန်မ၏ ဖခင်အပေါ်၌ မုချဟဂ်ျတာဝန်ရှိနေပါသည်။ သို့သော် ဖခင်ကြီးသည် အစီးအနင်းကိုပင် မစီးနိုင်လောက်အောင် အိုမင်း မစွမ်းဖြစ်နေပါသည်။ ကျွန်မသည် ဖခင်ကြီးကိုယ်စား ဟဂ်ျပြုခွင့်ရှိပါသလားဟု မေးမြန်းလျှောက်ထားခဲ့၏။ ထိုအခါ တမန်တော်မြတ်က ထမ်းဆောင်ပိုင်ခွင့် ရှိပါသည်၊ ထမ်းဆောင်လိုက်ပါလေဟု ပြန်ကြားတော်မူခဲ့ပေသည်။ (ဗုခါရီကျမ်း)

ဤဟဒီးစ်မှ အမျိုးသား အမျိုးသမီးတို့သည် ဟဂ်ျခရီး၌ မိမိတို့၏ မျက်စိများအား စောင့်စည်းကြရန် အရေးကြီးကြောင်း သိရှိရပေသည်။

အသ်သန်ရိဂီဗ်ဝပ်သ်သန်ရ်ဟီဗ်ကျမ်းတွင် မတ်စ်နဒေအဟ်မဒ်ကျမ်းမှ ဟဒီးစ်တော်မြတ် တစ်ပုဒ်ကို ဆင့်ပြန်ခဲ့၏။

ဟဂ်ျအချိန်အခါ အရဖဟ်နေ့တွင် လုလင်ပျိုတစ်ယောက်သည် တမန်တော်၏ နောက်တွင် အစီးအနင်းတွင် ထိုင်လျက်ရှိပြီး အမျိုးသမီးတို့ အား လိုက်ကြည့်နေ၏။ တမန်တော်သည် ထိုလုလင်ပျိုအား အို. . . ညီတော်မောင် ဤနေ့၏ ထူးခြားချက်မှာ အကြင်သူသည် ဤနေ့၌ မိမိအမြင် အာရုံ၊ အကြားအာရုံနှင့် မိမိနှုတ်လျှာကို စောင့်စည်းပြီး အကုသိုလ်များမှ ရှောင်ရှားခဲ့ပါမူ အလ္လာဟ်အသျှင်သည် ထိုသူအား မုချကေန် လွတ်ငြိမ်း ချမ်းသာခွင့် ပေးတော်မူမည်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့၏။

## မျက်စိကိုအထူးထိန်းသိမ်းကြ

(٢١) وَعَنْ عَائِشَةَ رَضِيَ اللهُ تَعَالٰى عَنْهَا قَالَتْ كَانَ الرُّكْبَانُ يَمُرُّوْنَ بِنَا وَنَحْنُ مُحْرِمَاتٌ مَعَ رَسُوْلِ اللهِ صَلَّى اللهُ تَعَالٰى عَلَيْهِ وَسَلَّمَ فَإِذَا حَاذُوْا بِنَا سَدَلَتْ إِحْدَانَا جِلْبَابَهَا مِنْ رَأْسِهَا فَإِذَا جَاوَزُوْنَا كَشَفْنَاهُ ؞

(رواه ابو داؤد)

(၂၁) အိုင်ရှဟ်သခင်မက အကြောင်းပြုခဲ့၏။ ဟဂျ်ခရီးစဉ်၌ ကျွန်မတို့ အနားမှ ဟာဂျီများဖြတ်သန်းသွားလေ့ရှိပါသည်။ ကျွန်မတို့သည် တမန်တော်နှင့် အတူတူ အေဟ်ရာမ်ဝတ်ထားလျက်ရှိကြပါသည်။ အေဟ်ရာမ် ဝတ်ထားစဉ်၌ မျက်နှာအုပ်ထားခွင့်မရှိသောကြောင့် မျက်နှာများပေါ်လျက် ရှိကြပါသည်။ သို့ပါသော်လည်း သူစိမ်းတို့နှင့် ပရ်ဒဟ်ပြုရန်မှာလည်း အရေးကြီး၏ သို့ဖြစ်၍ ဟာဂျီများသည် ကျွန်မတို့အနား တည့်တည့်ရောက်လာလျှင် ဦးခေါင်းမှ ခြုံထည်ပိုင်းကြီးကို ဆွဲ၍ ကာလေ့ရှိပြီး ဟာဂျီများကျော်ဖြတ်သွားပြီးသောအခါ မိမိမျက်နှာကို ဖွင့်လိုက်လေ့ရှိပါသည်။ (အဗူဒါဝူဒ်ကျမ်း)

ဤဟဒီးစ်တော်မြတ်ဖြင့် ဟဂျ်ခရီးစဉ်၌လည်း သူစိမ်းတို့နှင့် ပရ်ဒဟ်ပြုရန် အရေးကြီးကြောင်း သိရှိရပေသည်။ အမျိုးသမီးများသည် အေဟ်ရာမ်ဝတ်သည်မှစ၍ အေဟ်ရာမ်ချွတ်သည်အထိ မျက်နှာဖော်ထားရန်မှာ ဟဂျ်၏ ပညတ်ချက်ဖြစ်၏။ သို့ရာတွင် ဤသည့်သဘောမှာ မျက်နှာဖော်၍ ဟာဂျီများ ကြားဝယ်သွားလာနေရန်မဟုတ်၊ ထိုသို့ ဟာဂျီများကြား၌ သွားလာရမှု အေဟ်ရာမ်အရ မျက်နှာဖုံးထားသည်လည်းမကျ ပရ်ဒါလည်းဖြစ်သွားရန် အထက်တွင် အိုင်ရှဟ်သခင်မတင်ပြသည့်နည်း ကွယ်လိုက်ရမည်ဖြစ်သည်။

အိုင်ရှဟ်သခင်မ၏ မိန့်ဆိုချက်အရ မျက်နှာဖုံးရန် မလိုအပ်ပါဟု ပြောကြသော အသိခေါက်ခေါက် အဝင်နက်ကြသော လူတန်းစားများအဖို့

မည်သည့်ငြင်းချက်မှ ထုတ်နိုင်ကြမည်မဟုတ်၊ အကယ်၍ သူစိမ်းများဖြင့် မျက်နှာဖုံးကွယ်ရန် အရေးမကြီးလျှင် မိခင်မွန်ကြီး အိုင်ရှဟ်သခင်မနှင့် ဆွဟာဗီယဟ်သခင်မတို့သည် ဟာဂျီများရှေ့၌ အဘယ်ကြောင့် မျက်နှာဖုံးကွယ်ရန် ဂရုမမူ ပြုခဲ့ရပါသနည်း။ စဉ်းစားပါ။ ယနေ့ ဟာဂျီများသည် တစ်ဦးနှင့်တစ်ဦး ဟာရမ်ဖြစ်သူ ညီအစ်ကိုပြုလိုက်ကြသည် သို့သာမက ဟာဂျီနှင့် ဟာဂျီမတို့သည် အရဝါသီ မောင်နှမဟု ခေါ်ဝေါ်သမုတ်ကြလေသည်။ လေနှင့်ရင်း လိုက်သော မောင်နှမဖြစ်သွားသည်နှင့် ဟာဂျီမကြီးများသည် ဟာဂျီဆပ်ကြီးတို့ရှေ့ဝယ် တံခါးမရှိဓါးမရှိ၊ ဝင်လိုဝင်၊ ထွက်လိုထွက် အတားအဆီးမရှိဘဲ ဖြစ်ကုန်ကျ တော့၏။ ပရ်ဒဟ်သည် အချိန်အခါတိုင်း၌ရှိ၏ ခရီးဟူသည် မည်သည့် ခရီးပင် ဖြစ်စေ၊ အမိန့်တစ်ခုတည်းဖြစ်၏။ ပရ်ဒဟ်မဲ့ခြင်းသည် သာသနာ့ခရီးဘဲ ဖြစ်ဖြစ် အခြားမည်သည့်ခရီးဘဲဖြစ်ဖြစ် ဟဒီးစ်တော်မှ ခွင့်လွှတ်ချက်မရှိ၊ သူစိမ်းသည် သူစိမ်းသာလျှင်ဖြစ်၊ စူဖီကြီးပဲဖြစ်ဖြစ်၊ ပီရ်ကြီးပဲဖြစ်ဖြစ်၊ နမာဇီကြီးပဲဖြစ်ဖြစ် ဟာဂျီကြီးပဲဖြစ်ဖြစ် ဟရာမ်သာလျှင်ဖြစ်၏ (အဆိပ်ကို ဆေးမှတ်သူအဖို့ကား မတတ်နိုင်ပြီ) ဘေးအန္တရာယ်ပြုတတ်သူကို အရေးပေး မြှောက်စားခြင်းသာတည်း၏။ မြွေပွေးခါးပိုက်ပိုက်သည်ဟူ၏။

## စိတ်သောကရောက်ချိန်၌လည်း ပရ်ဒဟ်ကိုစောင့်

(٢٢) وَعَنْ قَيْسِ بْنِ شَمَّاسٍ رَضِيَ اللهُ تَعَالَى عَنْهُمَا قَالَ
جَاءَتِ امْرَأَةٌ إِلَى النَّبِيِّ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ
يُقَالُ لَهَا أُمُّ خَلَّادٍ وَهِيَ مُتَنَقِّبَةٌ تَسْأَلُ عَنِ ابْنِهَا وَ
هُوَ مَقْتُولٌ فَقَالَ لَهَا بَعْضُ أَصْحَابِ النَّبِيِّ صَلَّى اللهُ تَعَالَى
عَلَيْهِ وَسَلَّمَ جِئْتِ تَسْأَلِينَ عَنِ ابْنِكِ وَأَنْتِ مُتَنَقِّبَةٌ

وَقَالَتْ اِنْ اُرْزَاَ ابْنِيْ فَلَنْ اُرْزَاَ حَيَائِيْ فَقَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ اِبْنُكِ لَهٗ اَجْرُ شَهِيْدَيْنِ قَالَتْ وَلِمَ ذَاكَ يَا رَسُوْلَ اللّٰهِ؟ قَالَ لِاَنَّهٗ قَتَلَهٗ اَهْلُ الْكِتَابِ ـ (ابوداود ۲/۳۴۱)

(၂၂) သာဝကကြီး ကိုင်းစ်ဗင်ရှမာဆ်သခင်က အကြောင်းပြုခဲ့၏၊ အွမ္မေ ခလ္လါဒ် မည်သော အမျိုးသမီးကြီးတစ်ဦးသည် တမန်တော်မြတ်အထံတော်သို့ မိမိချစ်သားတစ်ဦးနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းရန် ရောက်ရှိလာ၏။ အကြင် သားသည် သာသနာ့စစ်ပွဲတစ်ပွဲ၌ ရှဟီဒ်ဖြစ် ကျဆုံးသွားခဲ့ပေသည်။ သခင် မကြီးသည် မိမိမျက်နှာပေါ်၌ နေကာဝ်မျက်နှာဖုံးကည့်ထားပေသည်။ ဆွဟာဗီ တစ်ဦးက သူမအား ယင်းသို့တွေ့လျှင် အသင်မ သားအကြောင်း မေးမြန်းရန် နေကာဝ်နှင့်ဘဲလားဟု ပြောလိုက်၏၊ သခင်မကြီး အွမ္မေခလ္လါဒ်က အဖြေ ပေးသည်မှာ 'အကယ်၍ ကျွန်မသည် သားအတွက် ဒုက္ခပင်လယ်ဝေခဲ့ရ၍ မိမိအရှက်အကြောက်ကို ဖွင့်၍ အခြားဝေဒနာ ဒုက္ခကိုရယူရမည်လော့။ သဘောမှာ အရှက်လစ်ဟင်းသွားသော ဒုက္ခသည် ချစ်သားကွယ်လွန်သွား သည့် ဒုက္ခအတိုင်းပင်ဖြစ်ပါသည်ဟူ၏။

တမန်တော်မြတ်က သခင်မကြီး၏ မေးမြန်းချက်အပေါ်၌ သင်မ၏ ချစ်သားသည် ရှဟီဒ်နှစ်ဦး၏ စဝါဗ်ကို ရရှိမည်ဖြစ်သည်ဟု ဖြေကြားခဲ့၏။ သခင်မကြီးက မည်သို့ပါကြောင်းဟု လျှောက်တင်လေရာ တမန်တော်က သားတော်မောင်အား အေဟ်လေကိသာဗ် (ကျမ်းရ) ပုဂ္ဂိုလ်များက ရှဟီဒ် ပြုခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဖြေကြားတော်မူခဲ့ပေသည်။ (အဗူဒါဝူဒ်)

ဤအကြောင်းအရာသည် အနောက်တိုင်းမွေးစားသားတို့၏ မျက်နှာဖုံး နှင့် ပတ်သက်၍ ငြင်းချက်ကို ဖြေကြားနေသော အထောက်အထားဖြစ်သည်။ ထို့ပြင် ပရ်ဒဟ်ပြုခြင်းသည် စိတ်ဆင်းရဲ၊ စိတ်ချမ်းသာအခါတိုင်း သူစိမ်းများ ရှေ့၌ ပရ်ဒဟ်ပြုရန် အရေးကြီး၏၊ များစွာသော အမျိုးသား၊ အမျိုးသမီးတို့ သည် စိတ်သောကဆိုက်ရောက်သည့်အခါတိုင်း၌ တရားတော်မြတ်၏ ဥပဒေ

ပညတ်တော်သည် ၎င်းတို့အပေါ် အလျင်းမသက်ရောက်ကြောင်း ဥပမာ အသွင်၌ ရှိနေတတ်ပေသည်။ အကြွင်အခါ အိမ်၌ နာရေးကိစ္စတစ်စုံတစ်ရာ ဆိုက်ရောက်လျှင် အော်ကြီး ဟစ်ကျယ်ငိုယိုခြင်းသည် တားမြစ်ချက်ရှိပါလျက် ဂျနာဇဟ်အနောက် အိမ်ပြင်ထိလိုက်၍ ငိုယိုခြင်းများ ပြုကြပါသည်။ ပရ်ဒဟ်ကို အလေးထားခြင်းလည်းမရှိ အော်ဟစ်ငိုယိုရာတွင် အလ္လာဟ် အသျှင်မြတ်အပေါ်၌ စောဒကတက်သောစကားများ၊ မပြောအပ်မဆိုအပ် သောစကားများကို နှုတ်မှထုတ်လေ့ရှိကြသည်။

တရားတော်မြတ်၏ ပညတ်တော်များကို အချိန်မရွေး အခါမရွေး လိုက်နာကျင့်သုံးရန်မှာ အရေးကြီးပါသည်။ ယင်းသည် ဒေါသမာန်ဖိနေသော အချိန်ဘဲဖြစ်ဖြစ်၊ ပျော်ရွှင်ဝမ်းမြောက်နေသော အချိန်ဘဲဖြစ်ဖြစ်၊ ဒုက္ခဝေဒနာ၌ နစ်မွန်းနေချိန်ဘဲဖြစ်ဖြစ်၊ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆုပ်ကိုင်ထားရန် အရေးကြီးကြောင်းကို နှလုံးသွင်းထားသင့်ပေသတည်း။

## မရိုးသားသောကြည့်ခြင်းမှရှောင်ရှားရန်

(٢٣) عَنْ جُرَيْرِ بْنِ عَبْدِ اللهِ رَضِيَ اللهُ تَعَالَى عَنْهُ
قَالَ سَأَلْتُ رَسُوْلَ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ عَنْ
نَظْرِ الْفُجَاءَةِ فَأَمَرَنِيْ أَنْ أَصْرِفَ بَصَرِيْ. (رواه مسلم)

(၂၃) ဟဇရတ်ဂျရိုင်းရ်ဗင်အဗ်ဒွလ္လာဟ်က အကြောင်းပြုခဲ့၏။ ကျွန်ုပ်သည် တမန်တော်မြတ်အား မေးမြန်းလျှောက်ထားပါသည်။ အို. . . အလ္လာဟ့် တမန်တော် အမျိုးသားတစ်ဦးသည် သူစိမ်းအမျိုးသမီးတစ်ဦးအား စေတနာ

မပါဘဲ အမှုမဲ့အမှတ်မဲ့မြင်မိလျှင်၊ သို့တည်းမဟုတ် အမျိုးသမီးတစ်ဦးသည် သူစိမ်းအမျိုးသားတစ်ဦးအား စေတနာမပါဘဲ အမှုမဲ့အမှတ်မဲ့ မြင်မိလျှင် မည်သို့ ပြုရပါမည်နည်း။ တမန်တော်က ထိုအခါ မိမိမျက်စိအာရုံကို လွှဲလိုက်ပါလေဟု မိန့်ကြားတော်မူခဲ့ပေသည်။ (မွတ်စ်လင်မ်)သူစိမ်းတစ်ဦးတစ်ယောက်ပေါ်သို့ ဟမင်ကာမဂုဏ်အာရုံဖြင့် ကြည့်ခြင်းကို တင်းကြပ်စွာ တားမြစ်ထား၏၊ ထိုနည်းအတိုင်းပင် တစ်ဦးတစ်ယောက်၏ အရှက်အင်္ဂါဇပ်၊ တင်ပါး၊ ပေါင်ဒူးနှင့် အခြားအရှက်အစိတ်အပိုင်းကို ကြည့်ခြင်းသည် ဟရာမ်ဖြစ်ချေ၏။

ဟဒီးစ်တော်တစ်ပါးတွင် လာရှိသည်မှာ တမန်တော်မြတ်သည် အလီသခင်ဘက်သို့ မျက်နှာမူလျက် အို. . . အလီ ပထမအမှတ်မထင်ဘဲ မြင်မိပြီး ဒုတိယအကြိမ် ထပ်မံမကြည့်လေနှင့် ပထမမြင်မိခြင်း၌ စေတနာမပါဘဲ ကာမဂုဏ်အာရုံမပါဘဲ မြင်မိခြင်းကြောင့် ခွင့်လွှတ်ချက်ရှိ၏။ အပြစ်မထိုက်ချေ။ ဒုတိယအကြိမ်ထပ်မံကြည့်ခွင့်မရှိ၊ အကယ်၍ ကြည့်ခဲ့လျှင် အဖမ်းအဆီးအမေးမြန်းခံရမည်ဖြစ်ကြောင်း မိန့်ဆိုခဲ့ပေသည်။ (မိရှ်ကာသ်)

သဘောမှာ အမှတ်မထင်ဘဲ တွေ့မြင်ခဲ့လျှင် ချက်ချင်း မျက်နှာလွှဲလိုက်ရမည်။ အကယ်၍ ထိုသို့ မလွှဲဘဲ ကြည့်မြဲကြည့်နေလျှင် ရည်ရွယ်ချက်ပါနေသောကြောင့် အပြစ်ငရဲ ထိုက်မည်ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် အမျိုးသား အမျိုးသမီးတို့အား မိမိတို့၏ မျက်လွှာများကို အောက်ချထားကြရန်နှင့် မိမိတို့၏ အင်္ဂါဇပ်များ၊ အရှက်များကို ထိန်းသိမ်းကြရန် မိန့်ကြားတော်မူခဲ့ပေသည်။

အို. . . နဗီတမန်တော် အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား၊ မိမိတို့၏ မျက်စိများကို နှိမ့်ချထားရမည်ဟူ၍လည်းကောင်း၊ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြရမည်ဟူ၍လည်းကောင်း ပြောကြားပါလေ။ ဤသည် ၎င်းတို့အဖို့ အစင်ကြယ်ဆုံးပင်ဖြစ်ပေသည်။ ဧကန်မလွဲအလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ပြုလုပ်သမျှတို့ကို ကောင်းစွာသိရှိတော်မူသော အသျှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (စူရဟ်နူရ်)

ဤအာယသ်တော်တွင် အမျိုးသားများအား မိမိမျက်လွှာကို ချထားကြ

ရန်၊ သူစိမ်းအမျိုးသမီးတို့အား မကြည့်ကြရန်နှင့် မိမိတို့၏ အရှက်အင်္ဂါများကို စောင့်စည်းကြရန် မိန့်ဆိုထားခဲ့ပေသည်။ ဤသည်ဖြင့် သိရသည်မှာ အကယ်၍ အမျိုးသမီးများသည် ပရ်ဒဟ်စောင့်စည်းမှု မပြုဘဲ သွားလာခြင်း၊ သူစိမ်းအမျိုးသားများရှေ့သို့ ဝင်ထွက်သွားလာခြင်းပြုခဲ့လျှင်လည်း ၎င်းတို့အား မနောကံ စိတ်ထားဖြင့် အလျှင်းကြည့်ခွင့်မရှိ၊ အမျိုးသား အမျိုးသမီးတို့သည် ကိုယ်စီ အမိန့်ပေးခြင်းခံရသူများသာဖြစ်ကြကုန်၏၊ သူစည်းဖောက်လျှင် ဆိုးကျိုးမှာသူ့အတွက်၊ ကိုယ်စည်းဖောက်လျှင် ဆိုးကျိုးမှာ ကိုယ့်အတွက်သာ ဖြစ်ကြပေမည်။

(မည်သူတရားပျက်ပါငြားလည်း ကိုယ်ကမူသွ စောင့်စည်းပါလေ)

ထို့နောက် အမျိုးသမီးတို့အားလည်း မိမိမျက်လွှာများကို နှိမ့်ချထားရန် ကာအင်္ဂါအရှက်များကို စောင့်စည်းကြရန်နှင့် အခြားပရ်ဒဟ်ဆိုင်ရာ ပညတ်တော်များကို ထုတ်ပြန်ထားတော်မူခဲ့ပေသည်။ ထိုအရာကို ဟဒီးစ် အမှတ် (၅) တွင် ဖော်ပြပြီးဖြစ်သည်။

အချို့ဟဒီးစ်တော်မြတ်တွင် မရိုးသားသော ကြည့်ခြင်းသည် မျက်စိ၏ ဇေနဟ် (ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်း)ဟု ဖော်ပြခဲ့ပေသည်။ အကယ်၍ အမျိုးသားတစ်ဦးတစ်ယောက်သည် မိမိဇနီးသည်အပြင် အမျိုးသမီး တစ်ဦးတစ်ယောက်ပေါ်သို့ စိတ်၏အရသာကို ခံယူရန်အတွက် ကြည့်ခဲ့သော် ထိုသူသည် မျက်စိဖြင့် ဇေနာပြုခြင်းဖြစ်သည်၊ ထိုနည်း၎င်းပင် အမျိုးသမီးတစ်ဦးသည် မိမိလင်ယောကျ်ားအပြင် အမျိုးသားတစ်ဦး တစ်ယောက်အား စိတ်၏အရသာကို ခံ၍ ကြည့်ခဲ့သော် သူမသည်လည်း ဇေနာပြုခဲ့ခြင်းမည်၏။ ဤအကြောင်းအရာကို ဟဒီးစ်အမှတ် (၂၅) တွင် ဖော်ပြပါမည်။

## ငရဲဘုံမှလွတ်မြောက်သောတရားသုံးပါး

(٢٤) وَعَنْ مُعَاوِيَةَ بْنِ حَيْدَةَ رَضِيَ اللهُ تَعَالَى عَنْهُ قَالَ
قَالَ رَسُولُ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ ثَلَاثَةٌ لَا تَرَى
أَعْيُنُهُمُ النَّارَ عَيْنٌ حَرَسَتْ فِي سَبِيلِ اللهِ وَعَيْنٌ بَكَتْ
مِنْ خَشْيَةِ اللهِ وَعَيْنٌ كَفَّتْ مِنْ مَحَارِمِ اللهِ

(رواه الطبراني ورواته ثقات معروفون الا ان ابا حبيب العنقري
ويقال القنوي لم اقف على حاله كذا في الترغيب)

(၂၄) သာဝကကြီး ဟဇရတ် မအာဝိယဟ်ဗင်ဟိုင်ဒဟ်သခင်မှ အဆိုတစ်ရပ် လာရှိ၏။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က သုံးဦးသော ပုဂ္ဂိုလ်သည် ဂျဟန္နမ်ငရဲဘုံကို အလျင်းမြင်ကြရမည်မဟုတ် (ဝါ) အလျင်း ကျမည်မဟုတ်၊ ပထမပုဂ္ဂိုလ်မှာ အကြင်မျက်လုံးပိုင်ရှင်ဖြစ်သည် ထိုသူသည် သာသနာကို ကာကွယ်ရန်အတွက် အစွလာမ့်နယ်နမိတ်များတွင် ညမအိပ်ဘဲ ကင်းစောင့်ခဲ့သည်။ ဒုတိယပုဂ္ဂိုလ်မှာ ထိုမျက်လုံးပိုင်ရှင်ဖြစ်သည် အကြင်သူ သည် အလ္လာဟ်ကို ကြောက်၍ ငိုယိုခဲ့ပေသည်။ တတိယပုဂ္ဂိုလ်မှာ ထိုပုဂ္ဂိုလ် ဖြစ်သည် အကြင်ပုဂ္ဂိုလ်သည် အလ္လာဟ်အသျှင် ဟရာမ်အဖြစ် တားမြစ် ထားသော အရာများကို မကြည့်ဘဲ စောင့်စည်းခဲ့သော ပုဂ္ဂိုလ်များပင် ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့ပေသည်။ (သစ်ဗ်ရာနီ)

ဤဟဒီးစ်တော်မြတ်တွင်လည်း သူစိမ်းများကို မကြည့်ခြင်း၏ အကျိုး ကျေးဇူးကို ဖော်ပြခဲ့ပေသည်။

ဖော်ပြပါ ဟဒီးစ်တော်အရ ဤကဲ့သို့ ကြီးမားသော အကျိုးကျေးဇူး ရရှိခြင်းမှာ အဆိုပါ မျက်စိ၏အာရုံ၊ စိတ်၏အာရုံကို ချုပ်တည်းခြင်းသည် အလွန်ခဲယဉ်းသော ကိစ္စမျိုးဖြစ်၏။ တစ်စုံတစ်ရာသော ဂိုနာဟ်အကုသိုလ်ကို

စွန့်လွှတ်ရာ၌ မည်ရွေ့မည်မျှ ခက်ခဲပါမည်။ ထိုမျှအဖိုးထိုက်သော အကျိုးစဝါဗ်၏ အကြောင်းခံဖြစ်ပေမည်။ သို့ဖြစ်၍ အမျိုးသားများ၊ အမျိုးသမီးများ၊ အထူးသဖြင့် အပျို လူပျိုများတို့သည် ဤဟဒီးစ်တော်များ၏ ညွှန်ကြားချက်များ အောက်တွင် မိမိစိတ်များနှင့် မျက်စိများကို ထိန်းသိမ်းစောင့်စည်းရန် အရေးကြီးပေသည်။

သရ်ဂီဗ်နှင့် သရ်ဟီဗ်ကျမ်းတွင် မွတ်စ်သဒ်ရပ်က်ဟာကင်မ်၏ ကျမ်းကို မှီငြမ်း၍ ဆင့်ပြန်ထားသည်မှာ အလ္လာဟ်အသျှင်မြတ်က- "နဇရ်" မျက်စိ၏ အကြည့်သည် မိစ္ဆာကောင်၏ မြှားတံများအနက် အဆိပ်ပြင်းသော မြှားတံတစ်လက်ဖြစ်၏၊ အကြင်သူသည် ငါအသျှင်ကို ကြောက်၍ ထိုကြည့်ခြင်းကို စွန့်လွှတ်ခဲ့သော် ထိုသူအား ဤကဲ့သို့ စံချိန်မီအီမာန်ကို ရစေမည်ဖြစ်ရာ ထိုသူသည် ယင်းအီမာန်၏ အရသာကို ခံစားရအံ့ဟု မိန့်မှတ်တော်မူခဲ့ပေသည်။ (အပ်သ်သရ်ဂီဗ်ဝသ်သရ်ဟီဗ်၊ နေကာဟ်အခန်း)

## ရေမွှေးစွတ်၍ အပြင်ထွက်သော အမျိုးသမီးသည် ဇေနဟ်ကျူးလွန်ခြင်းတစ်မျိုးဖြစ်

(٢٥) وَعَنْ أَبِي مُوسَى رَضِيَ اللّٰهُ تَعَالَى عَنْهُ عَنِ النَّبِيِّ صَلَّى اللّٰهُ تَعَالَى عَلَيْهِ وَسَلَّمَ قَالَ كُلُّ عَيْنٍ زَانِيَةٌ، وَالْمَرْأَةُ إِذَا اسْتَعْطَرَتْ فَمَرَّتْ بِالْمَجْلِسِ فَهِيَ كَذَا وَكَذَا يَعْنِي زَانِيَةً

(رواه ابو داود والترمذی قال حديث حسن صحيح)

(၂၅) သာဝကကြီး အဗူမူဆာသခင်မှ အဆိုတစ်ရပ် လာရှိ၏။ တမန်တော်မြတ် မိန့်ကြားတော်မူ၏၊ ကာမဂုဏ်အာရုံနှင့် ကြည့်သောမျက်စိတိုင်းသည်

ဇေနဟ်ကျူးလွန်သူဖြစ်၏၊ ကို့နောက် အမျိုးသမီးတစ်ဦးသည် အကြင်အခါ ရေမွှေးစွတ်၍ အမျိုးသားများကြားမှ ဖြတ်သွားခဲ့သော် သူမသည်လည်း ထိုအတိုင်းဖြစ်သည် (ဝါ) မဇေနဟ်ကျူးလွန်သူဖြစ်၏။ (အဗူဒါဝူဒ်၊ သိရ်မေဇီ)

ဤဟဒီးစ်တော်မြတ်တွင် ပထမပုံသေဥပဒေတစ်ရပ် အနေဖြင့် ကာမဂုဏ်အကြည့်နှင့်ကြည့်သော မျက်စိတိုင်းသည် ဇေနာကျူးလွန်သူဖြစ်၏ ဟူ၍ မိန့်ကြားခဲ့ပေသည်။ ထိုအမိန့်၌ အမျိုးသားအမျိုးသမီးနှစ်ဦးစလုံး ပါဝင်သွား၏ အကြင်အမျိုးသားသည် သူစိမ်းအမျိုးသမီးများအား ကြည့်ခဲ့သော် (သို့) အကြင်အမျိုးသမီးသည် သူစိမ်းအမျိုးသားတို့အား ချောင်းကြည့်ခဲ့သော် ဇေနဟ်ကျူးလွန်သူသာဖြစ်ကြောင်း မိန့်ကြားထားပေသည်။ အမှန်တကယ်တော့ ကိုယ်ထိလက်ရောက်ကျူးလွန်သော လိင်ကိစ္စမျိုးသည် ဇေနဟ်မည်၏ သို့ရာတွင် တမန်တော်မြတ်သည် ဇေနဟ်၏အကြောင်းခံအစွယ်အပွားများကိုပင် ဇေနဟ်ပြုခြင်းဟု မိန့်ကြားခဲ့ပေသည်။

ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ မျက်စိများ၏ ဇေနဟ်သည် ကြည့်ခြင်းဖြစ်သည်၊ နားများ၏ ဇေနဟ်သည် နားထောင်ခြင်းဖြစ်သည်၊ နှုတ်၏ ဇေနဟ်သည် စကားပြောခြင်းဖြစ်သည်၊ လက်၏ ဇေနဟ်သည် ကိုင်တွယ်ခြင်း ဖြစ်သည်၊ ခြေထောက်၏ ဇေနဟ်သည် ၎င်းဘက်သို့သွားခြင်းဖြစ်သည်၊ စိတ်၏ ဇေနဟ်သည် ကာမဂုဏ်များကို လိုလားတက်မက်ခြင်း၊ မြှော်လင့်ချက်ထားခြင်းတို့ဖြစ်သည်။ ထို့နောက် ၎င်း၏ အင်္ဂါသည် ၎င်း၏ မြှော်လင့်ချက်ကို အကောင်အထည်ဖော်ခြင်း (သို့) ပါယ်ချခြင်းများကို ပြုလေသည်။

ဤသည်ဖြင့် သိရသည်မှာ လိင်နှစ်ခုစပ်ယှက်ခြင်းသည် ဇေနဟ်ကြီး ဖြစ်သော်လည်း ဇေနဟ်ဖြစ်သလို အစိတ်အပိုင်းများသည်လည်း ဇေနဟ်ပြုကြကြောင်း သိရပေသည်။ သို့ဖြင့် မိန့်ကြားသည်မှာ သူစိမ်းအမျိုးသားအမျိုးသမီးနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်ခြင်းသည်လည်း ဇေနဟ်ဖြစ်သည်၊ နှုတ်အရသာခံယူရန် စကားပြောခြင်းသည်လည်း ဇေနဟ်၊ သူစိမ်းအမျိုးသားအမျိုးသမီးတစ်ဦးတစ်ယောက်စီသို့ ကာမဂုဏ်အာရုံနှင့် သွားခြင်းသည်လည်း ဇေနဟ်၊ လက်ဖြင့် တစ်ဦးတစ်ယောက်ကို ကိုင်ခြင်းလည်း ဇေနဟ် ဖြစ်ပေ

သည်။ ထို့နောက် တမန်တော်သည် အထက်ပါ အရာများအား ဇေနဟ်ပြုသူဟု ဟောကြားတော်မူပြီး ဆက်လက်၍ အကြင်အမျိုးသမီးသည် ရေမွှေးစွတ်၍ အမျိုးသားများကြားမှ ဖြတ်သန်းသွားခဲ့သော် သူမသည်လည်း ဇေနဟ်ကျူးလွန်သူဖြစ်၏ဟု မိန့်ကြားတော်မူခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ရေမွှေးစွတ်၍ အမျိုးသားများ အနားမှ ဖြတ်သွားခြင်းသည် အမျိုးသားတို့အား မြူဆွယ်ခြင်း၏ အကြောင်းခံဖြစ်သည်။ သို့ဖြစ်၍ ဤသည်ကိုလည်း ဇေနဟ်ကျူးလွန်ခြင်းဟု ပြောတော်မူခဲ့၏။ အကြင်အခါ ဖိုမတို့သည် ဇေနဟ်အဆင့်သို့ ရောက်သွားခဲ့သည်ဆိုသော် ထိုကိစ္စသည် တမဟုန်ခြင်းဖြစ်သွားသည်မဟုတ် ပဏ္ဍာမအားဖြင့် နှစ်ဦးနှစ်ဝ နီးစပ်မှုရရှိစေရန် အမျိုးမျိုးသောမြူဆွယ်မှုများပြုကြပြီး ဇေနဟ်အဆင့်သို့ ရောက်ကြသည်ဖြစ်သည်။ သို့ဖြစ်၍ တရားတော်မြတ်သည် မိမိအလိုပါအောင် ဆွဲဆောင်စေသော်၊ အလိုရှ[ိ]က် ကြွအောင် လှုံ့လထုတ်သောအကြောင်းတရားများကိုပင် ဇေနဟ်ဟု သတ်မှတ်ခဲ့ပေသည်။

အကယ်၍ အမျိုးသမီးတစ်ဦးအား ရှောင်တခင်၊ အမှတ်မထင်ဘဲ အပြင်ထွက်ခဲ့ရလျှင် ပရ်ဒဟ်အပြည့်နှင့် ထွက်ပြီး အမျိုးသားများနှင့် ရှောင်တိမ်းလျက် လမ်းဘေးများမှ လျှောက်သွားခွင့်ရှိ၏။ ရေမွှေး၊ အမွှေးအကြိုင်များကို စွတ်၍ အပြင်ထွက်ခြင်းသည် အကယ်၍ပင် ပွရ်ကာအ်အတွင်း၌ ရှိစေကာမူ တရားတော်မြတ်သည် ၎င်းကိစ္စကို မည်မျှ မကောင်းဟု သတ်မှတ်သည် ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်က ဤသို့ပြုသော အမျိုးသမီးသည် ဇေနဟ်ကျူးလွန်သူဖြစ်သည်ဟု မိန့်မှတ်ခဲ့ပေသည်။ ဤသို့လည်း အမျိုးသမီးများအား အိမ်ထဲ အိမ်ပြင်၌ သင်းပြန့်သော ရေမွှေး၊ အမွှေးအကြိုင်စသည်များကို သုံးစွဲခွင့်မရှိချေ။ တမန်တော်မြတ်က အမျိုးသားများ၏ ရေမွှေးသည် အရောင်မစွန်းဘဲ အနံ့ပြန့်သော ရေမွှေးမျိုးဖြစ်စေရပြီး၊ အမျိုးသမီးစွတ်သော ရေမွှေးသည် အရောင်စွန်း၍ မသင်းပြန့်သော အရာဖြစ်စေရမည်ဟု မိန့်မှတ်ခဲ့လေသည်။ (သိရ်မေဇီ)

အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအား မိမိလင်ယောကျ်ားနှင့်သာ

အနီးကပ်ဆုံးနေရမှာဖြစ်သည်။ မိမိခင်ပွန်းသည် ယောကျာ်းမှာ အနံ့ပြောသော အမွှေးရနံ့ကို အနားကပ်၍ ရရှိမည်သာဖြစ်ပေသည်၊ အကြင်အခါ အမျိုးသမီး စွတ်ထားသော အမွှေးရနံ့သည် မိမိလင်ယောကျာ်းအပြင် မည်သူကိုမှ ရလိုသည်မဟုတ်သော် သင်းပြန့်သော အမွှေးရနံ့ကို စွတ်ထားရန်လည်း မလိုအပ်တော့ချေ။

အချုပ်ကိုဆိုရသော် အမျိုးသမီးတို့သည် သူစိမ်းအမျိုးသားများနှင့် အရာရာများတွင် ရှောင်၍နေရန် အရေးကြီးလိုအပ်ပေသည်။ မိမိ၏ အမွှေး ရနံ့ကိုပင် မရရှိစေရန် နေရမည်ဖြစ်ပေသတည်း။

## သူစိမ်းအမျိုးသားများကို မြူဆွယ်သော အမျိုးသမီး၏ရလဒ်

(٢٦) وَعَنْ أَبِي هُرَيْرَةَ رَضِيَ اللهُ تَعَالَى عَنْهُ قَالَ قَالَ رَسُولُ
اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ صِنْفَانِ مِنْ أَهْلِ النَّارِ
لَمْ أَرَهُمَا قَوْمٌ مَعَهُمْ سِيَاطٌ كَأَذْنَابِ الْبَقَرِ يَضْرِبُونَ بِهَا
النَّاسَ وَنِسَاءٌ كَاسِيَاتٌ عَارِيَاتٌ مُمِيلَاتٌ مَائِلَاتٌ
رُءُوسُهُنَّ كَأَسْنِمَةِ الْبُخْتِ الْمَائِلَةِ لَا يَدْخُلْنَ الْجَنَّةَ
وَلَا يَجِدْنَ رِيحَهَا وَإِنَّ رِيحَهَا لَتُوجَدُ مِنْ مَسِيرَةِ كَذَا وَكَذَا

(رواه مسلم)

(၂၆) သာဝကကြီး အဗူဟုရိုင်ရဟ်သခင်မှ အဆိုတစ်ရပ်လာရှိ၏၊ တမန်တော် မြတ်မိန့်ကြားတော်မူသည်မှာ ဂျဟန္နမ်ငရဲသားများ၏ အဖွဲ့နှစ်ဖွဲ့ကို ငါကိုယ်တော်မတွေ့မြင်ရသေးချေ၊ (အဘယ်ကြောင့်ဆိုသော် ထိုငရဲသားများ သည် ယခုတိုင်ထိ မပေါ်ပေါက်သေးပေ နောင်တွင် ထွက်ပေါ်မည်ဖြစ်၏)

ဂျဟန္နမ်အပါယ်ငရဲလားမည့် အဖွဲ့တစ်ဖွဲ့မှာ နွားမြီးမျှ လုံးပတ်ကြီးသော နှင်တံကြီးများနှင့် လူတို့အား ညှင်းပန်းနှိပ်စက်ကလူ ပြုမည်ဖြစ်သည်။ ဒုတိယ အပါယ်လားမည့်အဖွဲ့မှာ ဤကဲ့သို့ အမျိုးသမီးများဖြစ်ကြလိမ့်မည်။ အကြင် အမျိုးသမီးများသည် အဝတ်အစားများဝတ်ဆင်ထားပါလျက် ဝတ်လစ်စလစ် ပမာရှိပေလိမ့်မည်။ ထိုအမျိုးသမီးတို့သည် ကိုယ်ဟန်အမူအရာပြ၍ တဘက် သားအား မြူဆွယ်ဆွဲဆောင်သူများ၊ သူတစ်ပါးအပေါ် ရမ္မက်စိတ် ပွားနေသူ များဖြစ်ကြပြီး ၎င်းတို့၏ ဦးခေါင်းများကို ကုလားအုတ်ဘို့များကဲ့သို့ ဆံပင် များကို ပြုကြမည်ဖြစ်ပေသည်။ ဤကဲ့သို့သော အမျိုးသမီးများသည် ဂျန္နသ်သို့ မဝင်ရသည်သာမက ဂျန္နသ်၏ အမွှေးရနံ့ကိုပင် ရရှိမည်မဟုတ်ကြပေ။ (ဂျန္နသ်၏ ရနံ့သည် နှစ်ပေါင်းများစွာ ဝေးလံသည့်နေရာမှ ရရှိမည်ဖြစ်သည်)

ဤဟဒီးစ်တော်မြတ်တွင် တမန်တော်မြတ်သည် ဤသည်သော အဖွဲ့နှင့် စပ်လျဉ်း၍ ကြိုဦးစကား မိန့်ကြားတော်မူခဲ့ပေသည်။ ယင်းအသင်းစုတို့အား တမန်တော်သည် မိမိခေတ်၌ မတွေ့ခဲ့ရဘူးချေ။ သို့ရာတွင် ယနေ့ ထိုလူစုနှစ်စုသည် မိမိတို့၏ ဆိုးသွမ်းမှုများနှင့်တကွ တည်ရှိနေပေသည်။ အလ္လာဟ်အသျှင်မြတ်၏ တမန်တော်သည် ဦးစွာ ထိုသူများအကြောင်းကို ဖော်ပြခဲ့၏။ အကြင်သူတို့သည် လူတို့အား ရိုက်နှက်ရန် နှင်တံတမိုးမိုးနှင့် သွားနေကြသည် (ဝါ) အပြစ်ရှာ၍ အပြစ်ပေးရန် တခဲခဲရှိနေကြသည်။

ဤစကားသည် ထိုသူများအတွက် ကြိုတင်ဟောကိန်းထုတ်ခြင်းဖြစ်သည်။ အကြင်သူသည် မိမိအာဏာကို အခွင့်ကောင်းယူ၍ အားနည်းသူများအား ညှင်းဆဲလေ့ရှိကြသည်၊ တောရွာများ၌ မြေရှင်၊ မြေရှင်တို့သည် သြဇာလက်တဆုပ်နှင့် နွမ်းပါးသူများ၊ အားအင်ချိနဲ့သူများအား မတရား ညှင်းဆဲကြပြီး မတရားအလုပ်များကို ယူလေ့ရှိကြပြီး၊ ညှင်းဆဲမှုအဖုံဖုံနှင့် အနိုင်ကျင့်လေ့ရှိပေသည် အချို့နေရာ၌ အဘယ်မျှကြားသိရသည်ဆိုသော် အလွန်နွမ်းပါးသော မွတ်စ်လင်မ်တစ်ဦးက သူကြွယ်တစ်ဦးအား စလာမ် ပေးခဲ့ရာ မင်း၏ငါ့အဆင့်နှင့်တူတယ်မှတ်လို့ စလာမ်ပေးဒါလားဟု မေး၍ ရိုက်ပစ်ခဲ့သည် (အလားတူ တစ်နေရာတွင် ဇလီဘစ်လုံး၌ သူကြွယ်တစ်ယောက်

သည် ရှေ့တန်းတွင် ဆင်းရဲသားဟစ်ယောက်ရှိနေရကောင်းလားဟု အထင် သေးသော မျက်စိနှင့် ၄င်းအား နောက်တန်းသို့ နှင်ထုတ်သည်မျိုးလည်း ရှိဖူး ပေသည်) အကြင်အခါ တမလွန်၌ ညှင်းပန်းခံရသူ အားကိုးရာမဲ့ တစ်ဦးက အလ္လာဟ်အသျှင်မြတ်၏ ရုံးတော်၌ အရေးဆိုခဲ့လျှင် နိုင်လိုမင်းထက် ကြမ်းကြုတ်ရက်စက်စွာ ဖိနှိပ်ညှင်းပန်းခဲ့သော အကျိုးဆက်ကို ကောင်းကောင်း ကြီး သိသွားရမည်ဖြစ်သည်။

ဒုတိယအနေဖြင့် ဂျဟန္နမ်လားမည့်အကြောင်း ကြိုတင်ဟောကိန်းသည် အမျိုးသမီးများနှင့် ပတ်သက်၍ ဖြစ်သည်၊ အဘယ်သို့ဆိုသော် ဤကဲ့သို့ အမျိုးသမီးမျိုးလည်း ပေါ်ပေါက်ဦးမည် အကြင်အမျိုးသမီးများသည် အဝတ် အစားဝတ်စားထားသော်လည်း ကိုယ်ထီးဗလာသာမြင်ရပေမည်။ သဘောမှာ ၄င်းတို့၏ ဝတ်စားထားသော အဝတ်အစားမှာ အဘယ်မျှ ပါးလွှန်းလှမည် ဆိုသော် ခန္ဓာကိုယ်ဖုံးကွယ်ခြင်း၏ အကျိုးကို ခံစားရမည်မဟုတ် (ဝါ) ခန္ဓာကိုယ်၏ အသားအတုံးအတစ်ကို အထင်းသားကြီး တွေ့မြင်နေရမည် ဖြစ်ပေသည်။ (သို့) ၄င်းအဝတ်အထည်သည် ကိုယ်ကပ်အသားကပ် ဖြစ်သော ကြောင့်၊ ခန္ဓာကိုယ်တစ်ခုလုံးကို တွေ့နေရသည့်အလား၊ ဝတ်ခြင်း မဝတ်ခြင်း ကား လားလားမျှ မခြားနားဟု ထင်ရအံ့။

"ခန္ဓာကိုယ်ပေါ်အဝတ်ရှိသော်လည်း မဝတ်ထားသည့်နှယ်ဖြစ်၏။ ၄င်း၏ ဖွင့်ဆိုချက်တစ်နည်းမှာ ဤသို့လည်းဖြစ်၏-ခန္ဓာကိုယ်တွင် အနည်းငယ် နှစ်နေရာ သုံးနေရာလောက်သာ (ကျောက်ခေတ်လူသားပမာ ရင်သားနှင့် အရှက်အင်္ဂါအပေါ်၌သာ အနည်းငယ်ဖုံးထားသည်) ဖုံးဖိထားပြီး ကျန်အစိတ် အပိုင်းတို့ကို ဖော်ထားကြမည် အရှက်ကြီးသော မိန်းမများပင်လျှင် မျက်နှာ လွှဲလိုက်ကြပေမည်၊ ယင်းတို့၏ ခေတ်မီလွန်းလှသည့်အရာသည် ယိုသူမရှက် မြင်သူရှက်ပမာရှိနေပေ၏။ ဤသည် ဖော်မှလှ၊ ပေါ်မှလှတယ်လို့ ထင်နေ ကြတဲ့ နောက်တိုင်းစရိုက်များပင်ဖြစ်၏ ယခုဆိုလျှင် အာရှတိုက်အချို့မြို့များ သို့ပင် ရောဂါကူးစက်လာပေပြီ၊ ယခုဆိုလျှင် သရုပ်ပျက်ယဉ်ကျေးမှုများ ဖြစ်သော ပေါင်ပေါ်များ (လေတိုက်လျှင် လေ့ကားတက်လျှင်၊ ဘတ်စ်ကား

ကိုးစီးလျှင် ပေါင်သားအရင်းထိ မြင်နိုင်စေသည့် စကပ်များ) ပုံမကျသည့် စကပ်များ၌ ဝိုင်းဝိုင်းလည်နေပြီး အနောက်ခွဲက အနောက်မှာ ဗလာကျင်းလျက် ရှိနေ၏။ ကျောက်ခွဲမှာ တဝက်ပေါ်နေ၏ သို့သာမက ကြိုးလေးသိုင်းပြီး တပြင်လုံးပင် ပေါ်နေပါသည်။ ဝိုက်လိုက်တဲ့ ဘလောက်စ်အကျႌမှာလည်း ရင်သားတဝက်ပင်မက အညှာပင်ပေါ်ချင်နေပါသည်။

ထို့နောက် တမန်တော်က ထိုအမျိုးသမီးများသည် သူစိမ်းအမျိုးသားများအား မြူဆွယ်ကြလိမ့်မည်၊ ကိုယ်တိုင်လည်း ငန်းငန်းတက်သူများ ဖြစ်ကြမည်ဟု မိန့်တော်မူခဲ့၏။ **သဘောမှာ** ဝတ်လစ်စားလစ်ဖြစ်နေခြင်းမှာ ဆင်းရဲလွန်းကြောင့်မဟုတ်၊ အမျိုးသားများအား မိမိကိုယ်ခန္ဓာ၏ အလှကို ပြလိုခြင်း ၎င်းတို့စိတ်ကို ဖျော်ဖြေရန် အဓိကဖြစ်၏၊ စိတ်ဖျော်ဖြေပေးရန် ဒုတိယနည်းအဖြစ် ဦးခေါင်းများကိုဖော်၍ ကိုယ်ဟန်များပြ၍ လျှောက်ကြလိမ့်မည်၊ ယင်းတို့၏ ကေသာဆံခြည်မှာ ကုလားအုတ်ဘို့များကဲ့သို့ ဖြစ်နေပေမည်။ သွက်သွက်လျှောက်သောအခါ အောက်သို့အိတွဲကျလေသည်၊ ကုလားအုပ်ဘို့နှင့် နှိုင်းယှဉ်ရခြင်းမှာ ထိုအမျိုးသမီးများသည် ဆံပင်များကို ဖွား၍ မိမိဦးခေါင်းများကို ကြီးအောင်ပြုကြလိမ့်မည်ကို ဆိုလိုရင်းဖြစ်သည်။

ယနေ့ခေတ်၏ ရေစီးကြောင်း၌ ဖက်ရှင်ပတ် ဒုက္ခများ၌ ပိနေသော ဂုဏ်ရှိမျိုးကြီး ဆွေကြီး အမျိုးသမီးတို့မှာ ဘိုမများ ရုပ်ရှင်သရုပ်ဆောင်များ သရုပ်ပျက် အနောက်တိုင်းယဉ်ကျေးမှုများကို အတုမြင် အတတ်သင်လျက် ပုံတူကူး၍ သရုပ်ဆောင်လျက်ရှိနေကြပေသည်။ ရုပ်ရှင်ကြည့်ခြင်းအားဖြင့် မြောက်များစွာသော အကုသိုလ်များ စီတန်းလျက်ရှိနေပေသည်။ ကိလေသာကို မလွန်ဆန်နိုင်သော အမျိုးသား အမျိုးသမီးတို့သည် ရုပ်ရှင်ဇာတ်ဆောင် အမျိုးသား အမျိုးသမီးတို့၏ အရှက်ကင်းမဲ့သော ဝတ်စားဆင်ယင်မှုများ ဟန်ပန်ပုံသဏ္ဍာန် အပြောအဆိုစသည်များကို ပုံတူသရုပ်ဆောင်နိုင်ခြင်းကို ဂုဏ်ရှိသည်ဟု ထင်မှတ်ကြပေသည်။ ယခုဆိုလျှင် ရုပ်ရှင်ဗီဒီယိုမှာ တခေတ်ဆန်းလာ၍ အရှက်ကင်းမဲ့စွာ ကိုယ်တုံးလုံးဖက်ပွေ့နေသော အခန်းများ ယုတ်စအဆုံး ဖို-မ၊ ညဝင်ခန်းများကိုပင် ရိုက်ကူးဖြန့်ချိနေပေသည်။ ရုပ်ရှင်သည်

ပညာပေးဟု ပြောနေသူများသည် ယနေ့ငှင်းကို စာရိတ္တဖျက်ဆီးသော သေမင်းဟု ပြောလာပေပြီ။

မျက်မှောက်ရှိ များစွာသော အမျိုးသမီးများသည် သူစိမ်းအမျိုးသားများအား အမျိုးမျိုးသော ပရိယာယ်မာယာများနှင့် ဆွဲဆောင်ကြသည်၊ ဗွရိကအ်သယ်များဆိုရင်လည်း မျက်နှာနှင့်လက်တို့ကို ဖော်၍ အပြင်ထွက်ခြင်း (သို့) မျက်နှာဖုံးကိုပါ ပါးများပေါ်စေလောက်အောင် အငယ်လေးထည့်ခြင်း (သို့) မျက်နှာ၏ ရုပ်ရည်ရူပကာကို အထင်းသားကြီးမြင်ရအောင် ပါးလွှန်းသော နိုင်လွန်များကို ထည့်ခြင်းစသည်များ ပြုနေကြသည်၊ ယနေ့ပရ်ဒဟ်ခြုံထည်သည် စည်းကမ်းမကျသော ဝတ်စုံဖြစ်နေသောကြောင့် သူစိမ်းတို့အား ဆွဲငင်စရာတစ်ခုဖြစ်နေပေတော့၏။ ဗွရိကအ်ပေါ်၌ ပန်းများထိုးထားခြင်း အရောင်ပြေးထည်များ၊ ပါးလွှာသော အထည်များ၊ ကိုယ်လုံးကိုယ်ထည်ပေါ်ရန် ကြပ်ကြပ်တည်းတည်းများကို ဝတ်ဆင်၍ စိတ်ထားမကောင်းသော အမျိုးသားများအား မိမိဘက်သို့ ဖိတ်ခေါ်နေခြင်းဖြစ်သည်။ ဗွရိကအ်မှာ ပရ်ဒဟ်ဖြစ်မည့်အစား မျက်စိအရှုတို့ကို ဆွဲငင်သော ဝတ္ထုဖြစ်သွားပါတော့သည်။ ငှင်းသည် ဆိုးရွားစကားတစ်ခုနှင့် ဆိုက်ဆိုက်မြိုက်မြိုက်တူနေပေသည်။ ငှင်းမှာ

"မတွေ့ဖူးသူလည်းကြည့်ပါတော့"

အလ္လာဟ်အသျှင်စောင်မတော်မူပါစေ။ အမှန်ကိုပြောရလျှင် ယနေ့ခေတ်ပေါ်ဖက်ရှင် ဗွရိကအ်တို့၏ တည်ထွင်မှုပုံစံ အမျိုးမျိုးများကြောင့် ပရ်ဒဟ်၏ ရည်ရွယ်ချက်ကို ဆုံးပါးစေရပါသည်။

ယနေ့အတီးအမှုတ်အဆိုအကတို့ကို ဂုဏ်ဒြပ်တစ်ခုဟု ထင်မှတ်ကြလေသည်၊ စာသင်ကျောင်းများကောလိပ်များတွင် အဆိုအကအတီးအမှုတ်တို့ကို စနစ်တကျလေ့ကျင့်ပေးလေ့ရှိကြ၏။ ဟိုတယ်ကြီးများနှင့် ညကလပ်များတွင် ဟိရိသြတ္တပကင်းမဲ့စွာ လှန်၍၊ ဖော်၍၊ ဝတ်လစ်စားလစ်ဟန်ရှိသော ဝတ်စားဆင်ယင်မှုနှင့် ဆိုကြ ကကြပေသည်။ အနောက်တိုင်းအာရုံလိုက်စားကြသော စာရိတ္တ သွေးစုတ်ဖုတ်ကောင်များ၏ တီထွင်စီရင်ချက်မှာ အမျိုးသမီးတိုင်းသည် မိမိလင်ယောကျ်ားအပြင် သူစိမ်းအမျိုးသားများနှင့်သာ တွဲ၍

ကကြရန်၊ မိမိလောင်ယောကျ်ားနှင့်အတူတူ ကလျင် မိမိအသင်းဝင်၌ အညံ့ဆုံးဟု ယူဆရမည်ဟု ဖေါ်ပြထားပေသည်။ ဝမ်းနည်းစရာမှာ ယနေ့မွတ်စ်လင်မ်တို့မှာ အနောက်နိုင်ငံ၏ အရှက်ကင်းမဲ့ကြသော ဒုစရိုက်သားတို့၏ နောက်လိုက်ပီသမှုကို ရလိုကြသည်။ ၎င်းတို့၏ နောက်လိုက်ဖြစ်လျှင် တိုးတက်မည် အောင်မြင်မည်ဟု ထင်မှတ်လေ့ရှိပေသည်။ အမှန်စင်စစ် အဆို၊ အကသည် သူစိမ်းတို့အား အောင်မြင်စွာ ဆွဲဆောင်နိုင်သော အကြောင်းတစ်ခုဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပါ၊ ၎င်းဖြင့် စိတ်၏ လှုပ်ရှားခြင်း တဏှာရာဂတက်ကြွခြင်းများဖြစ်ပေါ်လာသည်။ အရှက်ကင်းမဲ့သော အဆင့်ဆင့်ကို ရယူနိုင်သောအရာဖြစ်ပေသတည်း။

ဥပဒေသ - ဟဒီးစ်တော်မြတ်၏ နောက်ဆုံးတွင် ဤသည်သော အမျိုးသမီးများသည် ဂျန္နသ်သို့ ဝင်ရောက်ရမည်မဟုတ် သို့သာမက ၎င်းဂျန္နသ်၏ ရနံ့ကိုပင် ရရှိမည်မဟုတ်၊ တစ်ဖန် မိန့်ကြားသည်မှာ ၎င်းဂျန္နသ်၏ အမွှေးအနံ့သည် အလွန့်လွန့်ဝေးလံသောနေရာမှရရှိလေသည်။ ဤဟဒီးစ်တော်မြတ်တွင် ၎င်း၏ အကွာအဝေးကို ဖေါ်ပြသည်မရှိခဲ့ အချို့သော ဆင့်ပြန်ချက်တွင် လာရှိသည်မှာ ဂျန္နသ်၏ အမွှေးရနံ့သည် နှစ်တစ်ရာဝေးကွာသောခရီးမှ ရရှိမည် ဖြစ်ပေသည်။ (သပ်ရဂီဗ်)

## လမ်းဘေး၌ထိုင်ခြင်း ဖြတ်သန်းခြင်း၏ စည်းကမ်း

(٢٧) وَعَنْ اَبِيْ سَعِيْدِ نِ الْخُدْرِيِّ رَضِيَ اللّٰهُ تَعَالٰى عَنْهُ عَنِ
النَّبِيِّ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ قَالَ اِيَّاكُمْ وَالْجُلُوْسَ
بِالطُّرُقَاتِ فَقَالُوْا يَا رَسُوْلَ اللّٰهِ (صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ)
مَا لَنَا مِنْ مَجَالِسِنَا بُدٌّ نَتَحَدَّثُ فِيْهَا قَالَ فَاِذَا اَبَيْتُمْ

إِلَّا الْمَجَالِسَ فَأَعْطُوا الطَّرِيقَ حَقَّهُ قَالُوا وَمَا حَقُّ
الطَّرِيقِ يَا رَسُولَ اللَّهِ؟ قَالَ غَضُّ الْبَصَرِ وَكَفُّ
الْأَذَى وَرَدُّ السَّلَامِ وَالْأَمْرُ بِالْمَعْرُوفِ وَالنَّهْيُ عَنِ الْمُنْكَرِ
(رواه البخاري ومسلم)

(၂၇) သာဝကကြီး အဗူစအီဒ်ခွတ်သ်ရီသခင်မှ အဆိုတစ်ရပ် လာရှိ၏။ တမန်တော်မြတ်သည် စွဟာဗဟ်သခင်တို့အား မိန့်ကြားတော်မူခဲ့၏၊ အသင်တို့သည် လမ်းဘေး၌ မထိုင်ကြလင့်၊ စွဟာဗဟ်များက အို. . . အလ္လာဟ်တမန်တော် ကျွန်ုပ်တို့သည် မပြောမဖြစ်သော စကားများအတွက် စကားဝိုင်းထိုင်ရပါသည်။ တမန်တော်က အကယ်၍ အသင်တို့သည် မထိုင်မဖြစ်ရှိခဲ့လျှင် (၁) မျက်လွှာများကို အောက်ချထားပါ (၂) လမ်းသွားသူများအား ဒုက္ခမဖြစ်စေရ (၃) စလာမ်ကို အဖြေပေးရမည် (၄) ကောင်းရာများကို ညွှန်ကြား၍ မကောင်းခြင်းများမှ တားဆီးရမည် ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။
(ဗုခါရီ)

ဤဟာဒီးစ်တော်မြတ်တွင် လမ်း၏ ဝတ္တရားများကို မိန့်ကြားခဲ့ပေသည်။ အကြင်အမိန့်တော်၌ မျက်လွှာများကို အောက်ချထားရန်နှင့် သူစိမ်းများကို ကြည့်ခြင်းမှ ရှောင်ကြဉ်ရန် ဖေါ်ပြထားပေသည်။

အကယ်၍ လမ်းတွင် တစ်စုံတစ်ရာ အကြောင်းနှင့် မတ်တတ်ရပ်ခြင်း ထိုင်ရခြင်း၊ လမ်းသွားရခြင်းပြုခဲ့ရမူ သူစိမ်းအမျိုးသမီးများအား ကြည့်ရှုခြင်းမှ ရှောင်ရှားရန် အထူးလိုအပ်ကြောင်း သိရှိရပေသည်။ စိတ်၏ လှုံ့ဆော်မှု ရှိုင်သာန်၏ လှုံ့ဆော်မှုများဖြင့် ဖြတ်သန်းသွားသူ အမျိုးသမီးများအား ရမ္မက်စိတ်ဖြင့် ကြည့်ခြင်း၊ ဆိုက်ဆိုက်ငေးမောနေခြင်းရှိနေပါလျက် ဝိနည်းရှောင်သောအားဖြင့် ကျွန်ုပ်အမှတ်တမဲ့မြင်ခြင်းဖြစ်သည် (သို့) ကျွန်ုပ် ဘာစွမ်းနိုင်မည်နည်း သူတို့က ကိုယ့်အရှေ့ အဘယ့်ကြောင့် လာရသနည်း။ သူတို့၏ အပြစ်သာဖြစ်သည်ဟူသော ပျက်လုံးများဖြင့် ပြောတတ် ဆိုတတ် ကာကွယ်တတ်ပေသည်။ ဤစကားများသည် စိတ်၏လှည့်စားမှု ပရိယာယ်ဝေဝုစ်

များပင်ဖြစ်သည်။ တမလွန်၌ မည်သည့်အကြောင်းပြချက်မှ အကျုံးဝင်မည် မဟုတ်ချေ၊ အမျိုးသမီးတို့သည် မိမိတို့၌ ပရ်ဒဟ်မရှိဘဲ လမ်းသလားခြင်း ဈေး၌လည်ခြင်းတို့သည် ၄င်း၏ အမိန့်ဖီဆန်မှု၏ အပြစ်ဒဏ်ကို ခံစားရကြမည် သို့သော်လည်း အမျိုးသားတို့အား အမိန့်ပေးခြင်းခံရသည်မှာ မိမိတို့၏ မျက်လွှာများကို အောက်ချထားရန် ဖြစ်သည်၊ ကြည့်ခွင့်ပြုထားခြင်းမရှိ၊ ဤအမိန့်ကို ဆန့်ကျင်ခဲ့လျှင် အပြစ်ကျူးလွန်သူသာဖြစ်ချေမည်။

ဤသည်ဖြင့် ဖေါ်ပြလိုသည်မှာ အကြင်အခါ စကားများပြောဆိုရန် အတွက် လမ်း၌ ထိုင်ရသော် အထူးသဖြင့် မျက်လွှာများကို အောက်ချထားရန် မိန့်ကြားထားသည်ရှိသော် လမ်းမြော်သူများ၊ ငန်းငန်းတက် ကိုယ်တော်များ အတွက် အဘယ်မှာ ခွင့်ရှိနိုင်မည်ဖြစ်ပါသနည်း။

ဒုတိယအချက်အားဖြင့် ကိုယ်တော်မြတ်က လမ်း၏ ဝတ္တရားများကို မိန့်တော်မူလျက်၊ အခက်အခဲကြုံသူများအား ကူညီပံ့ပိုးရန်၊ လမ်းမှားနေသူများ အား လမ်းပြရန်နှင့် ခရီးသည်များ၏ ဝန်ထုပ်ဝန်ပိုးများကို သယ်ဆောင်သမှု ပြုပေးရန်ကိုလည်း မိန့်ခွဲထားပေသည်။ (မိရ်ကာသ်စလာမ်အခန်း)

## အမျိုးသမီးများလမ်းဘေးမှသွားပါ

(٣٨) وَعَنْ اَبِیْ اُسَيْدِ الْاَنْصَارِيِّ رَضِيَ اللّٰهُ تَعَالٰى عَنْهُ
اَنَّهٗ سَمِعَ رَسُوْلَ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ يَقُوْلُ
وَهُوَ خَارِجٌ مِّنَ الْمَسْجِدِ فَاخْتَلَطَ الرِّجَالُ مَعَ النِّسَاءِ فِي
الطَّرِيْقِ فَقَالَ لِلنِّسَاءِ اسْتَاْخِرْنَ فَاِنَّهٗ لَيْسَ لَكُنَّ اَنْ
تَحْقُقْنَ الطَّرِيْقَ عَلَيْكُنَّ بِحَافَاتِ الطَّرِيْقِ فَكَانَتِ الْمَرْاَةُ
تَلْصِقُ بِالْجِدَارِ حَتّٰى اَنَّ ثَوْبَهَا لَيَتَعَلَّقُ بِالْجِدَارِ ؛

(رواه ابو داؤد والبيهقي في شعب الايمان)

(၂၈) အဗူအုစိုင်းဒ် သခင်က အကြောင်းပြုခဲ့သည် အခါတစ်ပါး၌ တမန်တော်မြတ်သည် ဗလီပြင်ပသို့ ကြွမြန်းလာခဲ့ရာ လမ်း၌ အမျိုးသား၊ အမျိုးသမီးတို့မှာ ရောထွေးလျက် သွားနေသည်ကို တွေ့မြင်၏ ထိုအခါ တမန်တော်မြတ်သည် ဤမြင်ကွင်းကိုတွေ့သည်နှင့် အမျိုးသမီးတို့အား အို . . အသင်မတို့ဘေးကိုဖယ်ကြ လမ်းဘေးမှသွားကြ၊ လမ်းအလယ်မှ မသွားကြရဟု မိန့်ကြားတော်မူခဲ့ပေသည်။ ဆင့်ပြန်သော ပုဂ္ဂိုလ်က အကြောင်းပြုခဲ့သည်မှာ ထို့နောက်အမျိုးသမီးများ၏ အခြေအနေမှာ လမ်းတွင် သွားသောအခါ နံရံဘေးမှ ကပ်၍သွားကြသည်မှာ ၎င်း၏ ဝတ်ရုံများသည်ပင် ငြိတွယ်သွားလေ့ရှိပေတော့သည်။

(အဗူဒါဝူဒ်)

တရားတော်မြတ်တွင် ဦးစွာအိမ်ပြင်ထွက်ခြင်းမှ တားမြစ်ခဲ့သည် အကယ်၍ မလွှဲသာမရှောင်သာ ထွက်ရသည်ဆိုသော် လုံခြုံသော ပရ်ဒဟ်နှင့်တကွ အပြင်ထွက်ပြီး အမျိုးသားများနှင့် တိမ်းရှောင်၍ လမ်းဘေးမှ သွားကြရန်ဖော်ပြခဲ့ပေသည်။ ဤ ဟဒီးစ်တော်မှ အမျိုးသမီးများသည် လမ်းသွားရာ၌ အမျိုးသားများနှင့် ရောနှော၍ သွားခြင်းသည် တမန်တော်၏ မိန့်ကြားချက်နှင့် ဖီလာဆန့်ကျင်ခြင်းပင်ဖြစ်ပေသည်။ ဤဖော်ပြပါ ပညတ်တော်၌ အလေးထိုက်သော စကားမှာ တမန်တော်မြတ်သည် အမျိုးသမီးတို့အား အမျိုးသားများနှင့် တိမ်းရှောင်၍ လမ်းဘေးမှသွားရန် မိန့်ကြားခဲ့ပြီး၊ အမျိုးသမီးများမှာ လမ်း၏ အလယ်မှ မသွားထိုက်ကြောင်း မိန့်ကြားခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားများအားလည်း သတိပြုရန် အချက်မှာ အမျိုးသမီးများသွားနေသောအခါ ၎င်းတို့မှ ရှောင်၍သွားရန်ပင်ဖြစ်ပေသည်။ အကယ်၍ အမျိုးသမီးတို့သည် မိမိအတွက် စည်းကမ်း၊ မိမိ၏ အဆင့်အတန်းကို မသိရှိ၍ လမ်းအလယ်မှပင်သွားနေလျှင် အမျိုးသားများအတွက် မိမိအသိနှင့် အမျိုးသမီးများ၏ စပ်ကြားမှ ဝင်တိုး၍ မသွားဘဲ ရှောင်၍သွားရန် အရေးကြီးပေသည်။ အဗူဒါဝူဒ်ကျမ်း၌ ရဆူလ်တမန်တော်မြတ်က မည်သည့် အမျိုးသားမှ အမျိုးသမီးနှစ်ဦးကြားအလယ်မှ မသွားရဟု တားမြစ်တော်မူခဲ့ပေသည်။

(မိရှ်ကာသ်အန်အိဗ်နေအုမရ်)

## တစ်ဦးတစ်ယောက်၏အိမ်တွင်းသို့ ချောင်းမကြည့်ရ

(٢٩) وَعَنْ ثَوْبَانَ رَضِيَ اللّٰهُ تَعَالٰى عَنْهُ قَالَ قَالَ رَسُوْلُ اللّٰهِ
صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ ثَلَاثٌ لَا يَحِلُّ لِأَحَدٍ اَنْ
يَفْعَلَهُنَّ لَا يَؤُمُّ رَجُلٌ قَوْمًا فَيَخُصَّ نَفْسَهُ بِالدُّعَاءِ
دُوْنَهُمْ فَاِنْ فَعَلَ فَقَدْ خَانَهُمْ وَلَا يَنْظُرُ فِيْ قَعْرِ بَيْتٍ قَبْلَ
اَنْ يَسْتَاْذِنَ فَاِنْ فَعَلَ فَقَدْ دَخَلَ وَلَا يُصَلِّيْ وَهُوَ حَقِنٌ
حَتّٰى يَتَخَفَّفَ

(رواه ابوداؤد، واللفظ له والترمذي وحسنه وابن ماجه مختصرًا)

(၂၉) သာဝကကြီး ဆောင်ဗါန်သခင်သည် တမန်တော်မြတ်၏ပြဩဝါဒတော် တစ်ရပ်ကို ဆင့်ပြန်တော်မူခဲ့၏။ တမန်တော်မြတ်က မည်သူမှ သုံးခုသော အမှုကိစ္စကို ပြုပိုင်ခွင့်မရှိ (ထို့နောက် တမန်တော်က ၎င်းကို ဤသို့ ရှင်းလင်း ဖေါ်ပြတော်မူခဲ့၏) (၁) မည်သူမှ ဂျမာအသ်အဖွဲ့တစ်ဖွဲ့၏ ရှေ့ဆောင်ဖြစ်ပြီး ဒိုအာပြုရာ၌ မိမိအတွက်သာပြုပြီး မွတ်က်ထဒီနောက်လိုက်တို့အား ဒုအာ၌ မပါဝင်စေဘဲ ၎င်းတို့အား စွန့်၍ မိမိအတွက်သာ ဒုအာတောင်းဆိုခဲ့သော် ထိုသူသည် ဝတ္တရားပျက်ကွက်သူ၊ အလွဲသုံးစားပြုသူသာဖြစ်ချေ၏။ (၂) ထို့နောက် မည်သူမျှ တစ်ဦးတစ်ယောက်၏ အိမ်တွင် ဝင်ခွင့်မတောင်းခင် အိမ်တွင်းသို့ မကြည့်ရ၊ အကယ်၍ ထိုသို့မပြုဘဲ ဦးစွာ အိမ်တွင်းသို့ကြည့်လျှင် ထိုသူသည် ဝတ္တရားအလွဲသုံးစားပြုသူသာဖြစ်၏။ (၃) မည်သူမျှ အပေါ့အလေး သွားလိုပါလျက် စွလာသ်(နမာဇ်)ကို မဆောက်တည်ရ၊ အပေါ့အလေးသွားပြီး ပါမှ ဆောက်တည်ရ၏။ (အဗူဒါဝူဒ်)

ဤဟဒီးစ်တော်မြတ်တွင် သုံးခုသောအရာကို တားမြစ်ထား၏ ပထမ အချက်မှာ တစ်ဦးတစ်ယောက်သည် နမာဇ်ကို အိမာမ်အဖြစ် ဆောင်ရွက်ပြီး မိမိတစ်ဦးတည်းအတွက်သာ ဒုအာတောင်းဆိုခဲ့၏။ ဤသည် မပြုအပ်သော

အရာဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် မွတ်ကဲသဒီနောက်လိုက်များသည် ၎င်းအား မိမိထက်ဦးစားပေး၍ မိမိနှင့် အလ္လာဟ်အသျှင်၏ စပ်ကြားမှာ ကိုယ်စားလှယ်ခန့်၍သော်လည်းကောင်း၊ ၎င်းအား မိမိထက်ကိုယ်ကျင့်တရား ကောင်းမွန်သူဟု မှတ်၍သော်လည်းကောင်း တင်မြှောက်ထားခဲ့၏။ ထို့ပြင် အိမာမ်အား နောက်လိုက်များရှိ၍သာ ဂျမာအသ်၏ စဝါဗ်ကို ရရှိခဲ့သည် ဖြစ်ခဲ့ရာ၊ ၎င်းအပေါ် နောက်လိုက်များ၏ ဝတ္တရားသည် အပြည့်အဝရှိနေပေသည် သို့ပါလျက် ဒုအာ၌ မပါဝင်စေခြင်းသည် နောက်လိုက်များ၏ ဝတ္တရားကို ပျက်ကွက်သူသာဖြစ်ချေမည်ဖြစ်သည်။ သို့ဖြစ်၍ တမန်တော်က ဤကဲ့သို့ အိမာမ်ရှေ့ဆောင်သည် ဝတ္တရားချိုးဖေါက်သူဟု မိန့်မှတ်ခဲ့ခြင်းဖြစ်၏။

ဖေါ်ပြပါ ဟဒီးစ်တော်အရ အိမာမ်များ သတိချပ်စရာ ကိစ္စမှာ နမာဇ် အပြီး ဒုအာတွင် ရဟ်မတ်တော်၊ မဂ်ဖိရယ်တော်ကို တောင်းဆိုလျက် ဧကဝုစ် ပြောသူ နာမ်စားကိန်းကိုသုံးကာ

ဟု သုံးစွဲပြောဆိုလေ့ ရှိကြသည်၊ ထိုသို့ သုံးမည့်အစား ဗဟုဝုစ်ကိန်းပြောသူ နာမ်စားကို သုံးစွဲသင့် ပေသည်။

သဘောမှာ အို . . အလ္လာဟ် ကျွန်ုပ်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော် မူပါဟု ပြောမည့်အစား ကျွန်ုပ်တို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော် မူပါဟု ပြောရပေမည်။ ဤသည် သဒ္ဒါနှင့်ဆိုင်သော စကားဖြစ်၍ မရှင်းလင်း ပါက အာလင်များအားမေးပါ။

တမန်တော် မိန့်တော်မူခဲ့သော ဒုတိယစကားရပ်မှာ၊ အကြင်အခါ မည်သူမဆို တစ်ဦးတစ်ယောက်၏အိမ်သို့ သွားလိုလျှင် ဦးစွာ မိမိလာလို ကြောင်း အချက်ပေးပါ။ ထိုအိမ်သည် အမျိုးသားနေအိမ်ဖြစ်စေ (သို့) အမျိုးသမီးနေအိမ်ဖြစ်စေ အခွင့်တောင်းဆိုရန် အရေးကြီး၏၊ အတွင်း အခြေ အနေသည် မည်သို့ရှိသည်ကိုမသိရသောကြောင့်ဖြစ်သည်။ အိမ်တွင်းမှ ဝင်ခွင့် မပြုသေးသော အချက်သည် သူတစ်ပါးမသိလိုသော ကိစ္စ၌ ရှိနေဟန် ဖြစ်တန်ရာ၏ သူတစ်ပါး၏ အိမ်၌အခွင့်မရှိဘဲ ဝင်ခွင့်မရရှိသေးဘဲ အခွင့်မပြုဘဲ အတွင်းသို့ ကြည့်ခွင့်လည်းမရှိပေ။ အကယ်၍ အတွင်းသို့ ကြည့်လိုက်သည်

ဆိုသော် အတွင်းသို့ဝင်သွားလိုက်သည်ပမာပင် ဖြစ်သည်ဟုမှတ်ပါ။ အဘယ်ကြောင့်ဆိုသော် ခွင့်ပြုလိုခြင်းသည် ကြည့်ရန်အဖို့သာဖြစ်၏။

(كما في رواية للبخاري انما جعل الاستئذان من اجل البصر)

ပစ္စုပ္ပန်ကျွန်ုပ်တို့ခေတ်၌ ခွင့်တောင်းခံသည့်အစဉ်အလာသည် မရှိသလောက်ပင် ရှိတော့၏။ ဤကိစ္စအား တရားတော်မြတ်တွင် မည်မျှအလေးထားအရေးထားသည်ဆိုသော် အလွန်ရင်းနှီးသော အိမ်၊ သားရင်းတော်စပ်သူစသည့်အိမ်၌ သွားရောက်သည်ဖြစ်သော်လည်း အခွင့်တောင်းခံရမည်ဖြစ်ကြောင်း လာရှိထားပေသည်၊ သာဝကကြီးတစ်ပါးက အို... အလ္လာဟ့်တမန်တော်မြတ် ကျွန်ုပ်သည် မိခင်ထံသို့ ရောက်လျှင်လည်း ခွင့်တောင်းရပါမည်လော့ဟု လျှောက်ထား၏။ ထိုအခါ ကိုယ်တော်က မှန်၏၊ ထို့နောက် ၎င်းက ကျွန်ုပ်သည် အိမ်၌ မိခင်နှင့်အတူသာနေပါသည်ဟု လျှောက်ပြန်၏။ တမန်တော်က မိခင်၏ထံပါးသို့လည်း ခွင့်ပန်၍ ဝင်ပါလေ။ အသင်သည် မိခင်အား ရေချိုးချိန် အဝတ်အစားလဲချိန်၊ ဝတ်လစ်စားလစ်ရှိသည့်အခါနှင့် တိုက်ဆိုင်ဆိုင် တွေ့မြင်ခြင်းကို နှစ်မြို့ပါမည်လော့ဟူ၍ မြေကြားတော်မူပြီး၊ ၎င်း၏ဦးခေါင်းတွင်း၌ သားဖြစ်ကြောင်း သူစိမ်းမဟုတ်ကြောင်း စသည့်အငြင်းဝင်နေသော စကားများကို ဖြေရှင်းပေးလိုက်လေသည်၊

သာဝကကြီးသည် ကိုယ်တော်၏ ဤစကားကိုကြား၍၊ မှန်ပါ၏ ကိုယ်တော် ကျွန်ုပ်မနှစ်မြို့ပါ၊ ထိုအခါ ကိုယ်တော်က သို့ဖြစ်လျှင် အသင်သည် ခွင့်ပန်၍သာ သွားပါလေ။ (မာလိက်)

ဆွဟာဗီသာဝကကြီး တစ်ပါးသည် တမန်တော်မြတ်ထံတော်ပါးသို့ ရောက်ရှိလာပြီး စလာမ်ဆိုခြင်းလည်းမရှိ၊ ခွင့်ပန်ခြင်းလည်းမပြုဘဲလျက် ထိုင်ဝိုင်း၌ ဝင်ထိုင်လိုက်လေ၏ တမန်တော်သည် ၎င်းအား အသင်ပြန်ထွက်ပါ ထို့နောက် ဤသို့စလာမ်ပြုရန်ပြောပါ (အားလုံးပေါ်သို့ အေးချမ်းမေတ္တာ ကျရောက်ပါစေ ကျွန်ုပ်ဝင်ခွင့်ရှိပါသလား။) (သိရ်မေဇီ)

စဉ်းစားကြည့်လျှင် ထိုင်ဝိုင်းသည် အမျိုးသားများ၏ ထိုင်ဝိုင်းဖြစ်သည် ၎င်းတွင် စည်းမဲ့ဝင်လာသောကြောင့် ထပြန်စေပြီး စည်းကမ်းပေးတော်မူပြီး ဝင်စေတော်မူခဲ့၏။ သို့ဖြစ်ရာ အမျိုးသားထိုင်ဝိုင်းသို့သွားသောအခါတွင်လည်း ဝင်ခွင့်တောင်းရန်၊ မိခင်၏ ထံသို့သွားသည်အခါ၌လည်း ခွင့်တောင်းရန် အရေးကြီးသည်ဖြစ်သော် သူစိမ်းအမျိုးသမီးများရှိသော အိမ်၌ အခွင့် မတောင်းဘဲဝင်ခြင်း (သို့) အပြင်မှနေ၍ တစေ့တစောင်းကြည့်နေခြင်းသည် အဘယ်မှာ ခွင့်ရှိ နိုင်အံ့နည်း။

ထို့ပြင် အကြင်အမျိုးသမီးသည် ပရ်ဒဟ်မရှိသူဖြစ်၏ (သို့) ရင်းနှီးသော သူစိမ်းအမျိုးသားများနှင့် ပရ်ဒဟ်မပြုသူဖြစ်၏ သူမ၏ ခွင့်ပြုချက်ဖြင့်လည်း သူမ၏ အိမ်သို့ ဝင်ခွင့်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ဤသည် သာသနာမှ ပြဋ္ဌာန်းသော ပရ်ဒဟ်၏စည်းကမ်းဝတ္တရားဖြစ်သည်၊ ကာယကံရှင် အမျိုးသမီး၏ ခွင့်ပြုတိုင်းဝင်လို့ရသော အခွင့်အရေးမဟုတ်ချေ။ တရားတော်မြတ်သည် အမျိုးသား အမျိုးသမီးနှစ်ဦးစလုံးအား မည်သူက မည်သူ့ကိုမျှ ကြည့်ပိုင်ခွင့် မပေးထားသောကြောင့် နှစ်ဦးစလုံးမှာ မိမိတို့အပေါ် ကျရောက်သော အမိန့်များ စောင့်စည်းရန် တာဝန်ရှိကြ၏။

ဟဒီးစ်တော်မြတ်တွင် ဖေါ်ပြသော တတိယအချက်မှာ မည်သူမျှ အပေါ့အလေးသွားလိုစိတ် များနေပါလျက် နမာဇ်မဆောက်တည်ရ အဘယ် ကြောင့်ဆိုသော် အပေါ့အလေးသွားလိုစိတ်များနေသော နမာဇ်ဆောက်တည်မှု သည် စစ်မှန်သောနမာဇ်ဟု မမည်သောကြောင့်ပင်ဖြစ်၏။ အကယ်၍ ဆီးသွား လိုစိတ်များနေသော် (သို့) ဆာမွတ်မှုများနေသော် မိမိလိုအပ်ချက်ဆန္ဒများကို ဖြည့်ဆည်း၍ တစိတ်တလက်တည်း နမာဇ်ကို ဆောက်တည်ပါလေ မိခင်မွန်ကြီး အိုင်ရှဟ်သခင်မမှ တမန်တော်မြတ်၏ ဩဝါဒတော်တစ်ရပ် လာရှိ၏၊ တမန်တော်မြတ်မိန့်ကြားသည်မှာ

لَاصَلٰوةَ اِلَّا بِحَضْرَةِ الطَّعَامِ وَلَا هُوَ يُدَافِعُهُ الْاَخْبَثَانِ (مسلم شريف)

အကြင်အခါ မိမိရှေ့သို့ ထမင်းဟင်းလျာများ အဆင်သင့်ရောက်ရှိနေသော် မည်သည့် နမာဇ်မျှမရှိ။ ထို့နောက် အကြင်အခါ ကျင်ကြီး ကျင်ငယ် စွန့်ရန် ပြာရာခတ်နေသော် ထိုအချိန်၌လည်း နမာဇ်ပြီးမြောက်မည်မဟုတ်။ ([redacted]ချင်း)

သဘောမှာ ထိုကဲ့သို့ ဆာမွတ်စိတ်များ လွှမ်းနေချိန်၌ နမာဇ်ဖတ်ခြင်း ကျင်ကြီး ကျင်ငယ်စွန့်လိုချိန်များ၌ နမာဇ်ဖတ်ခြင်းသည် မဖတ်ခြင်းနှင့်သာ တူ၏ သို့အတွက်ကြောင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပြီးပါမှ နမာဇ်၌ ဝင်သင့်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် အိမ်သင်္ချင်းတော်းတို့ရန်ကိစ္စကို အလွန်အရေးကြီးစွာ ပြဋ္ဌာန်းထားပေသည်။ အလ္လာဟ်အသျှင်မြတ်က အို. . . အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့အိမ်များမှတစ်ပါး အခြားအိမ်များအတွင်းသို့ (လိုအိမ်သားများထံမှ) ခွင့်ရယူခြင်း၊ ထိုအိမ်သားများအပေါ်၌ စလာမ်မေတ္တာပို့သခြင်းမပြုသမျှကာလပတ်လုံး ဝင်ရောက်ခြင်းကို မပြုကြကုန်လင့်။ ဤ (ခွင့်ရယူခြင်းနှင့် စလာမ်မေတ္တာပို့သခြင်းတို့) သည်ကား အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့မှသာလျှင် အသင်တို့သည် သတိဝီရိယပြုကြပေမည်။ ကဖန်၊ အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့ကြလျှင် အသင်တို့သည် မိမိတို့၌ အခွင့်မရရှိသမျှ ကာလပတ်လုံး ထိုအိမ်များအတွင်းသို့ မဝင်ကြကုန်လင့်။ ၎င်းပြင် အကယ်၍ အသင်တို့အား ပြန်ကြကုန်ဟု ပြောဆိုခဲ့လျှင် အသင်တို့သည် ပြန်ခဲ့ကြလေကုန်။ ထိုသို့ပြန်လာခြင်းသည် အသင်တို့အဖို့ အစင်ကြယ် အမွန်မြတ်ဆုံးပင် ဖြစ်ချေသည်။ စင်စစ်မူကား အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို သိတော်မူဆုံးပင်ဖြစ်တော်မူ၏။

အသင်တို့သည် လူမနေသောအိမ်များတွင် အသင်တို့၏ ကိုယ်ရေးကိုယ်တာအကျိုးကျေးဇူး၊ ဥစ္စာပစ္စည်း တစ်စုံတစ်ရာရှိ၍ အိမ်များအတွင်းသို့ ဝင်ရောက်ခဲ့ကြသော် အသင်တို့၌ မည်သို့မျှအပြစ်မရှိချေ၊ အမှန်သော်ကား အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ထင်ရှားစေကြသော ကိစ္စများကိုလည်း

ကောင်း၊ အသင်တို့ လျှို့ဝှက်သောကိစ္စများကိုလည်းကောင်း ကောင်းစွာသိရှိ တော်မူပေသတည်း။

အကြင်အိမ်သည် လူပုဂ္ဂိုလ်တစ်ယောက်၏ သီးသန့်နေအိမ်ဖြစ်ပြီး အထီးကျန်တစ်ယောက်တည်း နေထိုင်အိမ်ဖြစ်မူ အခွင့်ရယူရန် အကြောင်း မပါ၍ ခွင့်မယူဘဲလျက်လည်း ဝင်လာခွင့်ရှိ၏ အကြင်အိမ်၌ အမျိုးသမီးများ ရှိမူ၊ ထိုအမျိုးသမီးသည် မဟ်ရမ်ပင်ဖြစ်စေ ဝင်ခွင့်ပန်ရန် အရေးကြီး၏။ (ဟဒီးစ်တော်မြတ်တွင် မိခင်၏ ထံသို့သွားလျှင်လည်း ခွင့်ပန်ရန် ကြပ်မတ် ထားပေသည်၊ ၎င်းကို ဖေါ်ပြပြီးဖြစ်သည်) ဤသည် အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်သည်။ ဤပညတ်ချက်သည် ထို အကြောင်းသူများ အတွက်ဖြစ်၏ အကြင်သူတို့သည် ခွင့်ပန်ခြင်းကို ဂုဏ်ငယ်သည်ဟု ထင်မှတ် ကြပေသည်။ ခွင့်ပန်ရန် အရေးကြီးသည်ဟု ဆိုရခြင်းမှာ ဝင်လာသူအတွက် မမြင်ထိုက်သောအရာကို မြင်သွားမှာ စိုးရိမ်၍ တားမြစ်ရခြင်းဖြစ်သည်၊ သို့မဟုတ် အိမ်ရှင် ပေးမသိစေချင်သောအရာကို သိသွားမှာ စိုးရိမ်ရခြင်းမျိုး လည်း ဖြစ်နိုင်၏၊ ထို့ပြင် အခြားသော အကြောင်းအချက်များလည်း ရှိဦးမည် ဖြစ်ပါသည်၊ ထို့ပြင် ထောက်လှန်းရာ၌ မျက်စိမပါဘဲနှင့် အာရုံခံတစ်မျိုးမျိုးဖြင့် လည်း သိရှိနိုင်ပေသည်။ သို့ဖြစ်၍ မျက်မမြင်သည်လည်း သားချင်းအိမ်၊ သားချင်းမဟုတ်သော အိမ်တွင်ခွင့်မပန်ဘဲ ဝင်ခွင့်မရှိ၊ ထိုနည်းနှင်နှင် အမျိုးသမီးသည် အမျိုးသမီးထံ၊ အမျိုးသားသည် အမျိုးသားထံသွားလျှင်လည်း ခွင့်ပန်ရန် (ဝါဂျစ်ဗ်) အရေးကြီးပေသည်၊ သို့ဖြစ်ရာ သူတစ်ဦးသည် နှုတ်ဆက်ခံရန် အတွက်တစ်နေရာတွင် ထိုင်နေသည်ရှိသော် ထိုနေရာ၌ ခွင့်ပန်ရန်မလိုပါ။ فَإِن لَّمْ تَجِدُوا فِيهَا أَحَدًا

(အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦး တစ်ယောက်ကိုမျှ မတွေ့ခဲ့ကြလျှင်) ဤအပိုဒ်တွင် ထိုအိမ်များနှင့်စပ်လျဉ်းသော ပညတ်တော်ကို ဖေါ်ပြခြင်းဖြစ်သည်။ အကြင်အိမ်သည် လူရှိခြင်း မရှိခြင်းကို ဆိုနိုင်ပေသည်။ ဤသည်သော အိမ်များနှင့် စပ်လျဉ်း၍လည်း အမိန့်ရှိသည်မှာ فَلَا تَدْخُلُوهَا حَتَّىٰ يُؤْذَنَ لَكُمْ အသင်တို့သည် မိမိတို့အား အခွင့်မရှိသမျှ

ကာလပတ်လုံး ထိုအိမ်များအတွင်းသို့ မဝင်ကြကုန်လင့်) အကယ်၍ အတွင်း၌ လူရှိပါလျက် ဝင်ခွင့်မပြုခဲ့သော် (သို့) မရှိသည်ကို အတိအကျသိရသော် အလျှင်း မဝင်ကြရပေ၊ လူမရှိဘဲ ဝင်ရောက်ခဲ့လျှင် ပိုင်နက်ကျူးလွန်မှုသာ ဖြစ်၍ တားမြစ်ချက်ရှိလေ၏။ ဒုတိယအချက်မှာ ပိုင်ရှင်မသိဘဲ ထိုသို့ ဝင်ရောက်လျှင် အိမ်အတွင်း အခြေအနေကို ထောက်လှမ်းခြင်းသဘော သက်ရောက်သောကြောင့် တားဆီးအမိန့်ကို ကျူးလွန်ရာရောက်ပေမည်။ ထို့နောက် မိန့်ကြားသည်မှာ၊ وَإِنْ قِيلَ لَكُمُ ارْجِعُوا فَارْجِعُوا (၄င်းနောက် အသင်တို့အား ပြန်ကြကုန်ဟု ပြောဆိုခဲ့လျှင် အသင်တို့သည် ပြန်ခဲ့ကြလေကုန်) **သဘောမှာ** - အိမ်ဝင်ခွင့်မရလျှင် ပြန်လာရ၏။ ထိုကိစ္စကို မခန့်မငြားပြုသည် အရှက်ရရှိသည်ဟု မယူဆဘဲ ပြန်လာခြင်းသည် အကောင်းဆုံးသာဖြစ်ပေသည်။ (هُوَ أَزْكَىٰ لَكُمْ) အသင်တို့အဖို့ အစင်ကြယ် အမွန်မြတ်ဆုံးပင် ဖြစ်ချေ၏) သို့ငြားအံ့လည်း အများအကျိုးအတွက် ပြုဆဲရှိသော အိမ်များ၊ ကျောင်းများ၊ တည်းခိုဆောင်များ၊ ခါန်ကာဟ် (ဓမ္မာရုံ) စသည်သော အဆောက်အဦများ တွင် အခွင့်မယူဘဲ ဝင်ခွင့်၊ ကြည့်ရှုခွင့်ရှိ၏။ အများအကျိုးအတွက် တည်ဆောက်သော အရာများဖြစ်သောကြောင့် ဝင်ခွင့်ရှိ၏။ ဤကဲ့သို့သော အိမ်များ၏ အမိန့်ကို 　　　　၏ အပိုဒ်တွင် ဖေါ်ပြပြီးဖြစ်သည်။

<u>ဥပဒေသ</u>　ခွင့်မတောင်းမီ စလာမ်ပြုရမည်၊ ဟဒီးစ်တော်မြတ်တွင် ခွင့်တောင်းရန် စကားပိုဒ်ကို ဤသို့ဖေါ်ပြထား၏ اَلسَّلَامُ عَلَيْكُمْ أَأَدْخُلُ (အသင်တို့ပေါ်သို့ ငြိမ်းချမ်းသာယာခြင်းခညောင်းပါစေ၊ ကျွန်ုပ် ဝင်ခွင့်ရှိပါသလား။ အကယ်၍ အိမ်ရှင်အန်ရဗီမတတ်လျှင် စလာမ်အပိုဒ်ကို ဆို၍ မိမိဘာသာစကားဖြင့် ဝင်ခွင့်ပြုပါရန် ပြောပါ၊ ဝင်ခွင့်တောင်းခြင်းမှာ သုံးကြိမ်သာဖြစ်၏ သုံးကြိမ်ခွင့်ပန်ပြီး အဖြေမရလျှင် ကိုယ့်ဘာသာကိုယ်ပြန်လာရမည် (ဗုခါရီနှင့်မွတ်စ်လင်မ်) အကယ်၍ ပထမအကြိမ်၌ပင် လက်မခံခြင်းကို ရရှိလျှင် ချက်ချင်းပြန်သွားရမည်။

**မှတ်ချက်။** ။ ခွင့်တောင်းသောအခါ၌ အတွင်းမှ မည်သူနည်းဟုမေးလျှင် မိမိအမည်နာမကို အပြည့်ဖေါ်ပြရမည်၊ ကျွန်တော်ပါ ကျွန်တော်ပါဟု မပြောရ၊ သာဝကကြီးတစ်ပါးသည် အမည် မပြောဘဲ ကျွန်တော်ပါဟု ပြောသည့်အတွက် တမန်တော်မြတ် စိတ်တော်ငြိုးခဲ့ရသည့်အကြောင်း ဗုခါရီကျမ်း၌ ပါရှိခဲ့ပေသည်။

## တမန်တော်ကိုယ်တိုင်ဝင်ခွင့်တောင်းတော်မူခြင်း

(٣٠) وَعَنْ عَبْدِ اللهِ بْنِ بُسْرٍ رَضِيَ اللهُ تَعَالَى عَنْهُ قَالَ
كَانَ رَسُوْلُ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ إِذَا أَتَى
بَابَ قَوْمٍ لَمْ يَسْتَقْبِلِ الْبَابَ مِنْ تِلْقَاءِ وَجْهِهِ وَلٰكِنْ مِنْ
رُكْنِهِ الْأَيْمَنِ أَوِ الْأَيْسَرِ فَيَقُوْلُ اَلسَّلَامُ عَلَيْكُمْ
اَلسَّلَامُ عَلَيْكُمْ وَذٰلِكَ أَنَّ الدُّوْرَ لَمْ يَكُنْ يَوْمَئِذٍ عَلَيْهَا
سُتُوْرٌ (رواه ابوداود)

(၃၀) သာဝကကြီး ဗွတ်စ်ရ်သခင်မှ ဆင့်ပြန်ချက်တစ်ရပ်လာရှိ၏။ အကြင် အခါ တမန်တော်မြတ်သည် မျိုးနွယ်စုတစ်စု၏ အိမ်တံခါးဝသို့ ရောက်လျှင် တံခါး၏ ဘေးတစ်ဘက်မှနေ၍ အစ္စလာမုအာလိုက်ကွမ်ဟုဆို၍ ဝင်ခွင့် တောင်းလေ့ရှိပေသည်။ (ထိုအကြောင်းမှာ ထိုအခါက တံခါးဝတွင် လိုက်ကာ မတတ်ထား၍လည်း ဖြစ်၏) (အဗူဒါဝူဒ်)

အဆိုပါ ဟဒီးစ်တော်အရ အရေးကြီးသော ဝင်ခွင့်တောင်းဆိုနည်း တစ်ရပ်ကို သိရှိရပေသည်။ ထိုစည်းကမ်းနည်းနာမှာ တံခါးအပြင်မှ မတ်တတ် ရပ်၍ အတွင်းသို့ ဝင်ခွင့်တောင်းလျှင် တံခါးအဝကိုလွှတ်၍ လက်ျာဘက်

(သို့) လက်ဝဲဘက်တွင် မတ်တတ်ရပ်နေရမည်၊ သို့မှ တံခါးရွက်ဖွင့်သည်နှင့် အတွင်းသို့ မျက်စိကျရောက်မည်မဟုတ်၊ ဟဒီးစ်တော်၏ နောက်ဆုံးတွင် သာဝကကြီးက ထိုအချိန်တုံးက တံခါးရွက်များတွင် လိုက်ကာမထည့်ထားကြပေဟု မိန့်ကြားခဲ့၏။ သဘောမှာ ယခင်တုံးကဆိုလျှင် ပြတင်းပေါက်၏ အကွယ်၊ ဝင်းနံရံများ၏ အကာအကွယ်ကို လုံလောက်သည်ဟု ယူဆလေ့ရှိသည်၊ ထို့နောက်တွင် တံခါးများအနောက်တွင် လိုက်ကာများကို ထည့်ရန် အစီစဉ်များဖြစ်လာတော့သည်၊ တံခါးရွက်များ၏ အကာအကွယ်အပြင်၊ လိုက်ကာများကိုပင် ကာထားလေ့ရှိကြောင်း ပါရှိခဲ့ပေသည်။ ဤသည် ကျွန်တော်များအတွက် အတုယူဆောင်ရွက်ရန် အရာပင်ဖြစ်၏။ တံခါးတွင် လိုက်ကာတတ်ဆင်ထားခြင်း၏ အကျိုးတစ်ရပ်မှာ၊ တံခါးသည် မတော်တဆ ပွင့်လျက်ရှိခဲ့မူ (သို့) ကလေးများ ဆော့ကစား၍ ဖွင့်ချိပိတ်ချိနှင့် ပွင့်လျက်ရှိနေမူ လိုက်ကာ၏ အကာအကွယ် သည် ကျန်ရှိဦးမည်ဖြစ်ပေသည်။

ယနေ့ ဟာလာဟင်းလင်းရှိသော ခေတ်ပေါ် အိမ်များကို အလွန်ကြိုက်ကြ၏၊ လုံခြုံသောပုံသဏ္ဍာန် အိမ်မျိုးကို မနှစ်သက်ကြ၊ အချို့အိမ်များဆိုလျှင် အရှက်ဝေင်းမဲ့စွာ အကာအကွယ်မရှိ တုံးလုံးပေါက် အိမ်များဖြစ်ပြီး သိက္ခာရှိသော အမျိုးသမီးတစ်ယောက် ဖုံးကွယ်၍ နေထိုင်ရန်ပင်မရှိ၊ ကပြင်ကို ကျယ်ကျယ်ထုတ်၍ ကလေးလူကြီး အမျိုးသမီးများ၊ သမီးပျိုများ၊ ဥယျာဉ်တွင်း၌ ဝိုင်းဖွဲ့ထိုင်နေသည့်အလားဘဲ တိုတိုနံ့နံ့ အဝတ်အစားများနှင့် ထိုင်နေကြ လဲလျောင်းနေကြသည်ကို လမ်းဖြတ်သူတိုင်း မြိန်မြိန်ရှက်ရှက် ကြည့်သွားကြည့်လာ ပြုလျက်ရှိနေပေသည်။ ဤကဲ့သို့ ဒီဇိုင်းအသစ် ပုံစံကလေးတွေကို စည်းစိမ်ရှင်လေးများက အစပြုဆောက်လုပ်လာပါပြီ၊ အလ္လာဟ်အသျှင်မြတ်သာ မေ့အသိတရားကို ပေးသနားတော်မူပြီး တမန်တော်မြတ်၏ နောက်လိုက်ပီသမှုကို ရယူစေတော်မူပါစေ (အာမီန်း)

ဤနေရာတွင် ဖေါ်ပြပါအကြောင်းအရာမှ အဓိကကျသော အချက်ကို တင်ပြရမည်ဆိုသော် အကြင်အခါ တစ်ဦးတစ်ယောက်၏ အိမ်သို့ဝင်ရန် အတွက် ခွင့်တောင်းရမ်းသောအခါ၊ ဝင်ခွင့်မရမချင်း အိမ်တွင်းသို့ မျက်စိ

လျှို၍ ကြည့်ခြင်းကို တားမြစ်ထားသည်ဆိုသော် အကြင်သူအား တစ်ဦး တစ်ယောက်အိမ်သို့ဝင်ရန်လည်းမရှိ၊ ၎င်းမှ တစ်ဦးတစ်ယောက်ကို ခေါ်ရန်လည်း မရှိဆိုလျှင် လမ်းသွားလမ်းလာပြုရင်းနှင့် သူများအိမ်တွင်းကို အဘယ်မှာ ကြည့်သွားပိုင်ခွင့်ရှိနိုင်ပါအံ့နည်း။

## နမာဇ်တွင် ခန္ဓာကိုယ် ဖုံးအုပ်ရန်ဖရပ်ဇ်ဖြစ်

(٣١) وَعَنْ عَائِشَةَ رَضِيَ اللهُ تَعَالَى عَنْهَا قَالَتْ قَالَ رَسُوْلُ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ لَا تُقْبَلُ صَلَاةُ حَائِضٍ إِلَّا بِخِمَارٍ (رواه ابوداؤد والترمذى)

(၃၁) မိခင်မှန်ကြီး အိုင်ရှဟ်သခင်မမှ ဆင့်ပြန်ချက်တစ်ရပ်လာရှိ၏။ တမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ အရွယ်ရောက်သူ အမျိုးသမီး၏ နမာဇ်သည် ခြုံထည်မပါဘဲ လက်ခံခြင်းမရှိ (အဗူဒါဝူဒ်၊ သိရ်မိဇီ)

နမာဇ်အထမြောက်ရန်အတွက် စည်းကမ်းများရှိပါသည်။ ထိုစည်းကမ်းများအနက် အရှက်အင်္ဂါ ဖုံးအုပ်ခြင်းလည်း ပါရှိသည်၊ ၎င်း၏ ရှင်းလင်းချက်မှာ အမျိုးသားများအတွက် ချက်မှ ဒူးခေါင်းအထိ ဖုံးအုပ်ရန် ဖရပ်ဇ်ဖြစ်သည် သို့သော် အမျိုးသမီးတို့အား မျက်နှာ၊ ခြေမျက်စိအောက်ခြေများ၊ လက်နှစ်ဘက် လက်ကောက်ဝတ်များအပြင် ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ရန် ဖရပ်ဇ်ဖြစ်သည်၊ အကယ်၍ ၎င်းသည် လူအရှေ့မဟုတ်ဘဲ တစ်ဦးတည်းဖတ်လျှင်လည်း အမိန့်သည် ဤအတိုင်းသာဖြစ်၏။ တမန်တော်ခေတ်၌ မွတ်စလင်မ် အမျိုးသမီးများသည် နမာဇ်အတွင်း၌လည်း နမာဇ်အပြင်၌လည်း အင်္ကျီများကို ထူထူဖိန်းဖိန်း ဝတ်လေ့ရှိကြသည်။ လက်တိုလက်ပြတ်ကိုကား ဝတ်လေ့ဝတ်ထပင် မရှိခဲ့ပေ။ သို့ဖြစ်ရာ အမှတ်မထင်ဘဲ ဦးခေါင်းမှခြုံထည်ချော

ကျစေနိုင်သောကြောင့် အထူးအလေးထား၍ ခြုံထည်ကိုဖော်ပြခဲ့၏။ အဘယ်သို့ဆိုသော် ကိုယ်တော်က အရွယ်ရောက်သူ အမျိုးသမီး၏ နမာဇ်သည် ခြုံထည်မပါဘဲ လက်ခံခြင်းမရှိဟု မိန့်ကြားခဲ့ခြင်းဖြစ်၏။

<u>မတ်စ်အလဟ်</u> - ပါးလွှာသော အဝတ်အစားဟု ဆိုခြင်းသည် ထိုအဝတ်အစားကို ဆိုလိုပါသည်။ အကြွင်အဝတ်ဖြင့် ခန္ဓာကိုယ် (သို့) အမွှေးအမျှင် များကို မြင်တွေ့နိုင်ပါသည်။ ထိုကဲ့သို့ အဝတ်အစားများကို ဝတ်ဆင်ခြင်းသည် ဟဒီးစ်တော်အရ ဝတ်ထားခြင်း၊ မဝတ်ထားခြင်းကား အတူတူဖြစ်၏။

ဤကဲ့သို့သော အဝတ်အစားများကို ဝတ်ဆင်ခြင်း ခြုံခြင်းကား မပိုင်ချေ။ ၎င်းကို ခြုံ၍ နမာဇ်ဖတ်ခြင်းသည်လည်း နမာဇ်ပိုင်မည်မဟုတ်၊ ထိုနည်း၎င်းပင် အမျိုးသားသည် အသားမြင်သော အဝတ်ကို လုံချည်အဖြစ် ဝတ်၍ နမာဇ်ဖတ်ခဲ့သော် နမာဇ်ပိုင်မည်မဟုတ်။

<u>မတ်စ်အလဟ်</u> - အင်္ကျီလက်ပြတ် ပခုံးပြတ် (သို့) ဘလောက်၊ ဂါဝန်လက်ပြတ်၊ စကပ်တိုများ ဝတ်ဆင်၍ အပေါ်မှ လက်မောင်းအုပ်သော ခြုံထည်ကို မခြုံခဲ့လျှင် နမာဇ်ပြီးမြောက်မည်မဟုတ်။

<u>မတ်စ်အလဟ်</u> - အကယ်၍ နမာဇ်ဖတ်နေလျက် အမျိုးသမီး၏ ခြေသလုံး လေးပုံးတစ်ပုံပေါ်သွား၏ (သို့မဟုတ်) ပေါင်မှစုတ်၍ လေးပုံတစ်ပုံ ပေါ်သွား၏ (သို့)လက်၏ လေးပုံတစ်ပုံပေါ်သွား၏၊ ပေါ်သွားသောအခိုက်အတန့်သည် စွဗ်ဟာနလ္လာဟ်သုံးကြိမ်ရွတ်ဖတ်နိုင်ခန့်ရှိသော် နမာဇ်ပျက်သွားချေမည်။ ၎င်းကို အစမှပြန်ဖတ်ရပေမည်။ အကယ်၍ ထိုမျှမကြာဘဲ ချက်ချင်းပြန်ဖုံးလိုက်သော် နမာဇ်ပြီးမြောက်သွားမည်ဖြစ်သည်၊ ထိုနည်းအတိုင်းပင် ခန္ဓာကိုယ်၌ ဖုံးကွယ်အပ်သော နေရာအသီးသီးမှ (ဝါ) နား၏ လေးပုံတစ်ပုံ၊ ဦးခေါင်း၏ လေးပုံတစ်ပုံ၊ ဆံပင်၏ လေးပုံတစ်ပုံ၊ ဗိုက်၊ ကျော၊ လည်ပင်း၊ ရင်ဘတ်၊ ရင်သားစသည်တို့၏ လေးပုံတစ်ပုံ ပေါ်သွားပြီး စွဗ်ဟာနလ္လာဟ် သုံးကြိမ်ဖတ်သည် ခန့်မျှ ကြာရှိခဲ့သော် နမာဇ်ပြီးမြောက်မည်မဟုတ်။

<u>မတ်စ်အလဟ်</u> - ဆာရီပတ်ကြသော အမျိုးသမီးများသည် များသောအားဖြင့် ၎င်းတို့၏ ဘလောစ်အကျႌသည် ချက်အထက်မှ ချက်အောက်ထိ ပေါ်နေပါသည်။ ထို့ကြောင့် ဝမ်းဗိုက်ထက်ဝက် (သို့) ဝမ်းဗိုက်၏ လေးပုံတစ်ပုံ၊ ကျော၏ လေးပုံတစ်ပုံပေါ်လျက် နေပါသည်။ ၎င်းတို့၏ နမာဇ်သည် ပြီးမြောက်မည် မဟုတ်၊ ထိုသို့ ဖေါ်ထားလျက် လင်ယောကျ်ားအပြင် အဖေ၊ မောင်၊ အစ်ကိုတို့ရှေ့တွင် ထွက်ခြင်းလည်း ဟရာမ်ဖြစ်၏။

<u>မတ်စ်အလဟ်</u> - အကြင်မိန်းကလေးသည် ယခုထိ အပျိုဘော်မဝင်သေးချေ။ ဝင်လုနီးပါးဖြစ်၏၊ ၎င်း၏ ဖြံ့ထည်သည် ဦးခေါင်းမှ လျှောကျ၍ ဦးခေါင်း ပေါ်သွားသော် ၎င်းအားလည်း ပညာပေးသောအနေဖြင့် နမာဇ်ကို ပြန်ဖတ်စေရမည်။

## အမျိုးသမီးတို့အတွက် အကောင်းဆုံးနမာဇ်

(٣٢) عَنْ اُمِّ حُمَيْدٍ امْرَأَةِ اَبِىْ حُمَيْدِنِ السَّاعِدِيِّ رَضِىَ اللّٰهُ
تَعَالٰى عَنْهُمَا اَنَّهَا جَاءَتْ اِلَى النَّبِيِّ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ
فَقَالَتْ يَارَسُوْلَ اللّٰهِ اِنِّىْ اُحِبُّ الصَّلٰوةَ مَعَكَ قَالَ قَدْ
عَلِمْتُ اَنَّكِ تُحِبِّيْنَ الصَّلٰوةَ مَعِىْ وَصَلٰوتُكِ فِىْ بَيْتِكِ خَيْرٌ
مِنْ صَلٰوتِكِ فِىْ حُجْرَتِكِ وَصَلٰوتُكِ فِىْ حُجْرَتِكِ خَيْرٌ
مِنْ صَلٰوتِكِ فِىْ دَارِكِ وَصَلٰوتُكِ فِىْ دَارِكِ خَيْرٌ مِنْ
صَلٰوتِكِ فِىْ مَسْجِدِ قَوْمِكِ وَصَلٰوتُكِ فِىْ مَسْجِدِ قَوْمِكِ
خَيْرٌ مِنْ صَلٰوتِكِ فِىْ مَسْجِدِىْ قَالَ فَاَمَرَتْ فَبُنِىَ لَهَا
مَسْجِدٌ فِىْ اَقْصٰى شَيْءٍ مِنْ بَيْتِهَا وَاَظْلَمِهٖ وَكَانَتْ تُصَلِّىْ فِيْهِ
حَتّٰى لَقِيَتِ اللّٰهَ عَزَّ وَجَلَّ

(رواه احمد وابن خزيمة وابن حبان فى صحيحهما كذا فى الترغيب)

(၃၂) ဘာဝကကြီး အဗူဟုမိုင်း၏ စာအဒီသခင်၏ဇနီးသည် အွမ္မေဟုမိုင်၏ သခင်မက အကြောင်းပြခဲ့၏၊ ကျွန်မသည် တမန်တော်မြတ် အထံတော်သို့ ရောက်ရှိ၍ လျှောက်ထားခဲ့ပါသည်။ အို. . . အလ္လာဟ်တမန်တော် ကျွန်မ သည် ကိုယ်တော်နှင့်အတူတူ ဗလီဝတ်ကျောင်းတော်တွင် ဂျမာအသ်နှင့် နမာဇ် ဆောက်တည်လိုပါသည်။ တမန်တော်က အသင်မသည် ငါကိုယ်တော်၏ နောက်မှနေ၍ နမာဇ်ဖတ်လိုသည်ကို သိပါသည်။ သို့ပါသော်လည်း ဤလိုလား သည့်အတိုင်း ကျင့်သုံးခြင်းမပြုရန်ပင် အမှန်ဆုံးဖြစ်သည်။ အကြောင်းမူကား အသင်မ၏ နမာဇ်သည် အိမ်မ၌ ဖတ်ခြင်းသည်ထက် အိမ်၏ အတွင်းခန်း၌ ဖတ်ခြင်းကမြတ်၏၊ အိမ်မ၌ ဖတ်ခြင်းသည် ကပြင်၌ ဖတ်ခြင်းထက်မြတ်၏၊ ကပြင်၌ နမာဇ်ဖတ်ခြင်းသည် အရပ်ဗလီ၌ဖတ်ခြင်းထက်မြတ်၏၊ အရပ်ဗလီ၌ ဖတ်ခြင်းသည် ငါကိုယ်တော်၏ ဗလီ၌ လာရောက်ဖတ်ခြင်းထက်မြတ်၏ဟု မိန့်ကြားခဲ့တော်မူပေသည်။ ဆင့်ပြန်သူက ဆက်လက်ဖော်ပြသည်မှာ သခင်မ ကြီးသည် တမန်တော်မြတ်၏ ထိုဖြေကြားချက်ကို ကြားနာပြီးလျှင် အိမ်သို့ ပြန်၍ အိမ်တွင်းရှိ အမှောင်တစ်နေရာကို နမာဇ်ဖတ်ရန် ရွေးချယ်လိုက်ပြီး ကွယ်လွန်သည့်တိုင် ထိုနေရာ၌ပင် နမာဇ်ကို ဆောက်တည်ခဲ့ပေသတည်း။

(အဟ်မဒ်)

စဉ်းစားစရာ နေရာပါဘဲ၊ အွမ္မေဟုမိဒ်သခင်မကြီးသည် သချိုင်းများသို့ သွားရန် အခွင့်ပန်သည်မဟုတ်၊ ပွဲလမ်းသဘင် သွားရန်ပန်ကြားသည်မဟုတ်၊ အပျော်တမ်း လည်ပတ်လမ်းလျှောက်ရန်အတွက် လျှောက်ထားသည်မဟုတ်၊ နဗဝီ ကျောင်းတော်တွင် တမန်တော်၏ နောက်လိုက်အဖြစ် နမာဇ်ဝတ်ပြုရန် ဆန္ဒကို ဖော်ခြင်းဖြစ်ခဲ့၏၊ ဦးစွာ နမာဇ်ကဲ့သို့ မြင့်သောအဆင့်ကိုကြည့်ပါ၊ ဂျမာအသ်၌ ပါဝင် နမာဇ်ဖတ်လျှင် ကုသိုလ်စဝါဗ်နှစ်ဆယ့်ခုနှစ်ဆပိုရ၏၊ ထို့ပြင် ထိုနမာဇ်သည်လည်း နဗဝီကျောင်းတော်၏ နမာဇ်ဖြစ်သောကြောင့် နမာဇ်တစ်ကြိမ်ဖတ်လျှင် နမာဇ်ပေါင်း တစ်ထောင်ဖတ်သည့်အကျိုးစဝါဗ်ကို ရရှိမည်ဖြစ်သည်၊ ထို့ထက်သာပို၍ သူမသည် ကရုဏာတော်ရှင် တမန်တော် ၏ နောက်လိုက်အဖြစ် ဖတ်လိုကြောင်း တင်ပြခဲ့ခြင်းဖြစ်ခဲ့၏။ သို့ပါအကြောင်း

အချက်များကို သိပါလျက် တမန်တော်က သင်မတို့အတွက် အမှန်ကန်ဆုံး အသင့်တော်ဆုံးမှာ ငါကိုယ်တော်၏ နောက်မှဖတ်မည့်အစား မိမိအိမ်၏ အတွင်းကျဆုံးသောနေရာတွင် နမာဇ်ဖတ်ကြားရန် ပြောကြားတော်မူခဲ့ပေသည်။ တမန်တော်သည် သူမ၏ မြင့်မြတ်သော ရည်ရွယ်ချက်ပေါ်၌လည်း ဤသို့ မိန့်ကြားခြင်းဖြစ်ခဲ့၏။ အကယ်၍ တမန်တော်အခွင့်ပေးခဲ့လျှင်လည်း သူမတို့မှာ ပရ်ဒဟ်အပြည့်နှင့် ထွက်ကြမည်မှာ အမှန်ပင်ဖြစ်ခဲ့၏။ ယနေ့ ပရ်ဒဟ်မရှိဘဲ အပြင်ထွက်ခြင်း၊ ထိုထွက်ခြင်းသည်လည်း ရုပ်ရှင်ကြည့်ရန်၊ ပွဲတန်းများသို့သွားရန်၊ အုရုစ် (သံချိုင်းကိုးကွယ်ပွဲ)သို့ သွားရန်၊ အဘယ်မှာ ပိုင်နိုင်အံ့နည်း။

အထက်ဖေါ်ပြပါ သခင်မကြီး၏ ဗလီတက်ရန် ဆန္ဒဖြစ်ပေါ်သော ခေတ်ကို လေးနက်စွာ စဉ်းစားကြည့်ပါ၊ ထိုခေတ်ကို တမန်တော်က အမြတ်ဆုံးခေတ်ဟု ဆိုထားပါသည်။ ဆွဟာဗီအမျိုးသား၊ အမျိုးသမီးတို့သည် သူတော်ကောင်းများ စိတ်ထားသန့်ပြန့်သူများဖြစ်ကြပါသည်။ သို့ပါလျက် တမန်တော်မြတ်သည် မိမိအိမ်၌သာဖတ်ရန် တရားချတော်မူခဲ့၏ ယင်းကို အထက်တွင်ဖေါ်ပြပြီးဖြစ်၏။

ယနေ့ ဖို-မ ပြဿနာကို မရှင်းနိုင်လောက်သော အချိန်အခါသမယ ဖြစ်ပါသည်၊ သာသနာနှင့် စိမ်းကားသောအချိန်အခါဖြစ်ပါသည်၊ တရားကို ခုံမင်ခြင်းမရှိသော အလ္လာဟ်ရဲ့ကြောက်စိတ် လစ်ဟင်းနေသော အချိန်အခါ ဖြစ်ပါသည်၊ စိတ်နှင့် မျက်စိကို မကောင်းမှုများမှ ကာကွယ်ရန်အတွေး၌ ရေးရေးလေးပင်မရှိ ဆိတ်သုဉ်းနေကြ၏ ဤသည့်အခြေအနေမျိုး၌ ဗလီသို့ သွားခြင်း ပရ်ဒါဟ်မရှိဘဲ အပြင် ထွက်ခြင်းတို့သည် အဘယ်မှာ ပိုင်နိုင်အံ့နည်း။

<u>ဥပဒေသ</u> - အထက်ပါ ဟဒီးစ်တော်မြတ်တွင် အွမ္မေဟမီဒ်သခင်မကြီးက မတ်စ်ဂျေဒေနဗဝီကျောင်းတော်၌ ကိုယ်တော်၏ နောက်လိုက်အဖြစ် နမာဇ် ဆောက်တည်လိုကြောင်း လျှောက်ထားခဲ့စဉ် တမန်တော်က တချက်လွှတ် တားဆီးမည့်အစား သာပို၍ အကျိုးရှိရာဆီသို့ တိုက်တွန်းနှိုးဆော်မှုကို ပြုခဲ့ပေ

သည်၊ သင်မအတွက် အိမ်၌ဖတ်ခြင်းက ပိုမိုအကျိုးရှိသည်ဟု ဟောပြတော်မူခဲ့၏။ တမန်တော်ခေတ်ရှိ အမျိုးသား အမျိုးသမီးများသည် စိတ်ထားမြင့်မြတ်သူများ၊ အလ္လာဟ်ကြောက်သူများ၊ သာသနာကိုင်ရှိုင်းသူများ ဖြစ်ကြသည်။ တစ်ဦးနှင့် တစ်ဦး ရှောင်ကြသည်၊ အတွေ့ခံခြင်းမရှိ၊ သို့ဖြစ်၍ တမန်တော်မြတ်သည် ဂျမာအသ်၌ အမျိုးသမီးများ ပါဝင်ခြင်းမှ တားဆီးလေ့မရှိခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ သခင်မအား ဖြေကြားရာ၌ အသင်မအတွက် အိမ်၌ ဖတ်ခြင်းက ပို၍ မြတ်ပါ၏ဟု ဆိုခဲ့ပေသည်။ ထိုခေတ်ရှိ စွဟာဗဟ်၊ စဟာဗီယဟ်၊ အမျိုးသား အမျိုးသမီးတို၏ သာသနာ့အရည်အချင်းများ ရှိပါလျက် ကိလေသာတို့ကို စောင့်စည်းနိုင်သော အရည်အချင်းများ ရှိပါလျက် ဂျမာအသ်တွင် ပါဝင်ခွင့် စည်းကမ်းများကို ချထားပေးသေးသည်။ ဂျမာအသ်တွင် တမန်တော်စလာမ်လှည့်သည်နှင့် နောက်ဆုံးတန်းမှ အမျိုးသမီးများမှာ ထပြန်လေ့ရှိကြသည်၊ အမျိုးသမီးများ ထပြန်သွားပြီးမှ တမန်တော်နှင့် စွဟာဗဟ်များ မိမိနေ့ရာမှ ထ၍ ကျန်နမာဇ်များကို ဖတ်လေ့ရှိခဲ့သည်။ (ဗုခါရီကျမ်း) ထိုသို့ပါဝင်ခြင်းသည်လည်း ပရ်ဒဟ်အပြည့်စုံ ခြုံထားလျက် ဖြစ်ခဲ့သည်၊ ထို့ပြင် တဝဟာမန်တော်က ပြင်၍ ဆင်၍ အလျင်းမလာရကြောင်း ညွှန်ကြားထား၏။

(كما رَوَى ابو داود لِيَخْرُجْنَ وَهُنَّ تَفِلَاتٌ)

တမန်တော်မြတ် ကွယ်လွန်ပြီးနောက် အချို့ အမျိုးသမီးတို့သည် ပြင်ဆင်၍ ထွက်ကြလေရာ မိခင်မွန်ကြီး အိုင်ရှဟ်သခင်မကြီးက ယနေ့အမျိုးသမီးများ ပြုလုပ်နေသည့် အခြေအနေများကို အကယ်၍ တမန်တော်မြတ်ကြီးသည် အသက်ထင်ရှားစွာနှင့် တွေ့မြင်ခဲ့လျှင် ဗနီအစ္စရာအီလ်အမျိုးသမီးတို့အား တားဆီးခဲ့သည့်အလား အမျိုးသမီးများ ဗလီတက်ခြင်းများကို မုချတားတော်မူမည်ဖြစ်ကြောင်း မိန့်မှတ်ခဲ့ပေသည်။

لو ادرك رسول الله صلى الله تعالى عليه وسلم ما احدث النساء لمنعهن

المسجد كما منعت نساء بني اسرائيل -(بخاري)

## အမျိုးသားအချင်းချင်း၊ အမျိုးသမီးအချင်းချင်း မည်မျှဖုံးကွယ်ရမည်နည်း။

(٣٣) وَعَنْ أَبِي سَعِيدٍ رَضِيَ اللهُ تَعَالَى عَنْهُ قَالَ قَالَ
رَسُولُ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ لَا يَنْظُرُ الرَّجُلُ
إِلَى عَوْرَةِ الرَّجُلِ وَلَا الْمَرْأَةُ إِلَى عَوْرَةِ الْمَرْأَةِ وَلَا يُفْضِي
الرَّجُلُ إِلَى الرَّجُلِ فِي ثَوْبٍ وَاحِدٍ وَلَا تُفْضِي الْمَرْأَةُ إِلَى
الْمَرْأَةِ فِي ثَوْبٍ وَاحِدٍ (رواه مسلم)

(၃၃) သာဝကကြီး အဗူစအီဒ် သခင်သည် တမန်တော်မြတ်၏ ဩဝါဒတော် တစ်ရပ်ကို ဆင့်ပြန်တော်မူခဲ့၏၊ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူခဲ့၏၊ မည်သည့်အမျိုးသားမှ မည်သည့်အမျိုးသား၏ အရှက်ကို မကြည့်ရ၊ ထို့နောက် မည်သည့် အမျိုးသမီးမှ မည်သည့် အမျိုးသမီး၏ အရှက်အင်္ဂါကို မကြည့်ရ။ ထို့ပြင် မည်သည့်အမျိုးသားနှစ်ဦးမှ ဝတ်လစ်စားလစ်နှင့် အဝတ်တစ်ထည်တည်း နှစ်ဦးသား မလှဲလျောင်းရ၊ ထိုနည်းတူ မည်သည့် အမျိုးသမီးနှစ်ဦးမှ ဝတ်လစ်စားလစ်အဝတ်တစ်ထည်တည်း နှစ်ဦးသားမလှဲလျောင်းရ။ (မွတ်စလင်မ်ကျမ်း)

ဤဖော်ပြပါ ဟဒီးစ်တော်မြတ်အရ အမျိုးသမီးသည် အမျိုးသားနှင့် ပရ်ဒဟ်ပြုရသကဲ့သို့ အမျိုးသမီးအချင်းချင်း အမျိုးသားအချင်းချင်း၌လည်း ပရ်ဒဟ်ဖုံးကွယ်ခြင်းပြုမူရသည်ကို သိရပေသည်။ သို့သော် ဖုံးကွယ်ရသည်များတွင် ရှင်းလင်းချက်တော့ရှိပါသည်။ အမျိုးသားအချင်းချင်း၌ကား ချက်မှ ဒူးအထိ ကြည့်ပိုင်ခွင့်မရှိ၊ များစွာသော သူတို့သည် သူငယ်ချင်းအချင်းချင်း ဖုံးအပ်သည့်နေရာ အစိတ်အပိုင်းကို ပေါ့ပေါ့တန်တန် ဖွင့်ပြလေ့ရှိကြသည်။ ဤသည် လုံးဝဟရာမ်ဖြစ်၏။ ထိုနည်းငှင်းပင် အမျိုးသမီးအချင်းချင်းရှေ့၌

ချက်မှဒူးခေါင်းအဆုံးတိုင် ဖွင့်ဖေါ်ခြင်းသည် ဟရာမ်ဖြစ်၏။ ထို့ပြင် ကာဖိရ် အမျိုးသမီးများရှေ့ဝယ် မျက်နှာ၊ လက်ကောက်ဝတ်၊ လက်ဖျန်ရိုး၊ ခြေမျက်စိမှ ခြေဖမိုးအပြင် ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ယုတ်စွအဆုံး ဦးခေါင်းမှ ဆံပင်ကိုပင် ဖေါ်ခွင့်မရှိချေ။ အချို့ကာဖဲရ် အမျိုးသမီးများသည်၊ ဟင်းသီးဟင်းရွက် စားစရာများ၊ ဝတ်စရာများ၊ အခြားသော အရာများ ရောင်းရန် အိမ်သို့ရောက်လာလေ့ရှိပါသည်။ ၎င်းတို့၏ရှေ့တွင်လည်း ဦးခေါင်း ဖေါ်ထားခြင်း၊ လက်မောင်းဖေါ်ထားခြင်း၊ ခြေသလုံးများ ဖေါ်ထားခြင်း စသည်များကို အလျှင်းမပိုင်ချေ။ ထိုနည်းတူစွာ မီးဖွားပြီး ရက်အနည်းငယ်နောက်တွင် သူမအား ဝတ်လစ်စားလစ် ရေချိုးပေးကြသည်၊ သူမအား အိမ်ရှိ အမျိုးသမီးတို့က ကြည့်နေကြလေ့ရှိပါသည်။ ဤသည် အလွန်ရှက်စရာကောင်းသော အပြစ်ကြီးလေးသော ကိစ္စဖြစ်ပေရာ ယင်းသို့ ပြုခြင်းမှ အထူးရှောင်ရှားရမည်ဖြစ်သည်။

အချို့တောရွာ ဇနပုဒ်များတွင် အိမ်သာဆောက်ထားလေ့မရှိကြသောကြောင့် အမျိုးသမီးများစု၍ အပေါ့အလေးသွားရန် တောချုံများရှိရာသို့ သွားလေ့ရှိကြသည်။ ထိုသို့ ရောက်လျှင် လန်ဂါခါးဝတ်ပိုင်းများကို လန်၍ တန်းစီပြီး ထိုင်ကြပေသည်။ ထို့နောက် တစ်ဦးကိုတစ်ဦးကြည့်ပြီး စကားများ ပြောဆိုလေ့ရှိကြပါသည်။ ဤကိစ္စသည် လုံးဝဟရာမ်ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ပြုသူများဖြင့် အမျက်တော်ရှတော်မူသည်ဟု ဟဒီးစ်တော်မြတ်တွင် လာရှိပေသည်။

فى المشكوة عن ابى سعيد مرفوعا لا يخرج الرجلان يضربان
الغائط كاشفين عن عورتهما يتحدثان فان الله يمقت
على ذلك ١٢　　رواه احمد وابوداود وابن ماجة

---

**မတ်စ်အလဟ်** - ကြည့်ခွင့်မရှိသောနေရာသည် ကိုင်ခွင့်လည်းမရှိ၊ အဝတ်အပြင်မှ လက်တင်သည်ဖြစ်စေ၊ အဝတ်အတွင်းမှ လက်ထည့်၍ဖြစ်စေ

ကိုင်တွယ်ခွင့်မရှိ၊ မည်သည့် အမျိုးသားမှ အမျိုးသားတစ်ဦးတစ်ယောက်၏ ချက်မှဒူးအထိ မည်သည့်နေရာကိုမျှ ကိုင်တွယ်ခွင့်မရှိ၊ ထိုနည်းငှင်းပင် မည်သည့် အမျိုးသမီးမှ အမျိုးသမီးတစ်ဦးတစ်ယောက်၏ ချက်မှဒူးခေါင်းအဆုံး အထိ ကိုင်တွယ်ခွင့်မရှိ၊ ဤသဘောကြောင့် အထက်ပါ ဟဒီးစ်တော်တွင် အမျိုးသားနှစ်ဦး အဝတ်တစ်ထည်တည်း၌ ဝတ်လစ်စားလစ်နှင့် မလှဲလျောင်းရန်၊ ဤနည်းအတိုင်း အမျိုးသမီးတို့အားလည်း ဝတ်လစ်စားလစ်နှင့် ဝတ်ထည်တစ်ခုတည်း ခြုံထည်တစ်ခုတည်း၌ မလှဲလျောင်းရန် တားမြစ်ထားခြင်းဖြစ်ပေသည်။

## သေသူ၏ အရှက်ကိုလည်းမကြည့်ရ

(٣٤) وَعَنْ عَلِيٍّ رَضِيَ اللهُ تَعَالٰى عَنْهُ اَنَّ رَسُوْلَ اللهِ
صَلَّى اللهُ تَعَالٰى عَلَيْهِ وَسَلَّمَ قَالَ لَهٗ يَا عَلِيُّ لَا تُبْرِزْ
فَخِذَكَ وَلَا تَنْظُرْ اِلٰى فَخِذِ حَيٍّ وَّلَا مَيِّتٍ . (رواه ابو
داود وابن ماجه)

(၃၄) သာဝကကြီး အလီသခင်က အကြောင်းပြုခဲ့သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ကျွန်ုပ်အား မိန့်ကြားခဲ့သည်၊ အို. . . အလီ မိမိပေါင်ကိုမဖေါ်နှင့် ထို့ပြင် မည်သည့် သေသူ ရှင်သူ တစ်ဦးတစ်ယောက်၏ပေါင်ကိုမှ မကြည့်နှင့် (အဗူဒါဝူဒ်)။

ဤဟဒီးစ်တော်ဖြင့် ဖုံးကွယ်ရန် ဖရပ်ဇ်ဖြစ်သော အစိတ်အပိုင်းတိုင်းကို မည်သူတစ်ဦးတစ်ယောက်၏ရှေ့၌မှ ဖေါ်ပိုင်ခွင့်မရှိကြောင်း သိရှိရပေသည်။ တစ်ဦးတစ်ယောက်၏ အရှက်ကို ကြည့်ခွင့်မရှိသကဲ့သို့ မိမိအရှက်ကိုလည်း သူတစ်ပါးရှေ့၌ ဖေါ်ပိုင်ခွင့်မရှိချေ။ ၎င်း၏ ရှင်းလင်းချက်ကို

ရှေ့ဟဒီးစ်တော်မြတ်တွင် ဖေါ်ပြပါမည် အင်ရှာအလ္လာဟ်။

ဖေါ်ပြပါ ဟဒီးစ်တော်၏သဘောမှာ ထင်ရှားလှပါသည် ရှင်သူ၏ အရှက်အင်္ဂါကို ကြည့်ခြင်းသည် ဟရာမ်ဖြစ်သကဲ့သို့ သေသူ၏ အရှက်အင်္ဂါကို ကြည့်ခြင်းသည်လည်း ဟရာမ်သာဖြစ်ချေ၏။ သေသူသည် မိမိအရှက်ကို ဖုံးအုပ်ရန် မစွမ်းနိုင်တော့သဖြင့် ပညတ်ခြင်းခံရသူမဟုတ်တော့ချေ၊ ပညတ်ခြင်း ခံရသူ ရှင်သူများအနေဖြင့် သေသူ၏အရှက်ကို မကြည့်ရန် ဖုံးအုပ်ပေးရန် အရေးကြီးပေသည်။ ၎င်းကို ရေချိုးပေးချိန်၊ ကဖန်ထုပ်ချိန်၌ အထူးသတိပြုရန် အရေးကြီး၏။ သို့ဖြစ်သောကြောင့် ဖေကာဟ်ပညာရှင်များကမူ သေသူ၏ ချက်မှဒူးအထိအဝတ်နှင့် ဖုံးအုပ်ပြီးမှ ရေချိုးပေးရမည်ဟု ပြဋ္ဌာန်းထားပေသည်။ ထို့နောက် ချက်မှဒူးအထိ ပွတ်တိုက်ဆေးရန် လိုအပ်သော် လက်အိတ်ဝတ်၍ ၎င်း၏ ခန္ဓာကိုယ်ကို ထိတွေ့ရမည်ဖြစ်ကြောင်း ရေးသားထားပေသည်။

## အမျိုးသမီးများသင်္ချိုင်းသို့မသွားရ

(٣٥) وَعَنِ ابْنِ عَبَّاسٍ رَضِيَ اللهُ عَنْهُمَا أَنَّ رَسُولَ اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ لَعَنَ زَائِرَاتِ الْقُبُوْرِ، وَ الْمُتَّخِذِيْنَ عَلَيْهَا الْمَسَاجِدَ وَالسُّرُجَ - (رواه ابوداؤد والترمذي حسن)

(၃၅) သာဝကကြီး အဗ္ဗဒ္ဒုလ္လာဟ်ဗင်အဗ္ဗာဆ်သခင်မှ ဆင့်ပြန်ချက်တစ်ရပ်လာရှိ၏။ တမန်တော်မြတ် ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်သည် ဇေယာရတ်ပြုရန် အတွက် သင်္ချိုင်းများသို့ သွားသော အမျိုးသမီးများအားလည်းကောင်း၊ သင်္ချိုင်းများကို ဦးချရာနေရာပြုထားသူများအားလည်းကောင်း၊ ထို့ပြင် သင်္ချိုင်း

များတွင် မီးထွန်းညှိသူများအားလည်းကောင်း လအ်နသ်ကျိန်ဆဲတော်မူခဲ့၏။
(အဗူဒါဝူဒ်၊ သိရ်မေဇီ)

တမန်တော်မြတ်သည် ဤဟဒီးစ်တော်မြတ်တွင် သင်္ချိုင်းများကို ဇေယာရသ်ပြုကြသော အမျိုးသမီးများ၊ သင်္ချိုင်းများကို ဦးချရာနေရာ ပြုကြသူများနှင့် သင်္ချိုင်းများတွင် မီးထွန်းသူများအပေါ်သို့ ကျိန်ဆဲတော်မူခဲ့ပေသည်။ ဤဟဒီးစ်တော်မြတ်ဖြင့် သင်္ချိုင်းများသို့ အမျိုးသမီးများ သွားမပိုင်ကြောင်း ထင်ရှားစွာသိရှိရပါသည်။ ထိုကဲ့သို့ တားမြစ်ရခြင်းနှင့် ကျိန်ဆဲရခြင်းအကြောင်းမှာ အမျိုးသမီးများသည် ပရ်ဒဟ်မရှိဘဲသွားခြင်းကတစ်ကြောင်း၊ သင်္ချိုင်းများတွင် အမျိုးမျိုးသော ဗစ်သ်အသ်တရားသစ်များကို ပြုကြသည်ကတစ်ကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်နှင့် တုဘက်နှိုင်းယှဉ်မှုများကို ပြုကြပေသည်။ ဥပမာ အလ္လာဟ်အသျှင်မြတ်အား ကိုးကွယ်ရမည့်အစား သင်္ချိုင်းတွင်းရှိသူအား မှီခိုအားထား၍ ကိုးကွယ်ရန်အတွက် ၎င်း၏သင်္ချိုင်းသို့သွားခြင်း၊ ၎င်းမှ သားသမီးတောင်းခံခြင်းများကို ပြုကြပါသည်။ ဤသည်တို့သည် ရှစ်ရ်က် တုဘက်ကိုးကွယ်ခြင်းဖြစ်သည်။ ဤကဲ့သို့ များစွာသော ဗစ်သ်အသ်တရားသစ်များကို ပြုကြပေသည်။

အထက်ပါ ဟဒီးစ်တော်ဖြင့် သင်္ချိုင်းများကို ဦးချရာနေရာပြုခြင်းနှင့် ၎င်းတို့အပေါ် မီးထွန်းခြင်းတို့မှ တားမြစ်ချက်သည်လည်း ပါရှိသွားပြီးဖြစ်၏။

မိခင်မွန်ကြီး အိုင်ရှဟ်သခင်မ မှတစ်ဆင့် တမန်တော်မြတ်၏ ဩဝါဒတော် တစ်ရပ်လာရှိ၏။ တမန်တော်မြတ်သည် ကွယ်လွန်မည့်ဆဲဆဲတွင် မိန့်ကြားတော်မူခဲ့၏။

لَعَنَ اللّٰهُ الْيَهُوْدَ وَ النَّصَارٰى اِتَّخَذُوْا قُبُوْرَ اَنْبِيَائِهِمْ مَسَاجِدَ

အလ္လာဟ်အသျှင်မြတ်သည် ယဟူဒ်နှင့် နဆာရာတို့အပေါ်သို့ ဘေးအန္တရာယ်ပြုတော်မူပါစေ၊ အကြင်သူတို့သည် မိမိနဗီများ၏ သင်္ချိုင်းများကို ဦးချရာနေရာများပြုလိုက်ကြ၏။ (ဗုခါရီမွတ်စ်လင်မ်)

သာဝကကြီးဂျွန်ဒွပ်သခင်က အကြောင်းပြခဲ့၏ ကျွန်ုပ်သည် တမန်တော် မိန့်ကြားနေသည်ကို ဤသို့ ကြားခဲ့ရ၏။

أَلَا وَإِنَّ مَنْ كَانَ قَبْلَكُمْ كَانُوا يَتَّخِذُونَ قُبُورَ أَنْبِيَائِهِمْ وَصَالِحِيهِمْ
مَسَاجِدَ أَلَا فَلَا تَتَّخِذُوا الْقُبُورَ مَسَاجِدَ إِنِّي أَنْهَاكُمْ عَنْ ذَلِكَ　(مسلم)

တမန်တော်က သင်တို့ သတိပြုလော့၊ အသင်တို့အလျှင် ယဟူဒ်နှင့် နစာရာ တို့သည် မိမိတို့၏ နဗီများနှင့် သူတော်စင်များ၏ သင်္ချိုင်းများကို ဦးချရာနေရာ ပြုလေ့ရှိခဲ့ကြ၏။ မှတ်ထားလော့ အသင်တို့သည် သင်္ချိုင်းများကို ဦးချရာနေရာ မပြုလေနှင့် ငါကိုယ်တော်သည် အသင်တို့အား တားမြစ်ပါသည်။

(မွတ်စ်လင်မ်)

ဤဟဒီးစ်တော်နှစ်ပုဒ်အရ သင်္ချိုင်းများကို ဦးချရာနေရာ ပြုသူများသည် ယဟူဒ်နှင့် နဆာရာများဖြစ်ကြောင်း သိရှိရပေသည်။ ဟဒီးစ်ပညာရှင်များက ရေးသားသည်မှာ ထိုသူတို့အပေါ်၌ ဘေးအန္တရာယ် ခပ်သိမ်းကျရောက်ခြင်းမှာ ထိုသူတို့သည် နဗီများ၏ သင်္ချိုင်းများကို အကြည်ညိုလွန်ကဲ၍ စဂျ်ဒဟ် ဦးချလေ့ရှိကြသည်။ ဤသည် ထင်ရှားသော ရှစ်ရ်က်ဖြစ်ပေသည်။ သို့တည်း မဟုတ် ယင်းသူတို့သည် ဝတ်ပြုမှုကို အလ္လာဟ်အတွက်ပြုပြီး ဦးချခြင်းကို နဗီများ၏ သင်္ချိုင်းများတွင် ပြုလေ့ရှိကြောင်း ထို့ပြင် ၄င်းတို့သည် နမာဇ် ဝတ်ပြုစဉ်၌ သင်္ချိုင်းများဘက်သို့ မျက်နှာမူလေ့ရှိခဲ့ကြပေသည်။ တမန်တော် မြတ်သခင် ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်၏ အွမ္မသ်နောက်လိုက် အသင်းဝင် တို့တွင်လည်း သင်္ချိုင်းများကို ကြည်ညိုသောအားဖြင့် ဦးချသော မျိုးရိုးစဉ်လာ သည် ရှေးနှောင်းပိုင်းကာလကတည်းက ရှိနေပေ၏။ အလ္လာဟ်၏ တမန်တော် မြတ်သည် အကြင်အရာကို ပြင်းပြင်းထန်ထန် တားဆီးခဲ့ပြီး ဘေးအန္တရာယ် အပေါင်း၏ အကြောင်းခံဟု ဖော်ပြခဲ့ပါသည်။

ယနေ့ ကြေကွဲစရာဖြစ်ရပ်မှာ ထင်ပေါ်ကျော်ကြားသော ပီရ်၊ ဖကီရ်

များနှင့် သင်္ချိုင်းစောင့်များသည် ဇေယာရသ်ပြုသူများအား ထိုရှစ်ရ်က်ကိစ္စကို ပြုနိုင်းလေ့ရှိကြ၏။ ဤသာသနာ့ ရန်သူများသည် ဇေယာရသ်အတွက် စဂ်္ျဒဟ်ဦးချခြင်းကို အရေးကြီးသော ကိစ္စအဖြစ် သတ်မှတ်ထားပေသည်။ သူတော်စင်များ၏ သင်္ချိုင်းတော်တစ်ခုခုကိုသွား၍ ကြည့်ခဲ့လျှင် များစွာသော အမျိုးသား အမျိုးသမီးတို့အား သင်္ချိုင်းများကို ဦးချနေသည်ကို တွေ့ကြရမည် ဖြစ်၏။ (အလ္လာဟ်အသျှင် ကာကွယ်ထိန်းသိမ်းတော်မူပါစေ)

ဟဒီးစ်တော်မြတ်တွင် ထိုသူများအပေါ် သို့လည်း ကျိန်ဆဲမှုကို ပြုခဲ့၏။ အကြင်သူတို့သည် သင်္ချိုင်းများတွင် မီးထွန်းညှိကြလေသည်၊ မိရ်ကာသ်ကျမ်းရှင်က မိရ်ကာသ်ကျမ်း၏ အောက်ခြေပြ အဖွင့်၌ ရေးသားထားသည်မှာ-

والنهي عن اتخاذ السرج لما فيه من تضييع المال لانه لا نفع لاحد من السرج

ولانها من آثار جهنم واما للاحتراز عن تعظيم

القبور كالنهي عن اتخاذ القبور مساجد

သင်္ချိုင်းများအပေါ်၌ မီးထွန်းခြင်းမှ ပိတ်ပင်ရခြင်းမှာ ၎င်းသည် သေသူအတွက် မည်သည့်အကျိုးမှမရှိ ဖြုန်းတီး ဖျက်ဆီးခြင်းသာဖြစ်သည်။ သည့်အပြင် ပိတ်ပင်ရခြင်း၏ အကြောင်းတစ်ချက်မှာ မီးသည် ငရဲဘုံ၏ လက္ခဏာဖြစ်၏၊ မုအ်မင်တစ်ဦး၏ သင်္ချိုင်းတွင်း မရှိသင့်သော အရာဖြစ်၏။ ထို့အပြင် မီးထွန်းခြင်းသည် ယင်းကို ကြည်ညိုခြင်း ပူဇော်ပသဖြင်းမျိုးလည်း သက်ရောက်ပေသည်။ သို့ဖြစ်၍ ဦးချရာနေရာပြုခြင်းမှ တားမြစ်သကဲ့သို့ ယင်းကိုလည်း၊ တားမြစ်ခဲ့ရခြင်းဖြစ်ကြောင်း ဖေါ်ပြလိုက်ရပေသည်။

မိရ်ကာသ်ကျမ်းရှင်က အမိန့်ရှိခဲ့သောအပိုဒ် "မီးထွန်းညှိခြင်းဖြင့် သေသူအား မည်သည့်အကျိုးမှမရှိ" ယင်းကဲ့သို့ ဆိုသည့်အတိုင်း ထိုကိစ္စသည် မည်သည့်အကျိုးမှ မရှိချေ။ ၎င်း၏ ရှင်းလင်းချက်မှာ သေသူသည် အကယ်၍ အဇာဗ် အပြစ်ပေးခြင်း၌ ရှိနေမူ ၎င်း၏ သင်္ချိုင်းတွင်းသည် မှောင်နေမည် ဖြစ်သည် သို့ရှိရာ ပြင်ပအလင်းရောင်ဖြင့် ထိုသူအား မည်သည့် အကျိုးမှ

ဖြစ်ထွန်းလာမည်မဟုတ်၊ အကယ်၍ သေသူသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မြောက်စားမှုတွင် ရှိနေမှု ၎င်းအဖို့ တမန်တော် ဟောကြားထားသည့် အတိုင်း လင်းဝင်းတောက်ပနေပြီးသားဖြစ်၍ ထိုသူအတွက် ပြင်ပ အလင်းရောင်ကို အလျှင်းလိုအပ်မည်မဟုတ်၊ မီးထွန်းညှိရာ၌ များသော အားဖြင့် သူတော်စင်ဟု မှတ်ယူရသော ပုဂ္ဂိုလ်၏ သချိုင်းပေါ်၌ များစွာ မီးထွန်းညှိလေ့ရှိသည်။ ဤသည် အတွေးအခေါ်နှင့် ဆန့်ကျင်နေခြင်း မဟုတ်ပါလော့။

အမှန်စင်စစ် တမန်တော်မြတ်သည် စိုးရိမ်စရာရှိသော အရာများကို ပိတ်ဆို့တားဆီးရန်အတွက် သချိုင်းများကို ဦးချရာနေရာ ပြုခြင်းမှ လည်းကောင်း ၎င်းအပေါ်မီးထွန်းခြင်းမှလည်းကောင်း တားမြစ်ခဲ့ပေသည်။ ယနေ့တမန်တော်၏ ထိုစိုးရိမ်မှုသည် ဒိုင်ယာ့ရီပုံပြင်အဖြစ်မှတ်၍ အွမ္မသ်သည် ကိုယ်တော် တားမြစ်ခြင်းကို လိုက်နာထိုက်သော အရာဟု မမှတ်ယူဘဲ ရှိခဲ့ ကြ၏။ ထို့ပြင် ဒုက္ခပင်လည်ဝေခဲ့ရသည်မှာ တမန်တော်မြတ်ကြီးက ယင်းကိစ္စ ကို ဩဝါဒမြောက်များစွာ၌ အတိအလင်းတားမြစ်ထားပါလျက် ယင်းတို့ကို ပြုသူအတွက် စဝါဗ်ရှိသည်ဟု ဆိုကြသူက ရှိသေး၏။ (တမန်တော်မြတ်က အကုသိုလ်ဟု ပြောထားပါလျက် ၎င်းအား ကိုယ်ကျိုးဖက်ကာ ကုသိုလ်ဟု ပြောခြင်းသည် အုတ်နံရံနှင့် ကိုယ့်ခေါင်းကို ဆောင့်ခြင်းသာဖြစ်ပေမည် တမန်တော်က ငါကိုယ်တော်ကို အမည်ခံ၍ မဟုတ်မလျား ပြောဆိုသူသည် မိမိနေရာသည် ဂျဟန္နမ်သာဖြစ်ကြောင်း မှတ်ယူပါလေဟု မိန့်မှတ်ခဲ့ပေသည်။ မှတ်ချက်။ အကြင်သူသည် ဟရာမ်ကို ဟလာလ်ဟုလည်းကောင်း၊ အကုသိုလ် ကို ကုသိုလ်ဟုလည်းကောင်း ပြောဆိုခြင်း ထင်မှတ်ခြင်းသည် အီမာန်ပင်လျှင် ပျက်၏။

မုအဿာအိမာမ်မာလိက်ကျမ်းတွင် တမန်တော်မြတ်၏ ဆုဒုအာတစ်ပုဒ် လာရှိ၏

ရေချိုးခန်းတွင်းသို့ မဝင်ရ ထို့ပြင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်နှင့် တမလွန်နေ့ကို သက်ဝင်ယုံကြည်သူဖြစ်မူ မိမိဇနီးသည်အား ရေချိုးခန်းတွင်းသို့ မခေါ်သွင်းရ ထို့ပြင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်နှင့် တမလွန် အာခေရသ်ကို ယုံကြည်သူဖြစ်မူ ထိုသူသည် အရက်ဝိုင်းပါသော ပွဲခင်း၌ မထိုင်ရ (သိရ်မေဇီ၊ နဆာအီ)

အကြင်မျိုးနွယ်စုတို့သည် တမန်တော်တို့၏ လမ်းညွှန်မှုအောက်မှ လွဲပယ်လျက် ကျောခိုင်းလျက် ရှိခဲ့ကြပေသည်။ ယိုသူတို့သည် အရက်အကြောက်တည်းဟူသော ဂုဏ်များနှင့် လက်မဲ့ဖြစ်ရချေ၏။ လူသား၏ မနော စိတ်တို့သည် အရက်အကြောက်၏ စည်းကို ကာကွယ်လိုခြင်းမရှိ သို့ဖြစ်၍ အကြင်သူတို့သည် တရားကို ခံမင်နှစ်သက်ခြင်းမရှိ၊ ထိုသူတို့သည် အရက် ကင်းမဲ့မှုများ၌ လွတ်လပ်မှုကို ရလိုကြ၏။

အမျိုးသား အမျိုးသမီးများ ရောနှော၍ ရေချိုးခြင်း၊ ပရ်ဒဟ်အကာ အကွယ်မထားခြင်းတို့သည် အမိုက်ခေတ် မိရိုးဖလာ၌လည်း ရှိခဲ့သည်။ ယနေ့ ယဉ်ကျေးမှု တိုးတက်သည်ဆိုသော ခေတ်တွင်လည်း ရှိနေပေသည်။ တမန်တော်၏ ခေတ်တွင် အရစ်ကမ္ဘာမဟုတ်သော ပြင်ပနိုင်ငံများတွင်လည်း ထိုကဲ့သို့ ဖို-မ ရောနှော၍ ရေချိုးဆောင်များတွင် အရှက်ကင်းမဲ့စွာ ရေချိုး သော အစဉ်အလာများ ရှိခဲ့ပေသည်။ ဤထုံးစံသည် ၎င်းတို့၏ ပေါင်းသင်း နေထိုင်မှု၌ ပါဝင်ခဲ့ပေသည်။

တမန်တော်မြတ်သည် ဦးစွာ ထိုကဲ့သို့သော ရေချိုးဆောင်များ၌ အမျိုး သား အမျိုးသမီးများ ရေမချိုးကြရန် တားမြစ်ခဲ့၏။ တဖန် ချို့ယွင်းချက်အရ ခွင့်ပြုသည်မှာ အမျိုးသားအချင်းချင်း အရှက်ကို ဖုံးအုပ်၍ ချိုးခွင့်ပြုခဲ့၏။ ထို့ပြင် အမျိုးသမီးများအဘွက် ခွင့်ပြုချက်ရပ်စဲလျက်ပင် ရှိခဲ့၏။ အဘယ့် ကြောင့်ဆိုသော် ထိုကဲ့သို့ အထိန်းအကွပ်မဲ့သော ပေါက်သောက်ရေချိုးဆောင် များ၌ အမျိုးသမီးများသည် အဝတ်အစားအပြည့်စုံဝတ်ထားပြီး ရေချိုးလျှင် လည်း အမျိုးသားများ၏ မျက်စိသည် ၎င်းအပေါ် ကျရောက်မည်ဖြစ်သည်။ စိုရွှဲနေသော အဝတ်များသည် ခန္ဓာကိုယ်၌ ကပ်ညှိနေလျှင် ခန္ဓာကိုယ်၏

အစိတ်အပိုင်းများကို အတုံးလိုက်အတစ်လိုက် ပေါ်လာသောကြောင့် အမျိုးသားများ၏ စိတ်ကိုနှိုးဆွပေးမည့် အကြောင်းဖြစ်ပေမည်။

.. ႈဂိဗ်သရ်ဟီစ်၌ အဆိုတစ်ရပ်လာရှိ၏၊ "အမျိုးသမီးတို့သည် အပေါ်အောက် အဝတ်အစားများနှင့် ခြုံထည်များပါရှိလျက်လည်း ဖော်ပြပါ ရေချိုးဆောင်များတွင် ရေမချိုးရဟု တားမြစ်ချက်လာရှိ၏။

ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်၌ အစည်းအရုံးများ၊ အဖွဲ့အစည်းများ ခေတ်စားလျက်ရှိသည် အချို့အသင်းများမှာ ရေကူးရေချိုးအသင်းများဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးများ စုပေါင်း၍ ရေချိုးကြသည် ရေကူးကြသည် ရေကူးပြိုင်ကြသည် ကိုယ်လုံးပေါ် ရေကူးဝတ်စုံလေးတွေနှင့် လူငယ်လူကြီး အမျိုးသား အမျိုးသမီး ဝက်လစ်စားလစ်ပမာ ရေကူးခဲ့လေ့ရှိကြပေသည်။ ဤသို့ ရောနှောမှုအပြန်အလှန်ကြည့်ရှုရာမှအစ တဏှာရာဂရမ္မက်တို့ကြောင့် ချစ်ရေး ကြိုက်ရေး အခန်းများစပါတော့သည်။ ဤကဲ့သို့ အောဝ္နလုံးနာစရာ အသင်း များသည် အရှက်လစ်ဟင်းနေသော အနောက်တိုင်းသားတို့၏ တည်ထွင်မှု များဖြစ်ပေသည်။ သို့သော် ယနေ့ မွတ်စ်လင်ဟု ကြွေးကြော်နေသော သူတို့ သည်လည်း ၎င်း၏ အသင်းသားဖြစ်ခြင်းကို အမြတ်ဆုံးသော လုပ်ငန်းဟု ထင်မှတ်နေပေသည်။ ( انا لله وانا اليه راجعون )

အကယ်၍ အဆိုပါ အသင်းသည် အမျိုးသားရေကူး ရေချိုးအသင်း ဖြစ်သော၊ ထိုအခါတွင်လည်း မည်သည့် အမျိုးသားမှ အမျိုးသားတစ်ဦး တစ်ယောက်၏ ချက်မှ ဒူးအထိ အစိတ်အပိုင်းကို မမြင်စေရန် မပေါ်စေရန် မတွေ့စေရန်မျိုးကို သတိပြုရမည်။ ထိုနည်း၎င်းပင် နပန်းပွဲများနှင့် ဘော်လုံးပွဲ များတွင်လည်း ချက်မှ ဒူးတိုင် ဖုံးထားရန် အရေးကြီး၏။ ၎င်းအစိတ်အပိုင်းကို ဖော်ခြင်းကြည့်ခြင်းသည် ဟရာမ်ဖြစ်၏။ ယနေ့သာသနာကိုင်းရှိုင်းပါသည် ဆိုသောလူများပင် မေ့လျော့လျက်ရှိသည်။ အရှက်ဖော်ခြင်း၊ ကြည့်ခြင်းကို အနည်းငယ်မျှ အပြစ်ဟုမမြင်ကြ၊ မထင်ကြသည်များကို ဝမ်းနည်းခြင်း ဖြစ်မိ ပါသည်။

အဗူဒါဝူဒ် ကျမ်းတော်မြတ်တွင် ပါရှိသည်မှာ တမန်တော်မြတ်သည်

ပုဂ္ဂိုလ်တစ်ဦးအား ကွင်းပြင်၌ ဒူးပေါ်ပေါင်ပေါ် ရေချိုးနေသည်ကို တွေ့မြင်ခဲ့၏၊ ထို့နောက် ကိုယ်တော်သည် ကျောင်းတော်သို့ ကြွမြန်းလာတော်မူပြီး မင်ဗရ်တရားပလ္လင်ပေါ်သို့ ကြွမြန်းတော်မူခဲ့၏။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ ချီးမွမ်းထောမနာကို ပြုတော်မူပြီး တမန်တော်က အို. . . တပည့်တို့ အလ္လာဟ်အသျှင်မြတ်သည် မုချဧကန် အရှက်တရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ ပရ်ဒဟ်အကာအကွယ်ထားသူလည်းဖြစ်တော်မူ၏။ ထိုအရှင်သည် တရားနှင့် ပရ်ဒဟ်စောင့်ထားခြင်းကို နှစ်မြို့တော်မူ၏။ သို့ဖြစ်၍ အသင်တို့အနက် မည်သူမဆို ရေချိုးလျှင် ပရ်ဒဟ်အကာအကွယ်၌ ပြုပါလေဟု မိန့်ချွေတော်မူခဲ့ပေသည်။

အကြွင်မြို့ရွာ၊ တိုင်းပြည်များတွင် ရေကန်များ၌ ရေချိုးကြသော အစဉ်အလာရှိပါသည်၊ ထိုရေကန်များ၌ များစွာ အရှက်ကင်းမဲ့မှုများ ဖြစ်ပါသည်။ ဤသည် အဆိုးဆုံးသော အစဉ်အလာဖြစ်သည်၊ အမျိုးသား အမျိုးသမီးများသည် စု၍ ရေချိုးကြသည် လျှော်ဖွတ်ကြပါသည်။ ထိုသို့ ရေချိုးသောအခါ ရေစိုဝတ်ထည်များ အသားနှင့် ကပ်နေသောကြောင့် ကိုယ်လုံးကိုယ်ပေါက် အသွင်အပြင်၊ အချိုးအစားများကို အမျိုးသားများက ကြည့်နေကြပါသည်၊ ယင်းကိစ္စသည် မျက်စိအကြိုက် စိတ်အကြိုက်များဖြစ်သည်။ ဗို-မ ဗီဇနှင့် မကင်းသူတိုင်း၌ တဏှာရာဂရှိကြ၏။ သို့ဖြစ်၍ ကိလေသာကိုပယ်၍ တရားကို အာရုံပြုပါမှ အကုသိုလ်အား နည်းသွားမည်ဖြစ်သည်။ တရားကျောခိုင်းမှုများ၊ မတော်တရားမှုများသည် မိုက်မဲသော အတွေးအခေါ်များ ကိလေသာကို အားပေးသော အရာများဖြစ်ပေသည်။ ယင်းကဲ့သို့သော ကိစ္စများတွင် ရှက်ဖွယ်လိလိ အကျိုးဆက်များ ပါရှိလေသည်။ ယင်းကဲ့သို့ ပြုခြင်းသည် ကြီးလေးသော အပြစ်ဖြစ်၏။ အကြွင်ဒေသများတွင် စာရီဝတ်သော အလေ့အထရှိပါသည်။ ထိုနေရာ၌ အချို့ မျိုးနွယ်စုများတွင် အိမ်ထောင်ရက်သားကျပြီး အရွယ်ကျလာသည်နှင့် အတွင်းအင်္ကျီများကို ဗလာနတ္ထိ လုပ်ပြီး စာရီပဝါကိုဘဲ ပတ်၍ နေထိုင်လေ့ရှိကြပါသည်။ ဤကဲ့သို့ လူရိုင်းဝင်စားနေသူတို့ကို ခရီးပေးသွားလျှင် တွေ့ရပေသည်။ ဤသူများ၌ မွတ်စ်လင်မ်များလည်း ရှိပါ

သည်။ နဗီတမန်တော်များ၏ သင်ကြားပို့ချမှုနှင့် ဝေးကွာလျက်ရှိကြသည်။ အစ္စလာမ်သာသနာသည် ဤကဲ့သို့ အရှက်ကင်းမဲ့ခြင်း အိန္ဒြေမဲ့ခြင်းတို့ကို အလျင်းခွင့်မပြုချေ။ ပရ်ဒဟ်၏ အမိန့်တော်သည် အပျို၊ အအို၊ အမယ်အို အားလုံးအတွက် တပြေးညီအမိန့်ဖြစ်ပေသည်။ အနည်းငယ်ခြားနားချက်မှာ အမယ်အိုများသည် မျက်နှာ၊ လက်ဖဝါး၊ ခြေမျက်စိမျှသာ သူစိမ်းတို့ရှေ့၌ ဖေါ်ထားခွင့်ရှိ၏။ ကျန်အစိတ်အပိုင်းများကိုကား ဖေါ်ခွင့်မရှိ ဟရာမ်ဖြစ်၏။ (အရွယ်သာအိုသည် ပစ္စည်းကားမအို စိတ်ပျိုကိုယ်နုသာဖြစ်၏)

တမန်တော်မြတ်သည် ရေချိုးဆောင်များတွင် ရေမချိုးရန် တားမြစ်ပြီးလျှင် မှာကြားတော်မူသည်မှာ အကြင်သူသည် အလ္လာဟ်အသျှင်အပေါ်၊ တမလွန်အပေါ် အီမာန်ထားသူဖြစ်လျှင် ဖျော်ရည်ယမကာ အရက်ဝိုင်းပါသော ပွဲခင်း၌ မထိုင်ရဟု မိန့်ကြားခဲ့ပေသည်။

မျက်မှောက်ခေတ်တွင် ပရ်ဒဟ်မရှိဘဲ နေထိုင်ခြင်းကို ခေတ်မှီသည်ဟုလည်းကောင်း၊ ယင်းသည် လူမှုပတ်ဝန်းကျင်ကို တိုးတက်ရာအတွက် အရေးကြီးသော ကဏ္ဍ၌ပါဝင်ကြောင်း အနောက်တိုင်း မွေးစားသားများက ပြောဆိုကြပြီး အစ္စလာမ့်ရေးရာ ပြဋ္ဌာန်းရာ၌ ထည့်သွင်းအတည်ပြုစေရန်ကိုပင် စွမ်းစွမ်းတမံကြိုးစားကြနေ၏။ ထိုနည်းငှင်းပင် အနောက်တိုင်းနိုင်ငံတို့၏ ဝန်းကျင်၌ စိတ်နှလုံးလေဟပ်ခြင်းခံခဲ့ကြသော အချို့ရာထူးရာခံ လက်ဆုပ်လက်ကိုင်ရှိနေသူတို့သည် ပါတီပွဲများ အကျွေးအမွေးများတွင် ဖျော်ရည်အရက်ဝိုင်းများ မပါလျှင်မပြီးဟု ယူဆလျက်ရှိကြပေသည်။ ထိုသူတို့သည် တမန်တော်မြတ်၏ အနွံ့အတာခံခြင်းကို ခေတ်နောက်ကျသည်ဟုမြင်၍ အမေကျော် ဒွေးတော်လွမ်းလျက်ရှိနေပေသည်။ သို့သာမက ကိုလိုနီနယ်ချဲ့ဒုစရိုက်သားတို့၏ အရှက်ကင်းမဲ့သော ယဉ်ကျေးမှုကို ဦးထိပ်ပန်ဆင်ခြင်းပင် ခေတ်မီတိုးတက်သည်ဟု ထင်မှတ်လျက်ရှိနေကြပေသည်။ အလ္လာဟ်၏ ဟမန်တော်က အရက်ဝိုင်းပါသော ပွဲခင်း၌ မထိုင်ရဟု မိန့်ကြားထားပါလျက် ဘာသာရေးသည် အဓိကပါဟု ကြွေးကြော်လျက်ရှိသောသူတို့၏ အခြေအနေမှာ အစ္စလာမ့်စ် သမတနိုင်ငံနှင့် ဓမ္မစက်စိုးမိုးရေးဟု အမည်ခံ၍ကျင်းပသော ဧည့်ခံပွဲများတွင်

ဖျော်ရည်ယမကာ အရက်သေစာကတော့ ပွဲတိုင်းကျော်လို့ပါဘဲ။

သာဝကကြီး အဗ်ဒွလ္လာဟ်ဗင်အုမရ်သခင်သည် တမန်တော်မြတ်၏ ဩဝါဒတော်တစ်ရပ်ကို ဆင့်ပြန်တော်မူခဲ့၏။ တမန်တော်မြတ်က အလ္လာဟ် အသျှင်လအ်နသ် အန္တရာယ်ပြုကော်မူပါစေ၊ သေရည် သေရက် မူးယစ်သေစာ များအပေါ်သို့လည်းကောင်း၊ သုံးစွဲသောက်စားသူတို့အပေါ်သို့ လည်းကောင်း၊ တိုက်ကျွေးသူ အားပေးသူများအပေါ်သို့လည်းကောင်း၊ ရောင်းသူဝယ်သူများ အပေါ်သို့လည်းကောင်း၊ ၎င်းကိုချက်သူ ထုတ်လုပ်သူ ထုတ်လုပ်ခိုင်းသူများ ပေါ်သို့လည်းကောင်း၊ ၎င်းအား သယ်ဆောင်သွားသူနှင့် ပို့ဆောင်ခြင်းခံရသူ အပေါ်၌လည်း ကျရောက်ပါစေသားဟု ကျိန်ဆဲတော်မူခဲ့၏။ (အဗူဒါဝူဒ်ကျမ်း)

ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ်က

**<u>အလိုသဘောမှာ</u>**။ အရက်သေစာများကို မသောက်သုံးနှင့် အဘယ်ကြောင့် ဆိုသော် ထိုအရာသည် မကောင်းမှုတို့၏ ရေသောက်မြစ်ဖြစ်၏။

(အိဗ်နေမာဂျဟ်)

## ပရစ်ရှိသဟ်ဇေတမန်များနှင့် အရှက်ထားကြ

(٣٧) وَعَنِ ابْنِ عُمَرَ رَضِيَ اللهُ تَعَالَى عَنْهُمَا قَالَ قَالَ رَسُوْلُ
اللهِ صَلَّى اللهُ تَعَالَى عَلَيْهِ وَسَلَّمَ اِيَّاكُمْ وَالتَّعَرِّيَ
فَاِنَّ مَعَكُمْ مَنْ لَا يُفَارِقُكُمْ اِلَّا عِنْدَ الْغَائِطِ وَحِيْنَ
يُفْضِي الرَّجُلُ اِلٰى اَهْلِهِ فَاسْتَحْيُوْهُمْ وَاَكْرِمُوْهُمْ

(رواه الترمذی)

(၃၇) သာဝကကြီး အဗ်ဒွလ္လာဟ်ဗင်အုမရ်သခင်မှ တမန်တော်၏ ဩဝါဒတော်တစ်ရပ်လာရှိ၏ တမန်တော်မြတ်က နှစ်နေရာအပြင် မည်သည့်အခါမျှ အရှက်ကို မဖေါ်ရ အဘယ်ကြောင့်ဆိုသော် အသင်တို့နှင့်အတူတူ ရှိနေကြသော ထိုအရှက်ကြီးသော၊ လေးစားအပ်သော စေတမန်များလည်း ရှိကြ၏။ သို့ဖြစ်၍ ၎င်းတို့နှင့် အရှက်ထားကြကုန် ၎င်းတို့၏ သိက္ခာကို ထားကြလေကုန် ထိုအရှက်ဖေါ်ခွင့်ရှိသော နှစ်နေရာမှာ ကျင်ကြီးကျင်ငယ်စွန့်ချိန်နှင့် အကြင်လင်မယားဆက်ဆံချိန်တို့ဖြစ်ပေသည်ဟု မိန့်ကြားတော်မူခဲ့၏။ (သိရ်မေဇီ)

## အမျိုးသမီးတစ်ဦး၏ ရူပကာကို မတင်ပြရ

(٣٨) وَعَنِ ابْنِ مَسْعُوْدٍ رَضِيَ اللهُ تَعَالٰى عَنْهُ قَالَ قَالَ رَسُوْلُ اللهِ صَلَّى اللهُ تَعَالٰى عَلَيْهِ وَسَلَّمَ لَا تُبَاشِرُ الْمَرْأَةُ الْمَرْأَةَ فَتَنْعَتَهَا لِزَوْجِهَا كَأَنَّهُ يَنْظُرُ اِلَيْهَا -

(رواه البخاري ومسلم)

(၃၈) သာဝကကြီး အဗ်ဒွလ္လာဟ်ဗင်မပ်စ်အူဒ်သခင်မှ ဆင့်ပြန်ချက်တစ်ရပ်လာရှိ၏။ တမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ အမျိုးသမီးများသည် အမျိုးသမီးထိုင်ဝိုင်းမှ ပြန်လာသောအခါ မိမိအဆွေခင်ပွန်းယောက်ျားအား မည်သည့် အမျိုးသမီး၏ အလှအပ ရူပကာကိုမှ ရုပ်လုံးပေါ်အောင် မတင်ပြရ။ (ဗုခါရီ၊ မွတ်စ်လင်မ်)

**အလိုသဘောမှာ။** မိမိလင်ယောက်ျားရှေ့၌ အကြောင်းအားလျော်စွာ အမျိုးသမီးတစ်ဦးတစ်ယောက်၏ အကြောင်းကို သာမာန်အားဖြင့် တင်ပြခွင့်

ရှိပြားလည်း အမျိုးသမီးတစ်ဦးတစ်ယောက်၏ ရုပ်ပါရုံအလှအပ ရုပ်ဆင်း အသွင်အပြင်ပုံသဏ္ဍာန်၊ ခန္ဓာကိုယ်အချိုးအစားကို အာရုံ၌ ရုပ်လုံး ပေါ်လောက်အောင် မတင်ပြရချေ။ ဤသည်လည်း အရှက်ကင်းမဲ့ခြင်း တစ်မျိုး ဖြစ်၏။ ဥပမာ စက္ခုအာရုံနှင့် မြင်ယုံအားဖြင့် စိတ်၏ ရမ္မက်ပေါ်လာသကဲ့သို့ သောတအာရုံဖြင့်လည်း စိတ်တွင်း၌ အလိုရမ္မက် အာသာဆန္ဒများ ပေါ်ပေါက် လာတတ်ပေသည်၊ ၄င်းအားတွေ့လိုချင်၊ မြင်လိုချင်စိတ်များ ပေါ်ပေါက် လာတတ်၏၊ သို့ဖြစ်၍ တားမြစ်ခဲ့ခြင်းဖြစ်၏။ ထို့ပြင် ပြောပြသူအတွက် စေတနာသည် ဝေဒနာဖြစ်သွားနိုင်၏။ အကယ်၍ ဖော်ပြပါ အမျိုးသမီးအပေါ် စိတ်ဝင်စားမှုများ ဖြစ်သွားလျှင် စုတ်တသပ်သပ်နှင့် ရာပုံတော်ကြီး ဆင်နွဲ ရချေမည်ဖြစ်သည်။

## ဇနီးမောင်နှံချစ်ကျွမ်းဝင်စနစ်များကို မပြောရ

(٣٩) وَعَنْ أَبِي سَعِيْدٍ رَضِيَ اللّٰهُ تَعَالٰى عَنْهُ قَالَ قَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ تَعَالٰى عَلَيْهِ وَسَلَّمَ إِنَّ مِنْ أَشَرِّ النَّاسِ عِنْدَ اللّٰهِ مَنْزِلَةً يَوْمَ الْقِيٰمَةِ الرَّجُلُ يُفْضِي إِلَى امْرَأَتِهِ وَتُفْضِي إِلَيْهِ ثُمَّ يَنْشُرُ سِرَّهَا

(رَوَاهُ مُسْلِمٌ)

(၃၉) သာဝကကြီး အဗူစအီဒ်သခင်မှ အဆိုတစ်ရပ်လာရှိ၏။ တမန်တော် မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ထိုသူသည် အယုတ်ညံ့ဆုံးသော သူဖြစ်၏။ အကြင်သူသည် မိမိဇနီးသည်နှင့် ချစ်ကျွမ်းဝင်မှုများ ကျိစယ်မှုများ အား မိတ်ဆွေတို့၌ ဖေါက်သည်ချ၏။ (မွတ်စ်လင်မ်) ဤဟဒီးစ်တော်အရ

လုံခြုံမှုအောက်၌ ဇနီးမောင်နှံနှစ်ဦး ချစ်ခန်းဝင်ခြင်း စပ်ယှက်ခြင်းအကြောင်းများကို နှုတ်စောင့်စည်းရန် အရေးကြီးကြောင်း သိရှိရပေသည်။ အရှက်နှင့်တကွ လုံခြုံစွာဖြင့် ဆောင်ရွက်အပ်သော ကိစ္စတစ်ရပ်ကို သူတစ်ပါးရှေ့၌ အကျယ်ချဲ့၍ ဖွင့်ပြခဲ့လျှင် လုံခြုံမှုနှင့်တကွ အခန်းဖွဲ့ခဲ့ခြင်းသည် အချည်းနှီးသဘောသာရှိနေသည်မဟုတ်ပါလော့။

အချို့အချိန်မစီးသော လူတန်းစားတို့သည် မိမိဇနီးနှင့် အခန်းဝင်ကြောင်းများကိုလည်းကောင်း၊ မိမိလင်ယောကျ်ားနှင့် အခန်းဝင်ကြောင်းများကိုလည်းကောင်း၊ ဖုံးထားရမည့်အစား မိမိမိတ်ဆွေရောင်းရင်းများကို တင်ပြသူများလည်း ရှိကြ၏။ အလ္လာဟ်အသျှင်မြတ်အထံတော်၌ ထိုအမျိုးသား၊ အမျိုးသမီးတို့သည် အလွန်ယုတ်မာဆုံးသော သူများဖြစ်ကြောင်း တမန်တော်မြတ် မိန့်ကြားခဲ့ပေသည်။

သို့ဖြစ်၍ ဇနီးမောင်နှံတို့သည် မိမိတို့၏ အတွင်းအကြောင်းများကို သစ္စာရှိစွာ ထိန်းသိမ်းရန် အရေးကြီး၏၊ သို့ဖြစ်၍ အထက်ပါ ဟဒီးစ်တော်၌ လာရှိသည့်အတိုင်း အဆိုတစ်ရပ်တွင်
ဟုလာရှိထားပေ၏။

သာဝကကြီး စလ်မာန်ဖါရ်စီသခင်သည် ကွန်ဒဟ်မြို့တွင် နေကာဟ်တစ်ဆက်ပြုခဲ့၏။ ညအခန်းဝင်သောအခါ ကိုယ်တော်သည် ဇနီးသည်၏ နဖူးဆံစကိုကိုင်၍ ဗရ်ကသ်၏ဒုအာကို ဖတ်ခဲ့၏။ ထို့နောက် သခင်က အသင်မကျွန်ုပ်၏ စကားကို နာခံမည်လော့ဟုမေးခဲ့ရာ သခင်မက ကျွန်မအတွက် မိမိအဆွေခင်ပွန်း၏ စကားအား နာခံရန် အရေးကြီးသော တာဝန်ဖြစ်ပါသည်ဟု ဖြေကြားခဲ့ပေသည်။ ကိုယ်တော်က သို့ဖြစ်လျှင် ကောင်းစွ၊ ကျွန်ုပ်၏ အချစ်တော် တမန်တော်မုဟမ္မဒ်သခင် ဆွလ္လလ္လားဟုအလိုင်ဟိဝစလ္လမ်က မှာကြားတော်မူခဲ့၏။ အသင်တို့သည် မင်္ဂလာဦးည ဇနီးသည်နှင့် တွေ့ဆုံသောအခါ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ဆောင်ရွက်လျက် တွေ့ဆုံပါဟု မှာကြားခဲ့ပေသည်။

သို့ဖြစ်၍ တို့နှစ်ဦး နဖိလ်နမာဇ်များ ဖတ်ကြပါစို့ဟု ပြောကြားကာ

နဖိလ်နမာဇ်များကို ဦးစွာ ဆောက်တည်ခဲ့ကြပေသည်။ ထို့နောက် ဇနီးမောင်နှံ နှစ်ဦးအိပ်စက်တော်မူခဲ့၏။ ကိုယ်တော်သည် နံနက်ရေချိုး၍ အပြင်သို့ ကြွမြန်းလာရာ ကိုယ်တော်၏ မိတ်ဆွေများက ညချမ်းမင်္ဂလာ ညရေးညတာ မည်သို့ရှိကြပါစဟု မေးခဲ့ရာ ကိုယ်တော်သည် ဆိတ်ဆိတ်နေတော်မူ၏။ တဖန် ဒုတိယအကြိမ်ပြန်မေး၏၊ ကိုယ်တော်သည် အဖြေမပေးဘဲ ရှိပြန်၏။ တတိယအကြိမ်ပြန်မေးခဲ့ရာ ကိုယ်တော်က အလ္လာဟ်အသျှင်မြတ်သည် အတွင်းအရာများကို အပြင်မှမသိရှိစေရန် တံခါးနှင့် ပရ်ဒဟ်ကို ပညတ်ထားသည်မဟုတ်ပါလော့။ အကယ်၍ ကျွန်ုပ်သည် မိမိအခြေအနေကို တင်ပြခဲ့လျှင် လိုက်ကာထည့်ခြင်း၊ တံခါးပိတ်ခြင်း အကျိုးကား မည်သို့ရှိပါမည်လော့။ မျက်မှောက်၌ ဖြစ်ပျက်သောကိစ္စကိုသာ မေးမြန်းကြရသည် ဖုံးဝှက်ထားသော အရာများကိုကား အလျှင်းမသိလိုကြနှင့်။

ကျွန်ုပ်သည် တမန်တော်မြတ်ထံတော်မှ သိရှိခဲ့ရသည်။ မိမိဇနီးသည်နှင့် ကိုယ်လက်နှီးနှောမှုကို ပြောပြခြင်းသည်လား တိရစ္ဆာန်သည် လူပုံကြား၌ မိတ်လိုက်စပ်ယှက်ခြင်းကဲ့သို့ ဖြစ်ပေ၏။ (ဟုလီယသွလ်အောင်လိယာ)

## အရှက်တရားနှင့် အီမာန်ခွဲ၍မရ

(٤٠) وَعَنِ ابْنِ عُمَرَ رَضِيَ اللّٰهُ تَعَالَى عَنْهُمَا أَنَّ النَّبِيَّ صَلَّى
اللّٰهُ تَعَالَى عَلَيْهِ وَسَلَّمَ قَالَ إِنَّ الْحَيَاءَ وَالْإِيْمَانَ
قُرَنَاءُ جَمِيْعًا فَإِذَا رُفِعَ أَحَدُهُمَا رُفِعَ الْآخَرُ (رواه
البيهقي في شعب الايمان)

(၄၀) သာဝကကြီး၊ အုမရ်သခင်၏ သားတော် အဗ်ဒွလ္လာဟ်သခင်မှ ဆင့်ပြန် ချက်တစ်ရပ်လာရှိ၏။ ဟမန်တော်မြတ် မိန့်ကြားတော်မူသည်မှာ မုချဧကန်

အရှက်တရားနှင့် အီမာန် (သစ္စာဝါစာ) သည် မြဲမကွာသော အဖော်နှစ်ဦး ဖြစ်၏ သို့ဖြစ်ရာ ၎င်းနှစ်ပါးမှ တစ်ပါး ရုပ်သိမ်းသွားလျှင် ဒုတိယတစ်ပါးသည်လည်း ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပေသည်။ (ဗိုင်ဟကီဟ်)

အရှက်တရားသည် အီမာန်ရှင်များ၏ ထူးခြားသော လက္ခဏာဝိသေသ ဖြစ်သည် အကြင်အမျိုးသားတို့သည် နဗီတမန်တော်များ၏ လမ်းညွှန်မှုမှ ဝေးကွာကြပါသည်။ ထိုသူတို့အား ဟိရုတြွတ္တပ္ပအရှက်အကြောက်တရား နှစ်ပါးနှင့် မည်သို့မျှမဆိုင်၊ အရှက်အကြောက်နှင့် အီမာန် (သစ္စာဝါစာ) တရားတို့သည် တစ်ခုနှင့်တစ်ခု ဒွန်တွဲလျက် ရှိကြသည်၊ ရှိလျှင်နှစ်ခုစလုံးရှိ၊ ပျောက်လျှင် နှစ်ခုစလုံးပျောက် ဖြစ်လိမ့်မည်ဖြစ်သည်။ အရှက်တရားတို့၏ အထိမ်းအကွပ်ဖြစ်သော ပရ်ဒဟ်ဖုံးကွယ်မှုကို မပြုဘဲ ရှိခြင်းနှင့် ၎င်းအား ဖျက်ဆီးရန် အကြောင်းကြီး အကြောင်းငယ်တို့သည် ကာဖဲရ်သွေဖီသူတို့အား အားကျပြီး ဘာသာမဲ့ လူတွင်ကျယ်များ အသိုင်းအဝိုင်းမှ မြစ်ဖျားခံလာခြင်း ဖြစ်သည်။ ထိုကျေးဇူးရှင်များသာလျှင် မွတ်စ်လင်မ်အမျိုးသမီးတို့အား ပရ်ဒဟ်ဖုံးကွယ်ခြင်းမှ ထုတ်ပယ်၍ ဟိရီသြတ္တပ္ပကင်းမဲ့သော လမ်းစသို့ ရောက်စေရန် အစွမ်းကုန်ကြိုးစားလျက်ရှိကြသည်။ ထိုသူတို့သည် မိမိနဗီ၏ လမ်းစဉ်ကို စွံကန်၍ ယဟူဒ်၊ နဆာရာတို့၏ လမ်းစဉ်ကို ရင်ဝယ်ပိုက်လျက် ရှိနေကြပေသည်။ ဤသူများ၏ ရလဒ်မှာ အလွန်ကြောက်စရာ ကောင်းလှပေ၏၊ ဤမိုက်တွင်းနက်နေသူများသည် မွတ်စ်လင်မ်အမေနှမများအား အရှက်ကင်းမဲ့မှု ကိစ္စများကို လွတ်လပ်စွာ ပြုစေလိုကြောင်း ကိုယ်ထီးဗလာနှင့် ရှိခြင်းများကို မြင်တွေ့လိုကြောင်း ရှိကြပေသည်။ လုံခြုံစွာ ဝတ်စားခြင်း၏ ရည်ရွယ်ချက်တို့မှာ ဟိရီသြတ္တပ္ပတရား ကင်းလွတ်၍ အမြင်တင့်တယ်ရန် ကာယိန္ဒြေစောင့်စည်းရန်ဖြစ်သည် (တောင်းမှာအကွတ်လူမှာအဝတ်တဲ့) အသိခေါက်ခက် အဝင်နက်သော ဃူတို့သည် ကုရ်အာန်ဟဒီးစ်ကျမ်းလာ ညွှန်ကြားချက်များကိုကား မှားယွင်းသည်ဟု ငြင်းနိုင်စွမ်းမရှိသော်လည်း အစ္စလာမ့်အဆုံးအမများမှ လက်လွှတ်နေသည်ဟုလည်း မမြင်ချင်၊ အမျိုးသမီးတို့အားလည်း ပရ်ဒဟ်ရှိခြင်းကိုလည်း မနှစ်သက်ရှိနေကြသည်။

ကျွန်ုပ်ကိုးကားဖော်ပြခဲ့သော ကုရ်အာန်နှင့် ဟဒီးစ်လာ ပရ်ဒဟ်နှင့် စပ်လျဉ်းသော ဩဝါဒပညတ်တော်များအား သဘောပေါက် နားလည်ရန် အလွန်အရေးကြီးပါသည်။ ထို့ပြင် ဤဖော်ပြရုံဖြင့် ပရ်ဒဟ်သည် ဖရပ်ဇ် ဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေသည်ထက် အလင်းလွန်နေ၏။ အကြင်သူတို့သည် ပရ်ဒဟ်မဲ့စွာ နေထိုင်ခြင်းကို အားပေးအားယူ ပြုကြလေသည်။ ထိုသူများသည် မိမိသမီးများ၊ ချွေးမများအား အနောက်တိုင်း ဗိုလ်ကတော်များကဲ့သို့ ဗိုလ်ဆန်စေခဲ့လေပြီ၊ ထိုသူတို့၏ မပေါ့တပေါ်၊ ကိုယ်ထီးဗလာဟန်ရှိ ဝတ်စားကိုဖြင့် စိတ်ဖြေရန် လမ်းများခင်းခဲ့ပြီး ဖြစ်သည်။

ထိုအပျော်ကျူးသော သူတို့တွင် များစွာတို့မှာ အနှစ်မပါသော မွတ်စ်လင်မ်များသာဖြစ်ကြပြီး အရှက်အကြောက်နှင့် အီမာန်တည်းဟူသော ရတနာများမှ လက်မဲ့ဖြစ်သူများသာဖြစ်ကြပေ၏။ မိမိသည် မွတ်စ်လင်မ်အစစ်အမှန် ဖြစ်ကြောင်း မထုတ်ဖော်ရဲဘဲ စရိုက်ခြားသူများနှင့် အုတ်ရောရောရော၊ ကျောက်ရောရောရှိနေခဲ့လျှင်၊ သူတစ်ပါး၏ စရိုက် သူတစ်ပါး၏ ယဉ်ကျေးမှုသည် အနေးနှင့်အမြန် ရောင်ပြန်ဟပ်လာပြီး အီမာန်နှင့် အစ္စလာမ်မှ ဝေးကွာစေနိုင်ပါသည်။ တမန်တော်မြတ် ဟောကြားတော်မူသည့် တရားသည် သွေးထွက်အောင်မှန်၏။ အီမာန်နှင့် အရှက်သည် မခွဲနိုင်သော တွဲဖက်နှစ်ခုဖြစ်၏။ နှစ်ခုအနက် တစ်ခုပျောက်လျှင် နှစ်ခုစလုံးပျောက်၏တဲ့၊ ယနေ့ဖြစ်ပျက်နေသော အရာများသည် မျက်မြင်တပ်အပ်သက်သေထူလျက်ရှိနေပေသည်။

သာဝကကြီး အဗ်ဒွလ္လာဟ်ဗင် မပ်စ်အူးဒ်သခင်မှ ဆင့်ပြန်ချက် လာရှိ၏။ ကိုယ်တော်မြတ်သခင် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့၏ ယခင်တမန်တော်များ၏ ဆုံးမစကားများအနက် အစဉ်မပြတ် ဆင်းသက်လာသည့် ဆုံးမစကားတစ်ရပ်မှာ "အသင်၌ အရှက်မရှိလျှင် ပြုချင်ရာပြုပါလေ" ဟူ၏။

إِنَّ مِمَّا أَدْرَكَ النَّاسُ مِنْ كَلَامِ النُّبُوَّةِ الْأُولَى
إِذَا لَمْ تَسْتَحْيِ فَاصْنَعْ مَا شِئْتَ

(بخاري شريف)

ဤဟဒီးစ်တော်မြတ်အရ တမန်တော်တိုင်းသည် အရှက်အကြောက် ထားကြရန် ဆုံးမလေ့ရှိကြောင်း ထင်ရှားစွာ သိရှိရပါသည်။ အချို့အမျိုးနွယ်တို့သည် မိမိကိုယ်ကို တမန်တော်များ၏ မျိုးဆက်ပါဟု ကြွေးကြော်လျက် အရှက်ကင်းမဲ့သူများလည်း ဖြစ်နေကြ၏။ သို့ဖြစ်လျှင် ယင်းတို့သည် လိမ်လည်၍ ဂုဏ်ယူကြွေးကြော်ခြင်းသာဖြစ်ပေ၏။ မိမိတို့၏ သွေးဖိမှု၊ တုဘက်နှိုင်းယှဉ်မှုနှင့် အရှက်ကင်းမဲ့သော သက်တမ်းကို မွေးမြူကြခြင်းကြောင့် တမန်တော်တို့၏ ဂုဏ်ကို ထိပါးစေပါသည်၊ မည်သည့်အရှက်ကင်းမဲ့သူမှ မည်သည့်နဗီတမန်တော်၏ တရားလမ်းမပေါ်၌ ရှိသည်ဟူ၍ မဖြစ်နိုင်ချေ။

ဟဒီးစ်တော်တစ်ရပ်၌ လာရှိသည်မှာ-

أَرْبَعٌ مِنْ سُنَنِ الْمُرْسَلِينَ اَلْحَيَاءُ
وَالتَّعَطُّرُ وَالسِّوَاكُ وَ النِّكَاحُ ۔ (ترمذی شریف)

နဗီတို့၏ ဘဝနေထိုင်မှု၌ လေးပါး သော အရာသည် အရေးကြီးမှု၌ ပါရှိ၏။

(၁) ရှက်ကြောက်ခြင်း။ (၂) အမွှေးအကြိုင်သုံးတော်မူခြင်း။
(၃) တန်ပူစားခြင်း (၄) ထိမ်းမြားခြင်းဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်၏ အချစ်ဆုံးသော ပုဂ္ဂိုလ်တို့မှာ နဗီတမန်တော်များသာဖြစ်ကြ၏။ ယင်းတို့သည် အရှက်တရား၊ အကြောက်တရားတို့နှင့် လူလုပ်ခဲ့ကြ၏။ မိမိတပည့်အွမ္မသ်များအား အရှက်တရား၊ အကြောက်တရားများကို ထားကြရန် နှိုးဆော်ခဲ့ကြ၏။ အကြင်သူတို့သည် အရှက်မရှိ သူများဖြစ်ကြ၏။ ထိုသူတို့သည် အလ္လာဟ်အသျှင်နှင့် ဝေးသူ၊ တမန်တော်တို့နှင့် ဝေးသူ တရားကျူးလွန်သူ ဒုစရိုက်သားတို့နှင့်နီးသူ သာသနာ့ဘုံရန်သူများ ဖြစ်ကြပြီး လအ်နသ်ကျခြင်းခံရသော ရှိုင်သာန်အိဗ်လီစ်၏ မိတ်ဆွေသင်္ဂဟများဖြစ်ကြပေသည်။

အလ္လာဟ်အသျှင်မြတ်သည် မွတ်စ်လင်မ်တစ်ရပ်လုံးအား သာသနာမဲ့ခြင်းရောဂါဆိုးမှလည်းကောင်း၊ အရှက်အိန္ဒြေကင်းမဲ့သော ရောဂါပိုးများမှလည်းကောင်း၊ ကယ်တင်စောင့်ရှောက်တော်မူပါစေသတည်း။ (အာမီန်)

وَمَا عَلَيْنَا إِلَّا الْبَلٰغُ الْمُبِيْنُ
سُبْحَانَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُوْنَ وَسَلٰمٌ
عَلَى الْمُرْسَلِيْنَ
وَالْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ
تَمَّتْ وَبِالْخَيْرِ عَمَّتْ

ပြန်ဆိုသူ
အဘူဘက္ကရ်၊ မဟ်မူဒီ (မှော်ဘီ)
(ဖါဇေလေဒါရွလ်အုလူမ်၊ တာမွေ၊ ရန်ကုန်)

# အာသီသ

ဤကျမ်းသည် ချစ်သမီးတို့အဖို့ သာသနာ့လက်ဆောင်မွန် အထူးထုတ်ဖြစ်သည်။ ယင်းကျမ်းကို မက္ကာဟ်မြို့တွင် ပြောင်းရွှေ့နေထိုင်သော မော်လာနာမုဖ်သီ အာရှစ်က်အေလာဟီ (ဘိုလန်ဒ် ရှဲဟ်ရီ)သခင်က 'ရှရ်အီး ပရ်ဒတ်' အမည်ဖြင့် ကျမ်းတစ်ဆူ ပြုစုကာ မွတ်စ်လင်မ် အမျိုးသမီးတို့ အား အစ္စလာမ့်ရေးရာနှင့် ပတ်သက်၍ ကျင့်ရန် ကြဉ်ရန် အချက်အလက်များကို ကုရ်အာန်နှင့် ဟဒီးစ်တော်မြတ်၏ လမ်းညွှန်မှုနှင့်အညီ ရှင်းလင်း တင်ပြထားပါသည်။ ယင်းကျမ်း၌ သမီးတို့အိမ်ထွေရွှေပေးလို့မရသောအချက်များ၊ ပရ်ဒဟ်၏ သမိုင်းအထောက်အထားများ၊ သူစိမ်းယောကျ်ားများကို မဆိုထားဘိ ကာဖရ်အမျိုးသမီးများနှင့် မည်၍ မည်မျှ ပရ်ဒဟ်ပြုရမည်ဆိုသည်များ၊ ဆေးဝါးကုသသောအခါ ပရ်ဒဟ်ကို မည်သို့ ထိန်းသိမ်းရမည်၊ အသက်ထက် အရှက်ကို တန်ဖိုးထားရမည်ဆိုသော အချက်များ၊ လမ်းသွားရာ၌ မည်သို့သွားရမည်။ သူစိမ်းများနှင့် တံအား လျော်စွာ စကားပြောရသောအခါ မည်သည့်အနေအထားနှင့်ပြောဆိုရမည်များကို ကုရ်အာန်က မြွက်သောစကားများနှင့် တင်ဆက်ထားပေသည်။

မြန်မာမွတ်စ်လင်မ် အမျိုးသမီးများလောကအတွက် အထူး အကျိုးပြုမည်ဟု မှတ်ယူယုံကြည်သော ကျွန်တော်၏ နောင်တော်ကြီး မော်လာနာအဘူဘက္ကရ် (မဟ်မူဒီ)က သုံးတန်စေတနာ ရှေ့ထား၍ ယခုကဲ့သို့ သမီးတို့ အိမ်ထွေရွှေပေးလို့မရ ဟူသောအမည်ဖြင့် မြန်မာစာပေသို့ ဘာသာပြန် ရေးသား ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဤကျမ်းငယ်ကို ဖတ်ရှုလိုက်နာ ကျင့်သုံးလာခြင်းအားဖြင့် အတိတ်ခေတ်၏ စံပြမိခင်များနည်းတူ သာသနာ့ တာဝန်ကို တန်ဖိုးထားသူများ၊ ကိုယ့်မူနှင့် ကိုယ့်ယဉ်ကျေးမှုများကို ဂုဏ်ယူဝင့်ကြွား၍ ထုတ်ဖော်နိုင်သူများ ဖြစ်လာစေရန် ဆန္ဒပြုလျက်

ဖြန့်ချိသူ
(မော်လာနာ) မုဟမ္မဒ် ဇုဗိုင်းရ် (မဟ်မူဒီ)
(ဟဒီစ်အတန်းပြ၊ အဲမ်ဒါဒွလ် ဘုလွန်မ်၊ ကျိုက်မရောမြို့)
အစ္စလာမ့်စာပေ ဖြန့်ချိရေး
အမှတ်-၄၈၊ ဈေးကြီး၊ အောက်လမ်းမ၊ မော်လမြိုင်မြို့။